# ကောင်းသန့်

## ဝေသီမြင့်မားသောတောင်ထိပ်များပေါ်မှ

## တစ်ခုသော

# ပန်းဥယျာဉ်



(ဒုတိယအကြိမ်)

- ပန်းတိုင်းပွင့်စေချင်တဲ့စေတနာ
  ဥယျာဉ်မှူးရဲ့ ရင်ထဲမှာ
- ဝေဒနာအဖြစ် ထင်ကျန်ရစ်
  တစ်ခါတုန်းက အဖြစ်သနစ်
- ပြန်ဆန်းစစ်တိုင်း လွမ်းရသည့်
  တောင်ထိပ်များပေါ်က ကျောင်းကလေးဆီ
- အမည်သညာ ဘာလို့မေး
  လိုင်တွီးဆိုတဲ့ ကျောင်းကလေး။

ဝေသီမြင့်မားသော တောင်ထိပ်များပေါ်မှ

တစ်ခုသော

# ပန်းဥယျာဉ်

## ကောင်းသန့်

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကောင်းသန့်

# ဝေသီမြင့်မားသော တောင်ထိပ်များပေါ်မှ
## တစ်ခုသော
# ပန်းဥယျာဉ်

ကောင်းသန့်စာပေ
အမှတ် ၂၀၃၊ ပထမထပ်(ညာ)၊ ၃၇ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၄၂၃

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ဦးခင်မောင်ကြွယ်(မြဲ–၀၃၇၅၀) |
| | အမှတ် – ၅၉ (မြေညီထပ်) |
| | ခြံအမှတ် (၂၇) |
| | ယောမင်းကြီးလမ်းသွယ် |
| | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်လုလုအောင်(မြဲ–၁၀၀၅၃) |
| | Main အော့ဖ်ဆက် |
| | အမှတ်– ၇၅၊ ၄၃–လမ်း(အောက်)၊ |
| | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | ခင်မာအေး |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| ပြီးစီးသည့်ကာလ | ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ |
| ဖြန့်ချိရေး | ကောင်းသန့် စာပေ |
| | အမှတ် ၂၀၉၊ ပ–ထပ်(ယာ) |
| | ၃၈ လမ်း(ထက်)၊ ရန်ကုန်မြို့။ |
| | ဖုန်း – ၃၈၃၄၂၃ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |

ကောင်းသန့် ၈၉၅.၈၃

ဝေသီမြင့်မားသောတောင်ထိပ်များပေါ်မှ တစ်ခုသောပန်းဥယျာဉ် /

ကောင်းသန့်။ –ရန်ကုန်။

ကောင်းသန့်စာပေ၊ ၂၀၁၃။

၂၆၃ – စာ ၊ ၁၂ • ၃ စင်တီ x ၁၈ စင်တီ

(၁) ဝေသီမြင့်မားသောတောင်ထိပ်များပေါ်မှ တစ်ခုသောပန်းဥယျာဉ်


## မာတိကာ


| | | |
|---|---|---|
| ၁။ | စေလိုရာစေ | ၁ |
| ၂။ | နှလုံးသားကိုထိရှခြင်း | ၆ |
| ၃။ | ဆဘောင်ပီးမှလိုင်တွီးသို့ | ၁၃ |
| ၄။ | မြစ်ကိုဖြတ်၍ တောင်ကိုကျော် | ၂၀ |
| ၅။ | တစ္ဆေကြီးနှစ်ကောင်နှင့် အိမ်အိုကြီး | ၃၀ |
| ၆။ | ဆရာအသစ် ထင်းနှစ်ချောင်း | ၃၇ |
| ၇။ | ဆရာကြီးအသစ်နှင့် မိတ်ဆက် | ၄၅ |
| ၈။ | ရေအိုးရေခွက်မရှိသောကျောင်း | ၅၂ |
| ၉။ | တတ်အောင်သင် အောင် အောင် စစ် | ၆၀ |
| ၁၀။ | ထမင်းတစ်အိုး မီးခိုးလူလူ | ၆၈ |
| ၁၁။ | ငယ်ဆရာ့ကျေးဇူး | ၇၆ |
| ၁၂။ | အသင်းလေးသင်းနှင့် ကျောင်းအလံတိုင် | ၈၄ |
| ၁၃။ | ကျောင်းဂေါ်ဖီစိုက်ခင်းနှင့် မြင်း နွားများ | ၉၂ |
| ၁၄။ | သူတို့လေးတွေ ပျော်ပါစေ | ၁၀၀ |
| ၁၅။ | စိတ်ညစ် စိတ်လေ တနင်္ဂနွေ | ၁၀၇ |

၁၆။ တစ်ကိုယ်ရေသန့်ရှင်းရေး ၁၁၅
၁၇။ ပိတောက်ပန်းကဗျာ လွမ်းစရာ ၁၂၃
၁၈။ ဆီမီးရောင်စစ်ဆင်ရေး ၁၃၁
၁၉။ နိစ္စနံပန်းဥယျာဉ် ၁၃၉
၂၀။ ကခုန်နေသော မုံသံများ ၁၄၇
၂၁။ ရေလောင်းအိမ်သာစီမံကိန်း ၁၅၅
၂၂။ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခွဲစရာ ၁၆၅
၂၃။ အားကစားတံခွန်စိုက်ဒိုင်း ၁၇၅
၂၄။ ကျောင်းအိပ်စာကျက်ဝိုင်း ၁၈၃
၂၅။ နို့ဆီခွက်ဒိုင်းနှင့် ကျောင်းဆုပေးပွဲ ၁၉၁
၂၆။ ဘာသာစုံ ဆုတောင်းပွဲ ၂၀၄
၂၇။ ကျောင်းနေပျော်၍ စာတော်ရမည် ၂၁၂
၂၈။ စံပြကျောင်းလေ့လာရေး ၂၁၉
၂၉။ အပျော်ဆုံးည ၂၂၇
၃၀။ လူသားဥယျာဉ်မှူးကြီးကျွန်တော် ၂၃၅
၃၁။ ပန်းကလေးများပွင့်ဝေစေသည် ၂၄၆


❖ ❖ ❖

# စာဖတ်သူထံမှ ပဲ့တင်သံ

သို့

ဆရာကောင်းသန့် ...

ဆရာရေးသားခဲ့တဲ့ 'ဝေသီမြင့်မားသော တောင်ထိပ်ဖျားပေါ်မှ တစ်ခုသောပန်းဥယျာဉ်' ဆိုတဲ့ စာအုပ်လေးကိုဖတ်ပြီးတဲ့အချိန်မှာ ဆရာ့ဆီ စာရေးချင်စိတ်တွေ တဖွားဖွားဖြစ်လာခဲ့ပါတယ်ဆရာ ...

ဆရာ့ဆီ ဖုန်းနဲ့ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ အကြံပြုလို့ရတယ်ဆိုတာကို တွေ့တော့ ဝမ်းသာလို့ မဆုံးပါဘူး ဆရာ။

ဒီစာအုပ်လေးကို ဖတ်နေစဉ်မှာ စာဖတ်သူဖြစ်တဲ့ ကျွန်မကိုယ်တိုင်ဟာ ကျောင်းအုပ်ဆရာကြီးနေရာကို ရောက်သွားသလိုပါပဲ။

ဆရာရဲ့ အရေးအသားတွေဟာ စာဖတ်သူရဲ့ ရင်ကို နင့်နေအောင် ခံစားရလို့ မျက်ရည်တွေတောင် ကျမိပါတယ်ဆရာရယ်။ စာအုပ်ထဲမှာ မြူတွေမှိုင်းဝေနေတယ်ဆိုရင် မျက်လုံးထဲမှာ တကယ်မြူတွေမှိုင်းနေသလို ချင်းတောင်ထိပ်ကို ကိုယ်တိုင်ရောက်နေသလို ခံစားရပါတယ်။ ကျောင်းအုပ်ဆရာကြီးရဲ့ ကြိုးပမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စီမံခန့်ခွဲမှုတွေ အားလုံးဟာ လေးစားစရာကောင်းလှသလို အတုယူဖွယ်လည်းကောင်း လှပါတယ်။ ဒီစာအုပ်လေးဖတ်ပြီးသူတိုင်းဟာ ကျွန်မလိုပဲ ခံစားရမယ်ထင်ပါတယ်။ ဇာတ်သိမ်းခန်းမှာ ကျောင်းအုပ်ဆရာကြီးဟာ လိုင်တွီး ကိုရောက် လိမ့်မယ်ထင်ထားခဲ့တာ ကလေးမြို့မှာ စာပေဟောပြောပွဲ အတွက် အစီအစဉ်တွေချထားရလို့ ဆရာကြီးဟာ လိုင်တွီးကို မသွား

ဖြစ်တော့ဘူးလေ။ သွားချင်ရက်နဲ့ မသွားခဲ့ရတော့ စိတ်ထဲမှာ အရမ်းခံစားရမှာပဲလို့ တွေးပြီး ငိုလို့မဆုံးတော့ပါဘူး ဆရာ ... ရင်ထဲမှာ ဟာတာတာကြီးနဲ့ ကျန်ခဲ့ရသလိုပါပဲ။ တကယ်ခံစားရပါတယ် ဆရာ။ တကယ်တော့ ကျွန်မဟာ ကျောင်းဆရာမလေးတစ်ယောက် ဖြစ်ချင်နေသူပါ။ ဘွဲ့က B.Sc Statistics နဲ့ ဘွဲ့ရပြီးပါပြီ။ ဘွဲ့လွန်လျှောက်တော့ ဘွဲ့က စာရင်းအင်းဖြစ်နေလို့ လျှောက်လွှာပြန်ကျလာခဲ့တယ်။ လျှောက်ခွင့်မရခဲ့ပါဘူး။ ခုတော့ လုပ်အားပေး ဆရာမလေးတစ်ယောက်အနေနဲ့သာ နေရပါတော့တယ်။ ဒီစာအုပ်လေးဖတ်ပြီးတော့မှ ကျောင်းဆရာမအလုပ်ကို ပိုရူးသွပ်ခဲ့ရပါပြီ ဆရာ။ ဒီနှစ် ထပ်ပြီး ကြိုးစားကြည့်ပါဦးမယ်။ ကျောင်းဆရာမ လေးတစ်ယောက်ဖြစ်ဖို့ ဘယ်လိုပဲကြိုးစားရပါစေ ရအောင်ကြိုးစားကြည့် ပါ့မယ်။ ဆရာရဲ့ ဒီစာအုပ်လေးကြောင့် ကျွန်မရဲ့ စိတ်ဓာတ်တွေ ပိုခိုင်မာလာခဲ့ပါတယ်။ အဲဒီအတွက် ဆရာ့ကို ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောပါရစေနော်။

ဆရာရဲ့ စာအုပ်တွေကိုလည်း အားပေးနေပါမယ်။ ဆရာလည်း ဒီ့ထက်ကောင်းတဲ့ စာအုပ်တွေ ထွက်ပါစေ။ ဒီထက်လည်း ပိုအောင်မြင်ပါစေ။ ဆရာ ကျန်းမာရေးလည်း ကောင်းပါစေလို့ ဆုတောင်းပေးပါတယ်။

စာထဲမှာ အမှားပါခဲ့ရင် ခွင့်လွှတ်ပေးစေချင်ပါတယ် ဆရာ။

**အဝေးတစ်နေရာမှ**
**ဆရာ့ရဲ့ စာဖတ်ပရိသတ်**
**မေဇင်နှင်း**
(ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊
ကြို့ပင်စုအုပ်စု၊ ကြို့ပင်စုကျေးရွာ)

## ကျန်းမာခြင်းသုခနဲ့ ပြည့်စုံနိုင်ပါစေ ဆရာ

'ဝေသီမြင့်မားသော တောင်ထိပ်ဖျားပေါ်မှ တစ်ခုသောပန်းဥယျာဉ်' ဝတ္ထုကို ဖတ်ရှုပြီး ကျွန်တော့်ရဲ့ ခံစားချက်၊ ဝေဖန်အကြံပြုချက်တွေကို တင်ပြအပ်ပါတယ်။

'ဆရာကောင်းတစ်ဦးမှာရှိအပ်တဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုတဲ့ ဂုဏ်ရည်တွေကို ထင်ရှားပေါ်လွင် ရသမြောက်စွာ ရေးဖွဲ့ထားပြီး ဘဝတူ ဆရာများအနေနဲ့ အတုယူဖွယ်၊ ကျင့်ဆောင်လိုက်နာဖွယ်ရာတွေကို မီးမောင်းထိုးလမ်းပြထားတဲ့ စာအုပ်ဖြစ်တဲ့အတွက် ပညာရေးလောကမှာ မရှိမဖြစ်လိုအပ်တဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

'ဆရာကဲ့သို့သော ဆရာများ နိုင်ငံအဝန်းပေါ်ပေါက်လာမည်ဆိုပါက အနာဂတ်ပညာရေးလောကရဲ့ ဂုဏ်ရောင်ဟာ ထွန်းပြောင်လာမှာ မုချဖြစ်ပါတယ်။'

ဝတ္ထုကိုအပိုင်း(၁)ကစပြီး ဖတ်ကောင်းကောင်းနဲ့ ဖတ်လာရင်း အတွေးဝင်ခဲ့ရပါတယ်။ ဘဝတစ်ခုလုံးမြှုပ်နှံပြီးတော့ ပြုစုပျိုးထောင်ခဲ့တဲ့ ပန်းဥယျာဉ်လေး ဝေဝေဆာဆာဖူးပွင့်နေတဲ့ ကာလမှာ ဆရာ့အနေနဲ့ ဘယ်လို ဘယ်ပုံ နှုတ်ဆက်ခွဲခွာခဲ့လေမယ်မသိ။ ဇာတ်သိမ်းခန်းရောက်မှ ဖတ်တော့မယ်ဆိုတဲ့ ကျွန်တော့်ရဲ့ တွေးဆချက် လွဲသွားပါတယ်ဆရာ။ ဝတ္ထုတင်ဆက်ပုံအရ ဇာတ်သိမ်းခန်းက အကယ်ဒမီမှန်းနိုင်လောက်ပါလိမ့်မယ်။ ဘယ်အတွက်ကြောင့် ဆရာဟာ ဇာတ်သိမ်းခန်းကို မရေးခဲ့ပါသလဲ။ စာဖတ်သူတွေကို အတွေးကိုယ်စီပေးလို၍လား။ တစ်ခုသော ပန်းဥယျာဉ်လေးမှ ကြေကွဲနွမ်းလျစွာ ခွဲခွာခဲ့ရတဲ့ ပုံရိပ်ကို ပြန်ပြောင်းခံစားနိုင်စွမ်းမရှိလို့လား၊ ဒါမှမဟုတ် တခြားသော ဘဝအကြောင်းတွေကြောင့်လား ... တွေးတောမိခဲ့ပါတယ် ဆရာ။

ပန်းဥယျာဉ်လေးကနေ ဆရာနှုတ်ဆက်ခွဲခွာခဲ့တဲ့ ဇာတ်သိမ်းပိုင်းကို ဆရာ့ပညာစွမ်းနဲ့ ရေးခဲ့မယ်ဆိုရင်တော့ ဝတ္ထုဟာပိုပြီး မြိုင်ဆိုင်သွားမယ်လို့ မြင်မိပါတယ်။

ဆရာသဘောထားကိုလည်း သိခွင့်ရရင် သိချင်ပါတယ်ဆရာ။

**လေးစားစွာဖြင့် အားပေးလျက်**
**ဦးမြင့်အောင်(သင်းရနံ့)**
**မြို့နယ်တရားရုံး၊ သံတွဲမြို့။**

# ကျွန်တော်၏တစ်ခုသောပန်းဥယျာဉ်

တစ်ခါတုန်းက ကျွန်တော်သည် ဝေသီမြင့်မားတောင်ထိပ်ဖျားပေါ်တွင်ရှိသော ပန်းဥယျာဉ်တစ်ခုကို ပိုင်ဆိုင်ခဲ့ဖူးပါသည်။

ဥယျာဉ်မှူးတစ်ယောက်အနေဖြင့် ထိုပန်းဥယျာဉ်ကို အလှပဆုံး အကောင်းဆုံးဖြစ်အောင် မွမ်းမံပြင်ဆင်၊ ပြုစုပျိုးထောင်ခဲ့ပါသည်။

ကျွန်တော်စိုက်ခဲ့ပျိုးခဲ့သော ပန်းတွေမပွင့်မီ၊ မဝေမီမှာ ထိုပန်းဥယျာဉ်လေးကို ကျွန်တော်စွန့်ခွာခဲ့ရပါသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပေါ့။

အို ... ဘာလိုလိုနှင့် နှစ်ပေါင်း ၂၀ တောင် ကျော်ခဲ့ပါပေါ့လား။

မမေ့ ... မမေ့ ... ယနေ့တိုင် မမေ့။ အောက်မေ့သတိရ လွမ်းဆွတ်နေဆဲပါပဲ။

ပြင်းပြင်းထန်ထန် လွမ်းဆွတ်သတိရမိသော အချိန် ၂၀၀၈ ခုနှစ်၊ ဇွန်လ ကျောင်းဖွင့်ချိန်တွင် ဝေသီမြင့်မားတောင်ထိပ်ဖျားပေါ်မှ တစ်ခုသော ပန်းဥယျာဉ်အမည်တပ်၍ ဝတ္ထုရှည်ကြီးကို စတင်ရေးမိပါတော့သည်။

ကျောင်းဆရာတစ်ယောက်၏ အလွမ်း၊ ကျောင်းဆရာတစ်ယောက်၏ စေတနာ၊ ဝေဒနာတို့ကို ဖော်ကျူးရေးသားခြယ်မှုန်းခဲ့ပါ၏။

ကျောင်းဆရာဆိုတာ ဒီမျိုး ... ဟု နောင်းလူတို့ကို ပြောပြချင်သော စေတနာကို ထင်ရှားအောင်အားထုတ် ကြိုးပမ်းရေးသားခဲ့ပါသည်။

အလွမ်းထက် အလုပ်ကိုပေါ်လွင်စေချင်သောကြောင့် ဖွဲ့ဖွဲ့နွဲ့နွဲ့မရေးဖြစ်ခဲ့ပါ။ ဝတ္ထုရှည်တစ်ပုဒ်ကဲ့သို့ ဖတ်ချင်သူများအတွက် အလွမ်းရသ မပေးနိုင်ခဲ့သည်ရှိသော် နားလည်ခွင့်လွှတ်ပေးစေချင်ပါသည်။

သို့သော် ကျွန်တော်ကတော့ ယခုတိုင် လွမ်းနေဆဲ။ ကျွန်တော် ပန်းဥယျာဉ်လေးအကြောင်းကို အမြဲတမ်း နားစွင့်နေဆဲ။

ကျောင်းဆရာနှလုံးသားဖြင့် ခံစားသတိရ တမ်းတနေမိဆဲ။

အခွင့်အရေးရလျှင် ဟိုး ... အဝေးမှာ ရှိနေသည့် ဝေသီမြင့်မား တောင်ထိပ်ဖျားပေါ်က ကျွန်တော်၏ တစ်ခုသော ပန်းဥယျာဉ်လေးဆီသို့ အရောက်သွားချင်နေမိဆဲပါပဲ။

၂၀၀၈ ခုနှစ် ဇွန်လတွင် စတင်ရေးသားပြီး ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အဆုံးသတ်ခဲ့သည့် (၂နှစ်ကျော်ကျော်ရေးခဲ့ရသော) ကျွန်တော်၏ ဝတ္ထုရှည်ကြီးသည် ကျောင်းဆရာလုပ်ချင်သူများနှင့် ကျောင်းဆရာစိတ်ရှိသည့် လူငယ်မောင်မယ်များကို နည်းပေးလမ်းပြ စိတ်ကို နိုးဆွစေသော စာတစ်အုပ်ဖြစ်စေခဲ့မည်ဆိုလျှင် ဤစာအုပ်ကို အပင်ပန်းခံရေးရကျိုးနပ်ပြီဟု ဆိုချင်ပါတော့သည်။

ချစ်ခင်လျက်

**ကောင်းသန့်**

၃၁ ၂၁၀

# အပိုင်း - ၁

## စေလိုရာစေ

ကျွန်တော်၏ဘဝ ကံကြမ္မာသည် ၃ နှစ်တစ်ကြိမ် ပြောင်းလဲတတ်၏။

၁၉၇၄ ခုနှစ်တွင် ပဲခူးတိုင်း၊ အထက၊ ထန်းတပင်မြို့တွင် အထက်တန်းပြအဖြစ် အလုပ်စတင်ဝင်သည်။

၁၉၇၇ တွင် အထက၊ ပြွန်တန်ဆာသို့ ပြောင်းသည်။

၁၉၈၀ တွင် ရန်ကုန်တိုင်း၊ အထက (၁)၊ မှော်ဘီသို့ ပြောင်းသည်။

အထက (၁)၊ မှော်ဘီရောက်သောအခါ အထက်တန်းပြ ဆရာအဖြစ် စာသင်ရသည်ကို ငြီးငွေ့သလို ဖြစ်လာသည်။

သူငယ်ချင်းအချို့က အလယ်တန်းကျောင်းအုပ်ရာထူးကို စေလိုရာစေလျှောက်ထားပြီး ကျောင်းအုပ်တွေ ဖြစ်ကုန်ကြပြီ။ မိမိလည်း မရိုးမရွဖြစ်လာ၏။ လက်ထောက်ဆရာဘဝဖြင့် သူများ

စီမံခန့်ခွဲမှုအောက်တွင် လုပ်ရတာ စိတ်ကုန်လာသည်။ ကိုယ်ကိုယ်တိုင် စီမံခန့်ခွဲ အကောင်အထည်ဖော်ရသော ကျောင်းအုပ်ကြီး လုပ်ချင်သည်။

ထိုအချိန်က အသက် ၃၁ နှစ်အရွယ်၊ တက်ကြွသော ကြက်ဖတစ်ကောင်လို ဖြစ်နေတုန်း။

စံပြကျောင်းတစ်ကျောင်းဖြစ်အောင် လုပ်ပြချင်သည်။

မိမိအစွမ်းကိုပြချင်သော လူငယ်အားမာန်တို့က တဖျတ်ဖျတ် လင်းလက်နေသည်။

အထက်တန်းပြဆရာအဖြစ် အစွမ်းပြခွင့် မရလို့လားဟု မေးစရာရှိမည်။

ဟုတ်ကဲ့ ရပါသည်ဟု ဖြေမည်။ သို့သော်လည်း တစ်ခါတစ်ရံ စီမံခန့်ခွဲမှုအားနည်းသော ကျောင်းအုပ်ကြီးများနှင့် ဆုံစည်းရသောအခါ၊ တက်ကြွသောကြက်ဖသည် တစ်ကောင်တည်း ဖြစ်နေတတ်၏။

သို့သော် တစ်ကောင်တည်း ခြသေ့်ဟူသော စိတ်ဓာတ်ဖြင့် မိမိအစွမ်းပြခဲ့သော်လည်း ထင်တိုင်းမပေါက်ခဲ့။ အရာမရောက်ခဲ့။

လုပ်ချင်တာလုပ်ဖို့ အခွင့်အာဏာ မိမိ၌မရှိ။

မိမိလုပ်ချင်တာကို ဖွတ်အတင်း တင်ပြပြန်လျှင်လည်း ကျောင်းအုပ်လုပ်သူက မိမိကို နားလည်ဖေးမလျှင် တော်၏။

သူ့ကိုကျော်လုပ်ချင်သူ လွှမ်းမိုးချင်သူဟု အမြင်ရှိသော ကျောင်းအုပ်ကြီးမျိုးနှင့် တွေ့သည့်အခါ မိမိဇက်ကြိုးကို ခပ်တင်းတင်းချုပ်ထားချင်သည်။



ကိုယ်လုပ်ချင်တာ လုပ်ခွင့်မရ။

အစွမ်းပြချင်လျှင် လမ်းမ ထွက်ရမလိုဖြစ်၏။

ထိုစဉ်က မိမိက တက်ကြွလွန်းနေပုံရသည်။ အရာရာကို ပြုပြင်ပြောင်းလဲချင်နေ၏။ အခြေအနေ အချိန်အခါကို မသိ။ မိမိ လုပ်ချင်တာပဲ သိနေသည်။

လူငယ်တန်မဲ့ အလျှော့ပေးရတာ မနိုင်လို့၊ သည်းခံရတာတွေ များလာသောအခါ ကျောင်းအုပ်လုပ်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်နေတော့၏။

ကိုယ်ကိုယ်တိုင် လုပ်ပြချင်သော သူရဲကောင်းစိတ်ဓာတ်၊ အများအကျိုးဆောင်ရွက်ချင်သောစေတနာ၊ ငါလုပ်လျှင် ဘာမဆို ဖြစ်ရမည်ထင်သော လူငယ့်အားမာန်တို့၏ ပြင်းထန်သော တိုက်တွန်းစေ့ဆော်မှုကြောင့် မိသားစုကို မငဲ့ညှာတော့ဘဲ စေလိုရာစေ လျှောက်လွှာ တင်လိုက်တော့၏။

ထိုစဉ်က မိမိမှာ ၈ နှစ်အရွယ် သားတစ်ယောက်နှင့် ၁ နှစ်အရွယ် သမီးတစ်ယောက်ရှိနှင့်ပြီ။

အိမ်မှာလည်း ဆွေမျိုးရင်းချာတစ်ယောက်မျှမရှိ။ သမီးလေး မြဝတ်ရည်ကို ထိန်းကျောင်းပေးသော တောမှ ညကျောင်းလာတက်သည့် ညီမငယ်တစ်ယောက်သာ ရှိသည်။

စုစုပေါင်း လေးယောက်သာရှိသော မိသားစုတွင် မိမိဖဲ့ထွက်သွားမည်ဆိုလျှင် သားတို့ သမီးတို့အတွက် အားငယ်စရာ ဖြစ်မည်လား။

ဘာမျှ မစဉ်းစား။ ကျောင်းအုပ် လုပ်ချင်တာပဲသိသည်။

လုပ်ချင်ပြီဆိုတော့လည်း မဖြစ် ဖြစ်အောင် လုပ်တတ်သော ဉာဉ်က မိမိတွင် ရှိသည်။

လျှောက်လွှာတင်ရုံနှင့် မကျေနပ်။ လူကြီးတွေဆီသွား ဝင်တွေ့၏။ မိမိ၏လုပ်ချင်ကိုင်ချင်စိတ်တွေ ပြောပြသည်။

တစ်နိုင်ငံလုံး ပို့ချင်သည့်နေရာ ပို့ပါ သွားပါမည်ဟု အာမခံနေ၏။

လူကြီးတွေ အကြိုက်ဖြစ်သွားသည်။ မိမိကဲ့သို့သော စေလိုရာစေပုဂ္ဂိုလ်မျိုး လိုချင်နေတာ။

ထိုစဉ်က ပညာရေးဌာနတွင် လုပ်သက်များနေသော ဆရာ ဆရာမတွေက ဝေးလံခေါင်ဖျားသော အလယ်တန်းကျောင်းများတွင် ကျောင်းအုပ်မလုပ်ချင်။ မိသားစု အခက်အခဲရှိ၏။

လုပ်သက်များသောဆရာ၊ ဆရာမများကို ကျောင်းအုပ် ရာထူးတိုးမြှင့်ခန့်ထားပေးသောအခါ သွားရောက်တာဝန်မထမ်း ဆောင်နိုင်သူက များသည်။

မိသားစု အခက်အခဲများကြောင့် ရာထူးတိုးလိုချင်သော်လည်း မယူနိုင်ကြ။ သူတို့၏ အိုမင်းမစွမ်းသောမိဘနှင့် ကျောင်းနေအရွယ် သားသမီးများကို ငဲ့ညှာနေရသောကြောင့် ဝေးလံခေါင်ဖျား၊ တောကြို အုံကြား ရွာကလေးများဆီသို့ ကျောင်းအုပ် သွားမလုပ်နိုင်။

သူတို့အခက်အခဲနှင့် သူတို့မို့ အပြစ်ဆိုရန်ခက်၏။

သူတို့မသွားချင်သော နေရာများသို့ လိုလိုလားလား



သွားပါမည်ဆိုသော မိမိတို့လိုလူမျိုးတွေ ပေါ်ပေါက်လာသောအခါ လူကြီးများက ခန့်စာထုတ်ပေးလိုက်တော့၏။

နိုင်ငံတော်အတွက် အဆင်ပြေသွားသလို တက်ကြွနေသော မိမိလို ကြက်ဖတွေအတွက်လည်း အာသာပြေသွား၏။

လျှောက်လွှာတင်ပြီး လပိုင်းအတွင်းမှာပင် အမိန့်စာထွက် လာ၏။

မိမိအား ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်ပီး အလကာသို့ ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

အမိန့်စာ လက်ထဲရောက်တော့ အတော်ပျော်သွားသည်။

မိမိလိုချင်တာရပြီ။ မိမိလုပ်ချင်တာ လုပ်ရတော့မည်။ မိမိဖြစ်ချင်တာဖြစ်ပြီဟူသော အတွေးတို့ဖြင့် ဝမ်းသာသွားသည်။

သို့သော် ဆဘောင်ပီးဆိုတာ ဘယ်နားမှာမှန်းမသိ။ တစ်ခါမျှ မကြားဘူး။ မိမိအနီးအနားတွင် ဆဘောင်ပီးကို သိသူ တစ်ယောက်မျှ မရှိ။

မတူပီမြို့နယ်အတွင်းရှိသည်ဟု ဆိုသော်လည်း ဘယ်လို သွားရမှန်းမသိ။

ရာထူးတိုးအမိန့်စာကိုင်ပြီး ဘယ်ကို ဘယ်လိုသွားရမှန်း မသိသော ကျောင်းအုပ်ကြီးတစ်ယောက် ရှိခဲ့ဖူးသည်ဆိုပါက ထိုသူမှာ ကျွန်တော် ဖြစ်မည်ထင်သည်။

❖ ❖ ❖

## အပိုင်း - ၂

### နလုံးသားကိုထိရှခြင်း

ဘယ်ကို ဘယ်လိုသွားရမှန်း မသိသဖြင့် အခြေခံပညာ ဦးစီးဌာနရုံးချုပ်သို့ တစ်ခေါက်ပြန်သွားပြန်သည်။

ရုံးအဖွဲ့တွေ မေးကြည့်တော့ ဆဘောင်ပီးကို တစ်ယောက်မျှ မသိ။ ချင်းပြည်နယ်လည်း တစ်ခေါက်မျှ မရောက်ဘူး။

အမိန့်စာထုတ်ပေးသော ညွှန်ကြားရေးမှူးကတော့ သိမှာ သေချာသည်။ သူနှင့် ဝင်တွေ့ပြီး သူ့အား ကျေးဇူးတင်စကား ပြောချင်သည်။

အဆင်ပြေချင်တော့ ညွှန်မှူးအခန်းတွင် ဧည့်သည်မရှိ။ ၁၀ နာရီကျော်ကျော် ရုံးရောက်ခါစအချိန်။ ကျွန်တော်ဝင်တွေ့သည်။



ညွှန်မှူးက သဘောကောင်းသည်။ ကျွန်တော့်ကို တပည့် တစ်ယောက်လို သဘောထားပြီး ဆိုဆုံးမ ဩဝါဒပေးသည်။ ကျန်းမာရေး ဂရုစိုက်ဖို့လည်း ပြောသည်။

ကျွန်တော်ကလည်း ကျေးဇူးတင်ကြောင်း၊ ဘယ်လို သွားရမှန်း မသိကြောင်း ပြောပြသည်။ သူက ချင်းပြည်နယ် ဟားခါးကိုအလျင်သွား။ ပြည်နယ်ပညာရေးမှူးနဲ့တွေ့ ဆဘောင်ပီးကို ဘယ်လိုသွားရမယ်ဆိုတာ သူ လမ်းညွှန်လိမ့်မယ်။

ကံကောင်းချင်တော့ ထိုအချိန်တွင် ချင်းပြည်နယ်ပညာ ရေးမှူးက ညွှန်မှူးအခန်းထဲ ဝင်လာသည်။

ဟာ . . အတော်ပဲ မင်းကံကောင်းတယ်။ အဲဒါ ချင်းပြည်နယ် ပညာရေးမှူး ဦးအောင်ခန့်ပဲဟု မိတ်ဆက်ပေးသည်။

ဦးအောင်ခန့် . . ဒါက ခင်ဗျားတို့ ချင်းပြည်နယ်ကို အသစ် ခန့်လိုက်တဲ့ အလယ်တန်းကျောင်းအုပ် ဦးခင်မောင်ကြွယ်။ မတူပီမြို့နယ်ထဲက ဆဘောင်ပီးကို ဘယ်လိုသွားရမှန်းမသိလို့ ကျွန်တော့် လာမေးနေတာ။ ခင်ဗျားအပြန်မှာ ခေါ်သွားပေးလိုက်ပါ။

''ဟုတ်ကဲ့ . . ကျွန်တော်အပြန်ခေါ်သွားပါ့မယ်။''

''ကဲ . . မင်းအပြင်က ထွက်စောင့်၊ ဦးအောင်ခန့်ကိစ္စပြီးလို့ အခန်းပြင်ရောက်တဲ့အခါ မင်းသိချင်တာမေး''

ညွှန်မှူးစကားကြားတော့ ကျွန်တော် အတော်အားတက် သွားသည်။ ဆရာကြီးနှစ်ဦးကို ရိုသေစွာ နှုတ်ဆက်ပြီး ညွှန်မှူး အခန်းအပြင်ဘက် ထွက်စောင့်နေသည်။ အခန်းအပြင်တွင်

ကျောင်းအုပ် ဖြစ်ချင်နေသောကျွန်တော် စိတ်ကူးနှင့် ရူးနေ၏။

ကျောင်းအုပ်ကြီးတစ်ယောက်အနေနှင့် ကျောင်းရုံးကိုတော့ စနစ်တကျ ထိန်းသိမ်းကိုင်တွယ်အသုံးပြုရမည်။ ကျောင်းစည်းကမ်းက အရေးကြီးသည်။ စည်းကမ်းမရှိလျှင် မတိုးတက်နိုင်။ အဓိကကတော့ ဆရာတွေကို စည်းကမ်းတကျ ကြပ်မတ်နိုင်ဖို့ပဲ။ ကျောင်းသား/သူ တွေကိုတော့ ကျောင်းနေပျော်၍ စာတော်အောင်ထားမည်။ ကျောင်း စာကြည့်တိုက် ဖွင့်နိုင်အောင် ကြိုးစားမည်။

ကျောင်းက ဘယ်ဆီမှာနေမှန်းမသိ ကျောင်းအုပ်ကြီးက စိတ်ကူးနှင့် ပုံဖော်နေသည်။

မုန့်ဆီကြော်ဖြင့် မကြော်ရသေး၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့ မလားဟု စိုးရိမ်သလိုမျိုးဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် မုန့်ဆီကြော်က မကြာခင် ကြော်ရတော့မှာပဲ ဟု တွေးပြီးပြုံးမိသည်။

ကြာကြာမပြုံးလိုက်ရပါ။ ဆရာကြီး ဦးအောင်ခန့် ထွက်လာ သည်။ ဘယ်နေ့သွားမည်။ အကယ်၍ အကြောင်းမညီညွတ်၍ ထိုနေ့ လေယာဉ်တွင် သူမလိုက်ဖြစ်ပါက ကလေးမြို့က စောင့်၊ တောင်ပေါ် အတူတက်မည်ဟု ပြောပြီး ပြန်သွားသည်။

မော်ဘီသို့ပြန်ပြီး အထုပ်အပိုးတွေ ပြင်ရသည်။ ချင်းတောင်မှာ စာအုပ်တွေ ရှားမှာပဲဟုတွေးမိပြီး ဖတ်စရာစာအုပ်တွေ ထည့်ရသည်။ ရန်ကုန်ကို လေယာဉ်လက်မှတ်လာဝယ်ရင်း ဝန်ထမ်းစည်းမျဉ်းလိုမျိုး စာအုပ်တွေဝယ်ရသည်။ အဝတ်အစားထက် စာအုပ်တွေက အလေး



ချိန်ပိုများနေသည်။ အိပ်ရာလိပ်တစ်လိပ်၊ လက်ဆွဲအိတ်တစ်လုံးနှင့် ချင်းတောင်သို့သွားရန် အဆင်သင့်။

သွားခါနီးကျမှ တက်ကြွနေသောကြက်ဖ ငိုင်တွေသွား ရသည်။

၂ နှစ်အရွယ် သမီးလေး မြဝတ်ရည်က အဖေ့ကို မလွှတ်တမ်း ဖက်ထားသည်။ ပွေ့ချီထားတုန်းမှာပဲ အဖေ့ပါးကို အားပါးတရ နမ်းနေသည်။

ဖေဖေ .. အဝေးကြီးကို သွားမှာလားဟင် ...

သမီးအတွက် မုန့်သွားဝယ်တာလား။

မြန်မြန်ပြန်ခဲ့နော်။

ဖေဖေ့ကို သမီး .. သိပ်ချစ်။

မိုးလောက်ကြီးချစ်။

သမီးလေးစကားသံသည် ကျွန်တော့်နှလုံးသားကို ထိခိုက် နာကျင်စေပါသည်။ ဒီလောက်ချစ်စရာကောင်းသည့် သမီးလေးကို ထားခဲ့ပြီး ဟိုးအဝေးကြီးကို သွားရမှာ ကျွန်တော် ဝန်လေးသွားမိသည်။

၉ နှစ်အရွယ် သားကြီး ထက်ထက်ကလည်း ဘာမှ မပြော ပေမဲ့ သူ့မျက်လုံးက ပုတ်ခတ်ပုတ်ခတ်နဲ့ ကျွန်တော့်ကို စိုက်ကြည့် နေသည်။

သူတို့နှစ်ယောက်က ကျွန်တော့်ခြေလှမ်းတွေကို တုံ့ဆိုင်း သွားစေခဲ့ပါ၏။

သို့သော်လည်း ကျွန်တော် အားတင်းထွက်ရမည်။

သူတို့ကြီးပြင်းလာသည့်အချိန်တွင် အထက်တန်းပြဆရာ ဆိုသည့်ထက် အထက်တန်းကျောင်းအုပ်ကြီး၊ မြို့နယ်ပညာရေးမှူး ဆိုသည့်ရာထူးက သူတို့ဘဝကို ပိုပြီးအရောင်လက်စေမည် ထင်သည်။

**အောင်မြင်မှုတိုင်းတွင် စွန့်လွှတ်စွန့်စားရတာချည်းပင်။**

ယခုလို ငယ်ရွယ်စဉ်တွင် စွန့်လွှတ်စွန့်စားထွက်ခွာသွားလျှင် ပင်စင်ယူချိန်၌ ဂုဏ်ယူနိုင်ဖွယ်ရာ ရာထူးတစ်ခုခုတော့ ရနိုင်လိမ့်မည် ထင်သည်။

ထိုအတွေးနှင့် ကျွန်တော်သည် အလွန်ချစ်စရာကောင်းသော သားနှင့်သမီးတို့ကို ထားရစ်ခဲ့မိသည်။ ကျွန်တော့်ဆုံးဖြတ်ချက် မှန်သလား၊ မှားသလား ကျွန်တော်မသိ။

ကျွန်တော် လေယာဉ်စီး၍ ချင်းပြည်နယ်သို့ ထွက်ခွာခဲ့ပါ၏။

ဘဝတွင် လေယာဉ်တစ်ခါမျှ မစီးဘူးသဖြင့် ကြောက်သလိုလို လန့်သလိုလို ဖြစ်မိသေးသည်။ ကောင်းကင်အမြင့်ကို ပျံတက်သွားတော့ နားတွေအူနေသည်။

ရန်ကုန်မှ ၆ နာရီကျော်တွင် ထွက်သွားပြီး ကလေးမြို့သို့ နံနက် ၈ နာရီကျော်မှာ ရောက်နေသည်။

လေယာဉ်ကွင်းတွင် ဆရာကြီး ဦးအောင်ခန့်ကို မတွေ့။ အကြောင်းမညီညွတ်၍ လိုက်မလာနိုင်သေးခြင်းဖြစ်မည်။ ထို့အတွက် ကလေးမြို့တွင် စောင့်ဆိုင်းရန် ကြိုတင် မှာကြားထားခြင်းဖြစ်မည်။

လေယာဉ်ကွင်းကအထွက် ကျွန်တော် ဘယ်သွားရမှန်းမသိ။ သွားစရာလည်း နေရာမရှိ။ ဘယ်သူ့မှလည်းမသိ။



ထိုစဉ် ဆိုက်ကားသမားတစ်ယောက် ရောက်လာသည်။

ဘယ်ကိုသွားမှာလဲ မေးတော့၊ အနီးအနားက တည်းခိုခန်း ပို့ဗျာဟု ပြောမိသည်။

သူက တောင်ဇလပ်တည်းခိုခန်းကို ပို့ပေးသည်။ လေယာဉ်ကွင်းနှင့် မျက်စောင်းထိုးလောက်မှာရှိသည်။ တည်းခိုခန်းတွင် ပစ္စည်းတွေထားပြီး ကျွန်တော် အပြင်ပြန်ထွက်သည်။

ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းရန် ဖြစ်ပါ၏။ အသိတစ်ယောက်မျှမရှိသော ကလေးမြို့တွင် ကျွန်တော် ယောင်ချာချာနှင့် လျှောက်သွားနေသည်။

ဟိုမေးသည်မေး၊ မေးကြည့်တော့ ကလေးမြို့မှ ဟားခါးကို တိုက်ရိုက်ကားစီးသွားရသည်။ ဟားခါးသွားသည့်အခါ ဖလမ်းမြို့ကို ဖြတ်ကျော်သွားရသည်ဟုဆိုသည်။

တီးတိန်က တစ်လမ်း။ ဟားခါးသွားသည့်လမ်းပေါ်ရှိ သိုင်းငင်းဆိုသည့် ရွာကလေးမှ လမ်းခွဲထွက်သွားသည်ဟုဆိုသည်။

ကျွန်တော်က ပြည်နယ်ရုံးစိုက်ရာ ဟားခါးသို့ အလျင်သွားရမည်။ ပြည်နယ်ရုံးရောက်မှ မတူပီမြို့နယ် ဆဘောင်ပီး ဆက်သွားရမည်။

ကလေးရောက်သည်အထိ၊ ဆဘောင်ပီးကို သိသူမရှိသေး။ မတူပီက ချင်းပြည်နယ်တောင်ပိုင်းဖြစ်၍ ပခုက္ကူ၊ ဂန့်ဂေါဘက်ကသွားမှ ပိုအဆင်ပြေသည်ဟု ပြောသူက ပြောကြသည်။ ဘာပဲပြောပြော ဆရာကြီးဦးအောင်ခန့်လာမှပဲ အသေအချာ သိရတော့မည်။

နက်ဖြန်ဆရာကြီး လာကောင်းလာမည်။ လေယာဉ်ကွင်းသို့ သွားကြိုရမည်။

တည်းခိုခန်းတွင် နေရင်းထိုင်ရင်း စိတ်မောစိတ်စောနေ၏။

စိတ်လှုပ်ရှားတွေးတောနေသဖြင့် တစ်ညလုံး ကောင်းကောင်း အိပ်မပျော်။

ဆရာကြီးအလာကိုသာ မျှော်နေမိတော့၏။

❖ ❖ ❖



## အခန်း - ၃

## ဆဘောင်ပီးမှလိုင်တွဲးသို့

နောက်တစ်နေ့ လေယာဉ်ဖြင့် ဆရာကြီးရောက်လာသည်။

ဆရာကြီးကို ကျွန်တော်သွားကြိုနှုတ်ဆက်သည်။ ဆရာကြီး ကလည်း ကျွန်တော့်ကို သိရှိမှတ်မိနေသည်။

ဆရာကြီးအား စောင့်ကြိုနေသော ရုံးကားဖြင့် ဟားခါးမြို့ တော်သို့ ကျွန်တော်တို့ တက်ခဲ့ကြသည်။

ကလေးမြို့ပြင်ရောက်သည်နှင့် တောင်ပေါ်သို့ တဖြည်းဖြည်း မောင်းတက်တော့သည်။ သိုင်းငင်းရောက်မှပဲ တစ်ထောက်နား တော့သည်။

သိုင်းငင်းရွာသည် တောင်ပေါ်မြို့များ၏ ကြားစခန်းဖြစ်သည်။

သိုင်းငင်းရွာမှ တီးတိန်မြို့သို့ လမ်းခွဲထွက်သွားသည်။

ဖလမ်းနှင့် ဟားခါးကတစ်လမ်း။ ဖလမ်းကို အလျင်ရောက်သည်။ ဖလမ်းမှတစ်ဆင့် ဟားခါးသို့ ဆက်သွားရသည်။

တောင်ပေါ်လမ်းလေးသည် ကျဉ်းလွန်းသည်။

တောင်ကိုပတ်ပြီး ဖောက်ထားသော လမ်းဖြစ်သဖြင့် ကျယ်ပြန့်ဖို့မလွယ်။ ကားနှစ်စင်းရှောင်လို့မရတတ်။ တချို့နေရာတွင် ကားနှစ်စင်းရှောင်ရန်အတွက် မြေကွက်လပ်ကျယ် လုပ်ထားပေးသည်။ ထိုမြေကွက်လပ်ကျယ်ရောက်မှ ကားနှစ်စင်းရှောင်ရသည်။

ကားလမ်းသည် ကွေ့ကွေ့ကောက်ကောက်နှင့် တဖြည်းဖြည်းမြင့်တက်လာသည်။ လမ်းကွေ့ရောက်၍ အောက်ပြန်လှည့်ကြည့်လိုက်လျှင် စမ်းချောင်းလေးတစ်ခု ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသည်နှင့်တူသည်။

တောင်ပေါ်ရောက်လေလေ၊ အေးလေလေပဲ။ စီးလာသောကား မတော်တဆ တောင်အောက်ချော်ကျသွားလျှင်တော့ တွေးရဲစရာမရှိ။ ကျွန်တော်က ကြောက်လန့်စိတ်အနည်းငယ်ရှိမှန်း ဆရာကြီးကရိပ်မိသဖြင့် အားပေးသည်။

ရောက်လာပြီးမှတော့ ကြောက်မနေနဲ့တော့။ တောင်ပေါ်လမ်းတွေက ဒီလိုချည်းပဲ။ တောင်အောက်ကို ကားထိုးကျသွားလို့ကတော့ နတ်ပြည်ရောက်ပြီလို့သာမှတ်။ တို့လည်း ပထမတော့ မင်းလိုပဲ



တွေးကြောက်မိသေးတယ်။ နောက်ပိုင်း အခေါက်ခေါက် အခါခါသွားတော့ ရိုးသွားတာပါပဲ။

ဆရာကြီး၏ အားပေးစကားကြောင့် ကျွန်တော် အားတက်သွားသည်။ သေရင်နတ်ပြည်ရောက်မှာပဲဟု ယုံကြည်ပြီး အေးအေးဆေးဆေး လိုက်ပါသွားခဲ့သည်။ မိုးချုပ်ခါစတွင် ဟားခါးမြို့သို့ရောက်၏။

ဟားခါးမြို့အဝင်တွင် အတော်အေးနေပြီ။ မြူမှုန်တွေဆိုင်း၍ မှိုင်းဝေနေသည်။ အမှောင်ကကြီးစိုးထားသဖြင့် မြို့၏ အလှအပကို မမြင်ရတော့။ ထင်းရှူးပင်တွေ အုပ်ဆိုင်းနေသော တောင်ပေါ်မြို့လေးသည် လှမှာ သေချာသည်။

ရောက်တော့ နေစရာမရှိသဖြင့် ဆရာကြီးအိမ်မှာပဲ တည်းရသည်။ ဆရာကြီးကလည်း မညည်းမညူ လက်ခံသည်။ ဆရာကြီးအိမ်တွင် ဆရာကြီးကို ချက်ပြုတ်ကျွေးပြီး ဆရာကြီးနှင့်အတူနေသော ဟားခါး အထက (၁) မှ အထက်တန်းပြဆရာကိုမြခိုင်ရှိနေသည်။ သူကလည်း ဝမ်းသာအားရ ကြိုဆိုနေရာချထားပေး၏။

နောက်တစ်နေ့တွင် ဆရာကြီးက ရုံးသို့ခေါ်သွားသည်။ ရုံးအုပ်စာရေးကြီးကို ဆဘောင်ပီးသွားမယ့် ဆရာကြီးဟု မိတ်ဆက်ပေးသည်။ ရုံးအုပ်စာရေးကြီးက ကျွန်တော့်ပုံပန်း အသေအချာကြည့်သည်။ အရပ်ပုပု အသားဖြူဖြူ၊ ပိန်ပိန်သေးသေး၊ ဆရာကြီးလေးကို သနားသွားပုံရသည်။

ဆဘောင်ပီးကို သူ့လွှတ်လို့ မဖြစ်ဘူး။ သူသွားနိုင်မယ် မထင်ဘူး။ လမ်းမှာ ၁၅ ရက်လောက် အိပ်ရတာ၊ ကိုယ့်အိပ်ရာလိပ်နဲ့ ကိုယ့်ရိက္ခာ ကိုယ်သယ်သွားရမှာ။ တောင်ပေါ်အတက်အဆင်းလည်း ကြာကြာလျှောက်နိုင်မယ့်ပုံမပေါ်ဘူး။ လမ်းမှာလည်း တောခွေးတွေ၊ ဝံပုလွေတွေရှိတယ်လို့ ပြောတယ်။ သွေးစုပ်တဲ့ ကျွတ်တွေကလည်း လူသံကြားတာနဲ့ သစ်ပင်ပေါ်က ခုန်ဆင်းလာတတ်တယ်။ ထုံးဘူးလေး တွေ ခါးချိတ်သွားရတာ၊ ကိုယ်ပေါ်ကျလာတဲ့ ကျွတ်တွေကို ထုံးတို့ပြီး ဖယ်ရှားသွားရတာလို့ပြောတယ်။ ဒေသခံတွေတောင် မလွယ်ဘူး။ တော်ကြာ ဆရာကြီးဆီပြန်လာပြီး ငိုပြမှာ။ ဆရာကြီးပဲ စိတ်ရှုပ်၊ အလုပ်ရှုပ်မယ်။ တီးတိန်မြို့နယ်ထဲက လှိုင်တွီးအလက၊ နေရာ လွတ်မယ်၊ အဲ့ဒီပြောင်းပေးရင် ကောင်းမယ်။

အဲ့ဒီလှိုင်တွီးကကော အခြေအနေဘယ်လိုရှိလဲ။

လှိုင်တွီးက တီးတိန်မြို့နဲ့ ၁၂ မိုင်ပဲဝေးတယ်။ နေ့ချင်းပြန် သွားလို့ရတယ်။ အိမ်ခြေ ၅၀၀ ကျော်ရှိတဲ့ ရွာကြီးတစ်ရွာပဲ။ အောင်ချက်တော့ မကောင်းဘူး။

စာရေးကြီးစကားကိုနားထောင်ပြီး ဆရာကြီး ခေတ္တစဉ်းစား သည်။ ပြီးတော့မှ အမိန့်ပေးလိုက်သည်။

ဒါဆိုရင်လည်း အမိန့်စာပြင်ထုတ်။ နောက်လထဲမှာ ကျွန်တော် တီးတိန်ကျောင်းစစ်သွားရင်း ခေါ်သွားလိုက်မယ်။

ဆရာကြီးနှင့် စာရေးကြီးတို့၏ စေတနာ မေတ္တာကြောင့် ဝေးလံခေါင်ဖျားသော ဆဘောင်ပီးသို့ ကျွန်တော်မရောက်ခဲ့ရ။



တီးတိန်မြို့နယ် လှိုင်တွီး အလကကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်ထားခြင်းခံလိုက်ရသည်။

ဆရာကြီး ဦးအောင်ခန့်၏ ကျေးဇူးကြီးပါပေ၏။

နောက်လ တီးတိန်သို့ ကျောင်းစစ်သွားသောအခါ ကျွန်တော့် ခေါ်သွားသည်။ တီးတိန်မြို့နယ် ပညာရေးမှူး ဆလိုင်းထွန်းလှိုင်ထံ အပ်ထားခဲ့၏။

ဆရာကြီးဆလိုင်းထွန်းလှိုင် အိမ်သို့ ကျွန်တော်ရောက် သွားသည်။ ဆရာကြီးမိသားစုသည် အလွန်စေတနာကောင်း၏။ သရက်၊ မင်းတုန်းဘက်မှ ချင်းလူမျိုးများ ဖြစ်ကြ၏။ မြေပြန့်က ရောက်လာသော ကျွန်တော်တို့ကို ဧည့်ခံကျွေးမွေးပြီး သူ့အိမ်မှာပဲ နေရာချထားပေးသည်။

ဆရာကြီးအိမ်တွင် B.Ed က ကျောင်းနေဘက် သူငယ်ချင်း နှင့် ပြန်တွေ့သည်။ မြစ်ခြေသား မိုးဆွေ။ သူက အလျင်ရောက်နှင့် နေ၏။ တီးတိန်မြို့နယ် ဖိမ်ပီး အလကကျောင်းအုပ် အဖြစ်ရောက် နေခြင်း ဖြစ်သည်။

ပြည်နယ်ပညာရေးမှူးနှင့် တွေ့ဆုံရမည့် အစည်းအဝေးသို့ ကြိုတင်ရောက်ရှိနေခြင်း ဖြစ်သည်။

သူက ဦးဆောင်ပြီး တီးတိန်မြို့ထဲ အလည်အပတ်ခေါ်သည်။ မြန်မာဘုန်းကြီးကျောင်းသို့ လိုက်ပို့ပြီး မြန်မာတွေနှင့် မိတ်ဆက် ပေးသည်။

ကျောင်းအုပ်တွေထဲမှာတော့ မြန်မာဆို၍ သူရယ် ကျွန်တော်

ရယ်ပြီးတော့ ထုတ်လိုင် အထက်ကျောင်းအုပ်ကြီး ဦးတိုးမောင် ရယ်ပဲရှိသည်။ ကျွန်တော်တို့ သုံးယောက်က မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးဆလိုင်းထွန်းလျှိုင်အိမ်မှာ အတူတည်းကြသည်။

ဆရာကြီး မိသားစုကလည်း လူမနည်းလှ။ မိသားစု ၇ ယောက်ရှိသည်။ ကျွန်တော်တို့ ၃ ယောက်ပေါင်းရင် အိမ်ကျဉ်းကျဉ်း လေး၌ ၁၀ ယောက်ရှိသည်။

ဆရာကြီးကတော်သည် အလွန်စေတနာကောင်း၏။ ကျွန်တော်တို့ကို မညည်းမညူ ချက်ပြုတ်ကျွေးသည်။ ကျွန်တော်က အမဲသားနှင့် ဝက်သားမစားသောကြောင့် ကြက်ဥကြော်ကျွေးတာ အမှတ်ရနေသည်။ ကြက်သားက ဈေးကြီးပြီး အလွယ်တကူ ဝယ်မရ။ လိုက်ဖမ်းပြီး ကိုယ့်ဘာသာ အမွေးနုတ် ချက်ပြုတ်စားရသည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်၊ ပဲနှင့် ကြက်ဥကြော်တို့ပဲ ကျွန်တော်စားရသည်။

တီးတိန်တွင် တစ်ပတ်လောက် ကျွန်တော်နေရသည်။

ဆရာကြီး ဦးအောင်ခန့်ကတော့ ကျွန်တော့်ကို တီးတိန်မှာ ထားရစ်ခဲ့ပြီး ဟားခါးသို့ ပြန်သည်။

တီးတိန်သို့ ကျွန်တော်ရောက်သည့်အချိန်သည် ဇွန်လ နောက်ဆုံးပတ်ဖြစ်သဖြင့် မိုးရွာနေသည်။ ရွာလျှင် သဲသဲမဲမဲရွာ၏။ ရှေ့ကို ၁၀ ပေလောက်တောင် မမြင်ရသော မှောင်ပိန်းနေအောင် ရွာသည့်မိုးဖြစ်သည်။

ထိုမိုးကြားထဲမှ ကျွန်တော်တို့ မြို့ထဲထွက်လည်ကြသည်။



တီးတိန်တွင် လည်ပတ်စရာ အထွေအထူးမရှိပါ။ မြို့လယ်က လက်ဖက်ရည်ဆိုင်၊ ဘုန်းကြီးကျောင်းနှင့် အီကြာဗီဒီယိုရုံပဲရှိသည်။ ဗီဒီယိုရုံပိုင်ရှင်က အီကြာဖြစ်သဖြင့် အီကြာ ဗီဒီယိုရုံဟု ခေါ်ကြခြင်း ဖြစ်သည်။

ဆရာကြီး ဦးတိုးမောင်ကလည်း လခစောင့်ထုတ်ရဦးမည် ဖြစ်သဖြင့် မပြန်သေး။ ထို့အတူ သူငယ်ချင်း မိုးဆွေကလည်း လခထုတ်ပြီးမှ ပြန်မည်ဟုဆိုသည်။

ကျွန်တော်တို့ ၃ ဦး ဆရာကြီးအိမ်တွင် အားမနာပါးမနာ စားသောက်နေထိုင် တည်းခိုနေတော့၏။ ဆရာကြီး မိသားစုကလည်း မငြိုငြင်၊ ချစ်ခင်စွာ ကျွေးမွေးထားပါ၏။

သို့သော် နက်ဖြန် ကျွန်တော် တာဝန်ကျသည့် ရွာက၊ အလယ်တန်းပြ ဆရာတစ်ယောက် လာခေါ်မည်။ ထိုဆရာနှင့် လိုက်သွားရမည်ဟု မြို့နယ်ပညာရေးမှူး ဆရာကြီးက မိန့်၏။ လိုအပ်တာတွေ ယူသွားနိုင်အောင်လည်း သတိပေးသည်။

နက်ဖြန်ကို ကျွန်တော်စောင့်နေ၏။

❖ ❖ ❖

# အခန်း - ၄

## မြစ်ကိုဖြတ်၍ တောင်ကိုကျော်

နောက်တစ်နေ့နံနက် ၇ နာရီမထိုးမီ ရွာမှအကြိုထောက်လာသော အလယ်တန်းပြဆရာ ရောက်လာသည်။

သူ့နာမည်က ဦးတွင်ခေါ်ကျော့ အရပ်ပုပု၊ နဖူးပြောင်ပြောင်၊ ပိန်ပိန်သေးသေး၊ အသားညိုညို၊ မျက်မှန်ထူထူ။

ကျွန်တော်နှင့် အတော်တူသည်။ အသားဖြူတာနှင့် ညိုတာ ပဲကွာသည်။

သူနှင့်အတူ အထမ်းသမားတစ်ယောက်ပါလာသည်။ ကျွန်တော့်ပစ္စည်းတွေ သယ်ကူရန်ဖြစ်၏။

ကျွန်တော့်ပစ္စည်းတွေကလည်း များများစားစားမရှိ။ အိပ်ရာလိပ်တစ်လိပ်နှင့် အဝတ်အစားထည့်ထားသော အိတ်တစ်လုံး ဆန်ဆီဆားအိုးခွက်ပန်းကန်ထည့်ထားသည့် ပီနံအိတ်တစ်လုံး၊ စုစုပေါင်း ၃ ခု။



အထမ်းသမားက ကျွန်တော့်ပစ္စည်းတွေ သယ်သွားသည်။ ပစ္စည်းတွေနောက် ထက်ကြပ်မကွာ လိုက်ရမည်ဟု ကျွန်တော် ထင်ထားသည်။

ဆရာဦးတွင်ခေါ်ကျော့က မလိုက်ဘူး ဆရာကြီး။ ကျောင်းကို သူတို့ ပို့ထားပေးလိမ့်မယ်။ ပစ္စည်းပျောက်စရာမရှိဘူး။ ပျောက်ရိုးထုံးစံလည်း မရှိဘူး။ ပစ္စည်းရောက်မှ ပိုက်ဆံရှင်းရမယ်။

ဘယ်လောက်ပေးရမလဲ။

တစ်ပိဿာတစ်ကျပ်။

ပစ္စည်းတွေကို ချိန်ကြည့်မှာလား။

ဟုတ်တယ် ဆရာကြီး၊ ရွာရောက်ရင် အထမ်းသမားတွေ ချိန်တဲ့ချိန်ခွင်ရှိတယ်။ အဲ့ဒီ ချိန်ခွင်နဲ့ချိန်ပြီး ပိဿာရှိသလောက် ပိုက်ဆံပေးရမယ်။

ကျွန်တော်တို့က ဘယ်အချိန်ထွက်ပြီး ဘယ်အချိန် ရောက်မှာလဲ။ ဆရာကြီး စားသောက်ပြီးတာနဲ့ ထွက်မယ်။ ကားစီးချင်တယ်ဆိုရင်တော့ ကားဂိတ်ကိုသွားစောင့်ရမယ်။ ကလေးက တက်လာတဲ့ ဂျစ်ကားတွေ စောင့်စီးရမယ်။

ဂျစ်ကားက အဆင်ပြေလား။

ဆရာကြီးသဘောပဲ။ ကျွန်တော်တို့ကတော့ ဈေးကြီးလို့ မစီးနိုင်ဘူး။ ကျွန်တော်တို့ လခက ၅၀ဝိ/-မရဘူး။ ကားခက ၁၀ဝိ/- ဆိုတော့ မတတ်နိုင်ဘူး။ သူတို့က ကုန်သည်တွေ အိန္ဒိယနယ်စပ်၊ ကျန်ဖိုင်အထိ သွားကြမှာ။

ကားနဲ့သွားရင် စိတ်ချရရဲ့လား။

ဆရာကြီးစီးရဲရင် စိတ်ချရပါတယ်။ ကားမမှောက်ခဲ့ရင်ပေါ့လေ။ ကားက ဂျစ်ကား လူက အယောက် ၂၀ ကျော်လောက်တင်တယ်။ တောင်ပေါ်ကို တအိအိတက်ရတာ။ စက်ချွတ်ယွင်းလို့နောက်ပြန်ကျခဲ့ရင်၊ ဘရိတ်ပေါက်လို့ တောင်အောက်ကျသွားရင်အသက်ရှင်တဲ့သူ နည်းတယ်။ ဒါပေမဲ့ ဂျစ်ကားတွေလည်းပြေးနေတာပဲ။ လူတွေလည်း စီးနေတာပဲ။

ချင်းသံဝဲဝဲနှင့်ပြောနေသော ဆရာတွင်ခေါ်ကျင့်စကားတွေကကျွန်တော့်ကို ကားစီးရမှာ ထိတ်လန့်စေသည်။

သူကတော့ အေးအေးပဲ ကားစီးရမှာ ကြောက်ပုံမရ။ ပိုက်ဆံမတတ်နိုင်၍ မစီးတာဘဲဖြစ်သည်။

ကျွန်တော်က ကားခပေးနိုင်၍ ကားနှင့်သွားမည်ဆိုလည်းသူလိုက်ဖို့အဆင်သင့်။

ကုန်းကြောင်းလျှောက်မယ်ဆိုရင် ဘယ်လောက်ကြာမလဲ။ ရွာကလူတွေတော့ တီးတိန်နဲ့ လိုင်တွီးကို ပစ္စည်းတွေသယ်ပြီးနေ့ချင်းပြန်သွားနေတာပဲ။ ဖြည်းဖြည်းဆေးဆေးသွားမယ်ဆိုရင်တော့ ၆ နာရီကျော်လောက် သွားရမယ်ထင်တယ်။ ဆရာကြီး လျှောက်နိုင်ပါ့မလားမသိ။ ကားမစီးဘူးဆိုရင်တော့ ခြေထောက်စီးရမှာပဲ။

သူ့စကားက ရယ်စရာလိုလို အတည်လိုလိုနှင့် လူကိုခေါင်းစားစေ၏။

သူ့စကားအရဆိုလျှင် ဂျစ်ကားကိုတော့ ကျွန်တော်မစီး။



၆ ယောက်လောက်သာ စီးရသော ဂျစ်ကားကို လူ ၂၀ ကျော်ဘယ်လိုစီးသလဲ ကျွန်တော်မတွေးရဲ။ တောင်တက် တောင်ဆင်းလမ်းကို လူပဒေသာပင်ပေါက်နေသော ဂျစ်ကား ဘယ်လို အစွမ်းသတ္တိတွေနှင့် သွားသလဲမသိ။

ကျွန်တော်ကတော့ ဆရာတွင်ခေါ်ကျင့်စကားအတိုင်း ကားမစီးရဲ၍ ခြေထောက်ကိုပဲ စီးရတော့မည်။

ဆရာကြီးကတော်ကျွေးသော ကြက်ဥကြော်နှင့် ထမင်းစားပြီးသောအခါ သူတို့မိသားစုကို နှုတ်ဆက်သည်။ ဆရာကြီးနှင့်ဆရာကြီးကတော်ကို ထိုင်ကန်တော့ပြီး ဆရာကြီးဦးတိုးမောင်၊ ကျောင်းနေဖက်သူငယ်ချင်း ဆရာကြီးမိုးဆွေတို့ကို လခထုတ်ရက်တွင် ဆုံကြဖို့ မှာကြားရင်း နှုတ်ဆက်သည်။

သူငယ်ချင်း မီးစင်ကြည့်က။ အရမ်းမတက်ကြွနဲ့။ ပြည်မနဲ့အခြေအနေချင်း မတူဘူး။

မိုးဆွေက တိုးတိုးလေးမှာသည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။

အားလုံးကို နှုတ်ဆက်ပြီး ကျွန်တော်စထွက်ခဲ့သည်။

နံနက် ၈ နာရီတိတိ။

ဆရာတွင်ခေါ်ကျင့်က ရှေ့မှ ဦးဆောင်သွား၏။ ကျွန်တော်ကနောက်မှလိုက်သည်။ တောလမ်းခရီးကို သွားရမှာဖြစ်သဖြင့်ဘောင်းဘီရှည်ဝတ်ထားသည်။ ကင်းဗတ်ဖိနပ်စီးထား၏။ ဦးထုပ်အပြားဆောင်းထား၏။ အင်္ကျီလက်ရှည်နှင့် ခေါက်ထီးကို လက်

တစ်ဖက်က ကိုင်ထားသော ကျွန်တော့်ပုံစံက ကျောင်းဆရာပုံ မပေါက်။ ဘာပုံပေါက်နေမှန်းလည်း မသိ။

ခပ်တည်တည်ပဲသွားနေသည်။

တီးတိန်မြို့လယ်ကို ဖြတ်ရသည်။ ဈေးကိုကျော်သွားရ၏။ အားလုံးလိုလို ဘောင်းဘီဝတ်တာပဲ မြင်ရသည်။ ပုဆိုးဝတ်သူ မရှိသလောက်ရှားသည်။ ဘောင်းဘီရှည်ဝတ်ထားသော ကျွန်တော်သည် အများထဲကလို ဖြစ်နေသဖြင့် ဘယ်သူမှဂရုမစိုက်။

ကျွန်တော့်ကို ကျောင်းအုပ်ဆရာကြီးမှန်းမသိ။ သိတော့ ကော ဘယ်သူက အရေးစိုက်မှာလဲ။

လူတစ်ယောက်သည် သူ့နေရာနှင့်သူသာ အရေးပါနိုင်သည်။ နေရာတိုင်းမှာတော့ အရေးမပါနိုင်။ နေရာတကာ အရေးပါချင်လျှင်တော့ ဦးနှောက်တစ်ခန်းပျက်နေလို့ပဲ ဖြစ်မည်။

ကျွန်တော် အတွေးချော်နေသဖြင့် ဆရာတွင်ခေါ်ကျင့်က ရှေ့ခပ်လှမ်းလှမ်း ရောက်သွားသည်။ ဒေသခံဆရာ၏ ခြေလှမ်းကို အမီလိုက်ရသည်မှာ မပြေးရုံတစ်မည်ရှိတော့သည်။

မကြာခင် လိုင်တွီးရွာလမ်းခွဲရောက်သည်။

ဆရာကျင့်က ကျွန်တော့်ကို လက်ညှိုးထိုးပြသည်။

ဆရာကြီး ဟိုးတောင်တန်းတွေရဲ့အလွန် မြူခိုးတွေ မှိုင်းနေတဲ့ တောင်ထိပ်လေးဟာ လိုင်တွီးရွာပဲ။

သူပြ၍သာ ကျွန်တော်ကြည့်သည်။ ဘယ်နေရာ လိုင်တွီးရွာ ရှိမှန်းမသိ။ တောင်တွေက အတူတူလိုပဲမြင်သည်။ မြူခိုးတွေ



မှိုင်းဝေနေသည့် တောင်စဉ်တန်းကိုမြင်တော့ ရင်ထဲမှာ အလိုလို လွမ်းဆွတ်လာသည်။ လွမ်းစရာတွေများလွန်းလို့ ဘာကို လွမ်းရမှန်း မသိတော့။

ဆရာကြီး တီးတိန်က ပေပေါင်း ငါးထောင်ကျော်မြင့်တယ်။ အဲ့ဒီကနေ မဏိပူရမြစ်အထိ ဆင်းရမယ်။ မန်ဆွောင်းတံတားကို ဖြတ်ပြီး တောင်ပေါ်ပြန်တက်ရမယ်။ တောင် ၉ လုံးကို ဖြတ်ကျော်ပြီးမှ ရွာကိုရောက်မယ်။

ဆရာကျင့်စကားကြောင့် ကျွန်တော့်အတွေးတွေ ပြတ်သွားသည်။

တောင်အဆင်းဖြစ်သဖြင့် ကျွန်တော့်ခြေလှမ်းတွေ မြန်နေသည်။ ဆရာကျင့်ကို ကျော်ပြီး ကျွန်တော်ရှေ့က ရောက်နေသည်။

တက္ကသိုလ်တုန်းက ဘောလုံးကန်၊ လမ်းလျှောက်၊ အပြေးပြိုင်ပွဲဝင်ခဲ့သည့်အတွက် ယခုလိုသွားနိုင်တာပဲဟု ထင်မိသည်။ ပထမနှစ်မှ စတုတ္ထနှစ်အထိ လေးနှစ်တိုင်တိုင် တာတိုအပြေး ချန်ပီယံဖြစ်ခဲ့တာ ပြန်အမှတ်ရမိသည်။ နောက်ဆုံးနှစ်မှာ ဘွဲ့ယူ စာတမ်းတင်ရန် ကြိုးစားနေရသဖြင့် ပြိုင်ပွဲမဝင်ဖြစ်သောကြောင့် ငါးနှစ်ဆက်တိုက် ချန်ပီယံမဖြစ်ခဲ့။

ပညာရေးတက္ကသိုလ် ရောက်ရောက်ချင်းနှစ်မှာ လက်ရှိ အပြေးချန်ပီယံ ကျော်ကိုကိုကို နာတစ်ဖျားနှင့် အနိုင်ယူဗိုလ်စွဲခဲ့တာ ပြန်အမှတ်ရပြီး ပြုံးမိသေးသည်။ အဲ့ဒီတုန်းက လက်ခုပ်သံတွေ တဖြောင်းဖြောင်းနှင့် ကောင်မလေးတွေ ပိုင်းအားပေးလိုက်ကြတာ။

ဩော် ... လူဆိုတာ ကိုယ်ရွှေထီးဆောင်းခဲ့တာ ပြန်တွေးမိရင် အတော်ကြည်နူးစရာ ကောင်းတာပါလား။

ဆရာကြီး ဖြည်းဖြည်းဆင်း။ ဆရာကြီး ခြေလှမ်းတွေ မြန်နေတယ်။ အဲ့ဒီလောက်မြန်နေရင် ကြာကြာလျှောက်နိုင်မှာ မဟုတ်ဘူး။ တော်ကြာ ဒူးနာနေလိမ့်မယ်။ အဆင်းမှာ မှန်မှန်လေး ထိန်းဆင်းသွားနိုင်ဖို့ အရေးကြီးတယ်။

ဆရာကျင့် သတိပေးလိုက်တော့မှ ကိုယ့်ထက်ခြေလှမ်း မြန်သောသူ ဘာလို့ ကိုယ့်နောက်မှာ ကျန်နေမှန်းသိလိုက်သလိုပဲ။

ကြည်နူးစရာ အတွေးတွေ ပြတ်သွားပြီး နောက်ထပ် အတွေးတစ်ခု ထပ်ဝင်လာသည်။

ဆရာကျင့်ပြောသလို၊ အဆင်းမှာ မှန်မှန်လေး ထိန်းဆင်းဖို့လိုသည်။ အဆင်းဆိုမှတော့ မြန်ပြီးသားပဲလေ။ သတိလေးထားပြီး ထိန်းဆင်းမှ တော်ကာကျမှာပေါ့။ သတိမထားဘဲ ဆင်းမိလို့ ကတော့ အောက်ကိုမြန်မြန်ရောက်လိမ့်မည်။

ကျွန်တော့်ဘဝက အခုမှ အတက်ပဲရှိသေးသည်။

ပထမဆုံးအကြိမ် ရာထူးတိုးတာမို့ ဘဝလှေကားထစ် အလယ်တောင် မရောက်သေး။ ဆင်းဖို့ အဝေးကြီးလိုသေးသည်ဟု ကိုယ့်ဘာသာ တွေးနေမိ၏။

ဆရာကျင့်ကတော့ နောက်က ဖြည်းဖြည်းမှန်မှန် ဆင်းနေသည်။ ကျွန်တော်လည်း ခြေလှမ်းကို ပြန်ထိန်းရသည်။

အဆင်းလမ်းသည် ကြမ်း၍ လမ်းကလည်းကျဉ်းသည်။



တစ်ပေသာသာလောက်ပဲရှိမည်။ သစ်ပင်တွေကြားမှ ဖြတ်သန်းရသည်။ တချို့နေရာတွေက တောင်ကတုံး။ သစ်ပင်မရှိ။ ပြောင်တလင်းခါနေသည်။ ခြေချော်လက်ချော်ကျခဲ့သော် တောင်အောက်သို့ တလိမ့်ခေါက်ကွေး ကျသွားလိမ့်မည်။

အစပိုင်းတွင် ကြောက်သော်လည်း မသွားမဖြစ် သွားရသောအခါ အရဲစွန့်သွားရတော့၏။ သွားရင်းသွားရင်း သေမင်းကို မေ့သွား၏။

တောင်ဆင်းလမ်းသည် တချို့နေရာက ပြေသော်လည်း တချို့နေရာက မတ်စောက်၏။ ဖြည်းဖြည်းဆင်းသော်လည်း ပြေးဆင်းသလိုထင်ရ၏။ လမ်းကိုကြည့်ပြီး သွားနေရသဖြင့် တောတောင်တို့၏ သဘာဝအလှကို မခံစားနိုင်။

နဖူးကချွေး ခြေမကျလာသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေ၏။ မော်ဘီမှာ လမ်းများများလျှောက်စရာ မရှိသဖြင့် လမ်းလျှောက်ကျင့်မရှိ။ တစ်နာရီကျော်ကြာအောင် လမ်းလျှောက်ပြီးသောအခါ မောလာသည်။ နှာခေါင်းနှင့် အသက်ရှူရသည်ကို မဝ။ ပါးစပ်နှင့်ပါ အသက်ရှူရသည်။

မန်ဆွောင်းတံတားရောက်မှ အမောဖြေရသည်။ သံပုရာရည်တစ်ခွက်စီ ဝယ်သောက်ကြ၏။ တံတားဘေးနားက တဲကလေးမှာ ခြေပစ်လက်ပစ် လှဲအိပ်လိုက်မိသည်။

ဆရာကြီး အကြာကြီးအိပ်လို့ မဖြစ်ဘူး။ သွေးအေးသွားရင် လမ်းပြန်လျှောက်ဖို့ ခက်သွားလိမ့်မယ်။

ဆရာကျင့် သတိပေးတာအမှန်ပဲ။ သွေးအေးသွားသဖြင့် ခြေလက်မသယ်ချင်တော့။ ဒီမှာပဲ အိပ်စက်နားနေချင်တော့သည်။ သို့သော်လည်း ခရီးတစ်ဝက်မကျိုးသေး ဆက်ရန်ရှိသေး၏။

အားတင်းထပြီး အားခဲလျှောက်ရပြန်သည်။ ဘာပစ္စည်းမှ မကိုင်ချင်တော့။ ခေါင်းမှာဆောင်းထားသော ဦးထုပ်ကိုပင် လေးသည်ထင်လာ၏။ လက်မှာကိုင်ထားသော ထီးကို မဆောင်းတော့ဘဲ ဆရာကျင့်ပေးထားလိုက်တော့သည်။

အမောပြေ၍ ခရီးဆက်ခါနီးမှ မဏိပူရမြစ်ကို သတိထားမိသည်။ မြစ်ရေသည် ကြည်စိမ်းနေ၏။ အောက်က ကျောက်တုံးတွေကို အထင်းသားမြင်ရသည်။ ရေလည်းသိပ်မနက် ခက်သွက်သွက်စီးနေသည်။ မောနေသဖြင့် မြစ်သည် ဘယ်ကလာ၍ ဘယ်ကို စီးသလဲဆိုတာတောင် မစပ်စုချင်တော့။

တောင်တက်ခရီးကိုသာ အာရုံထားပြီး ကြိုးစားတက်ရသည်။ ခြေလှမ်းသည် အဆင်းလောက်မမြန်။ အတက်သည် နှေးလှ၏။ ပေပေါင်း ၅၀၀၀ ကျော်တက်ရမည်ဆိုသော အသိက ရင်ကို နှံးချည့်စေ၏။ မသိခဲ့ရင်ကောင်းသား။ တချို့ကိစ္စတွေမှာ မသိတာဘဲ ကောင်းသည်။ သိတော့မှ ပိုဆိုးတာမျိုးရှိ၏။ နေရာတိုင်း ကိစ္စတိုင်း အကုန်သိ၍မဖြစ်။

တောင်တက်ရင်း အတွေးတွေက ဟိုတစ်စ သည်တစ်စ ရနေသည်။ တစ်နာရီကျော်ကျော်လောက် အားခဲတက်ပြီးသောအခါ တောင်ပေါ်သို့ ရောက်လာ၏။ နောက်ထပ်တောင်ပေါင်းများစွာကို ကျော်ဖြတ်သွားရဦးမှာ သိနေ၏။ စိတ်အထင် အနည်းဆုံးတော့ တောင် ၉ လုံးလောက် ကျော်ဖြတ်ရသည်ထင်သည်။



လျှောက်ပါများ ခရီးရောက်ဆိုသည့်အတိုင်း နောက်ဆုံးတော့ ရွာရောက်သည်။ ညနေ ၅ နာရီလည်း ထိုးပေါ့။

လိုင်တွီးရွာသည် တောင်ကိုပတ်ပြီး တည်ထား၏။ လမ်းပေါ်ကို မေးတင်ထားပြီး နှစ်ထပ်အိမ်ဆောက်ထားကြသည်။ တောင်စောင်းတစ်လျှောက် အိမ်တွေတန်းစီနေသည်။ လေတိုက်၍လားမသိ။ အိမ်အတော်များများ တံခါးတွေ ပိတ်ထားကြသည်။

ကျောင်းက တောင်အောက်တွင်ရှိနေသဖြင့် အောက်သို့ ဆင်းရသည်။ ကျွန်တော့်အတွက် ကျောင်းအုပ်ကြီး အဆက်ဆက် နေခဲ့သည့် အိမ်ရှိသည်ဟု ဆိုသည်။ မကြာခင် အိမ်ရောက်လာ၏။ တောင်ကုန်းပေါ်တွင် ဆောက်ထားသည့် ခြေတံရှည်အိမ်။ သိပ်တော့ မသေးလှ။ ပေပျဉ်တွေခင်းထားသော ရေကပြင်ကျယ်ကြီးရှိသည်။

ထိုရေကပြင်ပေါ်တွင် တစ္ဆေဖြူကြီး နှစ်ကောင်မြင်ရသည်ဟု ဆရာကျင့်က ပြောသည်။ ပျဉ်တွေမည်းနေသော ထိုအိမ်အိုကြီးတွင် တစ္ဆေဖြူကြီးနှစ်ကောင်နှင့်အတူ နေရတော့မှာ ပါလားဟူသော အသိက ကျွန်တော့်စိတ်ကို ချောက်ချားစေပါ၏။

❖ ❖ ❖

## အပိုင်း - ၅

## တဖွေကြီးနစ်ကောင်နှင့် အိမ်အိုကြီး

ကျွန်တော်နေရသည့် အိမ်ကလည်း ချောက်ချားစရာကောင်းသည်။

အလျား ပေ ၄၀၊ အနံ ပေ ၂၀ ခန့်ရှိသည့် ရေနံ့ဝနေသည့် အိမ်အိုကြီးတစ်လုံးဖြစ်သည်။

တောင်စောင်းကို မှေးတင်ထားသော ခြေတံရှည်အိမ်ဖြစ်သည်။

အနံ့အသက်ကလည်း မကောင်း။ အောက်သိုးသိုးအနံ့မျိုးရနေသည်။

သို့သော်လည်း လူကပင်ပန်းနွမ်းလျနေသည်။ ညှော်ခန်းက ခုံတန်းရှည်ကြီးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ပြီး အမောဖြေနေရသောကြောင့် အိမ်အိုကြီးကို မစူးစမ်းနိုင်သေး။



အသက် ၂၀ ကျော်အရွယ် လူငယ်တစ်ဦးက မီးမွှေးပြီး ရေနွေးအိုးကျိုပေးသည်။ ဆရာမတစ်ယောက် အိမ်ကပြောင်းဖူးကို ဆန်ကဲ့သို့ ပြုတ်ထားသော ပြောင်းဖူးပြုတ်တစ်ဇလုံလာပေးသည်။

ဆရာတွင်ခေါ်ကျင့်က သံပုရာရည်တစ်ခွက်ဖျော်လာပေးသည်။

သူကပဲ ဦးဆောင်ပြီး ကျောင်းသားများနှင့် ပစ္စည်းတွေကို နေရာချပြီး အိပ်ရာခင်းပေးသည်။

ရေနွေးအိုးကျိုပေးသောလူငယ်က ကျောင်းသန့်ရှင်းရေးဝန်ထမ်း ခင်ဆွင်းမုန်ဖြစ်ကြောင်း ဆရာကျင့်က မိတ်ဆက်ပေးသည်။ သူက ကျွန်တော့်အိမ်ဘေးက ဝန်ထမ်းတန်းလျားမှာနေသည်။ လိုတာခိုင်းပါဟု ဆရာကျင့်က ပြောသည်။

ခင်ဆွင်းမုန်က ပါလာသော ဆန်ထုပ်ကို ဖြေပြီး ထမင်းတစ်အိုးချက်ပေးသေးသည်။

စောစောက ကျိုထားပေးသော ရေနွေးကို ပါလာသော ဓာတ်ဘူးထဲထည့်ပြီး လက်ဖက်ခြောက်ခတ်ထည့်ထားပေးသည်။

ချွေးတွေရွှဲနစ်နေသဖြင့် ရေချိုးချင်တယ်ပြောလိုက်၍ ရေနွေးတစ်အိုး ထပ်ကျိုပေးသည်။ ပြီးတော့ ဘာလီပုံးတစ်ပုံး ရေခပ်လာပေးသည်။

ရာသီဥတုက အေးနေပြီဖြစ်သဖြင့် ဘယ်သူမှ ရေမချိုးရဲသောအချိန်တွင် ကျွန်တော်က ရေချိုးမည်ပြောသဖြင့် သူတို့အချင်းချင်း လက်တို့ပြောဆိုပြီး ပြုံးစိစိဖြစ်နေကြသည်။

ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး အလျား ၁၀၊ အနံပေ ၂၀ ခန့်ရှိသော မီးဖိုခန်းထဲတွင် တံခါးပိတ်ပြီး ရေချိုးလိုက်သည်။ အတော်လန်းဆန်းသွားသည်။

ရေချိုးပြီး ခင်ဆွင်းမှုန်ချက်ပေးသောထမင်း၊ ပါလာသော အာပြခြောက်ကြော်၊ မြေပဲကြော်တို့နှင့် ထမင်းစားသည်။ မောပန်းဆာလောင်နေသဖြင့် ထမင်းအတော်စားကောင်းသည်။ ဆန်နှံ့ဆီဘူးဝက်ချက်ထားတာ အကုန်ကုန်သည်။

ကျွန်တော် စားနေတုန်း ခင်ဆွင်းမှုန်က မီးမွှေးရန် ထင်းရှူးဆီတွေ ခွဲစိတ်ပေးနေသည်။ မီးဖိုခန်းထဲတွင် ထင်းချောင်းတွေလည်း အဆင်သင့်ထည့်ထားပေးသည်။

ကျွန်တော် ထမင်းစားပြီးသည့်အခါ အားလုံးပြန်သွားကြသည်။ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့၏။

အပြင်မှာလည်း မှောင်နေပြီ။ လေကလည်း တဝုန်းဝုန်း စတိုက်လာ၏။ ပါလာသော ဖယောင်းတိုင်ကို ထွန်းသည်။ ကာရံထားသော ပျဉ်ပြားတွေကြားမှ တိုးဝင်လာသောလေကြောင့် ဖယောင်းတိုင်မီး ခဏခဏ ငြိမ်းသွားသည်။

အိပ်ခန်းထဲမှ လက်နှိပ်ဓာတ်မီးယူပြီး အပြင်ညှိခန်း စားပွဲပေါ်မှ စားသောက်စရာများကို သိမ်းရသည်။ အေးလွန်းသဖြင့် ပန်းကန်ဆေးဖို့ စိတ်မကူးရဲ။ နံနက်မှ ဆေးတော့မည်။

ခင်ဆွင်းမှုန် မပြန်ခင်က ဆေးပေးသွားမည်ပြောသော်လည်း အားနာ၍ မခိုင်းရက်ခဲ့။



ကိစ္စပြီးပြီမို့ အိပ်ရာထဲဝင်လှဲပြီး အိပ်တော့မယ်လုပ်ကာမှ သွားမတိုက်ရသေးတာ သတိရပြီး သွားပြန်ထတိုက်ရပြန်သည်။

အေးလိုက်သည့်ဖြစ်ခြင်း။ ခြေစွပ်တွေ ခေါင်းစွပ်တွေစွပ်ပြီး အိပ်ရာထဲ ပြန်ကွေးပြန်သည်။ ချက်ချင်း အိပ်မပျော်။ တစ္ဆေဖြူကြီး နှစ်ကောင် ခေါင်းထဲရောက်လာပြန်၏။

ငါ့အိပ်ရာနား ရောက်နေပြီလား မသိ။

ကြက်သီးတွေ တဖြန်းဖြန်းထပြီး ခေါင်းနားပန်းကြီးသွားသည်။

ဘုရားရှိခိုးပြီး ဘုရားစာတွေ တတွတ်တွတ်ရွတ်ရသည်။ အခန်းတံခါးပိတ်ပြီး ဂါထာမျိုးစုံရွတ်ရသည်။

စိတ်သက်သာရပြီး အကြောက်ပြေသွားသည်။ အခန်းထဲရှိ စားပွဲပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းထားသည်။ သုံး၊ လေးတိုင် ထွန်းထားချင်သော်လည်း ပါလာတာလေး မြန်မြန်ကုန်သွားမှာ စိုးသဖြင့် မထွန်းရဲ။

စိတ်ချောက်ချားနေသဖြင့် အိပ်လို့လည်းမပျော် အိပ်ရမှာလည်း လန့်နေ၏။ ထိုအခါမှ ကဗျာဆရာမ ကြည်အေး၏ကဗျာကို သွားအမှတ်ရမိသည်။

*ညကြီးမင်းကြီး၊ ထပြီးထိုင်နေ*

*အိပ်ရာတွေလည်း ကြေမွတွန့်လိပ်*

*သိပ်စိတ်ညစ်တယ်။*

သူ့ကဗျာအတိုင်း ကျွန်တော် ဖြစ်နေပြီလားမသိ။

စိတ်ကိုတည်ငြိမ်အောင် ကြိုးစားပြီး စားပွဲတွင်ထိုင်သည်။

ဒိုင်ယာရီစာအုပ်တွင် တစ်နေ့တာအဖြစ်အပျက်များကို ရေးမှတ်သည်။ ထိုအခါကျမှ အနည်းငယ် စိတ်သက်သာရပြီး အကြောက်ပြေသွားသည်။

ထိုစဉ် အပြင်မှာ လေတဝုန်းဝုန်းတိုက်သည်။ တံခါး တွေက ပတ္တာမကောင်းသဖြင့် ကျွီ ‥ ဝုန်း ‥ ကျွီ ‥ ဝုန်းဖြင့် တဖုန်းဖုန်းမြည်နေသည်။ ကြွက်တွေကလည်း ထုပ်တန်းပေါ်တွင် တဝုန်းဝုန်းဆော့ပြေးနေကြသည်။

နေ့ဘက်တွင် အရမ်းပူပြီး ညဘက်တွင် အရမ်းအေးသောကြောင့် သစ်သားတွေက ကျုံ့လိုက်ပွလိုက်ဖြစ်ကာ တဖျစ်ဖျစ်မြည်နေသည်။ သွပ်တွေလည်း သံချက်တွေဟသဖြင့် ဖတ် ‥ လတ် ‥ ဖတ် ‥ လတ် မြည်နေသည်။

ကာပျဉ်တွေကြားထဲမှ တိုးဝင်လာသော လေသရမ်းကြောင့် ဖယောင်းတိုင်မီးက မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည်။

အနွေးထည်အထပ်ထပ် ဝတ်ထားသော်လည်း ချမ်းစိမ့်နေသဖြင့် စောင်ယူပြီး ခြုံထားရသည်။

ဖယောင်းတိုင်မီး မှိတ်တုတ်မှိတ်တုတ်ဖြင့် စောင်ခြုံပြီးစာရေးကောင်းနေတုန်း တဒုန်းဒုန်းမြည်ပြီး အိမ်က လှုပ်ခါနေသည်။ ခြေတံရှည်အိမ်တိုင်လေးကို မြင်းတွေက ကျောအယားပြေအောင်လာပွတ်တိုက်နေမှန်း သိလိုက်ရသောအခါ စိတ်မသက်မသာဖြစ်သွားရသည်။

တဝုန်းဝုန်း ‥ တဒုန်းဒုန်း ‥ ကျွီ ဖတ်လတ် ‥



ဖတ်လတ်ဖြင့် တုန်ခါနေသော အိမ်ထဲတွင် ကျွန်တော်တစ်ယောက်တည်း ဖယောင်းတိုင်မီးလေးအားကိုးဖြင့် နေရသည်မှာ ထိတ်လန့်စရာကောင်းလှ၏။

ထို့ပြင် အိမ်ထဲတွင်ရှိနေသော တစ္ဆေဖြူကြီးနှစ်ကောင်က ခရစ်ယာန်ဘာသာဝင်များ ဖြစ်နေကြလျှင် ငါ့ဘုရားစာကို နားလည်ကြပါ့မလား။ ကြောက်ရွံ့ထွက်ပြေးသွားပါ့မလားဟုလည်း တွေးပူမိသောအခါ နားရွက်တွေပါ ထူလာ၏၊ ပူလာ၏။

ကိုယ့်စိတ်ကိုယ် မနည်းထိန်းသော်လည်း အကြောက်အလန့်ကင်းကင်းဖြင့်တော့ မနေနိုင်။

စိုးထိတ်စွာဖြင့် ကြောက်စရာ ညများစွာကို ဖြတ်သန်းခဲ့ရ၏။ ထိုညက ကြောက်လန့်မှုက ကျွန်တော့်ကို ရူးသွပ်သွားစေမလားထင်ရသည်။

အကယ်၍များ တစ္ဆေဖြူကြီးနှစ်ကောင်နှင့် ပက်ပင်းတွေ့ရလျှင် အသက်တောင် ပါသွားလိမ့်မည်ထင်သည်။

သို့သော်လည်း ကျွန်တော် မရူးပါ။

တစ္ဆေဖြူကြီးနှစ်ကောင်နှင့်လည်း မတွေ့ပါ။

ဘုရားစာတွေ ရွတ်ရလွန်းသဖြင့် မောမောနှင့် အိပ်ပျော်သွားဟန်တူပါသည်။

အကြောက်လွန်ပြီး အိပ်ပျော်သွားတာလည်း ဖြစ်နိုင်သည်။

ချောက်ချားစရာ အခြေနေမျိုးတွင် တစ်ယောက်တည်းကြောက်ကြောက်လန့်လန့်နေရသောအခါ အားကိုးရှာရတော့၏။

ထိုအခါ ဘုရားမှတစ်ပါး အားကိုးစရာမရှိကြောင်း ကောင်းကောင်း သိသွားတော့သည်။

ပြည်မမှာနေစဉ်က အလုပ်တွေများပြီး ဘုရားမှန်မှန် မရှိခိုးနိုင်သော ကျွန်တော်သည် ယခုအခြေအနေအတိုင်းဆိုလျှင် နေ့တိုင်း ဘုရားရှိခိုးမှာ သေချာသည်။

အကြောက်တရားသည် ဘုရားနှင့်နီးကပ်အောင် ကျွန်တော့်အား တွန်းပို့နေတော့သည်။

တစ်ခါတစ်ရံ လူသည် ချောက်ချားတုန်လှုပ်စရာ အခြေအနေမျိုးနှင့် ကြုံတတ်သည်။ ဘာလုပ်ရမှန်းမသိဘဲ ထွက်ပေါက်ပိတ်မွန်းကျပ်နေသော အချိန်မျိုးလည်း ရှိနိုင်သည်။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်အောင် စိတ်ဓာတ်ကျ အားငယ်နေတာမျိုးလည်း ဖြစ်တတ်၏။ ကယ်သူကင်းဝေး၊ ဖေးမမည့်သူမရှိ။

တစ်ယောက်တည်း အထီးကျန်ပြီး လောကဓံကို ဒေါကန်နေသော အခြေအနေမျိုးနှင့်လည်း ကြုံနိုင်သည်။ ထိုအချိန်တွင် ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိတာ အသေအချာ မှတ်မိသွား၏။

အချိန်ကြာကြာ ဘုရားစာရွတ်ဖတ်နေခြင်းကြောင့် စိတ်ငြိမ်းချမ်း တည်ငြိမ်မှုရလာတာ၊ ပုတီးစိပ်နေရင်း အာရုံဝင်စားပြီး အကြောက်တရား မေ့ထားနိုင်ခဲ့တာတွေ ကိုယ်တွေ့ကြုံရသည်။

အဖိုးတန်သော အတွေ့အကြုံများအဖြစ် အမြဲသတိရ မှတ်မိနေတော့၏။

❖ ❖ ❖



# အပိုင်း - ၆

## ဆရာအသစ် ထင်းနှစ်ချောင်း

နောက်တစ်နေ့ အိပ်ရာကနိုးတော့ တစ်ကိုယ်လုံး ကိုက်ခဲနေသည်။

အိပ်ရာထဲ ဆက်မှိန်းနေရလျှင် ကောင်းမည်လားဟု တွေးမိသေးသည်။

သို့ရာတွင် ကျောင်းအုပ်ကြီးတာဝန် စတင်ထမ်းဆောင်ချင်စိတ် ထက်သန်နေသည်။

ပြီးတော့လည်း ဗိုက်ကဆာနေသည်။ ရေလည်းငတ်သည်။

သို့သော် ဝယ်စားစရာ ဘာမျှ မရှိ။ ဘာလီပုံးထဲတွင် ရေရှိသော်လည်း မသောက်ရဲ။ ရေစိမ်းသောက်ရမှာ ဝန်လေးသည်။

သို့နှင့် အိပ်ရာက လူးလဲထရသည်။ မျက်နှာသစ်၊ သွားတိုက်ပြီး ပြတင်းပေါက်မှ အပြင်ငေးကြည့်လိုက်မိသည်။

အို .. လှလိုက်သည့်မြင်ကွင်း။

တောင်နှစ်လုံးကြားထဲမှ မရဲတရဲ ပြူထွက်လာသော နေမင်းကြီးက ကောင်းကင်တစ်ခွင်လုံး အနီရောင် ရဲသွေးဖြာနေစေ၏။

တိမ်တွေကလည်း အဆုပ်လိုက် အဆုပ်လိုက် အုပ်ဖွဲ့နေကြသည်။

တောင်နှစ်လုံးကြားက ချောက်ထဲတွင် မြူနှင်းတွေက ပိန်းပိတ်နေသည်။ ရှေ့ကို လှမ်းကျော်ကြည့်၍မရ။

တောင်တွေကလည်း အုတ်တံတိုင်းကြီးသဖွယ် ကာရံထားကြ၏။

နေထွက်စ လှပသော ပန်းချီကားတစ်ချပ်နှင့် တူ၏။

သဘာဝအလှကို အံ့ဩငေးမောကြည့်နေမိသော်လည်း ရေနွေးအိုးတည်၊ ထမင်းချက်ရမည်ကို သတိရနေသည်။

စိတ်ကို အိမ်ထဲပြန်ထည့်ကာ မီးဖိုချောင်သို့ သွားသည်။

ခင်ဆွင်းမုန် ခွဲစိတ်ပေးထားသော ထင်းရှူးသားလေးတွေ အလယ်ပုံပြီး ထင်းချောင်းကြီးတွေကို ၎င်းအပေါ်က အုပ်မိုးထားရသည်။

ဖယောင်းတိုင်ထွန်းပြီး မီးညှိရသည်။

မီးက ထင်းရှူးဆီကိုစွဲသည်။ ထင်းရှူးဆီက မီးတောက်ပြီး ထင်းချောင်းတွေကို မီးဟပ်သည်။ သို့သော် ထင်းချောင်းတွေက စိုနေသဖြင့် မီးမစွဲ။ မီးခိုးတွေ တလူလူထွက်လာသည်။



မျက်လုံးအိမ်ထဲဝင်တိုးသဖြင့် မျက်ရည်ဥတွေ ပါးပြင်ပေါ်သို့ တလိမ့်လိမ့်ဆင်းလာသည်။

မီးခိုးတွေကြားထဲမှ မျက်လုံးကို ပွတ်သပ်ပြီးကြည့်သောအခါ ထင်းတုံးကို မစွဲလောင်နိုင်သော ခပ်ညှံ့ညှံ့မီးသေသွား၏။

ထင်းရှူးဆီတွေ ထပ်ထည့်ပြီးနောက် တစ်ခါမီးပြန်မွှေးရပေဦးမည်။

ထိုအခါ တက္ကသိုလ်ကျောင်းသားဘဝ မော်ဘီသစ်တောပျိုးဥယျာဉ်တွင် နေထိုင်စဉ်က အမေ မီးမွှေးတာကို မျက်စိထဲပြန်မြင်ယောင်နေ၏။

အမေက သူသောက်ထားသော ဥက္ကံ့ မည်ဂျိုဝင်း ဆေးပေါ့လိပ်တိုတွေကို ဒီဇယ်ဆီထည့်ထားသော နို့ဆီခွက်ထဲသို့ အမြဲထည့်ထားသည်။

နောက်တစ်နေ့ မီးမွှေးသောအခါ ဒီဇယ်ဝနေသော ဆေးလိပ်တိုကို မီးဖိုအလယ်တွင်ထောင်ပြီး ထင်းချောင်းကြီးတွေကို ဘေးမှာထား၏။ အပေါ်တွင် သစ်ကိုင်းခြောက်တွေကို တင်ထားသည်။

ဒီဇယ်အဝသောက်ထားသော ဆေးပေါ့လိပ်တိုကို မီးတို့လိုက်သောအခါ ဟုန်းခနဲ မီးထတောက်ပြီး သစ်ကိုင်းခြောက်တွေကို မီးစွဲသွားသည်။ ထိုမှတစ်ဆင့် ထင်းချောင်းကြီးများအား မီးကူးသွားသည်။

မီးရှိန်ကောင်းသွားသောအခါ ထမင်းချက်၊ ဟင်းချက်ကိစ္စဆောင်ရွက်သည်။ လွယ်လိုက်သည့်အဖြစ်။ ခက်ခဲသည်ဟု မမြင်။

နေ့စဉ် မီးမွှေးနေတာကိုမြင်ပြီး မီးမွှေးထမင်းချက်ကိစ္စ အတော် လွယ်မည်ဟု ထင်ခဲ့မိ၏။

တကယ်လက်တွေ့ လုပ်ရသည့်အခါ မလွယ်။

တစ်ခါတစ်ရံ အမြင်လွယ်၊ အပြောလွယ်သောကိစ္စများ၊ လက်တွေ့လုပ်ရတာ ခက်ခဲမှန်း ကိုယ်တွေ့ကြုံမှသဘောပေါက်တော့၏။

မလုပ်မဖြစ်ကိစ္စဖြစ်နေသဖြင့် နောက်တစ်ကြိမ် မီးပြန်မွှေး ရပြန်သည်။ သည်တစ်ခါတော့ ထင်းရှူးဆီများများထည့်ပြီး နည်းနည်းခြောက်မည်ထင်သော ထင်းချောင်းတွေ ရွေးထည့်ရသည်။

ထုံးစံအတိုင်း မီးခိုးတွေ အူတက်လာပြီး မျက်ရည်ခိုးတွေ ဝေရပြန်၏။

ငယ်ငယ်တုန်းကသာဆို စိတ်ညစ်ညစ်နှင့် ထိုင်ငိုမိမည် လားမသိ။ ယခုတော့ ကျောင်းအုပ်ကြီး မငိုနိုင်။ စိတ်ပျက်၍လည်း ထိုင်မှိုင်လို့မဖြစ် ကျောင်းချိန်အမီ ချက်ပြုတ်ရဦးမည်။

ဆိုင်မှာ ချိုင့်ဆွဲစားမည်။ ထမင်းလခပေးစားမည်ဟူသော ပြည်မကအတွေးဖြင့် ပြုံးမိသေးသည်။ စိတ်ညစ်ပြုံးဖြစ်မည်ထင်သည်။

ထိုစဉ် အိမ်ရှေ့မှ တံခါးခေါက်သံ ကြားရသည်။

အိမ်တံခါးသွားဖွင့်လိုက်တော့၊ အဖြူ အစိမ်းနှင့် ကျောင်းသူ ကျောင်းသားလေးတွေ။ သူတို့လက်ထဲမှာ ထင်းချောင်းနှစ်ချောင်းစီ ကိုင်ထားကြသည်။ မူလတန်းကျောင်းသားအရွယ်လေးတွေ။

ကျွန်တော့်ကိုတွေ့တော့ ရှိသေလေးစား ကြောက်ရွံ့နေပုံ ရသည်။ ကျွန်တော်က သူတို့လေးတွေကို ပြုံးပြပြီး လာလာဟု ခေါ်လိုက်



သောအခါ မပြောမဆိုနှင့် မီးဖိုထဲတန်းဝင်သွားပြီး လက်ထဲမှာ ကိုင်လာခဲ့ကြသော ထင်းချောင်းတွေ ချပေးသွားကြသည်။

စကားတစ်ခွန်းမျှမပြော။ ကျောင်းသားလေးတစ်ယောက် ကတော့ ချင်းဘာသာဖြင့် တစ်ခွန်းပြောသည်။ ကျွန်တော် နားမလည်။

ကျွန်တော်က ကျေးဇူးတင်ပါတယ်ပြောတော့ သူတို့က ကျွန်တော့်ကို ရယ်ပြကြသည်။

နောက်ထပ် တစ်ယောက်ပြီးတစ်ယောက် ရောက်လာပြီး ထင်းချောင်းနှစ်ချောင်းစီ လာပေးသွားကြသည်။

အလယ်တန်းကျောင်းသားအရွယ် ကျောင်းသား/သူ အချို့က လွယ်အိတ်ထဲက ပစ္စည်းတွေထုတ်ပြီး အခန်းထဲက စားပွဲပေါ် တင်ပေးသွားကြသည်။

ပြောင်းဖူး၊ ရွှေဖရုံသီး၊ ဂေါ်ရခါးသီး၊ ဆလတ်ရွက်၊ မုန်ညင်း၊ ဘူးညွန့်၊ ကြက်ဥ အမျိုးစုံသည်။

ခပ်သွက်သွက်တစ်ယောက်က ဆရာပီးပါးစားဖို့ဟု တိုတို တုတ်တုတ်ပြောပြီး ပြန်ထွက်သွားကြသည်။ သူတို့အချင်းချင်း သဘောတွေကျပြီး ရယ်နေကြ၏။ ပစ္စည်းလာပို့ပေးရတာကို ဝမ်းသာ ပျော်ရွှင်နေပုံလည်းရသည်။

ကျွန်တော်လည်း ဝမ်းသာပျော်ရွှင်ကြည်နူးသွားသည်။ သူတို့ဆရာကြီးအတွက် ထင်းချောင်းတွေ ချက်ပြုတ်စရာ စားစရာတွေ စေတနာဖြင့် ယူလာပေးကြသည်။ တပည့်လေးတွေကိုကြည့်ပြီး သူတို့ကို ချစ်ခင်သွားမိသည်။ သူတို့ကို တစ်ခုခု ပြန်ပေးချင်သည်။

သို့သော်လည်း ဒီလောက်လူအများကြီးအတွက် ဘာမျှ ပြန်ပေးစရာမရှိ။ ရုပ်ဝတ္ထုပစ္စည်းအတွက် ပေးစရာမရှိသော်လည်း၊ ရင်ထဲက မေတ္တာ၊ စေတနာ၊ အကြင်နာတွေကို ပြန်ပေးမည်။ သူတို့ ဘဝတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားမည်ဟု စိတ်ထဲမှာ ပိုင်းဖြတ်လိုက်မိသည်။

ထိုအချိန် ဆရာကျင့်ရောက်လာသည်။

ဆရာ၊ ဆရာမအသစ်ရောက်လာရင် ထင်းနှစ်ချောင်းနဲ့ ချက်ပြုတ်စရာတွေ ယူလာပေးကြတာ ကျောင်းရဲ့အစဉ်အလာပဲ ဆရာကြီး။

သူတို့ယူလာကြရတာ မလွယ်လှဘူး။ ဒီရွာမှာ ထင်း သိပ်ရှားတာ။ ထင်းတစ်ချောင်းရဖို့ တောင်ပေါ်တက်ပြီး ဟိုးအဝေးကြီးမှာ သွားရှာရတာ။ ချက်ပြုတ်စရာဆိုလည်း ဝယ်လို့ရတာမဟုတ်ဘူး။ သူတို့စိုက်ခင်းထဲက ခူးလာခဲ့ကြတာ။

သူတို့က ကျွန်တော့်ကို ဘာမှလဲ မပြောဘူး။ ထင်းချောင်း တွေပေးပြီး ပြန်သွားကြတယ်။ ကျွန်တော်က ကျေးဇူးတင်ပါတယ် ပြောတော့လည်း ရယ်နေကြတယ်။

မူလတန်းအရွယ် ကျောင်းသားလေးတွေက ဗမာစကား မတတ်ဘူးဆရာကြီး။ အလယ်တန်း ကျောင်းသား/သူတွေကလည်း စကားအတိုတွေပဲ ပြောတတ်တယ်။ ရှည်ရှည်သျှားသျှား မပြော တတ်ဘူး။ သူတို့ကတော့ ဗမာစကား နည်းနည်းပါးပါး နားလည်တယ်။

ဆရာကျင့်စကားကြားပြီး သူတို့ကို ကျွန်တော် အတော်



သနားသွားသည်။ ကျွန်တော် ဘာတွေပြန်ပေးရမည်ကို စိတ်ထဲမှာ အလိုလို သိလာသလိုပဲ။

ဆရာကြီး ဘာခိုင်းစရာရှိသေးလဲ။

မရှိပါဘူးလို့ ပြန်ပြောတော့ ဆရာကျင့် ပြန်သွားသည်။

ကျွန်တော်ကလည်း ထုံးစံအတိုင်း မီးပြန်မွှေးရပြန်သည်။ ဒီတစ်ကြိမ်တော့ အောင်မြင်သွားသည်။ ရေနွေးအိုး အလျင်တည်သည်။ ရေနွေးအိုးဆူတော့ ဓာတ်ဘူးထဲထည့်ထားသည်။

ပြီးတော့ ဆန်နို့ဆီဘူး တစ်လုံးချက်သည်။ ဂေါ်ရခါးသီး တစ်ခြမ်းကျော်သည်။ အားလုံးချက်ပြုတ်ပြီးသောအခါ အိမ်က ပါလာသော မြေပဲကြော်၊ ငါးပိချက်ဖြင့် ထမင်းအိုးတစ်ဝက်ကို ပိုင်းပြီး စားလိုက်သည်။

ဟင်းချိုမရှိသဖြင့် ရေနွေးကို ဟင်းချိုလုပ်ပြီး မျောချရသည်။ ရေထည့်နည်း၍လားမသိ။ ထမင်းနည်းနည်းမာသွားသည်။ ရေနွေးနှင့် မျောမချလျှင် လည်ချောင်းထဲ နင်နေမလားမသိ။

မီးမွှေးပြီး ထမင်းမချက်ခဲ့ရသည်မှာ နှစ်နှင့်ချီ၍ ကြာခဲ့ပြီပဲ။ ကျောင်းလုပ်ငန်းတွေကိုပဲ အာရုံစိုက်လုပ်နေခဲ့သဖြင့် ထမင်းကောင်း ကောင်း မချက်တတ်ခဲ့။

ဒီလောက်တော့ရှိမှာပေါ့လေဟု ဖြေတွေးတွေးပြီး စားရ သည်။ ဘဝဆိုတာ ဒီလိုပဲထင်ပါရဲ့ဟုလည်း တွေးမိသေးသည်။ ကျောင်းချိန်နီးနေသဖြင့် ဇိမ်လေးနှင့် တွေးနေ၍မရ ထမင်းစားပြီး အဝတ်အစားလဲ ကျောင်းသွားရဦးမည်။

ရေချိုး၍မရ။ ရေက ဘာလီပုံးတစ်ပုံးပဲရှိသည်။ ဒါတောင် ဆရာကြီးအတွက် အထူးရှာဖွေစီစဉ်ပေးထားပုံရသည်။ တစ်ရွာလုံး ရေတွင်းရေကန်မရှိ။ တစ်နှစ်လုံးရွာသည့်မိုးရေကို တောင်ချိုင့်ထဲတွင် လှောင်ထားပြီး ဝါးခြမ်းလေးတွေဖြင့် အဆင့်ဆင့်သွယ်တန်းယူရသည်။ တစ်စက်စက်ကျနေသောရေကို တစ်နေ့လုံး တစ်ညလုံး ခံသုံးရသည်။

ရာသီဥတုအေးနေသဖြင့် ရေချိုးရန်လည်းမလိုပါ။

စွပ်ကျယ်ပေါ်မှာ ရှပ်အင်္ကျီ၊ အပေါ်က တိုက်ပုံထပ်၊ တိုက်ပုံပေါ်မှာ ဂျာကင်ထပ်ဝတ်ပြီး ကျောင်းတက်ရသည်။ ခြေအိတ်တွေ ခေါင်းစွပ်တွေလည်း စွပ်ထားရသေးသည်။

ထိုစဉ် ကျောင်းတက်သံချောင်းခေါက်သံ ကြားရသည်။

❖ ❖ ❖



# အပိုင်း - ၇

## ဆရာကြီးအသစ်နှင့်မိတ်ဆက်

ကျောင်းရှိရာ တောင်ကုန်းလေးပေါ်သို့ ကျွန်တော်တက်ချင်သည်။ ကျောင်းဆောင်သုံးခုကြားတွင် မြေကွက်လပ်ရှိသည်။

ထိုမြေကွက်လပ်သည် မာကျောပြောင်လက်နေ၏။ ထိုမြေကွက်လပ်ရှေ့တွင် အလံတိုင်ရှိသည်။

အလံလွှင့်ထူထားသော ထိုတိုင်သည် စိတ်ပျက်ဖွယ်ကောင်း၏။ ၁၀ ပေခန့်သာရှိသည့် ထိုအလံတိုင်သည် ဝါးလုံးထက် အနည်းငယ်သာသည်။ ဘယ်ဘက်သို့စောင်းပြီး ယိုင်နဲ့နေသေးသည်။

ကျောင်းတစ်ကျောင်း၏ ခံ့ညားမှုသည် အလံတိုင်ပေါ်မူတည်၏။ အလံတိုင်ကို ပထမဆုံး ပြုပြင်ရမည်ဟု စိတ်ထဲ တေးမှတ်ထားလိုက်သည်။

အလံတိုင်နောက်က ကျောင်းဆောင်သည် ရုံးခန်းဖြစ်ပုံရသည်။ ထိုအထဲမှ ဆရာကျင့် ထွက်လာပြီး ကြိုဆိုသည်။ ကျွန်တော့်ကို ရုံးခန်းထဲသို့ ခေါ်သွားသည်။ ရုံးခန်း၏ ညာဘက်ခြမ်းသည် ဆရာ၊ ဆရာမများ နားနေခန်း ဖြစ်ပုံရသည်။

ဘယ်ဘက်ခြမ်းက ကျောင်းအုပ်ကြီး ရုံးခန်း။

မနေ့က အိမ်လာသော ခင်ဆွင်းမုန်က ကျွန်တော့်ကို ဒီရိုသော့တွေ လာပေးသည်။

တာဝန်ခံကျောင်းအုပ်လုပ်နေသော အလယ်တန်းပြ ဆရာငှက်လ်ခန့်ဟောက်က တီးတိန်မြို့ပေါ်တွင် ရုံးကိစ္စရှိသဖြင့် ပြန်မရောက်သေးကြောင်း သတင်းပို့သည်။

ခင်ဆွင်းမုန်ပေးသော ဗီရိုသော့ဖြင့် နှစ်လုံးတည်းသာရှိသော ဗီရိုကို ဖွင့်ကြည့်သည်။ အမှုထမ်းစာအုပ်နှင့် ကျောင်းခေါ်ကြိမ် စာရင်းစာအုပ်တွေ တွေ့သည်။ ကျောင်းသား မှတ်ပုံတင် စာအုပ်တွေ မေးတော့ ခင်ဆွင်းမုန်က ထုတ်ယူလာပြသည်။

တစ်အုပ်ကိုယူပြီး လှန်ကြည့်တော့ ပြည့်ပြည့်စုံစုံမရှိ၊ လွန်ခဲ့သည့်နှစ်များက ကျောင်းသူ/ကျောင်းသားများ၏ အောင်၊ ရှုံးကို ထည့်သွင်းလက်မှတ်ထိုးထားခြင်း မရှိ။ အတော်ပြန်လုပ်ရဦးမည်ဟု တွေးမိသည်။

ပြည့်ပြည့်စုံစုံရှိတာက လစာစာရင်း။

လစာစာရင်းမပြည့်စုံလျှင်လည်း လခထုတ်၍ ရမည်မဟုတ်။ လစာစာရင်းတော့ နောက်ဆုံးလအထိ ရှိနေသည်။

ထိုစဉ် ဆရာကျင့် ရောက်လာသည်။ အပြင်မှာ ကျောင်းသားတွေ စုဝေးခိုင်းထားပြီး ဆရာကြီးအသစ်နှင့် မိတ်ဆက်ပေးချင်သည်ဟု ဆိုသည်။ ကျွန်တော် ရုံးခန်းထဲကထွက်ပြီး မြေကွက်လပ်ရှိရာသို့ သွားသည်။



ဆရာ၊ ဆရာမများက အလံတိုင်ရှေ့တွင် နေရာယူထားကြသည်။ ကျွန်တော့်အတွက် အလယ်တွင် နေရာချန်ပေးထား၏။

ကျောင်းသား/ကျောင်းသူများက မြေကွက်လပ်တွင် အတန်းလိုက် တန်းစီနေရာယူထားကြသည်။

ကျွန်တော်ရောက်တော့ ဆရာကျင့်က ဆရာမများနှင့် မိတ်ဆက်ပေးသည်။

အလယ်တန်းပြဆရာ ဦးငှက်လ်ခန့်အင်၊ မူလတန်းပြ ဦးပေါင်ခန့်ခုပ်၊ ဦးခိုင်ဒိုးပေါင်၊ ဒေါ်ဝုန်ဒိုက်မန်တို့ ဖြစ်သည်။ ဆရာကျင့်နှင့် တီးတိန်သွားနေသော ဦးငှက်လ်ခန့်ဟောက်ပါ ထည့်ပေါင်းလျှင် ဆရာ ၆ ယောက်ပဲရှိသည်။

ဆရာမတစ်ယောက် သင်တန်းသွားတက်နေသည်။ မကြာမီ ပြန်ရောက်မည်ဟု ဦးငှက်လ်ခန့်အင်က ပြောသည်။

အလယ်တန်းတွင် ကျွန်တော်ပါမှ ဆရာ ၄ ယောက် ပဲရှိသည်။ အတန်းက ၅၊ ၆၊ ၇၊ ၈ စုစုပေါင်း ၄ တန်းရှိသည်။

မူလတန်းတွင် သူငယ်တန်းမှ ၄ တန်းထိ အတန်း ၅ တန်း ရှိသည်။ ခန့်ထားသော ဆရာ၊ ဆရာမက စုစုပေါင်းလေးယောက် ပဲရှိသည်။ တစ်ယောက်သင်တန်းသွားနေ၍ သုံးယောက်ပဲရှိနေသည်။ အတန်းစုံ ဆရာစုံဖြစ်အောင် ဘယ်လိုစာသင်နေကြသည်မသိ။

ဒါလည်း ငါကြိုးစားရဦးမည့်ကိစ္စတစ်ခုဟု ခေါင်းထဲတေးမှတ်ထားလိုက်သည်။ ထိုစဉ် ဆရာငှက်လ်ခန့်အင်က ဆရာကြီးနှင့်ကျောင်းသားတွေကို မိတ်ဆက်ပေးဦးမယ်ဟုဆိုသည်။

ချင်းဘာသာဖြင့် ကလေးတွေကို ပြောနေ၏။ ဘာပြောမှန်းမသိ။ ကလေးတွေက ကျွန်တော့်ကို ဝိုင်းကြည့်ပြီး ရယ်လိုက်ကြသည်။

ထိုအခါ ဆရာအင်က ဆရာကြီးက အသားဖြူဖြူ ငယ်ငယ်ချောချောဆိုတော့ ဇာတ်လိုက်မင်းသားနဲ့ တူတယ် ပြောလိုက်လို့ ရယ်ကြတာပါဟု ရှင်းပြသည်။

ထိုစဉ်က ကျွန်တော့်အသက် ၃၁ နှစ်ပဲ ရှိသေးသည်။ စေလိုရာစေ ရာထူးတိုးလျှောက်သဖြင့် လုပ်သက် ၉ နှစ်တွင် အလယ်တန်းကျောင်းအုပ် ဖြစ်လာခြင်းဖြစ်သည်။ ငယ်တော့ငယ်သည်။ ချောမချောတော့ ကိုယ့်ဘာသာကိုယ်မသိ။ အသားဖြူသည်ဟုတော့ အပြောခံရသည်။

ဘာပဲပြောပြော ကျောင်းအုပ်ကြီးတစ်ယောက်ကို ကြောက်ရွံ့ရိုသေ အသံတိတ်နေတာထက်စာရင်တော့ ရယ်မောပျော်ရွှင်တာက ပိုပြီး ရင်းနှီးမှုကို ရစေသည်။ ကျွန်တော် သဘောကျပါသည်။

ကျောင်းသားတွေကို ကျွန်တော် အသေအချာကြည့်လိုက်တော့ အတော်လေးညစ်ပေနေသည်။ အရောင်မထွက်။ အေးလွန်းသဖြင့် ရေမချိုး၊ ကြေးမတွန်းတာလည်း ဖြစ်နိုင်သည်။ ခေါင်းတွေကို ကြည့်တော့လည်း ဆီမလိမ်း၊ ခေါင်းမဖြီး ဖရိုဖရဲတွေ့ရသည်။

ဒါလည်း ငါပြုပြင်ရဦးမည့်တစ်ချက်ပဲဟု ခေါင်းထဲ တေးမှတ်ထားပြန်သည်။

ထူးထူးခြားခြား သတိထားမိတာက သူတို့အင်္ကျီအဝတ်အစား



တွေ ပြည်မမှာလို တောက်တောက်ပြောင်ပြောင်မရှိ။ ဖြူဖြူစင်စင်မတွေ့ရ။ အတန်းကြီးတွေက ကျောင်းစိမ်းလုံချည် တချို့ဝတ်ထားသည်။ အများစုက ဘောင်းဘီတွေပဲ ဝတ်ကြသည်။

သူတို့လေးတွေကိုကြည့်ပြီး ကျွန်တော်စိတ်မကောင်း။ သားသမီးချင်း စာနာစိတ်နှင့် သူတို့ဘဝလေးတွေကို မြှင့်တင်ပေးရမည်ဟု ကျွန်တော်တွေးနေမိသည်။

ထိုစဉ် ဆရာကြီး စကားပြောပေးပါဦးဟု ဆရာအင်က ပြောလိုက်သဖြင့် အတွေးစ ပြတ်သွားသည်။ ကျောင်းသားတွေကို ကြည့်ပြီး ကျွန်တော်စကားစပြောသည်။

*တပည့်တို့ ... ဆရာကြီးက ဟိုးအဝေးကြီးက လာခဲ့ရတယ်။ ရန်ကုန်တိုင်း၊ မှော်ဘီမြို့က လာခဲ့တာ။ မင်းတို့ကို စာသင်ပေးမယ်။ လူတော်လူကောင်းလေးတွေဖြစ်အောင် လုပ်ပေးမယ်။*

ဆရာကြီး ခဏဟု ဆရာအင်က စကားဖြတ်ပြီး ချင်းလိုဘာသာပြန်ပေးသည်။ ဆရာကြီးက မြန်မာလိုစကားအရှည်ကြီးပြောရင် သူတို့ နားမလည်ဘူး။

ဆရာအင်စကားကြားတော့ ကျွန်တော် ပိုခံစားသွားရပြန်သည်။ သူတို့လေးတွေဟာ ကိုယ်ပြောတာကို နားမလည်ကြပါလား။ ဒါဆို မြန်မာလို ရေးထားတဲ့စာတွေကိုကော သူတို့ဘယ်လို ရေးဖတ်ကျက်မှတ်ကြပါလိမ့်။

ဒါလည်း ငါကြိုးစားရဦးမည့်အချက် တစ်ချက်ပဲ။ ခေါင်းထဲနောက်ထပ်တေးမှတ်ရပြန်သည်။

*တပည့်တို့ လူဆိုတာ ဖြစ်သလိုနေ ဖြစ်သလိုစားရင် ကြာတော့ တိရစ္ဆာန်နဲ့ တူသွားတယ်။ ဒါကြောင့် လူတွေဟာ ပြုပြင်ပြီး နေထိုင်ရတယ်။*

*ကမ္ဘာဦးကလူတွေဟာ သားစိမ်း၊ ငါးစိမ်းစားတဲ့ ဘဝကနေ မီးကင်ပြီးစားတဲ့ အဆင့်ကို တိုးတက်ပြီး တဖြည်းဖြည်း ပြောင်းလဲလာတယ်။ ခုလိုချက်ပြုတ်စားသောက်တဲ့အထိပေါ့။*

*အဝတ်အစားမဝတ်တဲ့ ဘဝကနေ၊ အဝတ်အစား ဝတ်လာတဲ့အထိ တိုးတက်ပြောင်းလဲလာတယ်။ အခုလည်း မင်းတို့လက်ရှိဘဝလေးတွေ ပိုပြီး တိုးတက်ပြောင်းလဲတာ ဆရာကြီး မြင်ချင်တယ်။*

*ဆရာကြီးလည်း ကြိုးစားမယ်။ မင်းတို့ကလည်း ကြိုးစားပါ။*

*စာမတတ်၊ ပညာမတတ်ရင် အသိဉာဏ်နည်းတယ်။ အသိဉာဏ်ရှိမှ လူ့ဘဝ တိုးတက်တယ်။*

*ဘဝဆိုတာ အမြဲတမ်း တိုးတက်ပြောင်းလဲနေရမယ်။*

*ဒီနေ့ထက် နက်ဖြန် ပိုတိုးတက်ရမယ်။*

*တိုးတက်အောင်လည်း အမြဲတမ်းကြိုးစားရမယ်။ တိုးတက်မှုကို ဖြစ်စေနိုင်တာ အသိဉာဏ်ပဲ။*

*အဲဒီအသိဉာဏ်ရှိအောင် စာတွေသင်၊ စာတွေဖတ်ရမယ်။ စာများများဖတ်၊ စာများများတတ်ရင် အသိဉာဏ်တွေ အများကြီး ရှိလာမယ်။*



*ကိုယ့်ဘဝလည်း ဖွံ့ဖြိုးတိုးတက်လာမှာ သေချာတယ်။*

*ဒါ့ကြောင့် တပည့်တို့ ကြိုးစားရမယ်။ သင်ခန်းစာတွေ ကျေကျေညက်ညက် ဖတ်တတ်အောင် လုပ်ရမယ်။ အဲ့ဒီလို လုပ်ရင် တစ်နှစ် တစ်တန်း မှန်မှန်အောင်ဖို့ ဆရာကြီး တာဝန်ယူတယ်။*

*မင်းတို့ကြိုးစားကြပါ။ ဆရာကြီးလည်း ကြိုးစားမယ်။*

ကျွန်တော်ပြောတာတွေကို ဆရာအင်က ချင်းလိုဘာသာပြန် ပြောပြနေရ၏။ ကျွန်တော် စိတ်ထဲ ဘဝင်မကျ။ တစ်နေ့ကျ ဘာသာပြန် မလိုဘဲ သူတို့မြန်မာစကားနားလည်အောင် ငါလုပ်ပေးရဦးမည်ဟု တေးမှတ်ထားပြန်၏။

မိတ်ဆက်ခြင်း အခမ်းအနားနှင့် မိန့်ခွန်းခြွေခြင်း ပြီးဆုံးသွားသောအခါ ကလေးတွေကို အတန်းထဲ ပြန်ဝင်ခိုင်းလိုက်သည်။ ကလေးတွေ ဝုန်းဒိုင်းကြဲပြေးလွှားပြီး အတန်းဆီကို ပြေးသွားကြ၏။ စောစောက တိတ်နေသော သူတို့အသံတွေ ဆူညံပေါက်ကွဲထွက်သွားဟန်တူသည်။

ဒါလည်း ပြုပြင်ရဦးမည့်အချက် တစ်ချက်ပဲဟု သူတို့ကို ငေးကြည့်ရင်း တွေးနေမိတော့၏။

❖ ❖ ❖

## အပိုင်း - ၈

## ရေအိုးရေခွက်မရှိသောကျောင်း

ကျွန်တော်ရုံးခန်းထဲ ပြန်ဝင်သောအခါ ဆရာတွေက ကျွန်တော့်ကို စောင့်နေကြ၏။

'ဆရာကြီးကို ကြိုဆိုပွဲလုပ်မလို့ ကျွန်တော်တို့ စောင့်နေကြတာပါ' ဟု ဆရာငူလ်ခန့်အင်က လာပြောသည်။

ကျွန်တော့်ရုံးခန်းနှင့် ဆရာများနားနေခန်းက ကပ်နေသည်။ အခန်းတစ်ခန်းထဲတွင် ရုံးဗီရိုနှစ်လုံးဖြင့် ခြားထားခြင်းဖြစ်၏။

ကျွန်တော့်အတွက် စားပွဲထိပ်တွင် ခုံတစ်လုံးချထားပေးသည်။ ဆရာတွေက စားပွဲရှည်ကြီးပတ်လည်တွင် နေရာယူထားကြ၏။ အားလုံး စုစုပေါင်း ၅ ယောက်။



အလယ်တန်းကျောင်းတစ်ကျောင်းအတွက် ဒီဆရာ (၅) ယောက်နှင့် ဘယ်လိုလည်ပတ်ရမလဲဟု ကျွန်တော်တွေးပြီး စိတ်မောနေသည်။

ဒါ ဆရာအကုန်ပဲလားဟု မေးတော့၊ ကျောင်းမှာ အခု လက်ရှိကတော့ ဒါအကုန်ပါပဲ။ အလယ်တန်းပြဆရာ ငူလ်ခန့်ဟောက်က ရုံးကိစ္စနဲ့ တီးတိန်ရောက်နေပါတယ်။ အလယ်တန်းပြဆရာကတော့ ကျွန်တော်ရယ် ဆရာတွင်ခေါ်ကျင့်ရယ်၊ ဆရာငူလ်ခန့်ဟောက်ရယ် စုစုပေါင်း (၃) ယောက်၊ ဆရာကြီးနဲ့ပါဆို (၄) ယောက်၊ မူလတန်းက ဆရာပေါင်ခန့်ခုပ်၊ ဆရာခိုင်ဒိုးပေါင်၊ ဆရာမဝုန်ငိုက်မန်၊ ပြီးတော့ သင်တန်းတက်နေတဲ့ ဆရာမဒေါ်ဘော်နီနမ်ခေါ်ကြန်၊ မူ/လယ် အားလုံးပေါင်း ဆရာ ၇ ယောက်ရှိပါတယ်။

ဆရာအင် စကားကြားတော့ ကျွန်တော်စိတ်မောသွားသည်။ မူလတန်းတွင် အတန်း ၅ တန်း ရှိသည်။ ဆရာက (၃) ယောက်။ အတန်းစုံ ဆရာစုံမရှိလျှင် ကလေးတွေ ဆူညံနေမှာပဲဟု ကျွန်တော် တွေးပူနေ၏။

ကျွန်တော့်အတွေးကို ဆရာအင် ရိပ်မိသွားသလားမသိ။

သင်တန်းတက်နေတဲ့ ဆရာမ ဘော်နီကို အလယ်တန်း မြန်မာစာသင်ခိုင်းထားပါတယ်။ မူလတန်းမှာတော့ ဆရာ (၃) ယောက်နဲ့ မလောက်လို့ ရွာကလုပ်အားပေး ဆရာနှစ်ယောက် ငှားထားပေးပါတယ်။ သူတို့ နှစ်ယောက်စလုံး ၁၀ တန်းအောင်ပြီး စာပေးစာယူ တက်နေကြပါတယ်။ မန်ရှင်းငိုက်နဲ့ ခိုင်ခန့်မှုန်ပါ။

ဒီနေ့တော့ သူတို့ မရှိကြဘူး။ တီးတိန်ကို သွားနေကြတယ်။ ဆရာအင်က ဖြေသည်။

ဘာကိစ္စနဲ့ သွားတာလဲ။

စာပေးစာယူသင်တန်းကိစ္စလို့ ပြောတယ်။

ခွင့်တိုင်ကြလား။

ကျွန်တော့်ကို ပြောသွားကြပါတယ်။

သူ့အရပ်နှင့် သူ့ဇာတ် ရှိစေတော့။ ကျွန်တော် ဘာမှ ပြန်မပြောတော့ပေ။

ဆရာအင်က ဆက်ပြောသည်။

ဆရာကြီးရောက်မည်ဆို၍ ဝမ်းသာကြောင်း မျှော်လင့်နေသည်မှာ တစ်လခန့်ကြာပြီဖြစ်ကြောင်း၊ မြန်မာဆရာကြီးဖြစ်လို့ မြန်မာစကားကို ကြားရသင်ရမှာဖြစ်တဲ့အတွက် ကလေးတွေ ကံကောင်းမှာဖြစ်ကြောင်း ပြောဆိုပြီး ကြိုဆိုနှုတ်ခွန်းဆက် စကားပြော၏။

ကျွန်တော်ကလည်း တွေ့ဆုံရတာ ဝမ်းသာကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် ကျောင်းကောင်းအောင် လုပ်ကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ကြောင်း၊ ကိုယ်စွမ်းရှိသမျှ လုပ်ကြဖို့ လိုကြောင်း တိုတိုတုတ်တုတ်ပြော၍ ကြိုဆိုပွဲလေးကို ရုပ်သိမ်းပေးလိုက်သည်။

ဆရာများလည်း ကိုယ့်အတန်းကိုယ် ပြန်သွားကြ၏။

ကျွန်တော် ရုံးခန်းပြန်သည်။ ရုံးအကူ ခင်ဆွင်းမုန်ကို ဗီရိုတွေ ဖွင့်ခိုင်းသည်။



ပထမဗီရိုတွင် အားကစားပစ္စည်းတွေရှိသည်။ ဘောလုံး၊ ဘော်လီဘောနှင့် အခြားပစ္စည်းများ ဖြစ်သည်။

ဒုတိယဗီရိုတွင် လစာစာရင်း၊ (က) စာရင်း၊ (ခ) စာရင်း စာအုပ်များရှိသည်။ ရုံးစာအုပ် အနည်းငယ်တွေ့ရသည်။ အခြားဘာမျှမရှိ၊ ရှင်းသည်၊ ရှုပ်ရှုပ်ထွေးထွေး ဘာစာရင်းမျှမရှိ။

ကျောင်းအချိန်ဇယားတောင်းကြည့်သည်။ အချိန်ဇယားဆွဲထား၏။ ဆရာတိုင်းလိုလို အတန်းတွေပြည့်ကျပ်နေသည်။ မြို့ကျောင်းတွေနှင့်တော့ ကွာလှသည်။

တစ်ပတ်ကို ၂၅ ချိန် သင်ရလျှင် ဆရာတွေဆီက အသံထွက်ချင်လာသည်။ တချို့ဆရာတွေဆို တစ်ပတ် ၁၂ ချိန်မျှသာ ရှိသည်။ ကျွန်တော်က အချိန်ဇယားဆွဲခဲ့ရသူမို့ ကောင်းကောင်း သိနေသည်။

ယခုအလယ်တန်းတွင် ၄ တန်းရှိ၏။ ဆရာက (၃) ယောက်ပဲရှိသည်။ ကျွန်တော်ပါလျှင် (၄) ယောက်။ အချိန်ပြည့် အတန်းပြည့်ဝင်ရမည်။ လေ့ကျင့်ခန်း စစ်ဆေးချိန်မရှိ၊ ရုံးလုပ်ငန်း လုပ်ချိန်မရှိ ဖြစ်တော့မည်။

သင်တန်းမှ ပြန်ရောက်မည့် ဆရာမဘော်နီရောက်လျှင်တော့ တစ်ချိန်တွင် ဆရာတစ်ယောက် အနားရမည်။

ကျွန်တော်သည် စားပွဲတွင် ထိုင်တွေးပြီး အချိန်ဇယား ပြန်ဆွဲဖို့ စိတ်ကူးနေသည်။ အခန်းထဲတွင်လည်း ဘာစာရင်းဇယားမျှ ကပ်ထားခြင်းမရှိ။

လုပ်စရာတွေက များလွန်းနေသဖြင့် ဘာကစလုပ်ရမည် မှန်းမသိ။

သို့သော်လည်း တော်ပါသေးသည်။ ကျွန်တော်နေစရာ အိမ်အဆင်သင့်။ ရုံးခန်းထဲတွင် ဆရာကြီး စားပွဲနှင့် ဗီရိုရှိသေးသည်။ ဆရာကြီးထိုင်ရန် လက်တန်းပါသော ကုလားထိုင်တစ်လုံးလည်းရှိ၏။

ညနေကျောင်းဆင်းလျှင် အစည်းအဝေးခေါ်ရမည်။

ဆရာစည်းကမ်း၊ ကျောင်းသားများလိုက်နာရန် စည်းကမ်း များကို ပြောပြရဦးမည်။ ပြီးတော့ လိုက်နာအောင် အားထုတ် ကြိုးပမ်းရဦးမည်။

ကုလားထိုင်တွင် ငုတ်တုတ်ကလေး ကျွန်တော်ထိုင် တွေးနေမိသည်။ ခဏနေတော့ အတန်းများကို လိုက်လံကြည့်ရှု စစ်ဆေးရန် စိတ်ကူးရမိသည်။

ကျောင်းသည် အင်္ဂလိပ်စာလုံး ယူပုံစံ ဖြစ်၏။ အလယ်က ဆရာများအခန်းနှင့် ရုံးခန်း။ ညာဘက်က အလယ်တန်းဆောင်၊ ဘယ်ဘက်က မူလတန်းဆောင်။ ဒါပဲ၊ ရှင်းသည်။

အလယ်တန်းဆောင်ကို သွားကြည့်သည်။ အတန်းထဲတွင် စာသင်ခုံနှင့် ကျောက်သင်ပုန်းကလွဲ၍ ဘာမျှမရှိ။ ရှင်းသည်။

ရန်ကုန်ကျောင်းတွေမှာလို စားပွဲခင်း၊ ပန်းအိုး၊ ရေအိုး၊ တံမြက်စည်း၊ ဘာတစ်ခုမျှ မတွေ့။ ဂုဏ်ပကာသနမဖက်၊ အဖြူထည် သက်သက်ဖြစ်နေသည်။

ကျောင်းတိုင်းလိုလို တွေ့ရသောအရာများ၊ အတန်းတိုင်း



လိုလိုတွင်ရှိနေသောအရာများ မရှိသလောက်ရှားနေ၍ မျက်စိထဲတွင် အထူးအဆန်းလို ဖြစ်နေသည်။

အထူးသဖြင့် အတန်းတိုင်းလိုလိုတွင် ရေအိုး၊ ရေခွက်မရှိ။ ကလေးတွေ ပြေးလွှားဆော့ကစားပြီးလျှင် ရေမဆာ ရေမသောက် ကြဘူးလားဟု ကျွန်တော်တွေးနေသည်။

ကျောင်းခန်းပြီးတော့ ကျောင်းဝင်းအတွင်း ကျွန်တော် လှည့်လည်ကြည့်ရှုသည်။ အလယ်တန်းဆောင်၏ အောက်ဘက် အနိမ့်ပိုင်းတွင် ဘောလုံးကွင်းရှိသည်။

မူလတန်းဆောင်၏ ညာဘက်ခြမ်းတွင် ဘော်လီဘောကွင်း ရှိသည်။ ရွာက ကာလသားတွေ လာကစားကြသည်ဟုဆိုသည်။

နေ့လယ်ကနေ ညနေစောင်းအထိ၊ တစ်နေကုန်ကစား ကြသည်ဟု ပြောကြသည်။ တစ်ခါတစ်ရံ ရွာလူငယ်တွေက ကျောင်းဆောင် ပြတင်းပေါက်ကို မေးထောက်ပြီး ဆရာတွေ စာသင် တာကို လာကြည့်နေတတ်ကြသည်ဟုလည်း ကျွန်တော်ကြားထားပြီး ဖြစ်သည်။

ကျွန်တော် ရင်ဆိုင်ရမှာတွေက မနည်းလှ။ တဖြည်းဖြည်းနှင့် ပြုပြင်သွားရမည်။ ရောမမြို့ကြီးကို တစ်နေ့တည်း တည်ဆောက်၍ တော့မရ။ အချိန်ယူတည်ဆောက်ရလိမ့်မည်။

ကျောင်းသူကျောင်းသားတွေကတော့ ကျွန်တော့်ကို မျက်လုံးအပိုင်းသားနှင့် ကြည့်နေတတ်ကြသည်။ ဘယ်လို ဆရာကြီး လဲဟု သူတို့ စူးစမ်းနေကြပုံပေါ်သည်။

ဆရာတွေကလည်း အသားဖြူဖြူ၊ အရပ်ပုပု၊ ပိန်ပိန်သေးသေး ဆရာကြီးငယ်ငယ်လေးကို ဘယ်လို သဘောထားဆက်ဆံရမလဲ တွေးတောနေကြမည်လားမသိ။

ကျွန်တော်ကတော့ သူတို့ အထင်ကြီးလေးစား အားကိုးအားထားပြုအပ်သော ကျောင်းအုပ်ကြီးတစ်ယောက်ဖြစ်ရန် ကြိုးစားရလိမ့်မည်။

ရုံးခန်းပြန်ရောက်သည်နှင့် ခင်ဆွင်းမုန်ထံက အမိန့်စာအုပ်ကို တောင်းပြီး အမိန့်အမှတ် ၁/၈၃ ကို ရေးပြီး ဆရာတွေကို အစည်းအဝေး ဖိတ်ရသည်။

ညနေအစည်းအဝေးတွင် ပြောဆိုရန် အချက်အလက်များကို ရေးမှတ်ပြီး စိတ်ကအဝေးကိုရောက်သွားသည်။

ဟိုး ... အဝေးကြီးက သမီးလေး မြဝတ်ရည်ဆီကိုပါ။

(၂) နှစ်သမီးလေး မြဝတ်ရည်၊ သူ့အဖေကို သတိရလွမ်းဆွတ်နေတတ်ပြီလား။ ကျောင်းပြန်လာလျှင် ပွေ့ဖက်နမ်းတတ်သော သူ့ဖေဖေကို သတိရတမ်းတနေမှာလား။

ဖေဖေ .. ဖေဖေနှင့် ညအိပ်ရာဝင်ခါနီး အဖေပျောက်ရှာပုံတော်ဖွင့်မှဖြင့် ခက်ရချည်ရဲ့ဟု တွေးမိပြီး ရင်ထဲမှာ နင့်သွားသည်။

မိုးလင်းလျှင်အဖေက အနမ်းနှင့် နှိုးတတ်ပြီး အဖေ့ကို ကြည်ကြည်နူးနူး ပြုံးပြတတ်သော၊ အဖေ့ပခုံးပေါ်တွင် ခေါင်းတင်ပြီး ဖိမ်ခံတတ်သော သမီးလေး၊ အဝေးက ဖေဖေ့ကို ဘယ်သွားနေသလဲဟု မေးနေဦးမှာလား။



၉ နှစ်အရွယ်သားကြီး ထင်အောင်ကျော်ထက်ကလည်း အဖေမရှိလို့ အားငယ်နေမလား။ ညီမလေးကို ထိန်းကျောင်းပြီး ကျောင်းတက်နေရမလား။ သူတို့အနားတွင် အဖေမရှိ၍ အဖေ့၏ ဆုံးမစကားများနှင့် ကင်းဝေးပြီး စိတ်ဓာတ်လုံခြုံမှု လျော့နည်းနေပြီလား။ သူတို့အမေလည်း ကလေးနှစ်ယောက်နှင့် ကျောင်းတက်မှန်နိုင်ရဲ့လား။ အိမ်အလုပ် ကျောင်းအလုပ်နှင့် ဖတ်ဖတ်မောနေရော့မယ်။

တာချီလိတ်ရောက်နေသည့် အမေနှင့် အဖေကလည်း ချင်းတောင်ရောက်နေသည့် သားအတွက် စိုးရိမ်ပူပန်နေမလား။

အတွေးတွေက ယောက်ယက်ခတ်နေသည်။

ရုံးခန်းပြတင်းပေါက်မှ အဝေးကို လှမ်းကြည့်ပြန်တော့ တောင်ကြီးတွေ ပတ်ချာပိုင်းနေတာပဲ တွေ့ရသည်။

ဒီတောင်ကြီးတွေကိုကျော်ပြီး ငါ့မိသားစုဆီကို ဘယ်တော့ပြန်ရပါ့။

အတွေးကောင်းနေတုန်း ခေါင်းလောင်းသံကြားရသည်။

နေ့လယ် ထမင်းစားကျောင်းလွှတ်ချိန်။

နေ့လယ်စာစားရန် ကျွန်တော် အိမ်ပြန်ရဦးမည်။

❖ ❖ ❖

# အပိုင်း - ၉

## တတ်အောင်သင် အောင်အောင်စစ်

အိမ်မှာ စားစရာ ငှက်ပျောသီးနှင့် ဘီစကစ်ရှိသည်။ သူများပို့ထားသည့် ဆိတ်နို့တစ်ခွက်ရှိသည်။ ထမင်းစားလို့တော့မဖြစ်။ မီးမွှေးရမှာကြောက်သဖြင့် ဆန်နို့ဆီဘူးတစ်လုံးချက်ကို နံနက်၊ ည ထက်ဝက်ခွဲထားသည်။

နံနက်က တစ်ဝက်စားပြီးပြီ။ ညစာ အိုးတစ်ဝက်ချန်ထားသည်။ နေ့လယ်အတွက် ထမင်းစားရန်မရှိ။

ဆိတ်နို့တစ်ခွက် ဘီစကစ် ၃ ချပ်၊ ငှက်ပျောသီးတစ်လုံး၊ ရေနွေးကြမ်းခွက်သေးတစ်ခွက် စားသောက်ပြီးလျှင် နေ့လယ်စာပြီးပြီ။

အိပ်ရာပေါ်တစ်မှေးမှေးရမည်။



ကျွန်တော်သည် စိတ်အလေ့အကျင့်လုပ်သည့်အနေဖြင့် ပက်လက်လှန်အိပ်ပြီး သွေးခုန်သံကိုနားထောင်သည်။

ဗိုက်ပေါ်လက်တင်ထားပြီး လက်၏သွေးခုန်သံကို နားစွင့်သည်။ တဒိတ်ဒိတ်ခုန်နေသော သွေးခုန်သံကို နားနှင့် ဆတ်ဆတ်ကြားရသည်။

သွေးခုန်သံနားထောင်ရင်း မျက်တောင်စင်းသွားသည်။ သို့သော် နေ့လယ်တစ်နာရီထိုးခါနီး ၁၀ မိနစ်အလိုတွင် နိုးသည့်စိတ်ကို လေ့ကျင့်ထားသဖြင့် အိပ်ရာနိုးချိန်မှန်သည်။

အိပ်ရာနိုး၍ နာရီကြည့်လိုက်တိုင်း တစ်နာရီထိုးရန် ၁၀ မိနစ် အလိုဖြစ်နေတတ်၏။

နှစ်ခြိုက်စွာ အိပ်ပျော်သည်တော့ မဟုတ်။ စိတ်ငြိမ်သက်စွာ လဲလျောင်းအနားယူနေခြင်းမျှသာ ဖြစ်သည်။ ထိုအချိန်တွင် သောက ဒုက္ခများကို သတိမရ။ စိတ်ငြိမ်းချမ်းနေ၏။

ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာချင်လျှင် ထိုင်ဆုတောင်းနေ၍မရ။ ကိုယ်ကျန်းမာအောင် သင့်တော်ညီညွတ်မျှတသော အစားအသောက် စားရမည်။ ကိုယ်လက်လှုပ်ရှားမှုပြုရမည်။

စိတ်ချမ်းသာရန် ရုပ်ဝတ္ထုပစ္စည်းတွေ ပြည့်စုံအောင် ရှာဖွေနေရုံနှင့်မရ စိတ်အလေ့အကျင့်လုပ်မှရမည်။ စိတ်ကို တည်ငြိမ် အေးဆေး ငြိမ်းချမ်းအောင် လေ့ကျင့်ယူရသည်။ ထိန်းသိမ်းပြုပြင်မှု မရှိသောစိတ်သည် ရိုင်းစိုင်း၏။ မကောင်းမှုနှင့်သာ မွေ့လျော် ပျော်ပိုက်တတ်သည်။

ထိုသဘောကို ကျွန်တော်သိနေနှင့်သည်။ ထို့ကြောင့် စိတ်ကို တည်ငြိမ်စေရန် အလေ့အကျင့်လုပ်နေခြင်းဖြစ်သည်။ စိတ်အလေ့အကျင့်ကို ယခုလိုလောကဓံနှင့် ကြုံမှလုပ်သည်မဟုတ်။

တက္ကသိုလ်ကျောင်းသားဘဝမှာကတည်းက လုပ်ခဲ့သည်။ စာအုပ်တွေအများကြီးဖတ်သောအခါ ဘဝကိုငြိမ်းချမ်းအောင် နေထိုင်နည်းတချို့ သိလာသည်။ သိလာသည်နှင့်အမျှ စိတ်ကို ငြိမ်းချမ်းအောင် လေ့ကျင့်ခဲ့၏။

ယခုတော့ ထိုအကျိုးဆက်ကြောင့် ချင်းတောင်တန်းပေါ်တွင် တစ်ယောက်တည်း အေးအေးဆေးဆေးနေနိုင်ခဲ့သည်။

အတွေးကောင်းကောင်းနှင့် ကျောင်းပေါ်သို့ ပြန်တက်လာသည်။

ရုံးခန်းရောက်တော့ ကျောင်းတက် ခေါင်းလောင်းထိုးသည်။ ရုံးခန်းထဲပြန်ရောက်တော့ ရုံးအကူတာဝန်ယူနေသော ခင်ဆွင်းမုန်ကို ရုံးတွင်းညွှန်ကြားချက်ဖိုင် ရှာယူခိုင်းရသည်။ အထက်က ဘာတွေ ညွှန်ကြားပြီး ဘာတွေခိုင်းထားသနည်း။ ဘာတွေ လုပ်ပြီးပြီနည်း။ ဘာတွေလုပ်ရန် ကျန်သေးသနည်း။

မလုပ်မဖြစ် ချက်ချင်းလုပ်ရမည့်ကိစ္စတွေ လုပ်ပြီးပြီ။ ရေရှည် လုပ်ရန် ညွှန်ကြားထားတာတွေတော့ မလုပ်ရသေး။ ကိစ္စမရှိ။ လုပ်ဖို့ အချိန်ကျန်သေးသည်။

(က) စာရင်း (ခ) စာရင်းစာအုပ်တွေ တောင်းယူကြည့်သည်။

(ခ) စာရင်းဆိုသည်မှာ ကျောင်းသားများ ကျောင်းအပ်



သည်နှင့် ရေးသွင်းရသော မှတ်ပုံတင်စာရင်း။ ကျောင်းတစ်ကျောင်းတွင် ဤစာအုပ်သည် အရေးကြီးဆုံး။ ကျောင်းသားတစ်ဦးချင်းကို နှစ်ကုန်လျှင် ဤစာအုပ်ထဲတွင် အောင်/ရှုံး ရေးသွင်းရသည်။ ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားရမည်။

စာမေးပွဲအောင်စာရင်းနှင့် တိုက်ဆိုင်ပြီး ကျောင်းအုပ်ကြီးက ရေးသွင်းလက်မှတ်ထိုးထားဖို့ အရေးကြီးသည်။ အကြွေးထား၍မရ။ နှစ်ချင်းပြီး ဆောင်ရွက်ရမည့်အလုပ်ဖြစ်သည်။

ကျောင်းသားတစ်ယောက် ကျောင်းပြောင်းလက်မှတ်တောင်းသည့်အခါနှင့် ထောက်ခံစာတောင်းသည့်အခါ ထို(ခ)စာရင်းကို လှန်ကြည့်ရသည်။ (ခ)စာရင်းပါအတိုင်း အတိအကျ လိုက်နာဆောင်ရွက်ရမည်မှာ ကျောင်းအုပ်ကြီး၏ တာဝန်ဖြစ်သည်။

ထိုမျှအရေးကြီးသဖြင့် (ခ)စာရင်းကို လွယ်လွယ်မထားရ။ ကျောင်းအုပ်ကြီးကိုယ်တိုင် ဗီရိုထဲ သော့ခတ်သိမ်းထားရသည်။ မီးဘေးကြုံပါက ထိုစာအုပ်ကို အထူးဦးစားပေးအနေဖြင့် သယ်ယူသွားရမည်။

ကျွန်တော် အရေးထားသော (ခ)စာရင်းစာအုပ်သည် တစ်နှစ်စာ ကြွေးကျန်ရှိသည်ကလွဲ၍ ဆိုးဆိုးဝါးဝါးမတွေ့ရ။ အောင်စာရင်းကိုကြည့်ပြီး ကျွန်တော်ရေးသွင်းလက်မှတ်ထိုးလို့ ရနိုင်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်လုပ်လို့ရတာမှန်သမျှ ကိုယ့်ဘာသာကိုယ်ပဲ အကုန်လုပ်သွားတော့မည်။ ဟိုလူလက်ညှိုးထိုး၊ သည်လူ့လက်ညှိုးထိုး အပြစ်တင်ချင်စိတ်မရှိ။

(က)စာရင်းစာအုပ်တွေကတော့ အတန်းပိုင်ဆရာတွေလက်ထဲမှာ ရှိနေသည်။ လကုန်သည့်အခါ တောင်းယူစစ်ဆေးကြည့်လျှင် ကျောင်းသားဦးရေ အတိအကျသိမည်။

(က)စာရင်းစာအုပ်ဆိုသည်မှာ ကျောင်းသားများ၏ ကျောင်းခေါ်ကြိမ်စာရင်းဖြစ်သည်။

မှတ်တမ်းမှတ်ရာတွေထိုင်ဖတ်ပြီး ကျွန်တော် မျက်စိညောင်းသွားသည်။ စားပွဲမှခွာ၍ ပြတင်းပေါက်ဆီသို့ ဒုတိယအကြိမ်သွားရပ်ပြီး အဝေးကို လှမ်းမျှော်ကြည့်မိ၏။

ကျွန်တော် မြင်လိုက်ရသည်မှာ မှိုင်းညို့ညို့တောင်တန်းတွေချည်းပါလား။ ထိုတောင်တန်းများနောက်တွင် ဘာတွေရှိနေသနည်း။ ထိုတောင်တန်းများကို ကျော်ဖြတ်သွားလျှင် ဘယ်ကိုရောက်နိုင်သနည်း။

ကျွန်တော့်မိသားစုနေထိုင်ရာ မှော်ဘီမြို့လေးသည် ထိုတောင်တန်းကြီး၏ နောက်ဘက်မှာလား။ ဘယ်ဘက်မှာလဲ။ ကျွန်တော်မသိ။

ကျွန်တော်ချစ်ခင်ရသူများကော ဘယ်တွေမှာ **ရောက်ရှိ**နေပါသနည်း။ ကျွန်တော် ဘယ်ရောက်နေသလဲဆို**တာကော**သူတို့သိပါလေစ။

ချစ်ခင်သူများနှင့် အဝေးကြီးဝေးခဲ့ရပြီ။ ယခု**တော့**အဆွေးကြီးဆွေးနေရပြီပေါ့။

ကံကြမ္မာသည် ရက်စက်လွန်းလှပေ၏။ ပြည်မတွင် မိမိ



အတွက် နေရာများစွာရှိပါလျက် ယခုလို တောင်တန်းတွေ ဝန်းရံပြီးအလွယ်တကူပြန်မရသည့်နေရာမျိုး ဘာကြောင့် ရောက်ခဲ့ရပါသနည်း။

ကိုယ့်ဘာသာကိုယ် မကျေမနပ်ဖြစ်နေမိ၏။ မေးကြည့်လိုက်တော့ ဤရွာတွင် မြန်မာဗုဒ္ဓဘာသာဆို၍ ကျွန်တော်တစ်ယောက်တည်း။ စကားပြောဖော်လည်းမရှိ။ အထီးကျန်ဆန်လှ၏။

သို့သော်လည်း ကံကြမ္မာကို ဒေါကန်၍ စိတ်ညစ်နေလို့ဘာအကြောင်းထူးမှာလဲ။ ကိုယ်လိုချင်သော အပြောင်းအရွှေ့မျိုးချက်ချင်းပြန်ရမှာတဲ့လား။

ကံကြမ္မာက သံပုရာသီးပေးမှတော့ သံပုရာရည်ဖျော်သောက်နိုင်ရမှာပေါ့။

ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လေကိုအားပါးတရရှူလိုက်သည်။

စိတ်ညစ်စရာအတွေးတွေထွက်၊ အားတက်စရာအတွေးတွေဝင်။ အလုပ်ကိုပဲ အာရုံထား။ စိတ်ကိုအအားမထားနှင့်။ အလုပ်နှင့်ပျော်မွေ့နိုင်အောင်ကြိုးစား။

ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးဆုံးမနေရသည်။ လွင့်နေသောစိတ်ကို ပြန်ထိန်းချုပ်ပြီး အစည်းအဝေးတွင် ပြောရမည့် စကားတို့ကိုတွေးနေမိ၏။

အတွေးကောင်းနေတုန်းမှာပဲ ကျောင်းလွှတ်သွားသည်။ သည်နေ့တော့ အချိန်ကုန် မြန်နေသလိုပဲ။ နောက်နေ့တွေမှာလည်းသည်လိုပဲ အချိန်ကုန်မြန်ပါစေ။ ကြိတ်ဆုတောင်းနေမိသေးသည်။

ကျောင်းသားတွေ ကျောင်းဆင်းပြီးနောက် ဆရာ၊ ဆရာမတွေ စည်းဝေးခန်းသို့ ရောက်လာကြသည်။

သူတို့ကို နှုတ်ခွန်းဆက်ပြီး ကျွန်တော်အစည်းအဝေး စသည်။

ကျောင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဖြစ်စေချင်တာတွေ တစ်ခုချင်းပြောသည်။ သူတို့ လိုက်မမှတ်၊ မှတ်စရာလည်းမပါ။ ပြောသမျှ ရေးမှတ်ထားဖို့ ကျင့်သားရကြပုံမပေါ်။ ကိစ္စမရှိ။

သည်တစ်ကြိမ်တော့ စည်းရုံးရေးစကားပဲပြောတော့မည်။

ကျွန်တော်တို့ ညီညီညွတ်ညွတ်နှင့် အလုပ်အတူလုပ်ကြမည်။ ၈ တန်းအောင်ချက် ဘဲဥမကွဲတာ ကွဲအောင်ခွဲကြမည်။ ၄ တန်းအောင်ချက်နိမ့်ကျနေတာ မြင့်တက်နေအောင် ကြိုးစားရမည်။ စည်းကမ်းရှိမှ တိုးတက်မည်။ ကျောင်းမှန်မှန်တက်။ သင်ခန်းစာကျေညက်အောင် စာသင်။ နှစ်ကုန်လျှင် စာမေးပွဲကျသူ မရှိစေနှင့်။ ကျောင်းသားတစ်ယောက် စာမေးပွဲကျလျှင် မိဘတွေလည်းနစ်နာ၊ ကလေးလည်း စိတ်ဒဏ်ရာရ။ နိုင်ငံတော်အတွက်လည်း ဆုံးရှုံးနစ်နာ။ ဘယ်သူမှအကျိုးမရှိ။

တတ်အောင်သင်။ အောင်အောင် စစ်ဆေးပေးရမည်။ ယခုနှစ်စမှစ၍ ကျောင်းသားတစ်ဦးချင်းစီကို ဂရုစိုက်ပေးကြရန်မှာကြားပြောဆိုသည်။

သူတို့ကလည်း သူတို့သိချင်တာမေး၊ လိုအပ်တာတွေတင်ပြကြသည်။

အဓိကအချက်က သူတို့မှာ ပြဋ္ဌာန်းစာအုပ်ကလွဲ၍ အခြား



ဖတ်စရာ ဘာမျှမရှိ။ ရေးစရာဗလာစာအုပ်တောင် သူတို့မှာမရှိ။ ဗလာစာအုပ်က ကျောင်းသားစာရင်းနှင့်ပဲ ခွဲတမ်းရသည်။ ဆရာတွေအတွက်မပါ။

သူတို့ဘာသာ ဝယ်ရအောင်လည်း ရွာမှာဝယ်မရ။ ခဲတံ၊ ဘောလ်ပင်ဝယ်ဖို့တောင် အနိုင်နိုင်။ သူတို့လည်း အောင်ချက်ကောင်းအောင် လုပ်ချင်ကြသည်။ ဆရာကြီး၏ ဦးဆောင်မှုသာရှိလျှင် သူတို့လည်း အောင်မြင်အောင် ကြိုးစားမည်ဟု အသံထွက်လာသည်။

ကျွန်တော် အားတက်သွားသည်။ ကျွန်တော့်ကို ဝိုင်းကူကြမည့် ဆရာ၊ ဆရာမတွေပဲ။ တစ်လှေတည်းစီးကြမည့် ခရီးသွားတွေပဲ။ ကျွန်တော်၏ ရဲဘော်ရဲဘက်များ၊ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည်။

သူတို့၏ ခွန်အားကို အပြည့်အဝ အသုံးချ၍ ကျောင်းကလေးလိုင်တွီးကို တိုးတက်အောင် ကြိုးပမ်းပါအံ့။

❖ ❖ ❖

# အပိုင်း - ၁၀

## ထပင်းတစ်အိုး မီးဒိုးလူလူ

နံနက် ၆ နာရီဆို ကျွန်တော် အိပ်ရာကနိုးပြီ။

မျက်နှာသစ်သွားတိုက်ပြီး အိမ်နှင့်မလှမ်းမကမ်းရှိ တောင်ကုန်းလေးပေါ် ကျွန်တော် ပြေးတက်သွားသည်။

ကျန်းမာရေးအတွက် သွေးပူလေ့ကျင့်ခန်းလုပ်သည်။ အကြောလျှော့သည်။ အသက်ဝဝရှူသည်။ ဤလေ့ကျင့်ခန်းသည် ကျွန်တော်ကျောင်းသားဘဝက အမြဲလုပ်ခဲ့ရသည့် လေ့ကျင့်ခန်းများဖြစ်သည်။

အတိတ်ကို ပြန်တွေးကြည့်လိုက်တော့ ကျွန်တော် ခေသူမဟုတ်။ အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝကတည်းက ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ပထမဆုတွေရခဲ့ဖူးသည်။



လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများတွင် မီတာ ၁၀၀၊ ၂၀၀ အပြေးချန်ပီယံဖြစ်ခဲ့သည်။

ပညာရေးတက္ကသိုလ်ရောက်တော့လည်း လေးနှစ်ဆက်တိုက် တာတိုအပြေးချန်ပီယံဖြစ်ခဲ့၏။ နောက်ဆုံးနှစ်တွင် စာတမ်းတင်ရခြင်း၊ Q ဝင်ရန် ကြိုးစားရခြင်းတို့ကြောင့် ပြေးခုန်ပစ်ကို လျှော့လိုက်ရသည်။

မှတ်မိသေးသည်။ ထိုစဉ်က မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ ပြိုင်ပွဲများတွင် ကျွန်တော့်ကိုနိုင်သူမရှိ။ မီတာ ၈၀၀၊ ၁၅၀၀၊ ၅၀၀၀ ပြိုင်ပွဲများတွင် ကိုမြင့်ဆိုသူကို နိုင်သူမရှိ။

ကျွန်တော်တို့နှစ်ယောက် တာတိုတာဝေးအပြေးချန်ပီယံများအဖြစ် ပညာရေးတက္ကသိုလ်တွင် ထင်ရှားခဲ့ဖူးသည်။

ထိုစဉ်က ထုတ်ဝေခဲ့သော လုပ်သားပြည်သူ့နေ့စဉ် သတင်းစာနှင့် Guardian အင်္ဂလိပ်စာ သတင်းစာများတွင် ကျွန်တော်တို့ပုံနှင့် သတင်းတွေ နှစ်စဉ်ပါခဲ့သည်။

ကိုယ်ရွှေထီးဆောင်းခဲ့ရသော ကာလလေးတွေ ပြန်တွေးကြည့်မိသောအခါ ကြည်နူးဖို့ကောင်းသည်။

လူတစ်ယောက်သည် သူ့ဘဝတွင် တစ်ကြိမ်မဟုတ် တစ်ကြိမ် ရွှေထီးဆောင်းခဲ့ဖူးမည်ထင်သည်။ တချို့ဆို အကြိမ်ကြိမ် အခါခါ ဆောင်းရနိုင်သည်။

ကိုယ်ရွှေထီးဆောင်းခဲ့ရသော ကာလလေးကို ပြန်တွေးကြည်နူးရတာကောင်းသည်။ သို့သော် လူတကာလိုက်ပြီး ကိုယ်

ရွှေထီးဆောင်းခဲ့သည့်အကြောင်း ထပ်ခါတလဲလဲ ပြောနေလျှင်တော့ လူပေါ်ကြီး ထင်သွားတတ်သည်။

ထိုသို့မပြောမိအောင် သတိထား ဆင်ခြင်နိုင်ခဲ့မိသလား။ မိမိကိုယ်မိမိ ပြန်ဆန်းစစ်ကြည့်မိသည်။

လှုပ်ရှားတွေးတောနေသဖြင့် ရွေ့လျားသွားလာနေသော မြူနှင်းတွေ တိမ်တွေကို မေ့နေသည်။

မြူနှင်းတွေလား တိမ်တွေလားမသိ၊ သူတို့က ကျွန်တော့်ကို တိုက်ခတ်ဖြတ်သန်းသွားနေကြသည်။

ကျွန်တော်က ပါးစပ်ဟထားပေးလိုက်သည်။ သူတို့က ပါးစပ်ထဲဝင်သွားကြသည်ထင်သည်။ စိတ်ထဲတွင် တိမ်ညွှန့်စား နေရသလိုခံစားရသည်။

ပေပေါင်း ၆၀၀၀ ကျော်မြင့်သည့် တောင်ကုန်းပေါ်တွင် ကျွန်တော် တိမ်ညွှန့်စားနေသောပုံကို ကင်မရာသာရှိလျှင် ဓာတ်ပုံ ရိုက်ယူခဲ့ချင်သေးသည်။။

ထိုစဉ်က ကျောင်းဆရာလခနှင့် ကင်မရာ မဝယ်နိုင်တာ အမှတ်ရသေး၏။

အတွေးကောင်းနေသဖြင့် ထမင်းချက်ရန် မေ့နေသည်။ ထမင်းအချိန်မီပြန်ချက်ရန်အတွက် အိမ်သို့အပြေးပြန်ရသည်။

အိမ်ရောက်တော့ ဓာတ်ဘူးထဲက ရေနွေးအဖြူလက်ကျန်နှင့် ရေကျက်အေးရောကာ တဝသောက်ပစ်လိုက်သည်။

ရေသောက်ပြီးတာနှင့် မီးမွှေးရတော့သည်။ ထုံးစံအတိုင်း



ထင်းစိုတွေကို မီးမစွဲ။ ထင်းရှူးဆီများများထည့်ပြီး မွှေးရသည်။ မီးခိုးတွေက တလူလူ။ မငိုချင်ဘဲ ငိုရသကဲ့သို့ မျက်ရည်တွေ စီးဆင်းလာကြသည်။

အင်္ကျီလက်မောင်းဖြင့် မျက်ရည်သုတ်ပြီး မီးတောက်အောင် ကြိုးစားရသည်။ မီးအရှိန်ရသောအခါ ဆန်နို့ဆီဘူးတစ်လုံးကို ဆေးပြီး မီးဖိုပေါ်တင်ရသည်။

မီးခိုးတလူလူကြားမှ ထမင်းအိုးကိုကြည့်ရင်း အတွေးတွေက တောင်ငူ ထန်းတပင် အထက်တန်းကျောင်းဆီကို ရောက်သွားသည်။

အထက်တန်းပြဆရာအဖြစ် ထိုကျောင်းရောက်စက၊ ဒေါ်လုတင် ခေါက်ဆွဲဆိုင်တွင် ထမင်းလခပေးစားသည်။ မြို့ပိုင် ဦးထိန်ဝင်း၊ ဘဏ်မန်နေဂျာဦးအောင်သန်းတို့နှင့်အတူပေါ့။ ပျော်ဖို့ လည်းကောင်းသည်။ ထမင်းအတူစားကြရင်း အပျိုကြီး ဒေါ်လုတင်ကို ဝိုင်းပြီးစကြနောက်ကြ၏။ ကျွန်တော်တို့ကို စေတနာအပြည့်ဖြင့် အမျိုးမျိုးချက်ပြုတ်ကျွေးရှာသည်။

သို့သော်လည်း ဆိုင်ထမင်းဟင်းကို ကြာရှည်စွာ မစားနိုင်။ ကိုယ့်ဘာသာချက်ပြုတ်စားသည်။

ထိုစဉ်က အထက်တန်းပြဆရာ ဦးစောလွန်ကေးလည်းရှိသည်။ သူနှင့်ကျွန်တော် အတူပေါင်းချက်စားသည်။ သူက အရက်စွဲနေသဖြင့် ထမင်း ကောင်းကောင်းမစား။ အရက်ကိုပဲ လူလစ်တိုင်း သောက်နေ တော့၏။

အရက်၏ကျေးကျွန်ဖြစ်နေသော သူ့ကိုသနားသည်။

ထမင်းကို ကြောင်စာမျှသာစား၏။ တစ်ခါတစ်ရံ သူချက်ကျွေးသော ဟင်းကိုစားရသည်။ ဟင်းချက်ကောင်း၏။

ကျောင်းတွင် သစ်တိုသစ်စ ပေါသဖြင့် မီးမွေးရတာ မခက်။ ထမင်းတစ်အိုး အသာလေးကျက်သည်။

အခုတော့ နှင်းတွေစိုနေသော ထင်းချောင်းကို မီးစွဲအောင် ကြိုးပမ်းရသည်မှာ လွမ်းစရာကောင်းလှ၏။

သို့သော်လည်း မီးမစွဲ၍ စိတ်ပျက်ပြီး ထမင်းမချက်ဘဲ နေ၍မရ။ ထမင်းမစားဘဲနေ၍ မရသဖြင့် မဖြစ်ဖြစ်အောင် အားထုတ်ကြိုးပမ်းရပါမည်။

တစ်ခါတစ်ရံ ဘဝတွင် မီးမွေးရခက်သော ပြဿနာလိုမျိုး အခက်အခဲများနှင့် မလွဲမသွေ ကြုံရမည်။ ထိုအခါ မလွဲမသွေ ရင်ဆိုင်ကျော်ဖြတ်ပြီး အောင်မြင်အောင် ကြိုးစားရမည် ဖြစ်ပါသည်။

စိတ်ပျက်အားငယ်နေ၍ အလုပ်မဖြစ်။ ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး မရရအောင် မီးမွှေးပြီး ထမင်းအိုးတည်ရသည်။ ထမင်းအိုး ပွက်ပွက်ဆူပြီး ဆန်လုံးပျော့သွားမှ ထမင်းရည်ငှဲ့ရသည်။ ထမင်းရည် ငှဲ့ပြီး ထမင်းအိုးကို မီးအေးအေးနှင့် နှပ်ရသည်။

ထမင်းချက်တာတောင် နည်းစနစ်ရှိသည်။ ထမင်းအိုးထဲကို ယောက်မနှင့် ထိုးကော်ကြည့်ပြီး ဆန်လုံးပျော့သွားမှ ထမင်းရည် ငှဲ့ရသည်။ အရမ်းပျော့ပြဲသွားလျှင်လည်း ဆန်ပြုတ်ဖြစ်သွားလိမ့်မည်။ ထမင်းရည်ငှဲ့၍မရ။ ထိုအခါ ရေအနည်းငယ်ထည့်ပြီး ထမင်းရည် ငှဲ့ရသည်။



ထမင်းနှပ်တော့လည်း မီးမလျှော့ဘဲ မီးပြင်းပြင်းနှင့် နှပ်လိုက်လျှင် ထမင်းတူးသွားနိုင်သည်။

ဘဝဆိုတာ ထမင်းချက်သလိုပါပဲလား။

ငယ်စဉ်ဘဝမှာ ထင်းစိုကြီးနှင့် မီးမွေးရသကဲ့သို့ အခက်အခဲပြဿနာတွေနှင့် ကြုံသည့်အခါ အောင်မြင်စွာ ဖြတ်သန်းနိုင်အောင် ကြိုးစားရသည်။ ထမင်းအိုးတည်သကဲ့သို့ ဘဝကို တည်ဆောက်သည့်အခါ မမာလွန်း မပျော့လွန်းအောင် ဂရုစိုက်ရသည်။ ဘာမဆို အစွန်းမရောက်အောင် သတိထားရသည်။ အောင်မြင်ခါနီးမှ မီးပြင်းပြင်းထိုးသကဲ့သို့ ဘာမဆို ဖွတ်အတင်း အဓမ္မလုပ်ကိုင်လိုက်လျှင် အောင်မြင်မှုတွေ ဆန်ပြုတ်ဖြစ်သွားနိုင်သည်။

ထမင်းချက်ရင်း အတွေးကောင်းနေသဖြင့် ဂေါ်ရခါးသီးခူးဖို့မေ့နေသည်။

စောစောကငှဲ့ထားသော ထမင်းရည်ခွက်ထဲသို့ သကြားဖွန်းကြီးတစ်ဖွန်းနှင့် ဆားနည်းနည်းထည့်ထားခဲ့ပြီး၊ အိမ်အောက်သို့ဆင်းကာ ဂေါ်ရခါးသီးခူးရသည်။

တစ်လုံးလုံးချက်လျှင် မကုန်သဖြင့် ပါလာသောဓားနှင့် အလယ်တစ်ဝက်လှီးယူခဲ့သည်။ အလွယ်တကူခူးနိုင်ရန် ဂေါ်ရခါးပင် စိုက်ပေးခဲ့သူအား စိတ်ထဲတွင် အထူးကျေးဇူးတင်မိသည်။

အိမ်ပေါ်ရောက်တော့ ထမင်းရည်ခွက်ကို မော့သောက်လိုက်ပြီး ဂေါ်ရခါးသီးလှီးရသည်။ အစိတ်သေးသေးလေးတွေ

လိုးပြီးသောအခါ ရေဆေးပြီး ဒယ်အိုးထဲထည့်သည်။ ဆီ၊ ဆား၊ နည်းနည်းစီထည့်ကာ မီးဖိုပေါ်တင်လိုက်၏။ ပြီးတော့ ရေနည်းနည်းထည့်ပြီး အုပ်ထားလိုက်၏။ နူးလောက်ပြီထင်တော့ ချလိုက်သည်။

ဆီသတ်ပြီးချက်လျှင် ကောင်းသည်ဟု ကြားဖူးသည်။ သို့သော်လည်း စားလို့ကောင်းအောင်ချက်တာမဟုတ်။ စားလို့ရအောင် ချက်တာဖြစ်သည်။

ဒေသခံတိုင်းရင်းသားတွေဆို ကျွန်တော့်လိုတောင် မကြော်မချက်။ သူတို့က ဆီမသုံး၊ ဟင်းခတ်အမွှေးအကြိုင်မသုံး။ ဂေါ်ရခါးသီးကို ပြောင်းဖူးနှင့် ရောပြုတ်လိုက်ပြီး စားတော့မှ ဆားတို့စားကြသည်။ စရိတ်ငြိမ်းလှ၏။ ဆီတွေ မသုံးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည်။

တချို့ဆို မွေးသည်မှသေသည်အထိ ပြောင်းဖူးပြုတ်ကိုပဲ နေ့တိုင်းစားကြသည်။ ထွေလီကာလီချက်ပြုတ်စားကြလေ့မရှိ။ ရံဖန်ရံခါ ဟင်းသီးဟင်းရွက် ထည့်ပြုတ်စားသည်မှလွဲ၍ အပြောင်းအလဲမရှိ။

ကျွန်တော့်ရွာတွင်ဈေးမရှိ။ ပိုက်ဆံတတ်နိုင်၍ ကြက်သားစားချင်လျှင် ကြက်မွေးထားသူထံတောင်းဝယ်၍ ကိုယ့်ဘာသာကိုယ် ရိုက်သတ်၊ အမွေးနုတ်၊ ချက်ပြုတ်စားရသည်။ ဝက်သားစားချင်လျှင် ကိုယ်လိုစားချင်သူတွေ စုပေါင်းပြီး ဝက်တစ်ကောင်ဝယ်သတ်ဖြတ်၊ မီးမြှိုက်ခွဲဝေယူရသည်။ နွားနောက်သားစားချင်လျှင်တော့ ပွဲလုပ်သည်အထိ စောင့်ရမည်။ ပွဲဆိုသည်မှာ အလှူလိုမျိုးဖြစ်၏။



ကြက်၊ ဝက်၊ နွား မစားလျှင် ငါး၊ ပုစွန် စားပါလားဟု အကြံမပေးပါနှင့်။ ပေ ၆၀၀၀ ကျော်မြင့်သော တောင်ပေါ်တွင် ပုစွန်မရှိပါ။ ငါးအနည်းငယ်ရှိပါသည်။ ဈေးကြီးပါ၏။

ထို့ကြောင့် ကျွန်တော် အသားမစား သက်သတ်လွတ်သာစားတော့သည်။ ရွေးချယ်စရာမရှိသဖြင့် သက်သတ်လွတ်စားရန် ကျွန်တော်ရွေးချယ်ရခြင်း ဖြစ်ပါ၏။

အတွေးကောင်းနေသဖြင့် ကျောင်းနောက်ကျတော့မည်။

ဆန်နို့ဆီတစ်လုံး ထည့်ချက်ထားသော ထမင်းအိုးကို အလယ်က ထက်ဝက်ခြမ်းပြီး ပန်းကန်ပြားထဲထည့်သည်။ စောစောက ဂေါ်ရခါးသီးချက်ကို ဒယ်အိုးထဲက ပန်းကန်လုံး ထဲပြောင်းထည့်ပြီး နံနက်စာစားသည်။ ပြည်မက ပါလာသော မြေပဲကြော်၊ လက်ဖက်ချဉ်စပ်ကို အရန်ဟင်းအဖြစ် ပုလင်းလိုက် စားပွဲပေါ်တင်စားသည်။

၁၀ မိနစ်တောင်မကြာဘဲ တစ်ဝမ်းတစ်ခါး ပြီးသွား၏။

စားပြီးပန်းကန်တွေကို ဆန်ဆေးရေဇလုံထဲသို့ ထည့်လိုက်ပြီး အင်္ကျီအဝတ်အစားလဲသည်။

အောက်ကတီရှပ်၊ အပေါ်က ဆွယ်တာလက်ရှည်။ သူ့အပေါ်က လည်ကတုံးအင်္ကျီအဖြူ။ အပေါ်က ပင်နီတိုက်ပုံ ပြီးတော့မှ ကုတ်အင်္ကျီထပ်ဝတ်လိုက်သည်။ အောက်ပိုင်းက ကျောင်းစိမ်းလုံချည်။

ဒါဆို ခေါင်းဖြီးပြီး ကျောင်းတက်ရန် အဆင်သင့်။

❖ ❖ ❖

# အပိုင်း - ၁၁

## ငယ်ဆရာ့ကျေးဇူး

ကျွန်တော်ကျောင်းပေါ်တက်တော့ ကျောင်းရှေ့ မြေကွက်လပ်တွင် ကလေးတွေ ကစားနေကြတာ တွေ့ရသည်။

ကျောင်းပေါ်တက်တော့ ပြောလိုက်သဖြင့် နှစ်ထပ်ကျောင်းဆောင်ဟု မျက်စိထဲတွင် မမြင်စေချင်ပါ။ ကျွန်တော့်အိမ်က ကျောင်းတည်ထားသော တောင်ကုန်းအောက်တွင်ရှိသဖြင့် ကျောင်းပေါ်တက်ရသည်ဟု ပြောလိုက်မိခြင်းဖြစ်ပါသည်။

ကျွန်တော့်မျက်စိထဲတွင် မြင်နေရသော ကလေးများအနက် ကလေးငယ်တစ်ယောက်ကို ထူးထူးခြားခြား သတိပြုမိသည်။



အင်မတန်ချမ်းအေးနေသောအချိန်တွင် ပါးဖောင်းဖောင်းနှင့် ဝတုတ်တုတ် ကောင်လေးတစ်ယောက် စွပ်ကျယ်ချိုင်းပြတ်၊ ဘောင်းဘီတိုနုံ့နုံ့နှင့် ပြေးဆော့နေတာ တွေ့ရသည်။

ဘယ်လိုသတ္တိမျိုးနှင့် အအေးဒဏ်ကို ခံနိုင်ပါသနည်း။

သိချင်စိတ်ဖြင့် ကောင်လေးကို ခေါ်မေးသည်။

မင်းမချမ်းဘူးလား။

ပြန်မဖြေ။ ဘာမေးနေမှန်းမသိသဖြင့် ကြောင်တောင်တောင်နှင့် ကြည့်နေသည်။ ဆရာကြီးခေါ်သဖြင့် ကြောက်လန့်နေသလားမသိ။

ကျွန်တော်က ပြုံးပြတော့ သူ့နှုတ်ခမ်းက ပြုံးယောင်သမ်းလာသည်။

မင်းအနွေးထည် ဘာလို့မဝတ်တာလဲ။

ပြန်မဖြေ။ ငေးကြောင်ကြောင် ကြည့်နေသည်။ ကျွန်တော်ပြောတာ သူ နားလည်ပုံမရ။

ထိုအခါမှ ကျွန်တော် အမှတ်ရသွားသည်၊ အလယ်တန်းဆင့်ကလေးတွေပဲ မြန်မာစကားပြောဆိုတတ်ကြသည်။ ဒါတောင်စကားရှည်ရှည်ပြောလျှင် နားမလည်ကြသေး။

သည်ကျောင်းလာတက်သည့်ကလေးက မြန်မာစကားကို ကျွန်တော်ရောက်မှ ကြားဖူးပုံရသည်။

ကျွန်တော့်အလျင် ကျောင်းအုပ်ကြီးက ချင်းအမျိုးသားဖြစ်သဖြင့် တစ်ကျောင်းလုံး မြန်မာစကားပြောကြမည်မထင်။

မြန်မာစာသင်မှသာ မြန်မာစကားပြောကြမည်ထင်၏။ ကျွန်တော်တို့ အောက်ပြည်အောက်ရပ်တွင် အင်္ဂလိပ်စာသင်သလို နေလိမ့်မည်။

အင်္ဂလိပ်စာကို မြန်မာလိုပြောသင်သကဲ့သို့ သူတို့လည်း မြန်မာစာကို ချင်းလိုပြောသင်သည်မှာ သဘာဝကျ၏။ သို့မှသာ ကလေးတွေ အသေအချာ နားလည်ကြမည် ထင်သည်။

သူ့ကို စကားပြောလို့မရသဖြင့် ရုံးခန်းသို့ ကျွန်တော် သွားသည်။ ရုံးခန်းနှင့်တွဲထားသော ဆရာခန်းထဲတွင် ဆရာအင်ကို အဆင်သင့်တွေ့သည်။

ဆရာအင်ကို အပြင်ခေါ်ထုတ်ပြီး ကလေးကို ပြမည်လုပ်တော့ မရှိတော့။ အတန်းထဲဝင်ဆော့နေပြီထင်သည်။

ဆရာအင်ကို ကလေးပုံသဏ္ဌာန်လေးပြောပြပြီး စွပ်ကျယ်ချိုင်းပြတ်ဖြင့် ဘယ်လိုလုပ်နေနိုင်သလဲ မေးကြည့်မိသည်။ ဆရာအင်က ထိုကလေးကို ကျွန်တော်လိုပဲ သိနေသည်။

သူ့အိမ်က ဆင်းရဲတယ်။ ဝယ်မပေးနိုင်တာလည်းဖြစ်နိုင်တယ်။ အခုတော့ အချမ်းဒဏ်ကို သူခံနိုင်လို့ စွပ်ကျယ်နဲ့ပဲနေတာဖြစ်မယ်။

ကျွန်တော် အတော်ကရုဏာသက်သွားသည်။ အနွေးထည်လေးတစ်ထည်တောင် ဝယ်မပေးနိုင်တဲ့ ဒီလိုကလေးမျိုးတွေကို အကြင်နာတွေ မေတ္တာတွေ လွှမ်းခြုံပေးရမယ်။ သူတို့ပညာတတ်မှ ဆင်းရဲခြင်းက လွတ်မြောက်နိုင်ကြမယ်ဟု ကျွန်တော်တွေးပြီး သူတို့အတွက် လုပ်ပေးချင်သည့်စိတ်စေတနာတွေ တဖွားဖွားဖြစ်ပေါ်လာရသည်။



ထိုသို့တွေးနေစဉ်မှာ ကျောင်းတက်ခေါင်းလောင်းထိုးသည်။

ကျောင်းရှေ့မြေကွက်လပ်တွင် ကျောင်းသားတွေကို စုခိုင်းထားသဖြင့် ရောက်နေနှင့်ကြသည်။

ကျွန်တော်နှင့်အတူ ဆရာအားလုံး ကလေးတွေရှေ့တွင် တန်းစီရပ်ကြသည်။ လူစုံသောအခါ အလံတိုင်ဘက်သို့ မျက်နှာမူကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံအလံတော်ကို အလေးပြုကြရန် ဆရာအင်က အမိန့်ပေးသည်။ အလံတော် အလေးပြုပြီးသောအခါ နိုင်ငံတော်သီချင်းကိုဆိုသည်။

ဒါ .. ကျောင်းတစ်ကျောင်းမှာ လုပ်ကိုလုပ်ရမည့် တာဝန်**တစ်ခု**ပဲ မဟုတ်လား။

ထိုသို့ပြုမူခြင်းသည် ကျောင်းကိုကျောင်းနှင့်တူစေပြီး ကျက်သရေရှိစေ၏။

ထိုကိစ္စများပြီးသောအခါ ကျောင်းသူကျောင်းသားများကို ကျွန်တော်က ဆုံးမသြဝါဒပေးရမည်။

ကျွန်တော်ပြောတာ နားမလည်သဖြင့် ဆရာအင်က ဘာသာပြန်ပေးရသည်။

သည်နေ့တော့ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စကို ကျွန်တော်ပြောသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိလျှင် ဝမ်းလျှောဝမ်းကိုက်ဖြစ်တတ်ကြောင်း၊ လက်သည်းထဲမှာရှိသော ကြေးများမှ တစ်ဆင့် အစာအိမ်ထဲသို့ ရောဂါပိုးများဝင်ရောက်နိုင်ကြောင်း။ အစာမစားမီ

လက်ကို အသေအချာဆေးသင့်ကြောင်း၊ ခေါင်းကို သပ်ရပ်စွာဖြီး၍ အနည်းဆုံးတစ်လတစ်ကြိမ်တော့ ခေါင်းလျှော်သင့်ကြောင်း။ ခေါင်းထဲမှာ ရှိနိုင်သော သန်းများကြောင့် တစ်ခေါင်းလုံးဟာ ယားယံပြီး အမြဲ ခေါင်းကုတ်နေရတတ်ကြောင်း ပြောဆိုသည်။

ပြောဆိုပြီး ကလေးတွေကို လိုက်လံစစ်ဆေးကြည့်တော့ လက်သည်းမှာ ကြေးတွေအပြည့်နှင့် လက်သည်းရှည်ရှည်ကလေး များကို တွေ့ရသည်။

တချို့က ခေါင်းဖွာလန်ကြဲပြီး နီကြောင်ကြောင်ဖြစ်နေသော ကောင်မလေးတွေကို တွေ့ရသည်။

အဆိုးဆုံးက အေးလွန်းသဖြင့် ရေမချိုးနိုင်၊ အဝတ်မလျှော် နိုင်သောကြောင့် ကြေးအလိမ်းလိမ်းကပ်နေသည်။ မည်းညစ်နေသည့် အဝတ်တွေဝတ်ထားကြသော၊ လည်ပင်းနှင့် ခြေလက်မျက်နှာတို့တွင် ကြေးအထပ်ထပ်ကပ်နေသော ကလေးငယ်လေးတွေ မြင်ရတော့ ကျွန်တော် စိတ်မကောင်း။

သူ့အရပ်နှင့်သူ့ဇာတ် အဆင်ပြေသလို နေပါစေဟူသော စိတ်မျိုး ကျွန်တော် မထားနိုင်။

သူတို့ကိုယ်ပေါ်မှ ကြေးတွေကို ကျွန်တော်ခွာချပေးချင်သည်။ ခြေသည်းလက်သည်းမရှိ၊ ဆံပင်ကျကျနန ဖြီးထားပြီး အင်္ကျီဖြူဖြူ လုံချည်စိမ်းစိမ်း ဝတ်ဆင်ထားကြသော ကျောင်းသား/ သူများတွေအဖြစ် ကျွန်တော်မြင်ချင်သည်။

တကယ်တော့ အရမ်းအေးလွန်းသဖြင့် ရေတောင် မထိချင်။



ကျွန်တော်ကိုယ်တိုင် တစ်ပတ်တစ်ခါပဲ ရေချိုး အဝတ်လျှော်နိုင်သည်။

ကလေးတွေလို ကြမ်းကြမ်းတမ်းတမ်း ပြေးလွှားကစားတာ မျိုး မလုပ်သဖြင့် အင်္ကျီမည်းညစ်သွားတာမျိုးမရှိ။ အေးလွန်းသဖြင့် ချွေးမထွက်သောကြောင့်လည်း ကုပ်တွင် ကြေးမတင်။

နေသာသောနေ့ရက်များတွင် နေ့ခင်းချိန် နေပူ၏။ သို့သော် လည်း လေအေးတွေ တိုက်နေသဖြင့် ပူလို့ပူမှန်းမသိ။

ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းပိတ်သည့် စနေ၊ တနင်္ဂနွေတွင် တစ်ကြိမ်တော့ ခန္ဓာကိုယ်ကို ရေနှင့်ထိတွေ့ပေးရသည်။ သူတို့ လေးတွေကိုလည်း တစ်ပတ်တစ်ကြိမ် ရေချိုးချင်စိတ်ဖြစ်လာအောင် တော့ လုပ်ပေးရဦးမည်။

ကျောင်းစုဝေးပွဲ Assembly ပြီးသွားသည့်တိုင်အောင် ကျွန်တော့်ခေါင်းထဲတွင် ထိုကိစ္စ စွဲထင်နေ၏။

ရုံးခန်းထဲသို့ ပြန်ရောက်သည့်တိုင် ထိုအကြောင်းကိုပဲ ကျွန်တော်တွေးနေသည်။ ဘယ်လိုလုပ်ရမလဲ။ ကျွန်တော် စဉ်းစား တွေးတောနေမိသည်။

ထိုအခါ ကျွန်တော့်ဇာတိဥက္ကံမြို့တွင် ၉ တန်းကျောင်းသား ဘဝက အတွေ့အကြုံများကို ပြန်သတိရမိသည်။

ထိုစဉ်က ကျောင်းအုပ်ကြီးမှာ ဆရာကြီး ဦးသိန်းဖေဖြစ်သည်။ ဆရာကြီးသည် အလွန်စည်းကမ်းကြီး၏။ ကျောင်းအပေါ်တွင် စိတ်ဝင်စားသည်။ စိတ်စေတနာထားသည်။ တပည့်တွေကိုလည်း သူ တာဝန်ယူသော အင်္ဂလိပ်စာကို မတတ်တတ်အောင် သင်ပေးသည်။

မှတ်မိသေးသည်၊ ဆရာကြီးက ကျွန်တော်တို့ကို အင်္ဂလိပ်စာ သင်သင်ချင်း၊ ကျောင်းသုံးစာအုပ်ကို မကိုင်ခိုင်းသေး။ ဂရမ်မာကို စသင်သည်။ နေ့တိုင်း ညနေ ၃ နာရီမှ ၅ နာရီအထိ အပိုချိန် ခေါ်သည်။

နေ့တိုင်း အိမ်စာပေးသည်။ သူကိုယ်တိုင် အပင်ပန်းခံပြီး အိမ်စာတွေကို မြန်မာလိုရိုက်ထားသည်။ ကျွန်တော်တို့က အင်္ဂလိပ်လို ဘာသာပြန်ရသည်။

ညတိုင်း အင်္ဂလိပ်စာ လေ့ကျင့်ခန်းလုပ်ရသည်။ တစ်ခါတလေ ည ၁၂ နာရီကျော်သည်အထိ လုပ်ရသည်။ အထူးသဖြင့် ကျောင်းပိတ်ရက်ဆို လေ့ကျင့်ခန်းက နှစ်ဆသုံးဆလုပ်ရသည်။

နောက်တစ်နေ့တွင် ကျောင်းမတက်မီ လေ့ကျင့်ခန်းတင်ရ၏။ လေ့ကျင့်ခန်း မလုပ်သူကို ဆရာကြီးက ရုံးခန်းထဲခေါ်တွေ့သည်။ ရုံးခန်းထဲတွင် ကြိမ်လုံးလေးလုံးထားသည်။

အရိုက်ခံဖို့အတွက် ကြိမ်လုံးကို ကိုယ်တိုင်ရွေးပေးရသည်။ လေ့ကျင့်ခန်းမတင်၍ တစ်ခါနှစ်ခါလောက် အရိုက်ခံရဖူးလျှင် နောင်မတင်ဘဲ မနေရဲအောင်ကြောက်သည်။

ဂရမ်မာတစ်အုပ်လုံး နေ့ရောညနေပါ သင်ပြီးမှ ကျောင်းသုံးစာအုပ်စကိုင်သည်။ ထိုအခါ ကျောင်းသုံးစာအုပ်ဖတ်ရတာ လွယ်သလိုထင်ရသည်။ ထိုစဉ်က ကျောင်းသုံးစာအုပ်မှာ ရုရှားလူမျိုး စာရေးဆရာ လီယိုတော်စတွိုင်း၏ Empty Drum စာအုပ်ဖြစ်သည်။

ကျွန်တော်ကောင်းသန့်ဖြစ်လာသောအခါ တစ်ပုဒ်မကျန်



ဘာသာပြန်ထုတ်ဝေဖြစ်သည်။ ထိုဝတ္ထုတိုများကို ကြိုက်နှစ်သက်ရာမှ လီယိုတော်စတွိုင်း၏ အခြားသော ဝတ္ထုတိုများကိုလည်း ရှာဖွေဖတ်မိခဲ့သည်။

ဖတ်မိတိုင်းလည်း ဘာသာပြန်ချင်စိတ် ဖြစ်သောကြောင့် အင်္ဂလိပ်မြန်မာ နှစ်ဘာသာ ဘာသာပြန်ထုတ်ဝေဖြစ်သည်။

ဆရာကြီး ဦးသိန်းဖေ၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။ ယခုတိုင် ဆရာကြီး၏ ဂုဏ်ကျေးဇူးကို မမေ့။

ဆရာကြီးသည် အင်္ဂလိပ်စာ သင်ကြားရေးတွင် တော်ရုံသာမက၊ ကျောင်းဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင်လည်း ထူးချွန်ပြောင်မြောက်၏။

ဆရာကြီးလုပ်ကိုင်ဆောင်ရွက်ခဲ့သော နည်းလမ်းများကို ကျွန်တော် အမှတ်ရသဖြင့် ထိုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ကြည့်ရန် အတွေးရမိ၏။

❖ ❖ ❖

# အပိုင်း - ၁၂

## အသင်းလေးသင်းနှင့် ကျောင်းအလံတိုင်

ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းတွင် ဆရာကြီးဦးသိန်းဖေသည် ကျောင်းကောင်စီအသင်းလေးသင်းကို သက်ဝင်လှုပ်ရှားအောင် အကောင်အထည်ဖော်၏။

ကျွန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလအသင်း လေးသင်းရှိသည်။

ကျွန်စစ်သားက အဝါရောင်၊ ဘုရင့်နောင်က အစိမ်း၊ အလောင်းဘုရားကအနီ၊ ဗန္ဓုလက အပြာဖြစ်၏။

ကျောင်းမတက်ခင်နှင့် ကျောင်းဆင်းချိန်အတွင်း လှုပ်ရှားမှု မှန်သမျှကို အမှတ်ပေးအရေးယူ၏။



အတန်းလိုက် ခွင့်မဲ့ပျက်ကွက်သော ကျောင်းသားစာရင်းကို ဆရာကြီးထံ တင်ရသည်။ ဆရာကြီး တာဝန်ပေးထားသော ဆရာက ၎င်းကျောင်းသားများကို အသင်းအလိုက် ပြန်ခွဲပြီး ယနေ့ ဗန္ဓုလ အသင်းက ခွင့်မဲ့ပျက်ကွက် ဘယ်နှယောက်၊ ကျွန်စစ်သားအသင်းက ဘယ်နှယောက်ဟူ၍ မှတ်တမ်းတင်ထားပြီး ကျောင်းစည်းကမ်း ခေါင်းစဉ်အောက်မှ အမှတ်တွေ ပြန်နုတ်သည်။

ထို့အတူ လေ့ကျင့်ခန်းလုပ်ရန် ပျက်ကွက်သူ၊ ကျောင်း နောက်ကျသူများကိုလည်း အသင်းအလိုက် အမှတ်လျှော့၏။

ကျောင်းမတက်ခင် တစ်ကျောင်းလုံး သန့်ရှင်းသပ်ရပ်အောင် လုပ်ထားပြီး အမှိုက်ကင်းစင်လျှင် အမှတ် ၅၀။ ရွှံ့ဗွက် ရွှံ့အိုင်ရှိသော လမ်းငယ်လေးများကို အုတ်ခဲဖြင့် ကောင်းမွန်အောင် လမ်းခင်းလျှင် အမှတ် ၅၀။

ကျောင်းတွင် စိုက်ပျိုးထားသော ထင်းရှူးပင်များကို အုတ်ခဲဖြင့် ဝိုင်းပတ်ကာ၊ ထုံးသုတ်ပြီး မြေဖို့ပေါင်းသင်လျှင် တစ်ပင်အတွက် အမှတ် ၅၀ ရသည်။

အမှတ်အရဆုံး ကိစ္စတစ်ခုက အုတ်မြောင်း၊ အိမ်သာများကို ရေလောင်းဆေးကြောလျှင် အမှတ် ၅၀။ ယောကျ်ားလေး မိန်းကလေးအိမ်သာအားလုံးကို ပြောင်စင်အောင် ဆေးကြောနိုင်လျှင် အမှတ် ထိပ်တက်သွား၏။ ကိုယ့်အသင်းနိုင်လိုဇောဖြင့် နှာခေါင်းနှင့် ပါးစပ်ကို ပိတ်ကာ တစ်ပတ်တစ်ခါ အိမ်သာဆေးခဲ့ရသည်ကို ယခု ထက်တိုင် အမှတ်ရနေမိ၏။

အားကစားထူးချွန်မှု၊ အနုပညာအသင်းလှုပ်ရှားမှု၊ ဘာပဲလုပ်လုပ် အသင်းလိုက် အမှတ်ပေးပြီး နေ့စဉ် အလံအတင်အချလုပ်သည်။

အမှတ်အများဆုံးအသင်းက အလံထိပ်ဆုံးမှာရှိသည်။

ဒုတိယ၊ တတိယ၊ စတုတ္ထအမှတ်စဉ်အလိုက် အလံတင်ရသဖြင့် ကိုယ့်အလံ အောက်ပြုတ်မကျအောင် အစွမ်းကုန်ကြိုးစားကြရသည်။

နှစ်ကုန်လျှင် အမှတ်အားလုံးပေါင်းပြီး တံခွန်စိုက် ဒိုင်းဆုပေးသည်။

အနိုင်ရဗိုလ်စွဲသောအသင်းက ကျောင်းကိုပတ်ပြီး အောင်ပွဲခံဆူညံနေတော့၏။

ဆရာကြီးက အသင်းလေးသင်း အမှတ်ဖြင့် ထိန်းထားသောကြောင့် ကျောင်းစည်းကမ်းကအစ ကျောင်းဖွံ့ဖြိုးရေးအဆုံး တစ်ရှိန်ထိုး တိုးတက်လာသည်။

ကျောင်းအောင်ချက်လည်း မြင့်မားလာသည်။

ကျောင်းစည်းကမ်းလည်း ကောင်းလာ၏။

တစ်ကျောင်းလုံး လှုပ်လှုပ်ရှားရှား၊ ပျော်ပျော်ရွှင်ရွှင်၊ တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်။

ထိုစဉ်ကာလ ကျောင်းနေခဲ့ရသော အတိတ်ဘဝလေးကို ပြန်လည်သတိရ လွမ်းဆွတ်နေမိ၏။

ကိုယ်ကိုယ်တိုင် ကျောင်းတစ်ကျောင်းလုံးကို တာဝန်ယူ



အုပ်ချုပ်ရသော ကျောင်းအုပ်ကြီးဖြစ်လာသောအခါ ကျောင်းလေး အသက်ဝင်လှုပ်ရှားအောင် ဆရာကြီး ဦးသိန်းဖေနည်းကို သုံးရမည်ဟု စိတ်ကူးရမိ၏။

ထို့ကြောင့် အသင်းလေးသင်း ဖွဲ့ပေးသည်။ ဆရာတွေကိုလည်း အသင်းလိုက် ခွဲဝေနေရာချသည်။ ကျောင်းသား/သူများကိုလည်း အတန်းလိုက် အသင်းခွဲသည်။

ပြီးတော့ သူတို့ကို အသင်းလိုက် ပြိုင်ပွဲတွေ စတင်လုပ်ပေးသည်။

ကျောင်းရှေ့တွင် ကျောက်သင်ပုန်းတစ်ချပ် ထောင်ထားပြီး အသင်းအမှတ်တွေကို နေ့စဉ်ရေးသွင်းဖော်ပြထားသည်။

အသင်းအလိုက် ရမှတ်ပေါ်မူတည်၍ အလံအတက်အကျလွှင့်ထူပေးသည်။

တိုင်ထိပ်တွင် နိုင်ငံတော်အလံ။ တိုင်၏ ညာဘက်အောက်တွင် တာဝန်ကျ အသင်း၏အလံ၊ ဘယ်ဘက်တွင် ပ၊ ဒု၊ တ၊ စ အတိုင်း အသင်းကိုယ်စားပြုအလံတွေကို လွှင့်ထူပေးထားသည်။

အသင်းလေးသင်းအလံတွေ မလွှင့်ထူမီ ကျောင်းအလံတိုင်ကို ပထမဆုံးပြင်ရသည်။ ကျောင်းသန့်ရှင်းရေးဝန်ထမ်း၊ ရုံးအကူ တာဝန်ယူထားသော ခင်ဆွေဝင်းမှန်ကို တာဝန်ပေးလိုက်သည်။

ခင်ဆွေဝင်းမှန်က ကျောင်းသားကြီးတွေခေါ်ကာ တောင်အောက်ဆင်းသွားသည်။ ပြန်တက်လာတော့ ၄ လက်မပတ်လည်ရှိ တိုင်တစ်တိုင်ပါလာသည်။

၂၁ ပေကျော်ကျော်ရှိသည်။ ၂၁ ပေအတိ ဖြတ်နိုင်းပြီး ထိပ်တွင် ဘုလုံးလုပ်နိုင်းသည်။ အလယ်တွင် လုံးချော။ အောက်ခြေတွင် လေးထောင့်ပတ်သည်။

တိုင်ထိပ်၏အောက် ၃ ပေအကွာတွင် အသင်းလေးသင်း အလံလွှင့်ထူရန် ၆ ပေတန်းတစ်တန်း ရိုက်နိုင်းရသည်။

သူတို့ အလံတိုင်ကို သယ်လာရသည်မှာ မလွယ်။

သစ်ပင်ကိုခုတ်လှဲ။ အခက်အလက်တွေကို သုတ်သင်။ ပေ ၅၀၀၀ကျော်သော တောင်ပေါ်သို့ ထမ်းတင်ကြရသည်။ ကျောင်းရောက်တော့ ကျွန်တော်နိုင်းသည့်အတိုင်း အလံတိုင်ဖြစ်အောင်လုပ်ရသည်။

လက်သမားကိရိယာတန်ဆာပလာ မရှိ။ သူတို့ကိုယ်စီမှာ ရှိကြသော တစ်ပေသာသာ ချင်းဓားဖြင့် အလံတိုင်ဖြစ်အောင် လုပ်ကြရသည်။

သူတို့၏ ချင်းဓားကို ကျင်ကျင်လည်လည် ကိုင်တွယ် အသုံးပြုနိုင်ကြသဖြင့် သေသပ်ချောမွေ့သော အလံတိုင်တစ်တိုင် ဖြစ်လာသည်။

သူတို့၏ လုပ်အားကို အသိအမှတ်ပြုပြီး တစ်ခုခုပေးချင်သည်။ သို့သော် ကျောင်းရန်ပုံငွေ တစ်ပြားမျှမရှိ။

မိဘဆရာအသင်းကြေးက ကျောင်းသားတစ်ဦးမှ တစ်ဆယ် ကျပ်၊ တစ်မိသားစုကို ၂၀ ကျပ်ထက် ပိုမကောက်ရ ဓလေ့ထုံးစံ ဖြစ်နေသည်။ ကျောင်းသားတစ်ရာကျော်ရှိရာ ငွေမည်မည်ရရမရှိ။



သည့်ကြားထဲ ကျောင်းဖွင့်ပြီး ငွေကောက်ခံပြီး သုံးသင့်သည်များကို သုံးစွဲပြီးပြီမို့ မိမိရောက်တော့ လက်ကျန်မရှိ။

သူတို့ကို ကျေးဇူးစကားဖြင့် နှစ်သိမ့်ထားရသည်။

ကျောင်းရန်ပုံငွေ မရှိသဖြင့် အချို့လုပ်ငန်းများကို လုပ်ချင် သော်လည်း လုပ်၍မရ။ ရန်ပုံငွေ ထပ်ကောက်လျှင်လည်း မိဘတွေအဖို့ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး မခံမရပ်နိုင်ဖြစ်လာနိုင်၏။

ငွေမပေးနိုင်၍ လက်ရှိကျောင်းရောက်ပြီးသား ကျောင်းသား လေးတွေ ကျောင်းပြန်ထွက်သွားကြလျှင် အခြေအနေ ပိုဆိုးသွားမှာ လည်းစိုး၏။

ထို့ကြောင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရန်ပုံငွေရှာကြံရန် စိတ်ကူးရတော့သည်။

ကျောင်းပိုင်ဧရိယာအတွင်း မြေတွေ အများကြီးရှိသေးသည်။ မြေလည်းရှိ လူလုပ်အားလည်းရှိနေမှတော့ ငွေရှာဖို့ ခက်မည်မထင်။

ဆရာတွေ အစည်းအဝေးခေါ်ပြီး ကျောင်းပိုင်မြေတွင် ဂေါ်ဖီစိုက်မည် ဆုံးဖြတ်သည်။

ဂေါ်ဖီစိုက်ရန်အတွက် မျိုးစေ့ဖိုးလိုမည်။ ကိစ္စမရှိ။ လောလောဆယ် ကျွန်တော်စိုက်မည်။

မြေဩဇာကျွေးဖို့လိုမည်။ ကိစ္စမရှိ။ အသင်းလေးသင်းက ကိုယ့်အသင်းအလိုက် စီစဉ်ရမည်။ အသင်းသားတွေက နွားချေး မြေဩဇာရှာပြီး ယူလာရမည်။

နေ့စဉ် ရေလောင်းရမည်။ လိုင်တွီးရွာတွင် ရေရှား၏။ ရေကို

ဘယ်လိုလောင်းကြမည်နည်း။ ဆရာတွေက မေးခွန်းထုတ်ကြသည်။

ကိစ္စမရှိ။ အသင်းလိုက် တာဝန်ယူပြီး ရေလောင်းရမည်။ ကိုယ့်အသင်းစိုက်ခင်းက အောင်မြင်ပြီးငွေပိုရလျှင် အမှတ် ၅၀ ပိုပေးမည်။

ဆရာတွေက ဆရာကြီးခိုင်း၍သာ လုပ်ရသည်။ ကျောင်းသားတွေအပေါ် မယုံကြည်။ သူတို့ လုပ်နိုင်ကြမည်မထင်။ ဂေါ်ဖီစိုက်ခင်း လုပ်၍ ဖြစ်မည်မဟုတ်ဟု ပြောကြသေးသည်။

ကျွန်တော်က ရန်ပုံငွေရှိမှ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်နိုင်မည်။ ကျောင်းရန်ပုံငွေ ရှာဖွေရာတွင်လည်း ဂေါ်ဖီစိုက်ပျိုးရေးကိုပဲ ရွေးချယ်စရာရှိသည်။

ဂေါ်ဖီထုပ်ကြီးလျှင် ကျပ် ၅၀ မှ ၁၀၀ အတွင်းရနိုင်သည်။ အပင်ပေါင်း ၁၀၀၀ စိုက်လျှင် ငွေ တစ်သိန်းခန့်ရနိုင်သည်။ ဆုပေးပွဲနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေ ကောင်းကောင်းလုပ်နိုင်သည်။

တွက်ရေးက စက်သူဌေး၊ တွက်ကြည့်တော့ စက်မရှိတာမျိုးကြုံရ၏။

မျိုးစေ့တွေကို ကျွန်တော့်ပိုက်ဆံနှင့် စိုက်ဝယ်။ ကျွန်တော့်အိမ်နားတွင် စိုက်ခင်းလုပ်။ ကျောင်းသားတွေက ငှက်ပျောဖက်တွေနှင့် နွားချေးမြေသြဇာတွေ ထုပ်လာပြီးထည့်။ စစ်တပ်သုံး ထမင်းချိုင့်ဟန်းကောတွေနှင့် ရေတွေသယ်လာပြီး လောင်းကြသည်။

အပင်လေးတွေ ဖြစ်လာသည်။ ကျောင်းသားတွေရော ဆရာတွေပါ အားတက်သရောဖြစ်လာကြ၏။ ကျောင်းရောက်ရောက်



ချင်း ကိုယ့်အပင်လေးတွေဆီလာပြီး ရေလောင်းကြ၊ ပေါင်းသင်းကြနှင့် ပျော်နေကြသည်။

ကျွန်တော်ကလည်း အိမ်ပြတင်းပေါက်ကနေ ဂေါ်ဖီစိုက်ခင်းကိုကြည့်ပြီး အိပ်မက်တွေ မက်နေသည်။ ဒီအပင်တွေ ကြီးလာပြီး ဂေါ်ဖီထုပ်ဖြစ်လို့ ရောင်းစားလိုက်ရရင် ရန်ပုံငွေ တစ်သိန်းကြီးများတောင်ရမှာ။

ထိုစဉ်က ငွေတစ်သိန်းမှာ အတော်များ၏။ ကျောင်းအုပ်ကြီးမှ လစာ တစ်လ ၅၂၅ ကျပ်ပဲရသည်။ ငွေတစ်သိန်းရလျှင် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်ဝယ်မည်။ ပင်ပေါင်ခုံရှိပြီး ပစ္စည်းမရှိသဖြင့် ဘက်တံ၊ ပိုက်နှင့် ပင်ပေါင်ဘောလုံးဝယ်မည်။ ရုံးခန်းနှင့် ဆရာခန်းအတွက် တိုင်ကပ်နာရီတစ်လုံးစီဝယ်မည်။

ကိုယ့်စိတ်ကူးလေးနှင့်ကိုယ်ပျော်ပြီး အိပ်မက်တွေမက်နေတုန်းမှာ သတင်းတစ်ခုရောက်လာသည်။ နံနက်စောစော ရောက်လာသဖြင့် နံနက်ခင်းသတင်း။ မင်္ဂလာသတင်းတော့မဟုတ် ဂေါ်ဖီစိုက်ခင်းကို မြင်းတွေဝင်စားကြသတဲ့။

❖ ❖ ❖

# အပိုင်း - ၁၃

## ကျောင်းဂေါ်ဖီစိုက်ခင်းနှင့် မြင်းနွားများ

ဂေါ်ဖီစိုက်ခင်းကို သွားကြည့်လိုက်တော့ စိတ်ပျက်စရာ မြင်းခြေရာတွေက နေရာအနှံ့၊ အပင်တော်တော်များများ ပျက်စီးသွားသည်။

ကျောင်းသားတွေကို တွက်ခိုင်းကြည့်တော့ အပင် ၁၃၅ ပင် တိတိ ရှိသည်။

ဂေါ်ဖီပင်တွေကို ဖျက်ဆီးခဲ့သော တရားခံမြင်းနှစ်ကောင်ကလည်း ဝေးဝေးမသွားသေး။ အပင်နှင့် ခပ်လှမ်းလှမ်းမှာပဲရှိသေးသည်။

မြင်းနှစ်ကောင်ကို ဖမ်းပြီး ရုံးခန်းကို ခေါ်လာခိုင်းလိုက်သည်။ ရုံးခန်းရှေ့က အလံတိုင်မှာ ချည်ထားခိုင်းလိုက်၏။



ရုံးခန်းထဲဝင်ထိုင်ပြီး ဆရာငူလ်ခန့်အင်ကို ခေါ်ခိုင်းလိုက်သည်။

ဆရာအင်ရောက်လာတော့ မြင်းပိုင်ရှင်တွေ အခြေအနေ စုံစမ်းမေးမြန်းရသည်။ ပိုက်ဆံရှိသည်ဟု သိရ၏။

ဂေါ်ဖီပင်တွေ ပျက်စီးသွားတဲ့အတွက် လျော်ကြေးတောင်းရမယ်။ အခု စာထုတ်ပြီး ခင်ဆွင်းမုန်ကို မြင်းပိုင်ရှင်တွေဆီ သွားပို့ခိုင်းပေးပါ။

"ပြီးတော့ ကျေးရွာကောင်စီရုံးရှေ့မှာ ကျောင်းစိုက်ခင်းတွေ ဝင်ဖျက်ဆီးရင် ဒဏ်ကြေးပေးလျော်ရမယ်ဆိုတဲ့ အသိပေးအကြောင်းကြားစာ ကပ်ခိုင်းပါ။

ချင်းဘာသာနဲ့ ရေးပြီးကပ်ပါ။ မြန်မာဘာသာနဲ့ဆို သူတို့ မဖတ်တတ်ရင် ခက်မယ်။

ဆရာအင် သဘောပေါက်သည်။ ချက်ချင်းဆောင်ရွက်သည်။ ရုံးအကူခိုင်းထားသော ခင်ဆွင်းမုန်က မြင်းပိုင်ရှင်တွေကို စာသွားပေးပြီး ခေါ်လာသည်။

မြင်းပိုင်ရှင်တွေ ရောက်လာ၏။ မျက်နှာက မကြည်မလင်။ ဆရာကြီး ဘာပြောမလဲ။ ဘာလုပ်မလဲဟု စိုးရိမ်နေပုံရသည်။

ကျွန်တော် သူတို့ကို ဖော်ရွေစွာ ကြိုဆိုလိုက်တော့ သူတို့ စိတ်သက်သာရသွားပုံရသည်။

ပြီးတော့ ကျွန်တော်လုပ်မည့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေအကြောင်း၊ ကလေးတွေကို စာတတ်အောင် စာတော်အောင် လိမ္မာအောင်လုပ်ပေးမည့်အကြောင်း၊ ထိုသို့လုပ်ရာတွင် ငွေမရှိလျှင်

ဘာမျှလုပ်လို့မရကြောင်း၊ အရေးကြီးဆုံးက ပညာတော်သော ကျောင်းသား၊ ကျောင်းသူများကို ဆုပေးပွဲလုပ်ပေးဖို့လိုကြောင်း သူတို့နားလည်အောင် တဖြည်းဖြည်း ရှင်းပြသည်။

ကျွန်တော့်စကားကို သူတို့ အလေးအနက်ထားပြီး နားထောင်နေမှန်းသိသာသောအခါ ဆက်ပြောရတာ ပိုအားရှိလာသည်။

ဆုပေးပွဲလုပ်ဖို့ ဂေါ်ဖီစိုက်ရခြင်းဖြစ်ကြောင်း၊ ဂေါ်ဖီပင်တွေကြီးလာ၍ရောင်းလျှင် ငွေတစ်သိန်းခန့်ရနိုင်ကြောင်း၊ ယခုတော့ ဂေါ်ဖီပင်တွေ မြင်းစားကုန်သဖြင့် မျှော်လင့်သလို မဖြစ်နိုင်တော့ကြောင်း၊ စိတ်ပျက်ကြောင်း ပြောလိုက်သည်။

မြင်းပိုင်ရှင်နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဆရာအင်ကို တစ်ယောက်က ချင်းလိုပြောသည်။ ဆရာအင်က မြန်မာပြန်သည်။

ဆရာကြီး သူတို့မြင်းတွေကြောင့် ဂေါ်ဖီပင်တွေ ပျက်စီးသွားတာ စိတ်မကောင်းပါဘူး။ သူတို့လျော်ပေးပါမယ်။ ဒါပေမဲ့ အများကြီးတော့ မတောင်းပါနဲ့။ သူတို့ မတတ်နိုင်ဘဲနေမယ်လို့ ပြောပါတယ်။

ဒါဆို ပျက်စီးသွားတဲ့ ဂေါ်ဖီတစ်ပင်အတွက် ငွေ ၅ ကျပ် လျော်ပေးပါလို့ ပြောလိုက်။

ဆရာအင်က ချင်းလိုဘာသာပြန်ပြီး သူတို့ကိုပြောသည်။ သူတို့အချင်းချင်း ကွိကွိကွကွတွေ ပြောကြပြန်၏။

ခဏကြာတော့ ဆရာအင်က ကျွန်တော့်ကို ပြန်ပြောသည်။



၅ ကျပ်တော့ မလုပ်ပါနဲ့၊ တစ်ပင် (၂) ကျပ်ထားပါလို့ ပြောနေသည်။

ဒီတစ်ခါ သူတို့ပြောတဲ့အတိုင်း တစ်ပင် ၂ ကျပ်ထားပေးမယ်။ နောက်တစ်ခါဆိုရင်တော့ တစ်ပင် ၅ ကျပ် လျော်ရမယ်လို့ ပြောပြပေးပါ။

ကျွန်တော့်စကားကို ကြားတော့ သူတို့ သဘောတူဟန်ဖြင့် ခေါင်းညိတ်သည်။ ကျွန်တော်ပြောသော မြန်မာစကားကို သူတို့ နားလည်သည်။ သို့သော် ကျွန်တော့်ကို မြန်မာလို ပြန်ပြောရမှာ ရှုံ့နေသဖြင့် ဆရာအင်က တစ်ဆင့်ပြောနေခြင်းဖြစ်မည်။

ကျွန်တော်တို့ အင်္ဂလိပ်စကားပြောရတာ ရှုံ့နေပုံမျိုးဖြစ်မည်။

ကျွန်တော်တို့ ပြောဆိုပြီးတော့ သူတို့ ထပြန်သည်။ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်သွား၏။ သူတို့ လျော်ရမည့်ငွေကို နက်ဖြန် ကျောင်းတက်နေသော သူတို့ကလေးတွေနှင့် ပေးခိုင်းလိုက်မည်ဟု ဆရာအင်ကတစ်ဆင့် ပြောသွားသည်။

ဘာပဲဖြစ်ဖြစ် ကျောင်းက အလျော်ရလိုက်သည်။ အတင်းအကျပ်တောင်းခံရခြင်းမျိုးမဟုတ်။ ကလေးတို့၏ လုပ်အား အလကားမဖြစ်။ ထိုက်သင့်သော လျော်ကြေးတော့ရအောင် တောင်းရမည်။ ဒါ ကျောင်းအုပ်ကြီး၏ တာဝန်ပဲဟု ကိုယ်ကိုယ့်ကိုယ် ခံယူပြီး အားထုတ်ကြိုးပမ်းမည်။

ရှေ့ကိုလည်း ကြိုတင်ကာကွယ်နိုင်ရန် ဆရာအင်၊ ဆရာကျွင့်၊ ဆရာဟောက်တို့နှင့် တိုင်ပင်ဆွေးနွေးသည်။

ဆရာငှလ်ခန့်အင်က လိုင်တွီးရွာသား၊ ရွာအကြောင်း

အကုန်သိသည်။ ဆရာတွင်ခေါ်ကျင့်က တခြားရွာက လာအလုပ်လုပ်သည့် ဆရာ။ သို့သော်လည်း ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းကို စိတ်ဝင်စားသည်။ ဆရာငှလ်ခန့်ဟောက်ကတော့ တီးတိန်မြို့ပေါ်က ဆရာ။ ကျွန်တော် မရောက်ခင်က တာဝန်ခံကျောင်းအုပ်။ ရုံးလုပ်ငန်းကိစ္စအဝဝ သူ့ကို အားကိုးရသည်။

သူတို့နှင့်တိုင်ပင်ပြီး ဂေါ်ဖီခင်းကို ကာကွယ်ရန် ကျောင်းစောင့်ကို တာဝန်ပေးသည်။

ဂေါ်ဖီခင်းထဲဝင်သော မြင်း၊ နွားများကို သူက ဖမ်းရမည်။ ညဘက် အိပ်ပျက်ခံဖမ်းရသည့်အတွက် တစ်ကောင်ကို တစ်ဆယ် ဖမ်းခအဖြစ်ရမည်။

ဂေါ်ဖီတစ်ပင် နင်းမိလိုက်လျှင် တစ်ပင် ငါးကျပ်နှုန်း ပေးလျော်ရန် ရွာလူကြီးအိမ်တွင် ကြော်ငြာကပ်ထားသည်။

ဂေါ်ဖီစိုက်ခင်းထဲတွင် မြင်းတွေ၊ နွားတွေ မကြာခဏ ဖမ်းမိသည်။ ဖမ်းမိလျှင် လျော်ကြေးတောင်း အသစ်ပြန်စိုက်နှင့် အလုပ်အတော်ရှုပ်သည်။ သို့သော် အလုပ်ရှုပ်ရကျိုးနပ်ပါသည်။ ကျောင်းသားတွေအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ အတော်အသင့်ရခဲ့သည်။

လျော်ပေးခဲ့ကြရသော မြင်းပိုင်ရှင်၊ နွားပိုင်ရှင်တွေကိုလည်း မိဘဆရာအသင်း အစည်းအဝေးတွင် တင်ပြပြီး အလှူရှင်များအဖြစ် မှတ်တမ်းတင်ထားပါသည်။

မြင်းနွားကိစ္စပြီးတော့ ကျောင်းဆောင်ရှေ့တွင် ဘောလုံးလာကန်ကြသော လူကိစ္စကို ရှင်းရပြန်သည်။



ကျောင်းဆောင်က အင်္ဂလိပ်စာလုံး (U) ပုံစံဖြစ်သဖြင့် ကျောင်းဆောင်သုံးဆောင်ကြားတွင် မြေကွက်လပ်ကျယ်ရှိသည်။

ကျောင်းအောက်တွင် ကျောင်းဘောလုံးကွင်းရှိသည်။ တစ်ရွာလုံးတွင် ဤတစ်ကွင်းသာရှိသဖြင့် ရွာကာလသားတွေ ဘောလုံးလာကန်ကြသည်။

ဘောလုံးကွင်းတွင် ဘောလုံးကန်သူက ကန်ပြီး ကျောင်းဆောင်ကြားထဲတွင် ဘောလုံးလာကန်သူက ကန်ကြသည်။

ကျွန်တော်မရောက်ခင်ကတည်းက ကန်နေကြသဖြင့် ကျောင်းနံရံများတွင် ဘောလုံးကန်ရာတွေ ပြည့်နှက်၍နေသည်။

အလွန်အကြည့်ရဆိုး၏။ ဘောလုံးကန်သူတို့က ကျောင်းအလှအပကို နားမလည်။ သူတို့ ဘောလုံးကန်ချင်တာပဲသိသည်။

ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် ကျောင်းဆောင်ကို ထိမှန်သော ဘောလုံးသံ တဖုန်းဖုန်းတဒိုင်းဒိုင်းဖြင့် နားမခံသာအောင် ရှိလှသည်။

သူ့အရပ်နှင့် သူ့ဇာတ်ပဲလေဟု လွှတ်ထားချင်သော်လည်း၊ အကြည့်ရဆိုးသော ကျောင်းနံရံကို မြင်လေတိုင်း စိတ်မောလှမော ဖြစ်ရသည်။

ဘောလုံးကန်ကြသူများထဲတွင် လူကြီးတွေလည်းပါကြသည်။ တချို့က ခေါင်ရည်မူးမူးနှင့် ကန်ကြသူလည်းပါကြ၏။ သွားဟန့်တားမိ၍ ရန်ပြန်လုပ်ကြလျှင် မိမိက တစ်ယောက်တည်း၊ ကြောက်စိတ်အနည်းငယ် ဝင်သည်။

သို့သော်လည်း ဒါ ငါ့ကျောင်း၊ နိုင်ငံတော်က ငါ့ကို ကျောင်းအုပ်အဖြစ် တာဝန်ပေးစောင့်ရှောက်ခိုင်းထားသည်။

ငါ့မှာ တာဝန်ရှိ၏။ ကျောင်းကို ထိခိုက်စေသော အပြုအမူ မှန်သမျှ ငါ ဟန့်တားကာကွယ်စောင့်ရှောက်ရမည်။ ဒါဟာ တိုင်းပြည် တာဝန်ထမ်းဆောင်ခြင်းပဲ။

တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း လူဆိုးလူမိုက်တို့၏ ရန်ပြုခံရ၍ မတော်တဆအသက်ဆုံးရှုံးခဲ့လျှင်လည်း တိုင်းပြည်အတွက် အသက်စွန့်ရခြင်းမို့ မြတ်တယ်။

ယုံကြည်ချက်အတွက် ငါ အသက်ကို စွန့်ပြီး ဟန့်တား ကာကွယ်မယ်။ ငါ၏ ကျောင်းဆောင်ကို ဘောလုံးအကန်ခံရခြင်းမှ ကင်းဝေးစေရမယ်။

ထိုသို့ ပြတ်သားသော ဆုံးဖြတ်ချက်ချပြီးသောအခါ သတ္တိတွေ ရှိလာ၏။ သတ္တိရှိပြီဆိုပြီး ထင်တိုင်းလုပ်လို့တော့မဖြစ်။ စနစ်တကျ စီမံခန့်ခွဲလုပ်ကိုင်တတ်ဖို့တော့ လိုသည်။

မိဘဆရာအသင်း အလုပ်အမှုဆောင် အစည်းအဝေး ခေါ်လိုက်သည်။ ကျောင်းဆောင်ကို ထိခိုက်ညစ်ပတ်ပေရေစေသော ဘောလုံးကန်ခြင်းကို ကျောင်းဆောင်များကြားတွင် ခွင့်မပြု။ ကျေးရွာ ကောင်စီဥက္ကဋ္ဌကြီးကို ပန်ကြားပြီး ဟန့်တားသည်။

အစည်းအဝေးလာတက်သော ကျေးရွာကောင်စီဥက္ကဋ္ဌကြီးက သူ့ရွာသားတွေကို စာထုတ်ပြီး တားမြစ်မည်ဟုပြောသည်။ သူလည်း ထိရောက်စွာ ဟန့်တားသည်။



သို့သော်လည်း ဘောလုံးကန်သံ ညံမစဲ၊ ရှိနေဆဲ။

ထိုအခါ ကျွန်တော် တစ်ခုစဉ်းစားသည်။ ထိုလူငယ်တွေမှာ အလုပ်မရှိ၊ အားနေကြသည်။ ဘောလုံးကန်နေကြတာက သူတို့ ထွက်ပေါက် ဖြစ်ချင်ဖြစ်နေမည်။

အရက်သောက် မူးယစ်ရမ်းကား ရန်ဖြစ်နေတာထက်တော့ တော်သေးသည်။

အမိန့်အာဏာနှင့် တားတာထက် သူတို့ကို ထွက်ပေါက် တစ်ခုခုပေးပြီး လမ်းကြောင်းပြောင်းပေးတာက ပိုကောင်းမည်ဟု ကျွန်တော်တွေးနေမိသည်။

သူတို့ကို ဘာနှင့် ထွက်ပေါက်ပေးမည်နည်း။

တစ်ညလုံး အိပ်မပျော်ဘဲ ကျွန်တော် စဉ်းစားနေမိတော့သည်။

❖ ❖ ❖

## အပိုင်း - ၁၄

## သူတို့လေးတွေပျော်ပါစေ

နောက်တစ်နေ့တွင် ကျောင်းစောစောသွားပြီး အားကစားပစ္စည်းများထည့်ထားသော ဗီရိုကို ဖွင့်ကြည့်သည်။

ကံအားလျော်စွာ ဘောလီဘောနှင့် ပိုက်ကိုတွေ့သည်။ ပင်ပေါင်၊ ဘက်တံ၊ ပိုက်၊ ဘောလုံးတွေလည်း တွေ့သည်။

ဆရာပေါင်ခန့်ခုပ်ကိုခေါ်ပြီး ဘော်လီဘောနှင့် ပိုက်ကို ပေးလိုက်သည်။ ညနေ ကျောင်းသားတွေ ဘောလီဘောပုတ်နေတာ မြင်ချင်တယ်။ ဆရာစီစဉ်ပေးလိုက်ပါ။ ရွာသားလူငယ်တွေလည်း လာကစားချင် ကစားကြပါစေ။



ညနေတွင် ကျောင်းအနောက်ဘက် တောင်ကုန်းအောက်တွင်ရှိသော ဘောလီဘောကွင်း၌ ဆူညံသံတွေကြားရသည်။ ဘောလီဘောကစားနေကြတာဖြစ်မည်။

နေ့လယ်ထမင်းစားလွှတ်ချိန် ညနေ ကျောင်းဆင်းချိန်တွင် ဘောလီဘောကွင်း၌ လူစည်ကားနေသည်။

စနေ၊ တနင်္ဂနွေပိတ်ရက်များတွင်လည်း ဘော်လီဘောကွင်းတွင် လူအပြည့်။

ညနေဘက်တွင် အားကစားဆရာပေါင်ခန့်ခုပ် အကူအညီဖြင့် ကျွန်တော် ဘောလုံးဆင်းကစားသည်။

ပညာရေးတက္ကသိုလ်တုန်းက အတန်းလိုက်ပြိုင်ပွဲများတွင် ဘောလုံး လေ့ကျင့်ခဲ့ရပုံများကို ပြန်သတိရသည်။

သူတို့ကို ဘောလုံးအသင်းဖွဲ့ပြီး လေ့ကျင့်ပေးမည်ဟု ပြောလိုက်သည်။

သူတို့စိတ်ဝင်စားကြသည်။ မကြာမီ တီးတိန်မြို့တွင် ကျင်းပမည့် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌဒိုင်းကို သူတို့ ဝင်ပြိုင်ကြတော့မည်။

ရပ်ကွက်ကျေးရွာအားလုံး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့အတွက် သူတို့ကို စုစုစည်းစည်း ခေါင်းဆောင်လေ့ကျင့်ပေးမည့်သူလို၏။

ကျွန်တော်က ထိုကွက်လပ်ကို ဖြည့်ပေးမည်ဆိုသောအခါ သူတို့သဘောကျကြသည်။

ကျွန်တော်ကလည်း တတ်သလောက် မှတ်သလောက်နှင့် သူတို့ကို လေ့ကျင့်ပေးသည်။ အသင်းခေါင်းဆောင် ရွေးပေးသည်။

လေ့ကျင့်ပုံ လေ့ကျင့်နည်းများ ပြသပြီး ကျွန်တော်မသွားနိုင်တော့။ စည်းရုံးရေးဆင်းသည့်အနေမျိုးဖြင့်သာ ဝင်ရောရခြင်းဖြစ်သည်။

စင်စစ် ကျွန်တော်မအားပါ။ ဘောလုံးအသင်းနည်းပြလုပ်ရအောင်လည်း အချိန်မပေးနိုင်ပါ။ ကျွန်တော့်မှာ လုပ်စရာတွေ တစ်ပုံတစ်ပင်။

ကျောင်းဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အများကြီးကျန်သေးသည်။

ထို့ကြောင့် ရွာမှလူငယ်ခေါင်းဆောင်တစ်ဦးအား ဘောလုံးအသင်းကို လွှဲပေးလိုက်သည်။

ဘောလုံးကွင်းနှင့် ဘောလီဘောကွင်းတွင် အချိန်မရွေးကစားနေနိုင်ကြသဖြင့် ကျောင်းအလယ်ရှိ မြေကွက်လပ်တွင်လာပြီး ဘောလုံးကန်ကြသူ မရှိကြတော့။

ကျောင်းနံရံများလည်း ဘောလုံးကန်ချက် လွတ်သွားခဲ့ကြသည်။ ကျွန်တော်ကလည်း ကျောင်းနံရံညစ်ပတ်မှုကို အကြောင်းပြုပြီး ဘယ်သူမှ ကျောင်းအဆောင်ကြား ဘောလုံးမကစားရဟု အမိန့်ထုတ်လိုက်သည်။

တစ်ယောက်စ နှစ်ယောက်စ ရောက်လာပြီး ကန်ကြသေးသော်လည်း ကျွန်တော့်ကိုမြင်သဖြင့် ထွက်ပြေးသွားကြသည်။



ထိုအချိန်မှစ၍ ကျောင်းနှစ်ဆောင်ကြားတွင် ဘောလုံးကစားသူများ မရှိတော့။

လူကြီးတွေအတွက် အားကစားဖြင့် ထွက်ပေါက်ပေးလိုက်သလို ကလေးတွေ (အလယ်တန်း၊ မူလတန်း)တွေအတွက် ကစားစရာတွေ ဖန်တီးပေးရဦးမည်။ ကျောင်းကို လှည့်ပတ်ကြည့်တော့ ခုံရှည်တစ်ခုံတွေ့သည်။

ပင်ပေါင်ခုံလောက်တော့ မကျယ်။ နည်းနည်းတိုနေသည်။ ကိစ္စမရှိ။ ထိုခုံကိုပဲ ပင်ပေါင်ပိုက်၊ ဘက်တံ၊ ပင်ပေါင်ဘောလုံး ထုတ်ပေးပြီး ကလေးတွေကို ကစားခွင့်ပေးလိုက်သည်။

ကလေးတွေ ပျော်ပြီး ကစားနေကြတော့သည်။ တချို့ကလေးတွေက ဘယ်လိုကစားကြရမှန်းမသိ။ သို့သော် ဆရာတွေ ကစားတာမြင်ပြီး သူတို့လည်း ကစားတတ်သွားကြသည်။

မူလတန်းကလေးတွေအတွက်လည်း ကျွန်တော်တစ်ခုခု လုပ်ပေးချင်သည်။

ကလေးတွေအတွက် စီးဆော့နှင့်လျှောလုပ်ပေးရလျှင် ကောင်းမှာပဲဟု စိတ်ကူးရသည်။

ကျွန်တော့်အိမ်ရှေ့တွင် မြေကွက်လပ်တစ်ခုရှိသေးသည်။

ထိုနေရာတွင် စီးဆော့နှင့်လျှောလုပ်ပေးမည်ဟု ဆုံးဖြတ်ပြီး ခင်ဆွင်းမုန်ကို လက်သမားခေါ်ခိုင်းလိုက်သည်။

လက်သမားရောက်လာတော့ ကျွန်တော်လုပ်ခိုင်းသော စီးဆော့နှင့်လျှောကို သူမသိ။ မြင်လည်း မမြင်ဖူးဘူးဟု ဆိုသည်။

ကျွန်တော်က ပုံဆွဲပြီးပြသည်။ ချက်ချင်းသဘောမပေါက်။

ထင်းချောင်းတွေကိုခွဲစိတ်ပြီး လက်တွေ့လုပ်ပြတော့မှ သိသွားတော့သည်။ သူလုပ်နေစဉ် အနားမှာ ကျွန်တော်ရှိနေ၏။ ကျွန်တော်လိုချင်တာ သူ့ကိုပြောပြပြီး သုံးရက်အတွင်း အပြီး လုပ်ခိုင်းသည်။

သုံးရက်ကြာတော့ စီးဆော့နှင့်လျှော ပြီးသွားသည်။

ကလေးကစားကွင်းလေးတစ်ခု ဖန်တီးပြီး 'မွမ်နိုးကလေး ကစားကွင်းဟု အမည်ပေးလိုက်သည်။

မွမ်နိုးဆိုတာ ချင်းစကား။ မြန်မာလို လူငယ်ဟု အဓိပ္ပာယ် ရသည်။

မိုးလင်းတာနှင့် ကျွန်တော့်အိမ်ရှေ့တွင် ကလေးတွေ ဆူညံဆူညံနှင့် စီးဆော့နှင့်လျှော လာစီးနေကြပြီ။

နံနက် ၈ နာရီဝန်းကျင်တွင် မွမ်နိုးကစားကွင်း၌ စည်ကား နေတတ်သည်။

ကျွန်တော့်အိမ်ရှေ့တံခါးမကြီးကို ဖွင့်ပြီး သူတို့ကို ကြည့် ကြည့်နေမိတတ်သည်။

သူတို့ပျော်တာမြင်တော့ ကျွန်တော်လည်းပျော်မိသည်။ ကလေးတွေအပျော်က ကျွန်တော့်ရင်ထဲ ကူးစက်လာဟန်တူသည်။

သို့သော်လည်း သူတို့ကိုကြည့်ပြီး ကျွန်တော့်နှလုံးသား တစ်နေရာတွင် စစ်ခနဲ မျက်သွားသည်။ သမီးလေး မြဝတ်ရည်ကို လွမ်းဆွတ်သတိရမိသောကြောင့်ဖြစ်ပါ၏။



ခုအချိန်ဆို သမီးလေး အိပ်ရာက နိုးပြီ။

မူကြိုကျောင်းကိုသွားဖို့ ပြင်ဆင်နေပြီလား။ သူ့ကိုကြီးထက် က သူ့ကို ကျောပိုးပြီး ကျောင်းပို့နေသလား။

၉ နှစ်အရွယ် သားကြီး ထင်အောင်ကျော်ထက်ကလည်း ကျောင်းစာတွေမှ လိုက်နိုင်ရဲ့လား။ ကစားချိန်မှာ ကလေးထိန်း နေရသလား။

သူများကလေးတွေပျော်အောင် လုပ်ပေးနေသော်လည်း ကိုယ့်သားနှင့် သမီးကိုတော့ ဘာတစ်ခုမှ လုပ်မပေးနိုင်ပါလား။

ဖယောင်းတိုင်မီးနှင့်တူနေပြီ။ အဝေးကိုသာ ဖြာလင်းအရောင် ထွက်နေသော်လည်း ကိုယ့်အောက်ခြေကိုတော့ အလင်းမပေးနိုင်။

တွေးရင်းဝမ်းနည်းလာသည်။

သို့သော် ဝန်ထမ်းဆိုတာ စိတ်ပင်ပန်း လူပင်ပန်းနှင့် နိုင်ငံအကျိုးဆောင်ရွက်ရစမြဲ မဟုတ်လား။

ငါ ... ကျောင်းဆရာ မဟုတ်လား။

ပန်းပေါင်းများစွာ ဖူးပွင့်လာအောင် စွမ်းဆောင်နေစဉ် ကိုယ်စိုက်ခဲ့တဲ့ ပန်းနှစ်ပင်ကို အချိန်ပြည့်မပြုပြင်နိုင်တာ စိတ် မကောင်းစရာဖြစ်သော်လည်း ကြေကွဲစရာတော့ မဟုတ်သေး။ သူတို့လေးတွေက သူတို့အမေ၏ ပြုစုပျိုးထောင်မှုဖြင့် ရှင်သန်နေဆဲ မဟုတ်လား။

ဖြေသိမ့်စရာ အတွေးတွေ ပြန်တွေးမိလိုက်သဖြင့် စိတ် သက်သာရသွားသည်။

ဒီမှာတော့ ကိုယ်လုပ်ပေးမှရမည်။ အသိဉာဏ်နည်းပါး ချို့တဲ့ဆင်းရဲနွမ်းပါးသော သူတို့ဘဝလေးတွေကို ပညာဖြင့် မြှင့်တင်ပေးရမည်။

ပညာသာလျှင် သူတို့ဘဝ၏ တစ်ခုတည်းသော အားကိုးရာ ဖြစ်အောင် ကြိုးပမ်းအားထုတ်ရမည်။

သူတို့လေးတွေ ကျောင်းနေပျော်ပြီး စာတော်အောင် ငါဖန်တီးပေးမှ ဖြစ်မည်။

သူတို့ဘဝလေးတွေ ဖွံ့ဖြိုးတိုးတက်အောင် မြို့ရွာအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် လူရည်မွန် လူရည်ချွန် တွေဖြစ်အောင် ငါလုပ်ပေးနိုင်တယ်။

ငါလုပ်ပေးရမှာပေါ့။ ငါ လုပ်ပေးရမယ်။

ကိုယ့်စိတ်ကို အားပြန်သွင်း မာန်တင်းလိုက်ရသည်။

သူတို့လေးတွေကတော့ ကစားနေဆဲ ပျော်နေဆဲ။

❖ ❖ ❖



# အပိုင်း - ၁၅

## စိတ်ညစ်စိတ်လေ တနင်္ဂနွေ

ကိုယ့်စိတ်ကို ကိုယ်အားမာန်သွင်းရသော်လည်း တစ်ခါတစ်ရံ စိတ်ကပျော့ပျော့သွားချင်သည်။

အထူးသဖြင့် တနင်္ဂနွေနေ့လိုမျိုးပေါ့။

သောကြာနေ့မှာ စာတစ်စောင်မှ မလာလျှင် တနင်္ဂနွေနေ့တွင် အထီးကျန် ခံစားစိတ်ဝင်လာ၏။

မိသားစုကို လွမ်းသလိုလို၊ ငယ်ရည်းစားဟောင်းကို လွမ်း သလိုလို၊ အမေ အဖေကို လွမ်းသလိုလို၊ သူငယ်ချင်းတွေကို လွမ်းသလိုလိုနှင့် အိပ်ရာထဲ လှဲခွေနေမိတတ်၏။

ထိုအချိန်က ကျွန်တော့်ဘဝ၏ မျှော်လင့်ချက်မှာ အဝေးကလာမည့် စာများဖြစ်ပါသည်။

ကျွန်တော်နေသည့်ရွာတွင် စာတိုက်ခွဲရှိပါသည်။ သို့သော်လည်း ထိုစာတိုက်ခွဲကို အားမကိုးပါ။ ကျွန်တော့်ရုံးအကူ တာဝန်ယူနေသော ခင်ဆွေဝင်းမုန့်ကို နှစ်ပတ်တစ်ခါ သောကြာနေ့တိုင်း စာတိုက်သို့ လွှတ်ပါသည်။

မဂ္ဂဇင်းတိုက်များသို့ ဝတ္ထုတိုစာမူများ နှစ်ပတ်တစ်ကြိမ်နှုန်း ကျွန်တော်ပေးပို့နေပါသည်။

ညစဉ်လိုလို ကျွန်တော် စာရေးသည်။

ဝတ္ထုတို၊ လတ်၊ ရှည်တွေ ကျွန်တော်အများကြီး ရေးဖြစ်သည်။ အများကြီးလည်း ပို့သည်။ အများကြီးလည်း အပယ်ခံခဲ့ရပါ၏။

အထူးသဖြင့် စန္ဒာမဂ္ဂဇင်းနှင့် ရှုမဝမဂ္ဂဇင်းများသို့ အဆက်မပြတ်ပို့သည်။

စန္ဒာမဂ္ဂဇင်းတွင် 'သည်လိုနှင့်' ဆိုသော ဝတ္ထုတိုတစ်ပုဒ်ပါဖူးတာ အမှတ်ရမိသေးသည်။

ကိုယ်က စာတွေထည့်ပြီး ကိုယ့်ဆီပြန်လာမည့် စာကိုလည်း အသည်းအသန် မျှော်ခဲ့မိပါသည်။

စာတွေက တစ်လတစ်စောင်တောင် ရောက်မလာပါ။ သူငယ်ချင်းများထံမှ စာမရ။ မိသားစုထံမှ တစ်လတစ်စောင်နှုန်း စာရောက်သည်။



ရုံဖန်ရံခါ ညောင်ရွှေတွင် တာဝန်ထမ်းဆောင်နေသော အဖေနှင့်အမေထံမှ စာရောက်သည်။

အဖေက သာကြောင်းမာကြောင်းမျှသာ ရေးသော်လည်း အမေကတော့ လျှောက်လွှာစာရွက်နှင့်တစ်ရွက် အပြည့်ရေးသည်။ ငယ်ငယ်ကအကြောင်း ဘုရား၊ တရား၊ သံဃာသာလျှင် ကိုးကွယ်ရာအစစ်အမှန်ဖြစ်ကြောင်း၊ သားတွေသမီးတွေကို သတိရကြောင်း၊ ရှမ်းပြည်တွင် အေးကြောင်း စီကာပတ်ကုံးရေးသည်။

အမေ့လက်ရေးက ပဲပင်ပေါက်လိုတွန့်လိမ်ကောက်ကွေးပြီး သတ်ပုံတွေ မှားချင်တိုင်းမှားနေ၏။ ကိစ္စမရှိ။ ကျွန်တော် ဖတ်လို့နားလည်သည်။ ခဲတံနှင့် တံတွေးဆွတ်ပြီးရေးသည်။ ကိစ္စမရှိ။ ရှင်းရှင်းလင်းလင်း ကျွန်တော်ဖတ်တတ်သည်။

အမေ့စာထဲတွင် စေတနာ၊ မေတ္တာ၊ အကြင်နာတွေ ထည့်သွင်းထားသည်ကို ကျွန်တော်မြင်သည်။ ထို့ကြောင့် ဖတ်လို့မဝ။ ဖတ်ပြီးတိုင်း အမေ့မေတ္တာကို ခံစားရပြီး ငိုချင်လာသည်။

အမေနှင့်ဝေး၊ သားသမီးတွေနဲ့ ဝေးနေရသော ကျွန်တော့်ဘဝသည် ထိုအချိန်က စိတ်ပျက်စရာအလွန်ကောင်းနေ၏။

အကြင်နာမေတ္တာတွေ လွမ်းဆွတ်သတိရမှုတွေပါလာမည့်စာလေးတစ်စောင်မျှ ရောက်မလာသောအခါ ကျွန်တော် အတော်ကြေကွဲစွာ ခံစားခဲ့ရဖူးပါသည်။

ကျောင်းပိတ်သော တနင်္ဂနွေနေ့သည် ကျွန်တော့်အတွက် ဝမ်းနည်းဖွယ်နေ့တစ်နေ့ ဖြစ်နေတတ်ပါသည်။

ထိုနေ့တွင် ထုံးစံအတိုင်း စောစောထ၊ လေ့ကျင့်ခန်းလုပ်၊ ထမင်းချက်စားပြီးသည်နှင့် အိပ်ရာထဲ ပြန်ဝင်ခွေပါသည်။

ဝမ်းနည်းစရာ အတွေးတွေကို အားရပါးရတွေးပြီး စိတ်ဆင်းရဲမှုကို အစပြုမွေးမြူပါသည်။

အထီးကျန်ခံစားစိတ်ဖြင့် အတိတ်ကို ပြန်လှန်ပြီး လွမ်းဆွေးသမှုလည်း ပြုပါသည်။

လာစရာမရှိသော ညှိုသည်ထဲမှ တစ်ယောက်ယောက် လာလည်ရင်ကောင်းမှာပဲဟူသောအတွေးဖြင့် ညှိုမျှော်ဆွေးရ တာလည်းပါသည်။

ငါ့လောက်ကံဆိုးတဲ့သူရှိသေးရဲ့လားဟူသော အားငယ်စိတ်ဖြင့် ဝမ်းနည်းနေမိပါသေးသည်။

ဝမ်းနည်းပူဆွေးသောကမွေးပြီး အိပ်ရာထဲမှာ ခွေခွေလေး အနေကြာသောအခါ အတွေးတွေက ပြောင်းလဲလာသည်။

ငါသည်လိုနေလို့ကော အကျိုးထူးမှာလား။

ဝမ်းနည်းပူဆွေး စိတ်ဓာတ်ကျနေရုံနဲ့ ကိုယ်ဖြစ်ချင်တာ ဖြစ်မှာလား။

ကိုယ်မနှစ်သက်တဲ့ အခြေအနေဆိုးတစ်ခုက ချက်ချင်း လွတ်မြောက်သွားမှာလား။

ဘဝဆိုတာ ကိုယ်လိုချင်တာရတဲ့နေရာလား။

သူဖြစ်ချင်တာ ဖြစ်နေတာက ဘဝရဲ့သဘောသဘာဝပဲ မဟုတ်လား။



ဘဝဆိုတာ ကြိုးစားရုန်းကန်ခြင်းပဲ။

ရုန်းကန်နိုင်လေ တောက်ပြောင်လေပဲ။

ငါဘာလို့ စိတ်ဓာတ်ကျရမှာလဲ။

ငါ့ဘာသာ ကျောင်းအုပ်ကြီးဖြစ်ချင်လို့ ရာထူးတိုးလာခဲ့တာပဲ။ ဒါဟာ စွန့်စားမှုတစ်ခုပဲပေါ့။

အလယ်တန်းကျောင်းအုပ် လုပ်ပြီးမှ အထက်တန်း ကျောင်းအုပ်ဖြစ်မှာ။ အထက်တန်းကျောင်းအုပ်ကြီးဖြစ်လို့ မြို့ပေါ် နေရရင် ငါ့သားသမီးတွေအတွက် စွန့်စားရကျိုးနပ်မှာပါ။

ကိုယ်ဘာသာ ဖြေသိမ့်ပြီး အားမာန်မွေးရ၏။

**တကယ်တော့ လူ့ဘဝရဲ့ ပြောင်းလဲခြင်းတိုင်းဟာ အကြောင်းမဲ့တော့ မဖြစ်နိုင်ဘူး။**

**ပိုမိုတိုးတက်ကောင်းမွန်ဖို့ ပြောင်းလဲခြင်းမျိုးလည်း ဖြစ်နိုင်တာပဲ။**

**ကံကြမ္မာက သံပုရာသီးပေးရင် သံပုရာရည် ဖျော် သောက်နိုင်ရမယ်။**

**ကံကြမ္မာက ခွေးတောက်ရွက်ပဲပေးရင်တော့ ဟင်းချို တစ်ခွက် ချက်သောက်နိုင်ဖို့ပဲ။**

**မြင့်မြင့်ပျံတဲ့ ငှက်၊ ဝေးဝေးမြင်သတဲ့။**

ငါ ‥ တောင်ပေါ်တက်လာတဲ့ အမြင့်ပျံငှက်ပဲ။

စာရေးဆရာဖြစ်ရမယ်ဆိုတဲ့ ငယ်အိပ်မက်ကို အခုလို အချိန်မျိုးမှာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားရမယ်။

ငါ့မှာ အတွေ့အကြုံတွေ အလုံအလောက်ရှိနေပြီ။ ဖတ်ထားတဲ့ စာအုပ်တွေလည်း အများကြီးပဲ။ အခုလို စာရေးဖို့အချိန် အလျှံပယ်ရနေတုန်းမှာ ငါ ဘာလုပ်နေမှာလဲ။

ထိုင်ငေးပြီး ဆွေးနေမှာလား။ အိပ်ရာထဲမှာ ခွေခွေလေးနေပြီး သောကတွေ မွေးမြူနေမှာလား။

ငါ .. ဒီလိုနေသင့်လား။

ဟင့် .. အင်း။ ငါဟာ အမြင့်ပျံငှက်။ ငါ့မှာ ရည်ရွယ်ချက် အကြီးကြီးရှိတယ်။ အိပ်မက်အကြီးကြီးရှိတယ်။

ငါ့အတွက် စာပေလောကမှာ တစ်နေရာရှိနေတယ်။ အဲ့ဒီနေရာမှာ ငါနေချင်တယ်။ အဲ့ဒီနေရာကို ရောက်အောင် ငါသွားရမယ်။

ဘယ်လို အတားအဆီးမျိုးပဲဖြစ်ဖြစ် ကျော်ဖြတ်သွားမယ်။

ဘယ်လိုဒုက္ခမျိုးပဲတွေ့တွေ့ ငါရင်ဆိုင်မယ်။

ငါ့ကို ဘယ်လိုအရာမျိုးကမှ မဟန့်တားနိုင်။

စိတ်ဓာတ်ကို အမြင့်ဆုံးအထိ ဆွဲတင်ကာ အိပ်ရာထဲက လူးလဲထလိုက်သည်။

ပြတင်းပေါက်ရှိရာကိုသွားသည်။ အပြင်ကို ငေးမျှော်ကြည့်လိုက်၏။

ကြည်လင်သော မိုးကောင်းကင်ကြီးကို မြင်သည်။

ဟိုး ... ခပ်လှမ်းလှမ်းတောင်စောင်းမှာတော့ သစ်ပင်လေးတစ်ပင်ကို တွေ့ရသည်။



ကျောက်စိုင်ကျောက်ခဲတွေကြားထဲမှ တိုးထွက်ရှင်သန်လာသောသစ်ပင်။

ရေလောင်းပေါင်းသင်ပေးမည့်သူမရှိဘဲ သူ့ဘာသာ အားယူကြီးပြင်းလာသည့်သစ်ပင်။

ကျွန်တော်သည် ကျောက်သားမြေမာကြားထဲက အားယူရှင်သန်ကြီးပြင်းနေသော သစ်ပင်လေးကိုကြည့်ပြီး အားမာန်မွေးရ၏။

ဘဝဆိုတာ စိတ်ပျက်ညည်းညူ အားငယ်နေဖို့မှ မဟုတ်တာ။

ကြိုးစားရုန်းကန်ရှင်သန် အောင်မြင်ဖို့ပဲ မဟုတ်လား။

ကျွန်တော်၏ ဆွေးမြည့်မြည့်အတွေးများကို ခေါင်းထဲမှ ဖယ်ထုတ်ပစ်လိုက်သည်။

စာရေးစားပွဲတွင် သွားထိုင်ပြီး ဘဝမှတ်တမ်းထိုင် ရေးသည်။

ကျွန်တော်သည် အလုပ်နှင့်ပတ်သက်သည့် နေ့စဉ် ဒိုင်ယာရီရေးသလို စိတ်ခံစားမှုကြုံတိုင်း ဘဝမှတ်တမ်းရေးလေ့ရှိပါသည်။

*ဝေးသီမြင့်မားတဲ့ တောင်ထိပ်ဖျားပေါ်က ရွာလေးတစ်ရွာကိုရောက်နေတယ်။ ဝယ်ခြမ်းစားစရာမရှိ။ ရှိတာလေးနဲ့ ဖြစ်သလိုစားနေရတယ်။ စကားပြောဖော်မရှိ။ စာအုပ်မရှိ။ လျှပ်စစ်မီးမရှိ၊ ရေအလုံအလောက်မရှိ။ သူငယ်ချင်းမရှိ။ စာလည်းမလာ။ ဘာမျှော်လင့်ချက်မှလည်း အရောင်မထွက်။ စိတ်ပျက်အားငယ်ရတဲ့ တနင်္ဂနွေ။ ဒါပေမဲ့ ကျောက်တောင်ကြားမှာ ပေါက်နေတဲ့သစ်ပင်တစ်ပင်လို ငါရှင်သန်ရဦးမယ်။ တိုင်းရင်းသားတပည့်လေးတွေ အသိလိမ္မာတိုး စာကြိုးစားဖို့*

*ငါစည်းရုံးရဦးမယ်။ သူတို့လေးတွေရဲ့ ဘဝတိုးတက်ကောင်းမွန်အောင် ငါကြိုးစားရဦးမယ်။ ငါဖြစ်ချင်တဲ့ စာရေးဆရာဖြစ်အောင် ငါ စာတွေ အများကြီးရေးရမယ်။ အားငယ်စိတ်ပျက် ညည်းညူနေလို့ လာပြီးဖေးမကူညီမယ့်သူ ရှိတာမဟုတ်။ အလုပ်နဲ့ပဲ ငါ့ဘဝကို တည်ဆောက်ရမယ်။ ငါ့အလုပ်ကို ငါ အောင်မြင်အောင် လုပ်ရမယ်။ ပြီးတော့ တစ်နေ့မှာ စာရေးပြီး အသက်မွေးနိုင်တဲ့သူဖြစ်အောင် ဒီကနေ့ကစပြီး ငါကြိုးစားမယ်။*

ကိုယ်ရေးချင်တာတွေ ရေးချလိုက်ရသဖြင့် ရင်ပေါ့သွားသည်။ စိတ်ညစ် စိတ်ပျက် စိတ်လေ စိတ်လွင့်တာတွေ ရင်ထဲမှာ လျှော့ပါးသွားသလိုပဲ။

တစ်နေ့တော့ ... ဟူသော မျှော်လင့်ချက်ဖြင့် ကျွန်တော် အသက်ရှင်ရပါဦးမည် ...။

❖ ❖ ❖



# အပိုင်း - ၁၆

## တစ်ကိုယ်ရေ သန့်ရှင်းရေး

တနင်္လာနေ့နံနက်တွင် စိတ်ခွန်အားအသစ်ဖြင့် ကျောင်းတက်ခဲ့သည်။

ခေါင်းထဲတွင် အချိန်အတော်ကြာကြာက စဉ်းစားထားခဲ့သော တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

လွန်ခဲ့သည့် တစ်လလောက်ကတည်းက အတန်းပိုင်ဆရာများမှတစ်ဆင့် သန့်သန့်ရှင်းရှင်း ဝတ်စားဆင်ယင်ပြီး ကျောင်းတက်ကြရန် ကျောင်းသားများကို နှိုးဆော်သတိပေးထားသည်။

ခေါင်းကို သပ်သပ်ရပ်ရပ် ဖြီးခဲ့ရန်၊ အဝတ်အစားကို လျှော်ဖွပ်သန့်စင်ပြီး ဝတ်ခဲ့ရန်၊ ခြေသည်းလက်သည်း လှီးဖြတ်ရန်၊ လည်ပင်းနှင့်နားရွက်နောက်ကြားက ချေးတွေကို တိုက်ချွတ်ခဲ့ရန် ခြေထောက်နှင့်လက်များကိုလည်း ဆေးကြောသန့်စင်လာရန် အတန်းတိုင်းသို့ မှာကြားခဲ့ပြီးဖြစ်သည်။

သည်ယနေ့တော့ အကောင်အထည်ဖော်ရမည်။

ခင်ဆွင်းမုန်ကို ရုံးခန်းထဲတွင် ပိုနေသော ကျောက်သင်ပုန်း တစ်ချပ်ယူလာခိုင်းသည်။

ကျောက်သင်ပုန်းပေါ်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ အတန်းတွေကို ဒေါင်လိုက်ရေးသည်။

ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ အသင်းလေးသင်းကို အလျားလိုက်ရေးသည်။

အသင်းအကွက်ထဲတွင် ၅၊ ၃၊ ၁ ဂဏန်းတွေကိုရေးပြီး အကွက်ချလိုက်သည်။

အသင်းအကွက်၏ အောက်ဆုံး၌ အမှတ်ပေါင်းရေးလိုက် သည်။ ရေးပြီးသောအခါ အတန်းပိုင်ဆရာတွေ အားလုံးခေါ်လိုက် သည်။

ဒီကနေ့ ကျောင်းစုဝေးပွဲမှာ တစ်ကိုယ်ရေသန့်ရှင်းရေးကို စစ်ဆေးအမှတ်ပေးမယ်။

အတန်းပိုင်ဆရာတွေက ကိုယ့်တစ်တန်းကျော်အတန်းကို စစ်ဆေးရမယ်။ သူငယ်တန်း အတန်းပိုင်က ပထမတန်း၊ ပထမတန်း အတန်းပိုင်က ဒုတိယတန်းကို စစ်ရမယ်၊ နောက်ဆုံး အဋ္ဌမတန်း အတန်းပိုင်က သူငယ်တန်းကို စစ်ဆေးရမယ်။

အသင်းလေးသင်းအမည်စာရင်း စာရွက်ကို ရုံးကို ပေးထား ရမယ်။ ကလေးတွေကိုလည်း ဘယ်အသင်းကဆိုတာ သူတို့ပါးစပ်က ကိုယ်တိုင်ပြောနိုင်အောင် ပြောထားပါ။



စစ်ဆေးရမယ့် အချက်တွေက ကျောင်းစိမ်းလုံချည် အင်္ကျီ အဖြူဖြစ်ရမယ်။ သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင်ရှိရမယ်။ ခေါင်းဖြီး ထားရမယ်။ မျက်နှာ၊ လည်ပင်း၊ နားရွက်နောက်မှာ ကြေးမရှိရ။

လက်သည်းခြေသည်း ညှပ်ထားရမယ်။ ခြေလက်မျက်နှာ သန့်သန့်စင်စင် ရှိရမယ်။

ဆရာ၊ ဆရာမအားလုံး အခု အတန်းကို ပြန်ပါ။ ကိုယ့် တပည့်တွေကို ပြောပြပါ။

နာရီဝက်နေရင် ကျောင်းတက်သံချောင်းခေါက်ပြီး ကျောင်းစု ဝေးပွဲလုပ်မယ်။ မရှင်းတာရှိရင် မေးပါ မေးနိုင်တယ်။

မရှင်းတာ ဘာမျှမရှိသဖြင့် ဆရာတွေ ဘာမှမမေးတော့ဘဲ ကိုယ့်အတန်းကိုယ် ပြန်သွားကြသည်။

ကျွန်တော်နှင့် ခင်ဆွင်းမုန် နှစ်ယောက်တည်း ကျန်ခဲ့သည်။

ခင်ဆွင်းမုန် မင်းက ကျောက်သင်ပုန်းပေါ်မှာ အမှတ် စာရင်းသွင်းပေး။ အတန်းလိုက် တစ်ကိုယ်ရေသန့်ရှင်းရေး ပထမ၊ ဒုတိယ၊ တတိယ အမည်စာရင်း ကြေညာတဲ့အခါ အသင်းလိုက် အမှတ်တွေထည့်။ နားမလည်ရင် ငါ့ကိုပြန်မေး။

သူ့ကို မှာကြားခိုင်းစေပြီး အလံတိုင်အောက်မှာ ကျွန်တော် ရပ်စောင့်နေလိုက်သည်။

အလံတိုင်ပေါ်မှာ နိုင်ငံတော်အလံက တိုင်ထိပ်တွင် တလူလူ လွင့်နေ၏။ တိုင်ထိပ်မှ ၃ ပေအကွာ အောက်ဘက်တွင် ၆ ပေတန်း တစ်တန်း ရိုက်ထားသည်။

ညာဘက်တွင် တာဝန်ကျအသင်း အလံအပြာရောင်ကို လွှင့်တင်ထားသည်။

တန်း၏ဘယ်ဘက်တွင် ဝါ၊ စိမ်း၊ နီ၊ ပြာ အလံလေးတွေ လွှင့်တင်ထားသည်။

နေ့စဉ်ပေါ်ထွက်လာသော အသင်း ရမှတ်အတိုင်း အလံ အတက်အကျရှိမည်။

တစ်ကိုယ်ရေ သန့်ရှင်းရေးပြိုင်ပွဲအပြီးတွင် အလံတွေ အပြောင်းအလဲ ဖြစ်ပေတော့မည်။

ထိပ်ဆုံးမှာရှိနေသော အဝါရောင် အလံလေး သူ့အတိုင်းပဲ ရှိပါစေဟု စိတ်ထဲမှာ ကျိတ်ဆုတောင်းနေမိ၏။

ဘာဖြစ်လို့မှန်းမသိ၊ ကျွန်တော် အဝါရောင်ကို သံယောဇဉ် ရှိသည်။ အဖြူရောင်ကို အနှစ်သက်ဆုံးဖြစ်သော်လည်း အဝါရောင် ကို တွယ်တာသည်။

မကြာမီ ခင်ဆွင်းမှန်က သံချောင်းခေါက်သည်။

ကျောင်းရှေ့မြေကွက်လပ်သို့ ကျောင်းသူ/သားတွေ ထွက်လာ ကြသည်။

လူစုံသောအခါ ထုံးစံအတိုင်း အလံတော်ကို အလေး ပြုသည်။ လူငယ်သစ္စာအဓိဋ္ဌာန် ၄ ချက်ကို ဆိုသည်။

ပြီးတော့ ကျွန်တော် စကားပြောသည်။

ဘဝမှာ ကျန်းမာရေးအရေးကြီးသည်၊ မကျန်းမာလျှင် ဆေးရုံဆေးခန်းသွားရမည်။ အချိန်ကုန်၊ ငွေကုန်မည်၊ လူလည်း



ရောဂါဝေဒနာကို ခံစားပြီး ဒုက္ခများမည်။ ကျန်းမာရေးကောင်းဖို့ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်ရမည်။ နေ့စဉ် တစ်ကိုယ်ရေ သန့်ရှင်းမှုကို စစ်ဆေးသွားမည်။ ဆုရသူများကို အတန်းပိုင်ဆရာ၏ ကျောင်းခေါ်ကြိမ်စာရင်းတွင် ရေးမှတ်ထားမည်။ နှစ်ကုန်လျှင် တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် ဆုချီးမြှင့်မည်။ ခေါင်းဖြီးခဲ့ပါ။ သန့်ရှင်း စင်ကြယ်သော ကျောင်းဝတ်စုံဝတ်ခဲ့ပါ။ ခြေလက်မျက်နှာဆေးကြော ခဲ့ပါ။ အခုအချိန်ကစပြီး တစ်ကိုယ်ရေသန့်ရှင်းမှု ပြိုင်ပွဲစတင်မည်။

ကျွန်တော် စကားဆုံးသည်နှင့် ဆရာ၊ ဆရာမများက ပြောထားသည့်အတိုင်း ကိုယ်တာဝန်ကျသည့် အတန်းကို တစ်ကိုယ် ရေသန့်ရှင်းရေး စစ်ဆေးကြသည်။

ပြီးတော့ သူတို့ စစ်ဆေးရေးမှတ်ထားသော ဆုရ ကျောင်းသူကျောင်းသားများစာရင်းကို ကျွန်တော့်လာပေးကြသည်။

ကျွန်တော်က ဆုရသူများစာရင်းကို အတန်းလိုက် ကြေညာပေးသည်။ ဆုရသူများက ထိုင်နေရာက မတ်တတ်ရပ်ပြ ရသည်။ သူတို့ကို တစ်ကျောင်းလုံးက လက်ခုပ်တီးအားပေးကြသည်။

လက်ခုပ်ကို တညီတညွတ်တည်း ၉ ချက်တီးရသည်။ သုံးချက်တစ်ခါနားပြီး သုံးကြိမ် တီးရသည်။ ပိုမတီးရ၊ လျော့မတီးရ၊ ညီညီညွတ်ညွတ် ပြိုင်တူတီးရသည်။

ဤကျောင်းကို ကျွန်တော် ရောက်စကပင် လေ့ကျင့် ထားပေးပြီးသားဖြစ်သည်။

အတန်းအားလုံးကို ကြေညာပြီးသောအခါ အသင်းလိုက်

အမှတ်ပေါင်းရသည်။ ပထမရသောအသင်းကို ကျောက် သင်ပုန်းပေါ်တွင် အားလုံးမြင်ရ၏။

ကျောက်သင်ပုန်းကြည့်ပြီး ကျွန်တော်ကြေညာလိုက်သည်။

ဗန္ဓုလအသင်း ပထမ။

အသင်းခေါင်းဆောင် ဆရာပေါင်ခန့်ခုပ်၊ ပျော်ပြီး လက်မောင်းတန်းလိုက်သည်။

ဗန္ဓုလအသင်းသားတွေ အောင်မြင်မှုအတွက် လက်ခုပ်တီးပါ။

အပြာရောင် ဗန္ဓုလအသင်းသားတွေ လက်ခုပ်တီးကြ၏။

ဖြောင်း .. ဖြောင်း .. ဖြောင်း .. ကိုးချက်။

ဒုတိယ ... ဘုရင့်နောင်အသင်း။

ဆရာတွင်ခေါ်ကျင့် မျက်နှာပြုံးသွားသည်။

အစိမ်းရောင် ဘုရင့်နောင်အသင်းသားတွေ လက်ခုပ်တီးပါ။

ဖြောင်း .. ဖြောင်း .. ဖြောင်း .. ကိုးချက်။

တတိယ ကျန်စစ်သားအသင်း။

ဆရာငှလ်ခန့်ဟောက် မပြုံးမရယ်။

အဝါရောင် ကျန်စစ်သားအသင်းသားတွေ လက်ခုပ်တီးပါ။

ဖြောင်း .. ဖြောင်း .. ဖြောင်း .. ကိုးချက်။

ကလေးတွေ၏ လက်ခုပ်သံ နားထောင်ပြီး သူတို့ရင်ထဲသို့ အသင်းလိုက် ပြိုင်ဆိုင်ချင်စိတ်တွေ ကိန်းအောင်းသွားပြီဟု ကျွန်တော်ယုံလိုက်ပြီ။ နောက်ထပ် ပြိုင်ပွဲတွေ ကစားစရာတွေ ကျွန်တော်ဖန်တီးပေးရဦးမည်။



ဒါမှ သူတို့ ကျောင်းနေပျော်ကြမည်။

ကျောင်းနေပျော်အောင် ကျွန်တော်လုပ်ပေးပြီးမှ သူတို့လေးတွေ စာတော်အောင် ထပ်ကြိုးစားရမည်။

ကျောင်းနေပျော်၍ စာတော်ရမည်ဟူသော ဆောင်ပုဒ်အတိုင်းဖြစ်အောင် ကျွန်တော်ကြိုးပမ်းအားထုတ်မည်ဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

ကလေးတွေလည်း ဒီနေ့အတော်ပျော်ကြပုံရသည်။

ပြိုင်ပွဲအသေးလေးမှအစ အကြီးဆုံးအထိ သူတို့ကို အဆက်မပြတ် လေ့ကျင့်ယှဉ်ပြိုင်ခိုင်းရမည်။

ဒါမျိုး သူတို့ တစ်ခါမှ မတွေ့ဘူး၊ မကြုံဘူး။ ဆုပေးမည်ဟု ပြောဆိုတာမျိုး ဒီတစ်ခါပဲ ကြားဖူးသေးသည်။

သူတို့ကို အရေးတယူ ဂရုတစိုက် ပြောဆိုစစ်ဆေးပေးကြသော ဆရာ၊ ဆရာမများကို အံ့ဩငေးမောနေကြ၏။

နောက်တစ်နေ့တွင် သူတို့ထက်သာအောင် လုပ်ခဲ့မည်ဟူသောစိတ်မျိုး ရင်ထဲတွင် တွယ်ငြိသွားကြလိမ့်မည်ထင်သည်။

နေ့လယ် ထမင်းစားကျောင်းဆင်းချိန်တွင် သူတို့ထံမှ အသံတွေ ပြန်ကြားရ၏။ တစ်ကိုယ်လုံး ပြောင်အောင်ကြေးတွန်းတာ တစ်နာရီတောင်ကြာသည်ဟု ဆိုသူက ဆိုကြသည်။

အိမ်ကို အုန်းဆီ အတင်းဝယ်ခိုင်းပြီး မလိမ်းတတ်လိမ်းတတ်နှင့် လိမ်းခဲ့သောကြောင့် တစ်ခေါင်းလုံး စိုရွှဲနေသော ကောင်လေးတစ်ယောက်အကြောင်းလည်း ကြားရသည်။

သနပ်ခါးခဲတွေ အပြေးအလွှားဝယ်ပြီး မျက်နှာတွင် ထူလပျစ် လိမ်းလာသော ကောင်မလေးတစ်ယောက်ကိုလည်း ဆရာမ တစ်ယောက်က လာပြော၏။

ဘာပဲဖြစ်ဖြစ် ဒီနှေးပြိုင်ပွဲလေးက အတော်ကလေး ဂယက် ရိုက်သွားသည်။

ကျောင်းဆင်း အိမ်အပြန်တွင် ထိုသတင်းက မိဘတွေထံ ရောက်ဦးမည်။

လက်သည်းညှပ်တွေ မြို့တက်ဝယ်မည်ဟု ဈေးဆိုင် တစ်ဆိုင်ကပြောကြောင်း ကျောင်းသားကြီးတချို့က နောက်တစ်နေ့တွင် ပြန်ပြောပြသည်။

သေချာတာကတော့ သနပ်ခါးတွေ၊ ခေါင်းလိမ်းဆီတွေ၊ ဆပ်ပြာတွေ ခါတိုင်းထက် ပိုရောင်းရမှာ သေချာသည်။

နောက်တစ်နေ့နံနက် ကျွန်တော် ကျောင်းစောစောရောက်၍ လှည့်ပတ်ကြည့်သောအခါ ကျောင်းသား၊ ကျောင်းသူတွေ၊ သေသေ သပ်သပ် လှလှပပ ဝတ်စားဆင်ယင်လာကြသည်ကို တွေ့မြင်ရ၏။

ဩော် .. ငါ့ .. သားသမီးတွေ ချောလို့လှလို့ပါလားဟု ဝမ်းသာပီတိ ဖြစ်နေရတော့၏။

❖ ❖ ❖



## အပိုင်း - ၁၇

### ဝိတောက်ပန်းကဗျာ လွမ်းစရာ

နောက်တစ်နေ့တွင် အဋ္ဌမတန်းကို ကျွန်တော် စာဝင် သင်ရသည်။ မြန်မာစာချိန်။

ကျွန်တော်က အဋ္ဌမတန်းကို အင်္ဂလိပ်၊ မြန်မာ၊ သမိုင်း၊ သုံးဘာသာ သင်ပေးရသည်။ သတ္တမတန်းကို မြန်မာစာ ဝင်ပေးရသည်။

ကျောင်းချိန်တစ်နေ့ (၇) ချိန်ရှိသည့်အနက် ကျွန်တော်က ၄ ချိန် ဝင်ပေးရသည်။ ကျောင်းအုပ်ချုပ်ရေး၊ ရုံးကိစ္စများကိုလည်း ကျောင်းချိန်မတိုင်မီနှင့် ကျောင်းဆင်းချိန်များတွင် လုပ်ရသေးသည်။ အချိန်မီ စာရင်းရေးပို့ရသည့်ကိစ္စများကိုလည်း အရေးပေါ်လုပ်ရ၏။

အလုပ်ပင်ပန်းသော်လည်း ကျွန်တော်ရွှင်လန်းသည်။

ကျွန်တော့်စိတ်ဓာတ်သည် ရောက်ခါစကလို အောက်သို့ ကျမနေ။ ကိုယ်တာဝန်ယူချိန်တွင် ဤရွာရှိ ကလေးများ ကျောင်းနေပျော်၍ စာတော်အောင် လုပ်ရမည်။ သူတို့လေးတွေ ပညာကို ချစ်ခင်တွယ်တာ တန်ဖိုးထားချင်စိတ်ဖြစ်အောင် အစွမ်းကုန်ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်ထားသည်။

ကိုယ်ကိုယ်တိုင်လည်း သူတို့ကို ခက်ခက်ခဲခဲ စာသင်ပေးရသည်။

မှတ်မိသေးသည်။ သူတို့ကို မြန်မာစာသင်တဲ့အချိန်။

သင်ရသည့်ဘာသာရပ်က ကဗျာလက်ရွေးစင်၊ ဦးကြော့၏ ပိတောက်ပန်းကဗျာကို သင်ရမည်ဖြစ်သည်။

ခေါင်းစဉ်က ပိတောက်ပန်း။

တပည့်တို့ ပိတောက်ပန်းကိုမြင်ဖူးလား။

အားလုံးခေါင်းခါသည်။

မေးမိတာ မှားပါသည်။ ပေပေါင်း ၅၀၀၀ ကျော်မြင့်သော ဤလိုတောင်မျိုးပေါ်တွင် ပိတောက်ပင်မရှိ။ ပိတောက်ပန်း မမြင်ဘူးတာ အဆန်းမဟုတ်။

ကျွန်တော်ကလည်း ညံ့ပါသည်။ ပိတောက်ပန်းပုံလေး တောင်မှ ပြစရာမရှိ။

ဘယ်မှာသွားရှာမလဲ။ ရန်ကုန်လှမ်းမှာဖို့လည်းမလွယ်။

*တစ်နှစ်တွင် ဒီတစ်လပေပ*

*တစ်လတွင် တစ်ရက်တည်း*



*ခက်ခဲသည့် ရက်ဗုဒ္ဓါ*

*ပွင့်ရှာကြစုံမြိုင်တွင်း။*

ကျွန်တော် ဖတ်ပြနေတာကို သူတို့ မျက်လုံးအဝိုင်းသားနှင့် နားထောင်နေကြသည်။

ဘာမျှတော့ နားလည်ပုံမပေါ်။

ဗမာစကားလည်း သူတို့ကောင်းကောင်းနားမလည်။ လိပ်ပတ်လည်အောင်လည်း မပြောတတ်ကြ။

အတန်းထဲမှာ ၁၄ ယောက်ရှိသည်။

တစ်ယောက်မျှ ကျွန်တော့်စကားကို ကြားဖူးပုံမပေါ်။

*ခက်ခဲသည့် ရက်ဗုဒ္ဓါ*

*ပွင့်ရှာကြ စုံမြိုင်တွင်း*

ထန်မွန်းမန် ကြောင်စီစီမျက်လုံးလေးနှင့် ကျွန်တော့်ကို ကြည့်နေသည်။

ရက်ဗုဒ္ဓါဆိုတာ သူတို့ ဘာမှန်းမသိ။ ရှင်းပြတော့လည်း သူတို့ဘဝနှင့် အလှမ်းဝေးသောကြောင့် နားလည်ပုံမရ သူတို့က ခရစ်ယာန်ဘာသာဝင်တွေ။ ဗုဒ္ဓနှင့်ပတ်သက်တာတွေ ဘာမျှမသိ။

ပိုဆိုးတာက နန္ဒမူ ဖန်ဂူထိပ်မှာလ၊ ပစ္စေကာ ချွေးတော်သိပ်ရတယ်၊ အေးရိပ်ဆာယာ။ ကဗျာဖတ်လိုက်၊ ရှင်းလိုက်လုပ်နေသော ကျွန်တော် ချွေးပြန်လာသည်။

သူတို့ မျက်နှာကို ကြည့်သောအခါ ဟန်မကျ။ သူတို့ မမြင်ဘူးသော ပိတောက်ပန်းကဗျာကို ဖွဲ့နွဲ့သင်ကြားနေသော

ကျွန်တော့်ကို ကြောက်သောကြောင့် ငြိမ်ပြီး နားထောင်နေပုံရသည်။

သူတို့ဘဝနှင့် ဆက်စပ်ပြီး နားလည်နိုင်ပုံမရ။

သူတို့မမြင်ဘူးသော အရာတစ်ခုကို ကျွန်တော်က ဖွတ်သင်ကြားနေသလို ဖြစ်နေသည်။

သူတို့ကို နားလည်အောင် ရှင်းမပြနိုင်သည့်အတွက် ကျွန်တော်၏ ကျောင်းဆရာဘဝတွင် အခက်ခဲဆုံးအချိန် ဖြစ်ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း ပျောက်ဆုံးနေ၏။

ငိုချင်စိတ်တောင် ပေါက်လာသည်။

အောက်ပြည်အောက်ရွာတွင် ကျွန်တော်သည် အသင်အပြကောင်းသော ဆရာ။ ဆရာသင်လိုက်လျှင် ရှင်းသွားတာပဲ။ ကျူရှင်တက်စရာတောင် မလိုဘူးဟု တပည့်တွေ၏ ချစ်ခင်လေးစားအားကိုးခံခဲ့ရသူဖြစ်သည်။

ယခုတော့ ဘယ်လိုမှ သင်မရနိုင်မှန်းသိရသောအခါ စာမေးပွဲအတွက် စဉ်းစားရတော့သည်။

သူတို့လေးတွေ မြန်မာစကားနှင့် ဝေးခဲ့တာကြာပြီ။

ဆရာတွေက ဘာသာရပ်အားလုံး ချင်းဘာသာဖြင့် ရှင်းပြတာနားယဉ်နေခဲ့ပြီ။

ယခု ကျွန်တော်ရောက်မှ မြန်မာဘာသာကို မြန်မာစကားနှင့် သင်ကြားသံကို ကြားရခြင်းဖြစ်သဖြင့် နားစိမ်းနေသည်။ အတော်ကြိုးစား နားထောင်နေရ၏။

မြန်မာလူမျိုးတောင် တော်ရုံနားမလည်နိုင်သော ပိတောက်



ပန်းကဗျာကို အခြားတိုင်းရင်းသားတွေ ဖြစ်ကြသည့် ကယား၊ ကရင်၊ မွန်၊ ကချင်၊ ရှမ်း စသည့် နေရာများတွင်လည်း ဘယ်လို သင်ကြားနေကြမည်မသိ။

သူ့နည်းသူ့ဟန်နှင့်တော့ အဆင်ပြေနေကြမည်ထင်သည်။

ကျွန်တော်က မြန်မာစာ မသင်ဖြစ်ခဲ့တာကြာပြီပဲ။

ကျောင်းဆရာဖြစ်ကတည်းက အင်္ဂလိပ်စာပဲ သင်ခဲ့ရတာဆိုတော့ မြန်မာစာ အသင်အပြမကျွမ်းကျင်တာလည်း ဖြစ်နိုင်သည်။

နောက်ဆုံးတွင် မေးခွန်းတွေ ချရေးပေးပြီး ဒီလိုမေး၊ ဒီလိုဖြေ။ အလွတ်ကျက်။ နက်ဖြန်စာပြန်မေးမည်ဆိုကာ ပွဲသိမ်းခဲ့ရ၏။

ကျွန်တော် မလုပ်ချင်ဆုံး အလုပ်ပါပဲ။

ကလေးတွေကို ဘာမှန်းမသိတာတွေ အတင်းအလွတ်ကျက်ခိုင်းပြီး စာမေးပွဲအောင်ရေး လုပ်ပေးရသည်မှာ ကျောင်းဆရာတစ်ယောက်အတွက် စိတ်အပင်ပန်းဆုံးကိစ္စပါပဲ။

ကျွန်တော် မလွှဲမရှောင်သာ လုပ်ခဲ့ရပါသည်။

အင်္ဂလိပ်စာ သင်ချိန်မှာတော့ သူတို့နှင့် ဟန်ကျ၏။

သူတို့ချင်းစာက အင်္ဂလိပ်စကားနှင့် ဖွဲ့စည်းထားသည်။

သူတို့ကိုးကွယ်သည့် ခရစ်ယာန်ဘာသာက အင်္ဂလိပ်စာနှင့် နီးစပ်သည်။ သူတို့ဓမ္မဆရာက အင်္ဂလိပ်လို ရွှတ်ဖတ် ပြောဆိုတာမျိုး သူတို့ကြားဖူးသည် နားမစိမ်း။

ထို့ကြောင့် အင်္ဂလိပ်စာသင်ရာတွင် အခြားဘာသာလောက် မခက်။

သမိုင်းဘာသာသင်ရာတွင်လည်း ပြောပြလျှင် နားလည်လွယ်သော စကားပြေဖြစ်သဖြင့် သူတို့ကျက်မှတ်နိုင်ကြသည်။

သူတို့ကို စာသင်နေရင်း ကျွန်တော့်မှာ သနားစိတ်ပိုနေသည်။

ကျူရှင်ဆိုတာ ဘာမှန်းမသိ။ စာမေးပွဲ အထူးထုတ်ဆိုတာလည်း သူတို့မကြားဘူး။ သင်ရိုးကုန်ဆိုတာလည်း ဘာကောင်မှန်းမသိ။

ကျွန်တော်က သူတို့အတွက် စာမေးပွဲအထူးထုတ်၊ သင်ရိုးကုန်စာအုပ်တွေကို ဘာသာစုံဝယ်လာပေးသည်။

ဘာသာရပ်သင်ဆရာတိုင်းကို ပေးထားသည်။

ကျောင်းရန်ငွေပုံမရှိသဖြင့် အိတ်စိုက်ဝယ်ရ၏။

ထိုစဉ်က မိဘဆရာအသင်းကြေးမှာ ကျောင်းသားတစ်ဦးလျှင် တစ်ဆယ်။ ကျောင်းသားသုံးယောက်ရှိသည့် မိဘဆိုလျှင် သုံးယောက်ပေါင်း ၂၅ ကျပ်။ ထိုငွေကို အရစ်ကျ သွင်းခွင့်ပေးထားသည်။

ကျောင်းအပ်အပ်ချင်း ၁၅ ကျပ်၊ အောက်တိုဘာလကုန်တွင် ကျန်ငွေ ၁၀ ကျပ် သွင်းရသည်။

ကျောင်းသားကလည်း နှစ်ရာကျော်ပဲရှိသည်။ တစ်ယောက် ၁၀ အကုန်ရမှ ငွေ ၂၀၀၀ိ/- ကျော်ရမည်။

၁၉၈၃/၈၆ ကာလတွင်း၌ ကျွန်တော်၏ ကျောင်းအုပ်ကြီးလစာမှာ ၅၂၅ ကျပ် ဖြစ်သည်။ ဝေးလံခေါင်ဖျား ဒေသများအတွက် ရှားပါးစရိတ် ၅၀ ကျပ် နိုင်ငံတော်က ပေးသဖြင့် ကျွန်တော်လစာ ၅၇၅ ကျပ်ရ၏။



သူ့ခေတ်သူ့အခါနှင့် သူ့လစာမှာ စားလောက်သည်။ ငွေပိုငွေလျှံတော့မရှိ။

ကျောင်းရန်ပုံငွေ မရှိတော့ လုပ်ချင်သည့် ဖွံ့ဖြိုးရေးကိစ္စတွေတော်ရုံလုပ်မရ။ အရေးထဲ အလယ်တန်းကျောင်းဆောင်ကြီးက တစ်ဖက်စောင်းနေသေးသည်။

အရှေ့ဘက်ကို ယိုင်ထိုးနေ၏။ လေးပတ်လည်တိုင်တွေနှင့် တောင်စောင်းကလေးတွင် ဆောက်ထားသောကြောင့် လေကြမ်းကြမ်းတိုက်လျှင် ယိုင်လဲသွားနိုင်သည်။

ထိုအဆောင်တွင် အလယ်တန်း ကျောင်းသူကျောင်းသား ၈၀ လောက်ရှိသည်။

အလယ်တန်းကျောင်းသား အကုန်ပါပဲ။

အလယ်တန်း ကျောင်းတစ်ကျောင်းတွင် ဤမျှလောက် ကျောင်းသားရှိရသည့် အကြောင်းရင်းမှာ နှစ်ချက်ရှိသည်။

တစ်ချက်က စာမေးပွဲကျ၍ မိဘက ကျောင်းဆက်မထား။ တောင်ယာထဲ ခေါ်သွားပြီး အလုပ်လုပ်ခိုင်းတော့သည်။

ဒုတိယအချက်က ကျောင်းသားကိုယ်တိုင်က သူ နားမလည်သောစာတွေ မဖတ်ချင်တော့ဘဲ တစ်ဖက်နိုင်ငံ နယ်စပ်သို့ ကုန်ထမ်းလိုက်သွားခြင်းပဲ ဖြစ်သည်။

ကျွန်တော့်ရွာက မှောင်ခိုလမ်းကြောင်းပေါ် ကျနေသည်။ အိန္ဒိယနိုင်ငံ နယ်စပ်နှင့်နီးသည်။ တစ်ရက်ခွဲသွားလျှင် ရောက်သည်။

အသွားအပြန် သုံးရက်ခရီးကို မှောင်ခိုပစ္စည်းသယ်ပိုးပေးလျှင်

၅၀ ကျပ်ရသည်။ တစ်လကို ၅၀၀ ကျပ်လောက် ရနိုင်သည်။ ကလေးတွေက ငွေကို မြင်ပြီး အားကျသည်။

ကျောင်းမတက်တော့ဘဲ အထမ်းသမားလုပ်တော့၏။

ထို့ကြောင့် ကျောင်းမှာ ကျောင်းသားဦးရေနည်းရသည်။

ကျောင်းသားဦးရေများလာအောင် ငါ ဘာလုပ်ရမလဲဟု ကျွန်တော် အမျိုးမျိုး စဉ်းစားနေမိတော့သည်။

❖ ❖ ❖



## အပိုင်း - ၁၈

### အိုးရောင်စစ်ဆင်ရေး

နောက်တစ်နေ့တွင် ကျွန်တော်အစည်းအဝေးခေါ်သည်။

ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် ကျေးရွာပါတီစိတ် အတွင်းရေးမှူးကို ဖိတ်ထားသည်။

ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းနှင့် ဆရာ၊ ဆရာမ အားလုံးပါသည်။

ထိုစဉ်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ဖြစ်သဖြင့် ပါတီစိတ် အတွင်းရေးမှူးက အရေးပါသည်။ သူမပါဘဲ၊ သူမသိဘဲ လုပ်၍မဖြစ်။

အစည်းအဝေးတွင် အိမ်ခြေ ၅၀၀ ကျော်ရှိသော ရွာကြီး တစ်ရွာတွင် ကျောင်းသား ၂၀၀ သာသာလေးရှိသည်မှာ မဖြစ်သင့်။ တစ်အိမ်တစ်ယောက် ကျောင်းသားမရှိသည့် ပုံစံမျိုးဖြစ်နေသည်။

အနည်းဆုံးတော့ လိုင်တွီးရွာ အလယ်တန်းကျောင်းတွင် ကျောင်းသား ၅၀၀ လောက်တော့ရှိသင့်သည်။

ကျောင်းသားဦးရေ တိုးပွားများပြားအောင် ဝိုင်းဝန်းအကြံ ပေးကြပါဟု ကျွန်တော်က စတင်ဆွေးနွေးဖိတ်ခေါ်လိုက်သည်။

ကျောင်းသားတွေက ခက်တယ်၊ ကျောင်းမတက်ချင်ကြဘူး။ သူတို့ မျက်စိထဲမှာ ကျောင်းတက်ပြီး ဘာမှ ထူးတာမတွေ့ဘူး။ တစ်ဝက်တစ်ပျက်နဲ့ စာမေးပွဲကျ ကျောင်းထွက်ပြီး အထမ်းသမား လုပ်ကြရတာပဲဆိုတော့ စောစောစီးစီး ပိုက်ဆံရအောင်ပဲ လုပ်တော့ မယ်လို့ တွေးထားကြပုံရတယ်။

ကျေးရွာကောင်စီဥက္ကဋ္ဌကြီးက ညည်းတွားပြောဆိုသည်။

ဥက္ကဋ္ဌကြီးပြောတာ အမှန်ပဲ။ မိဘတွေကလည်း သူ့သားသမီးကို ကျောင်းသွားပြီး အချိန်ဖြုန်းတာ မကြိုက်ဘူး။ ကျောင်းတက်နေရင် တောင်ယာမသွားချင်ကြတော့ဘူး။ အဝတ်အစားဖိုး၊ စာအုပ်ဖိုး ရေနံဆီဖိုးတွေကလည်း ကုန်ဦးမယ်။ ကျောင်း မထားဘဲ၊ အထမ်းသမားလုပ်၊ တောင်ယာသွားမှ ဗိုက်ပြည့်အောင် စားနိုင်မှာလို့ ပြောနေကြတယ်။

ရပ်ကွက်ဥက္ကဋ္ဌတစ်ဦးက ကျေးရွာဥက္ကဋ္ဌကြီးကို ထောက်ခံပြီး ပြောနေ၏။

ကျောင်းသားများအောင် ဘယ်လိုလုပ်ရမလဲဟု ဘယ်သူမှ အကြံမပေးနိုင်ကြ။

နောက်ဆုံးတွင် ကျွန်တော်၏ စိတ်ကူးအကြံဉာဏ်ကို



တင်ပြသည်။ ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးကြပါ။ ပါတီ၊ ကောင်စီမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံသည်။

ပါတီ၊ ကောင်စီကလည်း ကျွန်တော့်အကြံဉာဏ်ကို လက်ခံသည်။

လိုင်တွီးရွာသည် အိမ်ခြေ ၅၀၀ ကျော်၊ လူဦးရေ ၅၀၀၀ ကျော်ရှိသည့် ရွာကြီးတစ်ရွာဖြစ်သည်။ ရပ်ကွက်ကြီး ၁၁ ရပ်ကွက် ရှိသည်။

အိမ်တိုင်းတွင် ကျောင်းနေအရွယ် ကျောင်းသားများ ရှိနေကြလိမ့်မည်။

ကျောင်းနေအရွယ် ကျောင်းသားတိုင်း ကျောင်းတက် ကြရမည်။ မိဘများက ကျောင်းထားပေးရမည်။ ကျောင်းထားမပေးပါက ကျောင်းသားတစ်ဦးလျှင် ဒဏ်ကြေးငွေ ၂၀၀ ပေးဆောင်ရမည်။

ငွေကြေးချို့တဲ့၍ ကျောင်းမထားနိုင်သော မိသားစု ရှိပါက ခြွင်းချက်အနေဖြင့် ကင်းလွတ်ခွင့်ပေးရန် စဉ်းစားပေးမည်။

ဤကျောင်းသားဦးရေ တိုးပွားရေးကိစ္စကို ဆီမီးရောင် စစ်ဆင်ရေးဟု အမည်ပေးသည်။

| | |
|---|---|
| အဖွဲ့ဥက္ကဋ္ဌ | – ပါတီစိတ်အတွင်းရေးမှူး |
| ဒုဥက္ကဋ္ဌ | – ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ |
| အတွင်းရေးမှူး | – ကျောင်းအုပ်ကြီး လိုင်တွီး အ–လ–က |
| တွဲ/အတွင်းရေးမှူး | – အလယ်တန်းပြဆရာတစ်ဦး |
| အဖွဲ့ဝင် | – အလယ်တန်းပြ ဆရာကိုယ်စားလှယ် |

အဖွဲ့ဝင် – မှုလတန်းပြဆရာ ကိုယ်စားလှယ်
အဖွဲ့ဝင် – ရပ်ကွက်ဥက္ကဋ္ဌ ၁၁ ဦး

စုစုပေါင်း ၁၇ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

ထိုအဖွဲ့မှ အဖွဲ့ခွဲ၍ ရပ်ကွက် ၁၁ ရပ်ကွက်ကို တစ်အိမ်တက်ဆင်း စစ်ဆေးပြီး စာရင်းကောက်မည်။

ကျောင်းနေနိုင်သည့်ကလေး စာရင်းရပြီးပါက မိဘက ကျောင်းပို့မပို့ ရပ်ကွက်ဥက္ကဋ္ဌများမှတစ်ဆင့် စိစစ်မည်။ တွေ့ရှိပါက ဒဏ်ကြေး ၂၀ဝိ/–ကောက်ခံ၍ ကျေးရွာကောင်စီမှ လိုင်တွီးအလကသို့ လှူဒါန်းရန် ဆုံးဖြတ်လုပ်ကိုင်ကြသည်။

ထိုစဉ်က ဒဏ်ကြေး ၂၀ဝိ/– မှာ အတော်များသည်။ တီးတိန်မှ လိုင်တွီးသို့ ကုန်တစ်ပိဿာထမ်းပါက တစ်ကျပ်သာရသည်။ လူတစ်ယောက်လျှင် ပျမ်းမျှ ၁၅ ပိဿာ ထမ်းကြသည်။

တောင်ပေါ်လမ်း ၁၂ မိုင်ခန့်ဝေးသော တီးတိန်လိုင်တွီး တစ်ခေါက်ထမ်း ၁၅/– ရလျှင် ငွေ ၂၀၀ ကို ၁၃ ခေါက်လောက် ထမ်းရလိမ့်မည်။

ကျောင်းသားတစ်ယောက် ကျောင်းမထား၍ ဒဏ်ငွေ ၂၀ဝိ/–ပေးဆောင်ရလျှင် တီးတိန်လိုင်တွီးခရီးကို ကုန်ချိန် ၁၅ ပိဿာ ၁၃ ခေါက်လောက် ထမ်းသည်နှင့် ညီမျှ၏။

ပေးရမှာ နင့်နေသဖြင့် ကျောင်းသို့ အပြေးအလွှား လွှတ်ကြသည်။

ကျွန်တော်ရောက်ပြီး တစ်နှစ်ကျော်အကြာ ဒုတိယနှစ်



ကျောင်းဖွင့်စတွင် လုပ်လိုက်သဖြင့် ကျောင်းသားဦးရေ ၁၀၀ ကျော် တိုးလာသည်။

စုစုပေါင်း ကျောင်းသား ၃၀၀ ကျော် ဖြစ်လာသည်။

ထိုကိစ္စကို ဆီမီးရောင် စစ်ဆင်ရေးအမည်ဖြင့် ချင်းပြည်နယ် သတင်းစဉ်သို့ သတင်းရေးပို့လိုက်ရာ ပါလာသည်။

အုတ်အော်သောင်းနင်း ဖြစ်ကုန်၏။

ကျွန်တော်ကို ထောက်ခံသူလည်း ရှိသည်။ မကြိုက်ကြသူလည်း ရှိလိမ့်မည်။

သို့သော် ကျွန်တော့်စေတနာမှန်၍ လိပ်ပြာသန့်သည်။

အရမ်းအခက်အခဲရှိပြီး ကျောင်းမထားနိုင်သူများကိုတော့ ရွာလူကြီးများနှင့် တိုင်ပင်ပြီး ကင်းလွတ်ခွင့်ပေးသည်။

တစ်ဖက်က အမိန့်အာဏာဖြင့် ဖိကုပ်နတ်ပြည်တင်သလို အခြားတစ်ဖက်တွင်လည်း ကျွန်တော် စည်းရုံးရေး ဆင်းရသည်။

ရွာတွင် ဘာသာရေးအဖွဲ့ ၈ ဖွဲ့ရှိသည်။

အမည်နာမ မတူသလို ရည်ရွယ်ချက် စည်းမျဉ်းစည်းကမ်းတွေလည်း မတူကြ။

ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် ကိုးကွယ်ကြသည်။ အများစုက ခရစ်ယာန်ဖြစ်သော်လည်း ဝေဗလီ၊ နှစ်ခြင်းအသင်းတော်၊ ရိုမန်ကက်သလစ်စသဖြင့် အသင်းအဖွဲ့ ကွဲကြသည်။

ကိုယ့်ဘုရားကျောင်းနှင့်ကိုယ် ဝတ်ပြုကိုးကွယ်ကြသည်။

ကျွန်တော်က ထိုဘုရားကျောင်းအားလုံးသို့ ဆက်သွယ်ပြီး

ပညာရေးနှင့်ပတ်သက်၍ တနင်္ဂနွေတစ်ရက်တွင် ရှင်းလင်းပြောကြားလိုကြောင်း မေတ္တာရပ်ခံသည်။

အသင်းအဖွဲ့အားလုံးက ကျွန်တော့်စေတနာနှင့် လုပ်ရပ်ကို နားလည်ကြသဖြင့် သူတို့ဘုရားကျောင်းတွင် ကျွန်တော့်အား လာရောက်ဟောကြားပေးပါရန် ဖိတ်ကြားကြသည်။

ကျွန်တော်က ဆရာငွလ်ခန့်အင် အားကိုးဖြင့် ဘုရားကျောင်းများသို့ သွားရောက်ဟောပြောသည်။

ခရစ်ယာန်ဓမ္မသစ်ကျမ်းကို ကျွန်တော် အစအဆုံး ဖတ်ရှုလေ့လာပြီး ပညာရေးနှင့်ပတ်သက်သည့် ဘုရားသခင်၏ မိန့်မှာချက်တွေကို ကောက်နုတ်ဟောပြောသည်။

အထူးသဖြင့် ဆာလံကျမ်းကို ကိုးကား၍ ကျွန်တော် ဟောပြောသည်။

မိတ်ဆွေတို့ .. ဘုရားသခင် အလိုတော်အရ ဒီနေရာကို ကျွန်တော် လာရောက်ဟောပြောရခြင်းဖြစ်ပါတယ်။

အခုလို မိတ်ဆွေတို့နှင့် တွေ့ကြုံဆုံစည်းခွင့်ရပြီး စကားပြောခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို အောက်မေ့ချီးမွမ်းပါတယ်။

အိမ်တစ်အိမ်မှာ ပညာမတတ် စာမဖတ်တတ်သူ၊ တစ်ဦးတစ်ယောက်မျှ ရှိမနေသင့်ပါဘူး။

အဲ့ဒီလိုရှိနေမယ်ဆိုရင်လည်း ဘုရားသခင်က နှစ်သက်ကျေနပ်လိမ့်မယ် မထင်ဘူး။



လူတိုင်းလူတိုင်း စာတတ်စာဖတ်ပြီး အသိဉာဏ်ရှိမှသာလျှင် ဘုရားသခင်ကို အကြွင်းမဲ့ယုံကြည်ပြီး ဘုရားသခင်ရဲ့ သားသမီးအစစ်တွေ ဖြစ်ကြပါလိမ့်မယ်။

စာတတ်စာဖတ်ပြီး အသိဉာဏ်နဲ့ စဉ်းစားဆင်ခြင်နိုင်မှ ဘုရားသခင်ရဲ့ ကရုဏာတရားကို ခံစားနားလည်နိုင်မှာ ဖြစ်ပါတယ်။

ပညာမတတ်ဘဲ ဘုရားသခင်ရဲ့ အမှုတော်ကိုထမ်းဖို့ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။

ဘုရားသခင်ကို မျက်စိမှိတ် ရမ်းသန်းယုံကြည်နေတာထက် ဘုရားသခင်ရဲ့ ဘုန်းတော်၊ မေတ္တာ၊ ကရုဏာတော်တွေကို အသေအချာသိရှိနားလည် ယုံကြည်လက်ခံဖို့ ပိုအရေးကြီးပါတယ်။

ဘုရားသခင်ကို ယုံကြည်သူမှန်သမျှ ဘာကြောင့် ယုံကြည်ကိုးကွယ်ရတယ်ဆိုတာ အသေအချာသိနားလည်ဖို့ ပညာဗဟုသုတရှိရမှာ ဖြစ်ပါတယ်။

အိမ်တစ်အိမ်မှာ ပညာဉာဏ် နုံ့နဲ့သူများရင် အဲ့ဒီအိမ်ရဲ့ ဖွံ့ဖြိုးတိုးတက်၊ အောင်မြင်ပျော်ရွှင်မှု နည်းပါးပါတယ်။ ရပ်ကွက်၊ ကျေးရွာမှာလည်း ဒီအတိုင်းပါပဲ။

ဒါကြောင့် လူတိုင်း စာတတ်အောင် ပညာသင်ကြပါ။ မိဘတွေက သားသမီးကို ကျောင်းထားပေးကြပါ။

ဆာလံကျမ်းထဲက စာပိုဒ်အချို့ကို ကိုးကားပြီး ကျွန်တော် တတ်သလောက် မှတ်သလောက် လိုက်လံဟောပြောခဲ့ပါသည်။

ဆီမီးရောင်စစ်ဆင်ရေး အောင်မြင်သည်ဟု ဆိုနိုင်သည်။

ကျွန်တော်၏ လိုင်တွီးအလက ကျောင်းအုပ်တာဝန် ထမ်းဆောင်သည့် တတိယနှစ်စတွင် ကျောင်းသား ၃၆ရ ယောက် ရှိလာသည်။

ကျောင်းရောက်လာသော ကျောင်းသားများကိုလည်း ကျောင်းနေပျော်၍ စာတော်အောင် သူတို့ကျောင်းနေချင်အောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားရပါသည်။

သူတို့အတွက် ကျောင်းဥယျာဉ်လေးတစ်ခုတည် ဆောက် ပေးချင်သည်။ အနားယူအပန်းဖြေ စာဖတ်ဖို့အတွက်ပါလေ။

❖ ❖ ❖



# အပိုင်း - ၁၉

## ငိုဇန်ပန်းဥယျာဉ်

ထိုအချိန်တွင် မြို့နယ်ပညာရေးမှူးရုံးမှ စာရောက်လာသည်။ စိမ်းလန်းစိုပြည်ရေး စီမံချက်ကို အကောင်အထည်ဖော်ရန် ညွှန်ကြားသည်။

ကျောင်းတိုင်းလိုက်နာဆောင်ရွက်ရမည့် အမိန့်ဖြစ်သည်။

ကျောင်းသူ ကျောင်းသားများအတွက် စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်လိုအပ်သည်။ ကျောင်းတိုင်းလိုလို ပန်းဥယျာဉ်လေး ရှိသင့်သည်။

ကျောင်းသည် သစ်ပင်တွေ စိမ်းစိမ်းစိုစိုနှင့် တောအုပ်ကလေးတစ်ခု ဖြစ်နေသင့်သည်။ စာကြိုးစားနေကြသော စာသင်၊ စာကျက်နေရသော ကျောင်းသားကျောင်းသူများအတွက် မျက်စိအေးစရာ လှပစိမ်းစိုသော အပင်လေးတွေရှိသင့်သည်။

ပြီးတော့ သစ်ပင်က အရိပ်ရသည်။ အပူဒဏ်ကို အံတုနိုင်သည်။

သူတို့လေးတွေ သစ်ပင်အောက်မှာ ဆော့ကစားကြပါစေ။ သစ်ပင်ရိပ်မှာ စာဖတ်ကြပါစေ။ ပန်းပင်လေးတွေကြားမှာ အလှအပကို ခံစားနိုင်ကြပါစေ။

ကျောင်းဆရာတစ်ယောက်အနေနှင့် သစ်ပင်ပန်းပင်သည် ကျောင်းအတွက် အရေးပါသည်ကို ယုံကြည်လက်ခံသောကြောင့် ထိုစိမ်းလန်းစိုပြည်ရေး စီမံချက်ကို အကောင်အထည်ဖော်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။

အမိန့်ကြောင့် မဟုတ်ဘဲ နှလုံးသားအသိဖြင့် ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားသည်။

သို့သော်လည်း ချင်းတောင်တန်းပေါ်တွင် အပင်စိုက်ရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်။

အထူးသဖြင့် ကျွန်တော့်ကျောင်းဝင်း။

စိုက်ပျိုးရန်မြေမရှိ။ နေရာမရှိ။ ပန်းခြံလုပ်ရန် ကျွန်တော့်အိမ်ရှေ့က တောင်ကုန်းတစ်ခုပဲမြင်သည်။

ထိုတောင်ကုန်းကလေးက မြေစိုမြေပျော့မဟုတ်။

ကျောက်သားကဲ့သို့ မာကျောနေသော ကျောက်သားမြေမာဖြစ်သည်။ အပေါ်ယံကျောက်လွှာကို ခွာချပြီး မြေသားပေါ်အောင် တူးရမည်။ ပေ ဘယ်လောက်နက်အောင် တူးရမည်မှန်း ကျွန်တော် မသိ။ ကျွန်တော့်ကျောင်းသားတွေနှင့်တော့ လုပ်၍မရနိုင်။



ထို့ကြောင့် ပါတီစိတ်အတွင်းရေးမှူးနှင့် ကျေးရွာ ပြည်သူ့ကောင်စီဥက္ကဋ္ဌထံသို့ ကျွန်တော် ပြေးရသည်။

သူတို့နှင့်ညှိနှိုင်းပြီး ရွာလုံးကျွတ် အစည်းအဝေးခေါ်သည်။

အစည်းအဝေးတွင် ကျွန်တော်က မြို့နယ်ပညာရေးမှူးရုံးမှ ပေးပို့သော အမိန့်စာကို ဖတ်ပြသည်။

ကလေးတွေအတွက် စိမ်းလန်းစိုပြည်ပန်းဥယျာဉ်လေးတစ်ခု တည်ဆောက်ပေးချင်သော ကျွန်တော့်ဆန္ဒနှင့် စိတ်ကူးကိုလည်း တင်ပြသည်။

ပါတီ၊ ကောင်စီက ကျွန်တော့်ကို အားပေးသည်။

တစ်ရွာလုံးအလှည့်ကျ ဝိုင်းတူးပေးမည်။ ဆရာကြီး ဖြစ်စေချင်သလို သူတို့ကူညီဆောင်ရွက်ပေးမည်ဟု ဆိုသည်။

တကယ်လည်း တစ်ရွာလုံး တညီတညွတ်တည်း ဝိုင်းတူးပေးကြ၏။ ရပ်ကွက် ၁၁ ရပ်ကွက်ကို တစ်ရပ်ကွက် တစ်ရက်တူးပေးကြသည်။

လုပ်အားပေးသူ တစ်ရပ်ကွက်ကို လူတစ်ရာနီးပါးခန့်ရှိသည်။

ပေါက်တူးတွေ ပေါက်ချွန်းတွေနှင့် လာကြ၏။

ပေါက်တူးက အလုပ်မဖြစ်။ ပေါက်ချွန်းတွေနှင့် ကျောက်သားတွေကို ခွဲရသည်။ ချလွင် ချလွင်နှင့် အသံမြည်ပြီး မီးပွင့်သည်။

အတော် ခဲရာခဲဆစ်တူးရသည်။ လက်တွေလည်း ပေါက်ပြဲကုန်ကြ၏။ တစ်နေကုန် လူ ၁၀၀ နီးပါး လုပ်တာတောင် တောင်ကုန်းက မပြိုချင်သေး။

ရက်ပေါင်း ၂၀ ကျော်လောက်တူးမှ မြေသားပေါ်လာသည်။ တစ်ရွာလုံး လုပ်အားဖြင့် တည်ဆောက်ရသော ပန်းဥယျာဉ်လေး ဖြစ်ပါသည်။ အလျားပေ ၁၀၀၊ အနံ ပေ ၅၀ လောက်ရှိမည်။

မြေပြန့်မှာကဲ့သို့ ရိုးရိုးပန်းဥယျာဉ် မဟုတ်။ မြေဆီလွှာ ထိန်းသိမ်းရာရောက်အောင် လှေကားထစ်သုံးဆင့်ထားပြီး စိုက်ပျိုးရန် ဖြစ်သည်။

တစ်ရွာလုံး တက်ညီလက်ညီ အင်တိုက်အားတိုက် တူးဖော် ပေးကြသဖြင့် ကျွန်တော် ရွာကို ချစ်သွားသည်။ အရေးအကြောင်းရှိလျှင် ကူညီဖို့ လက်မနှေးကြသော လိုင်တွီးရွာသားများကို ကျေးဇူး အထူးတင်မိသည်။

ထိုကျေးဇူးကိုဆပ်ရန် သူတို့သားသမီးများကို ကျောင်း နေပျော်ပြီး စာတော်အောင် ကျွန်တော်လုပ်ပေးရမည်။

ယခုတော့ တစ်ရွာလုံးအတွက် ဂုဏ်ယူစရာ ပန်းဥယျာဉ် လေးဖြစ်အောင် ကျွန်တော် အကောင်အထည်ဖော်ရဦးမည်။

ကျွန်တော် တစ်ယောက်တည်းတော့ လုပ်လို့မရ။ ကျွန်တော် က အကြံဉာဏ်ပေးလမ်းညွှန်မည်။ ကျွန်တော့်အကြံကို အကောင် အထည်ဖော်ပေးရသူ တစ်ယောက်တော့ရှိရမည်။

ထိုတစ်ယောက်ကား မူလတန်းပြဆရာ ဦးကမ်လျန်ထန်း။ ဘွဲ့ရပညာတတ်။ ချင်းအမျိုးသား လူငယ်တစ်ဦးဖြစ်သည်။ အသက် ၂၅ နှစ်ခန့်ရှိသည်။

တက်တက်ကြွကြွရှိပြီး စာသင်ကောင်းသူ တစ်ဦးလည်း



ဖြစ်၏။ ကလေးတွေနှင့် ရင်းရင်းနှီးနှီး ရောရောနှောနှောနေသဖြင့် ကလေးတွေအပေါ် သြဇာရှိသည်။

သူ့ကို ဆရာထန်ပီးဟု ချစ်စနိုး ခေါ်ကြသည်။

ကျွန်တော်က အသက် ၃၁ နှစ်၊ သူက အသက် ၂၅။ တက်တက်ကြွကြွရှိနေသည့် လူငယ်အရွယ်များဖြစ်ကြသဖြင့် ဖွံ့ဖြိုးရေးကိစ္စ အတော်များများ လက်တွဲလုပ်ဖြစ်ကြသည်။

ကျွန်တော် အားကိုးရသော ဆရာတစ်ဦးလည်း ဖြစ်၏။

ရွာသားတွေ တူးဖော်ပေးထားသော မြေအရိုင်းတွေကို ကျွန်တော်တို့ နွားချေး မြေသြဇာထည့်ရသည်။

အသင်းလေးသင်း အမှတ်ပေးစနစ်ဖြင့် နွားချေးတွေကို စုရသည်။

ကလေးတွေက ၄က်ပျောပင်စည်ဖတ်များကို အိတ်သဖွယ် လုပ်ပြီး နွားချေးတွေကို သယ်လာပေးကြ၏။

ပန်းမျိုးစေ့တွေကိုတော့ ဆရာထန်ပီး အစီအစဉ်ဖြင့် ပြင်ဦးလွင် ရုက္ခဗေဒပန်းဥယျာဉ်မှ ဝယ်ခဲ့ကြသည်။

ပထမအဆင့်ကိုတော့ ရောင်စုံမြေလျှောက်ပန်းတွေနှင့် အလှဆင် စိုက်ပျိုးထားသည်။ နှစ်ပေမြင့်သော လှေကားထစ်အဆင့် တစ်ခုလုံး ပန်းတွေနှင့်ဝေအောင် စိုက်ပျိုးထား၏။

ဒုတိယဆင့်တွင် ကျောက်ခက်ပင်ကို ပတ်ချာလည် စိုက် သည်။ ယခုမှ အပင်ပေါက်စိုက်လျှင် အရိပ်ရအောင် ဒုကြာကြီး စောင့်ရဦးမည်။ ကျွန်တော် မစောင့်နိုင်။

ထို့ကြောင့် ကျောက်ခက်တစ်ပင်ကို အမှတ် ၅၀ ပေးမည်။ ကိုယ့်ဘာသာ အသင်းလိုက် ရှာကြံစိုက်ပျိုးကြဟု အသင်းခေါင်းဆောင်ဆရာတွေကို တပ်လှန့်လိုက်သည်။ အနည်းဆုံး ၅ ပေအမြင့်ရှိရမည်ဟု သတ်မှတ်ပေးလိုက်သည်။

ဂင်ဆွန်လျန်း၊ ဂိုလ်ထန်ခုပ်၊ ထန်မွန်းမန် စသည့် ကျောင်းသားကြီးတွေက တီးတိန်မြို့မှ သွားသယ်ကြသည်။

လိုင်တွီးရွာနှင့် တီးတိန်သည် ၁၂ မိုင်ဝေးသည်။ မြေပြန့်မဟုတ်။ တောင် ၉ တောင်ကို ဖြတ်ကျော်ရသည့် တောင်ပေါ်လမ်း၊ ပေပေါင်း ၅၂၆၀ ကျော်မြင့်သည့် တောင်ပေါ်မှ မဏိပူရမြစ်အထိ ဆင်းရသည်။

မြစ်ကိုဖြတ်ကျော်ပြီး ပေပေါင်း ၅၂၆၀ ကျော်ပြန်တက်ရသည်။ ၅ ပေ အမြင့်ရှိသော ကျောက်ခက်ပင်တစ်ပင်ကို ရွာအရောက် သယ်ပိုးလာရသည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်။

အရမ်းကို ပင်ပန်းသည်။ တော်ရုံဖွဲ့နှင့်မလွယ်။

တစ်ခေါက်လည်းမဟုတ်၊ နှစ်ခေါက် သုံးခေါက်သယ်ရသည်။

သူတို့ကို ကျွန်တော် အရမ်းသနားသည်။

အခြားရွေးချယ်စရာ နည်းလမ်းမရှိ၍သာ ဤနည်းကို နိုင်းရသည်။ ကျွန်တော်ကိုယ်တိုင် မလုပ်နိုင်သောကိစ္စ၊ သူတို့ လုပ်ကြသည်။ ကျောင်းအတွက် ရွာအတွက် ဂုဏ်ယူစရာ ဖြစ်မည်မှန်းသိ၍ လုပ်ကြသလော။ သို့မဟုတ် ဆရာနိုင်းသမျှ တာဝန်ကျေလုပ်ပေးချင်သော တပည့်လိမ္မာစိတ်ကြောင့်လော။



ဘာပဲဖြစ်ဖြစ် သူတို့လုပ်အားကြောင့် ပန်းဥယျာဉ်လေး အလှတိုးသွားသည်။

တစ်ရစ်ပြီးတစ်ရစ်၊ ရောင်စုံပန်းများဖြင့် အလှဆင်ပြီး ကျောက်ခက်ပင်၊ တောင်ထင်းရှူးပင်များဖြင့် အနားသတ် ထားသည်မှာ သာယာလှပ၏။

ကျောင်းသား ကျောင်းသူများက အသင်းလိုက် အမှတ်ရအောင်၊ သူတို့၏ စစ်တပ်သုံး ဟန်ကောထမင်းချိုင့်များဖြင့် ရေသယ်လာပြီး လောင်းကြ၏။

စင်စစ်သော် ထိုအချိန်က လိုင်တွီးသည် ရေအလွန်ရှားသောရွာဖြစ်သည်။ လူဦးရေကများပြီး ရေကနည်းနေသဖြင့် ရေအလုံအလောက်မရ။

သူတို့လေးတွေက တောထဲတောင်ထဲသွားပြီး စမ်းချောင်းလေးတွေရှာကာ ရေသယ်လာကြရ၏။ ခရီးကမနီး။ တောင်ဆင်းတောင်တက်ဖြင့် ဟိုးအဝေးကြီးက ရေသယ်လာကြရသည်။

သည်လိုနှင့် ပန်းဥယျာဉ်လေးသည် ၆ လအတွင်း စိမ်းလန်းစိုပြည်လှပလာတော့၏။ ပန်းဥယျာဉ်ထဲတွင် ကျွန်တော်က ထိုင်ခုံလေးတွေ လုပ်ထားပေးသည်။ ကျောင်းမတက်မီ ထိုင်စာဖတ်ကြ။ ပေါင်းသင် ရေလောင်းလုပ်သူက လုပ်ကြနှင့် နေ့တိုင်း လူစည်ကားနေသည်။

စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် ရွာထဲက အပျို လူပျိုများက ဓာတ်ပုံဆရာခေါ်လာပြီး ပန်းတွေကြားထဲတွင် ဓာတ်ပုံရိုက်ကြ၏။

နွားတွေမြင်းတွေ မဝင်အောင် ခြံစည်းရိုးခတ်ထားပေးရသည်။

ပန်းတွေဝေဆာလှပနေသော နေ့တစ်နေ့တွင် တီးတိန်မြို့မှ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် လူမှုရေးတာဝန်ခံကို ဖိတ်ကြားပြီး ပန်းဥယျာဉ်ဖွင့်ပွဲလုပ်သည်။

ဖိုဖန်ပန်းဥယျာဉ်ဟု ချင်းလိုအမည်ပေးသည်။ မြန်မာလို တော်ဝင်ပန်း။

ထိုပန်းဥယျာဉ်သည် တစ်ရွာလုံး၏ ချွေး၊ တစ်ကျောင်းလုံး၏ လုပ်အားဖြင့် တည်ဆောက်ထားသည့်အတွက် ရွာနှင့်ကျောင်း၏ စည်းလုံးညီညွတ်မှု ပြယုဂ်လည်းဖြစ်သည်။

လိုင်တွီးရွာ၊ လိုင်တွီးကျောင်း၏ စိမ်းလန်းစိုပြည်အလှ မြေလည်း ဖြစ်သည်။ ဂုဏ်ယူဝင့်ကြွားစရာ ရွာကျက်သရေလည်း ဖြစ်ပါသည်။

❖ ❖ ❖



# အပိုင်း - ၂၀

## ကခုန်နေသောဂုံသံများ

ယနေ့နံနက်စောစော နှင်းတွေဝေနေသည်။ ချမ်းလည်း အလွန်ချမ်းနေသည်။ အိပ်ရာမှမထချင်။

နာရီကြည့်လိုက်တော့ ၇ နာရီ ထိုးနေပြီ။

သည်အချိန်မှ မထလျှင် ကျောင်းနောက်ကျတော့မည်။ အိပ်ရာထ ရေသောက်၊ မျက်နှာသစ်၊ သွားတိုက်ရဦးမည်။

ပြီးတော့ တောင်ကုန်းလေးပေါ်တက်ပြီး လေ့ကျင့်ခန်း လုပ်ရမည်။

တောင်ကုန်းလေးပေါ်သို့ ကျွန်တော်ရောက်သည့်အခါ နေမမြင်ရသေး။ မြူနှင်းတွေ အုံ့ဆိုင်းပြီး မှုန်မှိုင်းနေသည်။

တောင်တန်းကြီးများကို မြူနှင်းတွေကြားထဲမှ ခပ်ဝါးဝါး မြင်ရသည်။ အေးစက်စက်လေတွေကလည်း ဘယ်အရပ်က တိုက်ခတ်နေမှန်းမသိ။ ချမ်းစိမ့်လှသည်။

အအေးဒဏ်ကိုခံနိုင်ရန် သွေးပူလေ့ကျင့်ခန်း ခပ်မြန်မြန် လုပ်ရသည်။

အသက်ဝဝရှူပြီး ပါးစပ်ဟလိုက်သောအခါ တိမ်တွေလား၊ မြူတွေလားမသိ။ ပါးစပ်ထဲ၊ နှာခေါင်းထဲ တိုးဝင်သွားကြကုန်၏။ စိတ်ထဲမှာ တိမ်ညွှန့်တွေ စားနေရသလိုပဲ။

ဒီလိုအရသာမျိုး ဒီတောင်ပေါ်ကိုရောက်လို့ ခံစားရတာ အရောက်တော်ပေစွဟု အကောင်းမြင်စိတ်ဖြင့် တွေးနေမိသေးသည်။

ကြာကြာတွေး၍မရ။ ထမင်းပြန်ချက်ရဦးမည်ကို သတိရပြီး တောင်ကုန်းလေးပေါ်မှ အပြေးဆင်းခဲ့ရ၏။

မီးဖိုထဲတန်းဝင်ပြီး ထမင်းအိုးတည်ဖို့လုပ်ရသည်။ ထမင်းအိုးထဲ ဆန်နို့ဆီဘူးတစ်လုံးထည့်ပြီး ဆန်ဆေးရသည်။

အေးစက်စက်ရေကို ထိကိုင်လိုက်ရသဖြင့် လက်တွန့်သွားသေးသည်။

ဆန်ဆေးပြီး မီးမွှေးရတော့မည်။ ထင်းတွေကြည့်လိုက်တော့ အစိုပြန်နေကြသည်။ ထုံးစံအတိုင်း ထင်းတွေကို ဖိုခုံလောက်ဆိုင်ထားပြီး အလယ်တွင် ထင်းရှူးစိတ်ကလေးတွေ ထည့်သည်။

ထို့နောက် ထင်းရှူးချောင်းလေး တစ်ချောင်းကို မီးရှို့ပြီး မီးဖိုအလယ်သို့ ထည့်လိုက်၏။ ထင်းရှူးချောင်းတွေ မီးစွဲပြီး



မီးတောက်တွေ ထွက်လာသည်။ ထိုမီးတောက်တွေ ထင်းချောင်းကြီးတွေကို ဝင်ပူးပြီး မီးစွဲအောင်လုပ်ကြ၏။

သို့သော် ထင်းချောင်းတွေက အစိုပြန်နေသဖြင့် သူတို့အင်အားနှင့်မနိုင်။ မစို့မပို့အလုပ်ခံရသဖြင့် ထင်းတွေကလည်း ငိုကုန်ကြသည်။

မီးခိုးတွေကလည်း အူထွက်လာသဖြင့် အလိုလိုနေရင်း ကျွန်တော် မျက်ရည်သုတ်နေရသည်။ စိတ်ပျက်လက်ပျက်လည်း ဖြစ်ရသည်။

အလုပ်ကို ကျားကုတ်ကျားခဲ လုပ်ချင်သော ယောက်ျားတစ်ယောက်အနေဖြင့် ထမင်းအိုးတည်ဖို့ မီးမွှေးရတာ အတော်စိတ်ညစ်ဖို့ကောင်းသည်။ ကိုယ်မကျွမ်းကျင်သော ဘာသာရပ်ကို အလွတ်ကျက်မှတ်နေရသည့် ကျောင်းသားတစ်ယောက်နှင့် အလွန်တူသည်။

သို့သော် ယောက်ျားဆိုတာ အခက်အခဲတွေ၍ နောက်ဆုတ်ပြေးရသော သတ္တဝါမျိုးမဟုတ်။ ထိုအခက်အခဲကို ထိပ်တိုက်ရင်ဆိုင် အောင်မြင်ကျော်လွှားသွားရမည့် လူသားတစ်ယောက်ဖြစ်၏။

သို့ဖြစ်၍ အရှုံးမပေးလိုသော စိတ်ဓာတ်ဖြင့် ထင်းရှူးဆီချောင်းများ ထပ်ထပ်ထည့်ပြီး အကြိမ်ကြိမ် မီးမွှေးရတော့သည်။

ကိုယ်ရဲ့ကြိုးစားမှုရလဒ်ကို မျက်ရည်များကြားမှ မြင်တွေ့လိုက်ရ၏။ မငိုဘဲ မျက်ရည်သုတ်ခဲ့ရသောဘဝကို တစ်ချိန်ချိန်မှာတော့ ပြန်အမှတ်ရနေမိဦးမှာပဲဟု တွေးနေမိသေးသည်။

ဝမ်းရေးအတွက် တိုက်ပွဲဝင်နေရသဖြင့် ထိုနေ့က ကျွန်တော် ကျောင်းနောက်ကျသွားသည်။

ကျောင်းရှိရာ တောင်ကုန်းလေးပေါ်သို့ တက်လာသောအခါ ချင်းရိုးရာဗုံသံကို စတင်ကြားရ၏။

ငါ့ကျောင်း ငါမသိဘဲ ပုံတွေတီးပြီး ကခုန်နေကြရော့သလား။ ဘယ်သူတွေလဲ။ အတ္တမာနက ထောင်းခနဲ ထွက်လာသည်။

ငါ ဆရာကြီး။ ငါလူကြီး။ ငါမသိဘဲ ငါ့ကို မပြောဘဲ သူတို့ထင်သလို လုပ်နေကြသလား။

မခံချင်စိတ်ကို အတ္တမာနက ဆွပေးလိုက်သည်။ မခံချင် စိတ်က ဒေါသကို ဖိတ်ခေါ်လိုက်သည်။

ကျောင်းပေါ်သို့ ခြေသံပြင်းပြင်းနင်းတက်သွားသည်။

မြင်ကွင်းက ထင်သလိုမဟုတ်။ ကာယတာဝန်ခံဆရာ ဦးပေါင်ခန့်ခုပ်က စားပွဲတစ်လုံးပေါ်က ပုံတီးနေသည်။

တစ်ကျောင်းလုံးက ကျောင်းသူ/သားတွေက ဗုံသံ နောက်လိုက်ပြီး ကာယလေ့ကျင့်ခန်းတွေ လုပ်နေကြသည်။

ကျောင်းရှေ့မြေကွက်လပ်က ကျက်သရေရှိသည့် မြင်ကွင်း။

နောက်ကနေ ကျွန်တော် ရပ်ကြည့်နေသည်။

တပည့်တွေက ဗုံသံအလိုက် ပုံစံပြောင်းလုပ်ကြသည်။ ညီညီညာညာ ဖြစ်နေပြီ။ အတော်ဟုတ်နေပါရော့လား။

ယခင်က ဝီစီသံဖြင့် ကာယလေ့ကျင့်ခန်းလုပ်ကြသည်။ ထိုစဉ်ကတည်းကပ အတော်ဟန်ကျနေသည်။



ကျောင်းတိုင်းတွင် ကာယလေ့ကျင့်ခန်းတွေ လုပ်ရမည်ဟု ညွှန်ကြားစာရတော့ ကျွန်တော်က ကာယဆရာကို တာဝန်ပေးသည်။ ကာယဆရာက အမိန့်စာနှင့် ပူးတွဲပါလာသော ကာယလေ့ကျင့် ခန်းများကို သူကိုယ်တိုင် အရင်လုပ်ကြည့်သည်။

သူ့ကိုယ်သူ ယုံကြည်မှုရှိပြီး လုပ်နိုင်သောအခါ ကျောင်း ရှေ့မြေကွက်လပ်တွင် တပည့်တွေစုဝေးစေပြီး ကာယလေ့ကျင့်ခန်းတွေ လုပ်ပြသည်။

သွေးပူလေ့ကျင့်ခန်းစ။

တစ်၊ နှစ်၊ သုံး၊ လေး။

ငါး၊ ခြောက်၊ ခုနှ်၊ ရှစ်၊

ရှစ်၊ ခုနှ်၊ ခြောက်၊ ငါး

လေး၊ သုံး တစ်မျိုးပြောင်း။

စသည့်အသံများဖြင့် ကာယလေ့ကျင့်ခန်း ၁၆ မျိုးကို လုပ်နေတာကို ကျွန်တော်မြင်တွေ့ကြားခဲ့ရ၏။

ကျောင်းစုဝေးပွဲ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးသည့် တနင်္လာနေ့မှလွဲ၍ ကျန်သည့် ၄ ရက်တွင် ကာယလေ့ကျင့်ခန်း လုပ်လာခဲ့သည်မှာ လအတန်ကြာပြီ။

ထိုကာယလေ့ကျင့်ခန်းကိုလည်း ပြိုင်ပွဲအသွင်ဖန်တီးပြီး အသင်းလိုက် အမှတ်ပေးနေသဖြင့် ကျောင်းသားတွေက တက်တက် ကြွကြွရှိလှသည်။

နေ့စဉ် ကိုယ့်အသင်းနိုင်ရန် ကြိုးပမ်းအားထုတ်ကြသည်။

ပထမတော့ အသံနှင့်အမိန့်ပေးသည်။

တပည့်တွေက လေ့ကျင့်ခန်းတွေ ကျေညက်သွားသောအခါ ဝီစီမှုတ်ပြီး အချက်ပေးသည်။

ယခုတော့ ချင်းရိုးရာဗုံတီးပြီး အချက်ပေးလုပ်နိုင်သော အဆင့်ကို ရောက်နေပြီကိုး။

ဗုံသံကြားပြီး လူတွေက ကခုန်နေသလို မြင်ရသဖြင့် ကခုန်နေသော ဗုံသံများဟု ကျွန်တော်စာဖွဲ့ချင်သည်။

ကာယဆရာပေါင်ခန့်ခုပ် တော်ပါပေ၏။

သူ၏ကြိုးပမ်းအားထုတ်မှု အရာထင်သည်။

တပည့်တွေကလည်း ပျော်ပျော်ရွှင်ရွှင် လုပ်ချင်နေကြ၏။ နိုင်ငံတော်၏ ပညာရေးစီမံချက်တွေကိုလည်း အောင်မြင်အောင် အကောင်အထည် ဖော်ပေးရာရောက်သည်။

စာမသင်မီ သွေးပူလေ့ကျင့်ခန်း လုပ်ပေးလိုက်သဖြင့် စာသင်ရတာ ပိုတက်ကြွလန်းဆန်းနေမည်။

ဤလို ရည်ရွယ်ချက်ကောင်းတွေနှင့် လှုပ်ရှားသက်ဝင်နေသော ကျောင်းလေးတစ်ကျောင်း ဝေသီမြင့်မားသော တောင်ထိပ်ဖျားပေါ်တွင် ရှိနေသည်ကို ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ သိမှ သိကြပါလေစ။ ကျွန်တော် မဆီမဆိုင် လျှောက်တွေးနေမိသေးသည်။

ဒါ ငါ့အလုပ်မှမဟုတ်တာ။ သူတို့သိအောင် ငါလုပ်နေတာမှ မဟုတ်ဘဲ။ ငါ့သွေးချင်းသားချင်းတွေ ပြည်မနဲ့ တပြေးညီ ဖွံ့ဖြိုး တိုးတက်လာအောင် ငါ လုပ်နေတာပဲ။



ငါ့အလုပ် ငါလုပ်တာ ဘာလို့ မဆိုင်တာတွေ လျှောက်တွေးနေသလဲ .. ကိုယ့်ဘာသာ ပြန်ဆုံးမနေရ၏။

နောက်ကကြည့်ပြီး ရှေ့ကကြည့်ချင်သေးသဖြင့် ရှေ့ကို ကျွန်တော်အရောက်သွားသည်။

ဆရာကြီး ရှေ့ကကြည့်နေမှန်းသိသဖြင့် ဗုံသံက ပိုကျယ်လာ သလို သူတို့လေးတွေ ပိုတက်ကြွလာသလိုပဲ။

ဩော် .. သူတို့လည်း လူကောင်လေးတွေဆိုတော့ လူကြီးရဲ့ အသိအမှတ်ပြုခံချင်ကြမှာပဲလေ။

လူကြီးတစ်ယောက်အနေနဲ့ ငါ့တာဝန်က သူတို့ကို ဂရုတစိုက် ကြည့်ရှုအားပေးပြီး အသိအမှတ်ပြု ချီးကျူးပေးဖို့ပဲ။ မကြာခင် ကာယလေ့ကျင့်ခန်း ၁၆ မျိုးစလုံး ပြီးဆုံးသွားသည်။

ကျွန်တော်ကိုယ်တိုင် အစအဆုံး ကြည့်ထားသဖြင့် ဒီတစ်ကြိမ်ကို ကျွန်တော်ကိုယ်တိုင်ပဲ ပ၊ ဒု၊ တ ရွေးချယ်ပေးလိုက်သည်။

ကျောင်းအုပ်ကြီးကိုယ်တိုင် စစ်ဆေးရွေးချယ်ပေးမည်ဆိုသဖြင့် သူတို့မျက်လုံးလေးတွေ ပိုကျယ်သွားပုံရသည်။

သူတို့လေးတွေက ဗုံသံနားထောင်ပြီး ညီညီညာညာဖြင့် အသံတိတ် လုပ်ကိုင်သွားသောကြောင့် ကျွန်တော် နှစ်သက်သဘော ကျနေသည်။ သူတို့၏ လုပ်နိုင်စွမ်းရည်ကိုလည်း ချီးကျူး၏။

ထို့ကြောင့် ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလအသင်း လေးသင်းစလုံးကို ပူးတွဲပထမ ပေးလိုက်ကြောင်း ကျွန်တော် ကြေညာပေးလိုက်၏။

ဟေး •• ဟူသော ဝမ်းသာအော်ဟစ်သံက တစ်ကျောင်းလုံး ညံသွားသည်။

ကာယဆရာ ဦးပေါင်ခန့်ခုပ်တစ်ယောက် မျက်နှာ ဝင်းပပြုံးရွှင်နေတော့၏။ သူ့တပည့်တွေ၏ အောင်မြင်မှုကို ခံစားပီတိဖြစ်ကာ ကျေနပ်ဝမ်းသာဖြစ်နေပုံရသည်။

တပည့်တွေကလည်း သူတို့အားလုံးညီသည်။ ကောင်းသည်။ ပထမရသည်ဆိုသဖြင့် ဝမ်းသာပျော်ရွှင်နေ၏။

ကျွန်တော်က သူတို့အသံ တိတ်ဆိတ်သွားချိန်တွင် စကားသုံးခွန်းပြောပြီး ချီးကျူးလိုက်သည်။

မင်းတို့အားလုံး တော်တယ်။

မင်းတို့လုပ်တာ ကောင်းတယ်။

ဘာမဆို မင်းတို့ လုပ်နိုင်တယ်။

သူတို့က ကျွန်တော့်စကားကြောင့် ပိုအားတက် ပျော်ရွှင်သွားကြသည်။ သူတို့ အပျော်တွေက ကျွန်တော့်ကိုပါ ကူးစက်သွားသဖြင့် ကျွန်တော်လည်း ပျော်သွားသည်။ ထိုပျော်ရွှင်မှုကမှ တကယ့်ပျော်ရွှင်မှုဖြစ်မှန်း နှစ်ကြာလေလေ သိလာလေလေပါပဲ။

❖ ❖ ❖



## အပိုင်း - ၂၁

## ရေလောင်းအိမ်သာစီမံကိန်း

မနေ့က သန့်ရှင်းရေးဝန်ထမ်း ခင်ဆွေမှန်ယူလာသော ရုံးစာများကို ထိုင်ဖတ်နေမိသည်။

ကျွန်တော့်အတွက် ကိုယ်ရေးကိုယ်တာ စာမလာ။

ဘာစာမှမလာသဖြင့် ညကတည်းက စိတ်ပိန်နေခဲ့သည်မှာ ယခုထိ။

စာမျှော်ရသည့်ရောဂါသည် ကုရခက်၏။

ထိုစဉ်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲ၏။ တီးတိန်မြို့ပေါ်သို့ RTC ကားကြီးများသာ တက်၏။ အခြားကားမရှိ။

ထို့ကြောင့် စာအသွားအလာကြာသည်။ စာတစ်စောင်ကို ကျွန်တော့် ရွာအရောက် တစ်လနီးပါး ကြာမြင့်သည်။

ကိုယ်ကသာ ရေးပို့ရသည်။ ကိုယ့်စာ စာပြန်ရေးသူမရှိ။ ကိုယ့်မိသားစုနှင့် ကိုယ့်မိဘကလွဲ၍ စာလာစရာမရှိ။ သူငယ်ချင်းတွေနှင့်လည်း အဆက်အသွယ်ပြတ်နေ၏။

ရေးလိုက်သည့်စာတွေကလည်း တစ်ခါတစ်ရံ လမ်းမှာ ပျောက်နေသေးသည်။ ကျွန်တော့်အိမ်ကို တစ်လလေးစောင် ရေးသော်လည်း တစ်စောင်နှစ်စောင်သာရသည်ဟု ဆိုသည်။

ဘယ်နေရာမှာ ပျောက်သွားမှန်းမသိ။ ရွာကို လူကြုံ ထည့်ပေးလျှင် ပျောက်မှာစိုးသဖြင့် ခင်ဆွင်းမုန်ကို အပတ်စဉ် သောကြာနေ့တိုင်း သွားယူခိုင်းသည်။

ခင်ဆွင်းမုန် ပြန်လာ၍ စာပါလာလျှင် အလွန်ဝမ်းသာပျော်ရွှင်ရသည်။ စာပါမလာလျှင် စိတ်မော၏။

ရံဖန်ရံခါ အမေက စာရေးသည်။ တောထဲတောင်ထဲတွင် ကျွန်တော်တစ်ယောက်တည်း နေရမှန်းသိ၍ အားငယ်မှာစိုးသောကြောင့် ကျွန်တော့်ကို အားပေးစာရေးခြင်း ဖြစ်ပုံရသည်။

အမေ့စာလာလျှင် ကျွန်တော် အလွန်ပျော်သည်။

အမေက လေးတန်းနှင့် ကျောင်းထွက်ရသဖြင့် သတ်ပုံသတ်ညွှန်း မှန်ကန်စွာ မရေးနိုင်။ သို့သော် သူရေးချင်တာတွေ ဖွဲ့.ဖွဲ့.နွဲ့.နွဲ့.ရေးတတ်သည်။ ငယ်ငယ်ကအကြောင်းတွေ အမေပြန်ရေးပြလျှင် ဖတ်ရသူမှာ မျက်ရည်ကျရ၏။



ကျွန်တော် စိတ်အားငယ်မှာစိုးသဖြင့် အမေအားပေး စာများရေးသည်။ ကြာတော့ အမေ့စာကို ကျွန်တော်မျှော်မိသည်။

သို့သော် အမေ့စာလည်းမလာ။ ဘာစာမှလည်း မပါသဖြင့် တစ်ပတ်တစ်ခါ ရှင်သန်ခဲ့ရသော ကျွန်တော့်မျှော်လင့်ချက်တစ်ခု ပြိုပျက်လဲကျသွားခဲ့ရသည်။

အားတင်း၍ ရုံးစာများကို ကျွန်တော် ဖတ်နေရသည်။

ထိုအထဲတွင် ထူးထူးခြားခြား စာတစ်စောင်ပါလာသည်။

ကျောင်းများတွင် ရေလောင်းအိမ်သာ တပ်ဆင်ရေးစီမံချက်။

ကျွန်တော်မရောက်ခင်က ကျင်းအိမ်သာပဲရှိသည်။ ကျွန်တော်လည်း လုပ်စရာတွေများနေသဖြင့် အိမ်သာဘက်ကို မလှည့်အား။

ယခုတော့ အမိန့်စာလာပြီ။ ကျောင်းတွင် ရေလောင်းအိမ်သာ တပ်ရမည်တဲ့။

ထိုစာကို ဆရာများ အစည်းအဝေးတွင် ကျွန်တော် ဖတ်ပြတော့ မလွယ်ဘူးထင်တယ် ဆရာကြီးဟု ပြောကြသည်။

အိမ်သာတစ်လုံးဆောက်ဖို့ ငွေချပေးထားတာမရှိ။ ကျောင်းရန်ပုံငွေကလည်း နတ္ထိ။

ငွေမရှိဘဲ ဘာမှမလုပ်နိုင်။ သို့သော် ငွေထက် ရေက အရေးပိုကြီးသည်။

ရေလောင်းအိမ်သာဆိုပြီး ရေမရှိလျှင် ညစ်ပတ်အိမ်သာ ဖြစ်သွားနိုင်သည်။

ခက်တာက လိုင်တွီးရွာတွင် ရေရဖို့က မလွယ်။

ကျောင်းအုပ်ကြီးကိုယ်တိုင် တစ်နေ့ရေတစ်ပုံးပဲရသည်။ ကျောင်းရေလောင်းအိမ်သာအတွက် ရေဘယ်ကရမည်နည်း။

ကျောင်းဆရာများ အစည်းအဝေးတွင် ဘာဆုံးဖြတ်ချက်မျှ ချ၍မရ။ မဖြစ်နိုင်ဘူးဟုပဲ ဆိုနေကြသည်။

သူတို့ပြောတာ လက်တွေ့ကျသည်။ ရေအမြဲတမ်းရရှိဖို့က အတော်ခက်ခဲမည်။ မလွယ်ရေးချမလွယ်။

နောက်တစ်နေ့တွင် မိဘဆရာအသင်း အလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေးခေါ်သည်။

ရေလောင်းအိမ်သာ စီမံချက်ကို ကျွန်တော်ဖတ်ပြသည်။

သူတို့အကြံဉာဏ်ကောင်းကြည့်သည်။ သူတို့ဆိုသည့်အထဲ တွင် ကျေးရွာကောင်စီဥက္ကဋ္ဌနှင့် ပါတီစိတ် အတွင်းရေးမှူးပါသည်။

ကျွန်တော် စကားအဆုံးတွင် ကျေးရွာကောင်စီဥက္ကဋ္ဌက ခက်တော့ခက်တယ်နော် ဆရာကြီး။ ကျွန်တော်တို့ရွာမှာ ရေရဖို့ မလွယ်ဘူး။ ဆရာကြီး အသိပဲလေ။

မလွယ်မှန်းတော့ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဝန်ထမ်းဖြစ်နေတယ်။ ဝန်ထမ်းဆိုတာ အထက်က အမိန့်ပေးခိုင်းစေရင် အဆင်ပြေ အောင်မြင်အောင် အကောင်အထည်ဖော်ပေးရပါတယ်။

အခုလည်း စာနဲ့အမိန့်ထုတ်ပြီး ခိုင်းတဲ့ကိစ္စကို ရေမလွယ် လို့ မလုပ်နိုင်ပါဘူး ပြောလို့မဖြစ်သင့်ပါဘူး။ ကျွန်တော်ဖြစ်အောင် လုပ်ရမှာပါပဲ။ လိုအပ်တဲ့အကူအညီကိုသာ ကျွန်တော့်ပေးကြပါ။

ဆရာကြီးက မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုမှတော့ ကျွန်တော်



တို့ကလည်း မဖြစ်ဖြစ်အောင် ကူညီရမှာပါ။ ဒါ ကောင်းတဲ့ကိစ္စပဲ။ ကျွန်တော်တို့ လိုက်နာ အကောင်အထည်ဖော်ရမှာပေါ့။

ပါတီစိတ်မှူး၏ အားပေးစကားကြားတော့ ကျွန်တော် အားတက်သွားသည်။

ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် အသေးစိတ် စီစဉ် ထားပါတယ်။ ကျွန်တော့်အစီအစဉ်ကို နားထောင်ပြီး ဝိုင်းဝန်း ဆွေးနွေးပေးကြပါ။ လိုအပ်တာရှိရင် ဝိုင်းအကြံဉာဏ်ပေးကြပါ။

ကျွန်တော်က စဉ်းစားထားသော အချက်အလက်များကို အစည်းအဝေးတွင် တင်ပြလိုက်သည်။

အားလုံးက သံသယဖြင့် သဘောတူကြသည်။

ဆရာကြီးပြောသလို ဖြစ်မှဖြစ်ပါ့မလား။

သူတို့လုပ်ပေးနိုင်တာ လုပ်ပေးကြမည်။ သို့သော် နေ့စဉ် ရေမှန်မှန်ရအောင် လုပ်ပေးဖို့ကမလွယ်။

ရေလောင်းအိမ်သာအတွက် ရေက အဓိကကျနေသဖြင့် ရေမရဘဲနှင့်တော့ ဘယ်လိုအောင်မြင်နိုင်မလဲ။

သူတို့က ကျွန်တော် တင်ပြသော အချက်များကို အားလုံး လက်ခံသည်။

ရေလောင်းအိမ်သာ ၄ လုံး ဆောက်မည်။ ကျား (၂)၊ မ (၂) လုံး။

ကုန်ကျစရိတ် အနည်းဆုံးဖြင့် ဆောက်ပေးနိုင်သော လက်သမား ရှာဖွေပေးရန်။

ကုန်ကျစရိတ်ကို ပါတီကောင်စီမှ တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးရန်။

ဥက္ကဋ္ဌရွာလူကြီးက အိမ်သာ ၄ လုံး ဆောက်ပေးဖို့မပူနှင့်။ သစ်သားလည်း ရှိသည်။ ကျောင်းမှာ သွပ်အဟောင်းတွေလည်း ရှိသည်။ လက်သမားလွှတ်ပြီး ဆောက်ခိုင်းရုံပဲ။ အိမ်သာခွက်ကလည်း ကျေးရွာကျန်းမာရေးဌာနက ထုတ်ပေးလိမ့်မည်။

အရေးကြီးသည့်ရေကိုတော့ ဆရာကြီးစဉ်းစားကြည့်ပါဦး။ အမြဲတမ်းရရှိနိုင်မယ့် နည်းလမ်းရှိလျှင် ပြောပါ။ ကျွန်တော်တို့လုပ်နိုင်တာ လုပ်ပေးဖို့ အသင့်ပါပဲ။

နောက်ဆုံးတော့ ရေကိစ္စ ကျွန်တော့်ခေါင်းပေါ် ရောက်လာသည်။

ကျွန်တော် ချက်ချင်း အဖြေမပေးနိုင်။

ကျွန်တော့်အိမ်က ယခင်လုပ်ထားပြီး ရေလောင်းအိမ်သာကို ကျွန်တော်တစ်ယောက်တည်း သုံးရန်အတွက် ရေတစ်အိုးပဲရသည်။

ကျွန်တော့်ခွဲတမ်း ဘာလီပုံးတစ်ပုံးစာထဲမှ ခွဲဝေ သုံးရခြင်းဖြစ်သည်။

တစ်ကျောင်းလုံးအတွက် ရေဘယ်လိုလုပ်မလဲ။

ပြီးတော့ ရေထည့်ဖို့အိုး ဘယ်မှာရှာမလဲ။

ကလေးမြို့သို့ ဆင်းဝယ်လျှင်တော့ အိုး ၄ လုံး ရနိုင်သည်။

သို့သော် ထိုအိုးကို မကွဲမရှအောင် ရွာအရောက် သယ်ယူဖို့စရိတ်စက အတော်ကြီးသည်။ အိုးတန်ဖိုးကလည်း မသေးလှ။



ကျွန်တော် ဘာလုပ်ရမှန်းမသိ။

အစည်းအဝေးပြီးကတည်းက တစ်နေကုန် စဉ်းစားနေမိသည်။

ဖြစ်နိုင်ခြေများစွာကို ထည့်သွင်းစဉ်းစားသော်လည်း ကျေနပ်လောက်ဖွယ် အဖြေမရ။ ကျောင်းဆင်း အိမ်ပြန်ရောက်တော့လည်း ထိုကိစ္စက ခေါင်းထဲဝင်နေသည်။ ထုတ်ပစ်လို့မရ။

ကျောင်းမှာ နေ့စဉ်ရေရအောင် ဘယ်လိုလုပ်ရမည်နည်း။

ကျောင်းနှင့်အနီးစပ်ဆုံး ရေပိုက်က ကျွန်တော့်အိမ်ပဲဖြစ်သည်။

ကျွန်တော်တောင် တစ်နေ့ ဘာလီပုံးတစ်ပုံးပဲရတာဆိုတော့ ကျောင်းအိမ်သာ ၄ လုံးအတွက် ဘယ်လိုရနိုင်မလဲလေ။

ပြီးတော့ ကျောင်းက တောင်ကုန်းလေးပေါ်မှာ တည်ရှိနေတာ။ ကျွန်တော့်အိမ်က တောင်ကုန်းအောက်မှာ။ အနိမ့်မှာ ရှိနေတဲ့ ကျွန်တော့်အိမ်က ရေသွယ်ပိုက်ကလေးက တောင်ကုန်းပေါ်က ကျောင်းကလေးဆီ ဘယ်လိုရောက်နိုင်မလဲလေ။

မဖြစ်နိုင်တာကို စိတ်ကူးယဉ်နေတာလားဟု ကိုယ့်ကိုယ်ကိုယ်ပြန်ဆန်းစစ်မိသည်။

ဘယ်လိုမှ ရေမရနိုင်တဲ့နေရာမှာ ရေလောင်းအိမ်သာသုံးခိုင်းတာ မဖြစ်နိုင်ပါဘူးဟု အထက်ကို အစီရင်ခံလိုက်ရမလား။

ရေသွယ်ပိုက်ဟာ ရေရနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းလား၊ အခြားနည်းလမ်းတွေကော မရှိနိုင်တော့ဘူးလား။

ထိုအခါ အလယ်တန်းပြဆရာ ဦးကမ်ခန့်လျန်နှင့် ကျားကစားကြတာ ပြန်အမှတ်ရမိသည်။

သူနှင့် ကျွန်တော် လက်ရည်တူသဖြင့် ကစားလို့ကောင်းသည်။ သူနိုင်ငါနိုင် အပြိုင်ကြဲကြရသည်။ တစ်ကွက်မှားလျှင် ရှုံးတော့၏။

တစ်နေ့ ကျားကစားနေစဉ် ကျွန်တော်က အပေါ်စီးရနေသည်။ သူ့ကျားကောင်တွေကို ကျွန်တော် ထိန်းချုပ်ထားနိုင်သည်။ ကျွန်တော်နိုင်မှာပဲဟု အပိုင်တွက်ထားသည်။

ဒီတစ်ခါတော့ ဆရာရှုံးပြီ။ ကယ်သူ ကင်းဝေး ကျားကလေးတွေ သနားစရာ ကောင်းလှချေ၏ဟု ကျွန်တော်က မခံချင်အောင် စသည်။

ထိုစဉ် သူက မထင်မှတ်သော အကွက်တစ်ကွက် ရွှေ့လိုက်သဖြင့် ကျွန်တော့်တိုက်စစ်ပြိုသွားသည်။ ကျွန်တော် လုံးဝ မျှော်လင့်မထားသော တိုက်ကွက်။

ဆရာကြီး အမျိုးမျိုးရှိတယ်နော်ဟူသော ချင်းသံလေးလေးကြီးနှင့် ပြောလိုက်သော သူ့စကားအဆုံးတွင် ကျွန်တော်တို့၏ ကျားပွဲကလည်း သရေဖြစ်သွားတော့၏။

အမျိုးမျိုးရှိတယ်နော်ဟူသော သူ့စကားကို ကျွန်တော် အမှတ်ရစဉ်းစားနေရင်း အတွေးတစ်ခုရသွား၏။

ရေဆိုတာ ရေသွယ်ပိုက်တစ်ခုတည်းက ရနိုင်တာမှမဟုတ်ဘဲ။ ရေထည့်ဖို့ဆိုတာလည်း မြေအိုးတစ်မျိုးတည်းမှ မဟုတ်တာ။ အမျိုးမျိုးရှိနိုင်တာပဲဟူသော အတွေးက ကျွန်တော့် ဦးနှောက်ကို ပွင့်သွားစေသည်။



ထို့ကြောင့် နောက်တစ်နေ့ ကျောင်းစုဝေးပွဲတွင် တပည့်တွေကို ကျွန်တော်ကြေညာလိုက်သည်။

အိမ်သာ ၄ လုံးမှာ ထားဖို့ ရေထည့်စရာ အိုး ၄ လုံး ယူလာလို့ရတယ်။ ဘူးသီးခြောက်တစ်လုံးကို အမှတ် ၅၀ ပေးမယ်။ ယူလာတဲ့သူရဲ့အသင်းကို အမှတ်တွေ ပေါင်းပေးမယ်။

အဲ့ဒီဘူးသီးအိုးတွေထဲကို အသင်းလိုက်ရေထည့်ရမယ်။ အိမ်သာကို တာဝန်ကျအသင်းက ရေဖြည့်သန့်ရှင်းရေးလုပ်ရမယ်။ ဆရာကြီးကိုယ်တိုင် လိုက်စစ်မယ်။ ရေရှိမယ်။ သန့်ရှင်းမယ်ဆိုရင် အမှတ် ၅၀ ပေးမယ်။ ရေမရှိ မသန့်ရှင်းရင် နောက်တစ်နေ့မှာ အမှတ်မရတဲ့အပြင် တာဝန်မကျေပွန်တဲ့ အသင်းအဖြစ် သတ်မှတ်ကြေညာခံရမယ်။

ကျွန်တော့်စကားကြားသော ဆရာတပည့်တွေ လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ အမှတ်လိုချင်ကြသဖြင့် ဘူးသီးခြောက်တွေ အများကြီး သယ်လာကြ၏။ ဘူးသီးခြောက် အကြီးတစ်လုံး ပါလာတိုင်း ကျွန်တော်က အမှတ် ၅၀ ပေးသည်။ ထိုဘူးသီးခြောက်ကို ခေါင်းဖြတ်လိုက်လျှင် အိုးကဲ့သို့ ရေထည့်၍ရသည်။

ထိုဘူးသီးခြောက်အိုးထဲသို့ တာဝန်ကျအသင်းသားတွေက ဟန်းကောတွေ ချိုင့်တွေနှင့် သယ်ယူလာသော ရေတွေနှင့် ဖြည့်ကြသည်။

သည်လိုနှင့် ရွာသူကြီးလာဆောက်ပေးသော နေ့ချင်းပြီး ရေလောင်းအိမ်သာတွင် ရေအိုးနှင့် ရေအပြည့်။ ပြီးတော့ ဘူးသီး

ခြောက်အသေးလေးတွေကို ထက်ခြမ်းခြမ်းထားသော ခွက်ကလေးတွေ ပါရှိသေးသည်။

ကလေးတွေ၏ လုပ်နိုင်စွမ်းအားကို ရွာလူကြီးတွေ အံ့သြနေကြတော့၏။

မည်သည့်အခက်အခဲမဆို ကျော်လွှားလိုစိတ် ပြင်းထန်ပြီး အားကြိုးမာန်တက်လုပ်ဆောင်လျှင် မပြီးမြောက်နိုင်သော အရာမရှိ။

ချင်းတောင်တန်းပေါ်မှ ရခဲ့သော ဘဝသင်ခန်းစာတစ်ခု ဖြစ်ပါ၏။

❖ ❖ ❖



# အပိုင်း - ၂၂

## အားကစားပြိုင်ပွဲ ယှဉ်ပြိုင်နွှဲစရာ

အောက်တိုဘာလအတွင်းရှိ သီတင်းကျွတ် ကျောင်းပိတ်ရက်သည် ဘာကြောင့်ပိတ်မှန်း တပည့်တွေက မသိ။ သူတို့ ဆီမှာ သီတင်းကျွတ်ပွဲတော်နဲ့ ပတ်သက်၍ ဘာခံစားမှုမျှမရှိ။ ကျောင်းပိတ်၍ ပျော်တာပဲသိသည်။

သူတို့ကပျော်ပြီး ကျွန်တော်က အဖော်မဲ့ အထီးကျန်ဖြစ်၊ အိမ်အိုကြီးထဲမှာ တစ်ယောက်တည်းနေ၊ ဘာမျှလုပ်စရာမရှိသဖြင့် စာအုပ်ဟောင်းတွေ ပြန်ဖတ်။ ပြီးတော့ ဝတ္ထုတွေ တစ်ပုဒ်ပြီး တစ်ပုဒ်ရေး။ ဒါပဲပေါ့။

မိသားစုရှိရာ မော်ဘီပြန်ချင်သော်လည်း ကျောင်းပိတ်ရက်က တိုတို လမ်းစရိတ်က များများ၊ ဟန်မကျ။

အိမ်အိုကြီးထဲတွင် အဖော်မဲ့စွာ သည်လိုပဲ နေရတော့မည်။

ကိုယ်နှင့် ကျားထိုးဖက်ဆရာလည်း သူ့မိသားစုရှိရာ တီးတိန်သို့ ပြန်သွားပြီ။ ကျန်ဆရာ ဆရာမများလည်း သူ့နည်းသူ့ဟန်နှင့် ပြန်သွားကြပြီ။ ဘယ်ပြန်ကုန်ကြသလဲ မသိ။

ထိုအခါမှ အဖော်ဆိုတာ ဘယ်လောက်တန်ဖိုးရှိမှန်း ကိုယ်တွေ့ကြုံပြီး သိခဲ့ရ၏။

ယခုနေသာ အဖော်တစ်ယောက် အနားမှာရှိလျှင် ထိုသူ့ကို အကြိုက်ပေးပေါင်းမိမှာ သေချာသည်။

ထိုသူ ကိုယ့်နားမှာနေချင်အောင် တတ်နိုင်သမျှ ကြိုးစားမိလိမ့်မည်ထင်သည်။

အဖော်၏တန်ဖိုးကို မသိကြသူများကတော့ ကိုယ့်ဘေးနားက ကိုယ့်ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် အကြောမတည့် စကားပြောဟန်မကျ။ ဘာမဟုတ်တာလေးနှင့် စကားများရန်ဖြစ်မခေါ်မပြော။

ဘယ်လောက်များ အပါဘိသနည်း။ အဖော်တစ်ယောက်ဆိုတာ လွယ်လွယ်နှင့်ရမည်များ ထင်သလားမသိ။

ကျွန်တော်ကတော့ အထီးကျန် အဖော်မဲ့စွာ နေခဲ့ရသဖြင့် အဖော်၏ တန်ဖိုးကို အသေအချာသိခဲ့ပြီ။

သို့သော် ကံကြမ္မာက မျက်နှာသာမပေးသဖြင့် ရင်းရင်းနှီးနှီး စကားပြောဖော်မရှိ။ ကျောင်းသားကျောင်းသူ တပည့်များနှင့်သာ ပျော်ပွဲဖွဲ့ရသည်။



သူတို့လေးတွေနှင့် ချစ်ခင်ရင်းနှီးစွာနေသောအခါ သူတို့လေးတွေကို ကျောင်းပျော်စေချင်သည်။ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကတစ်ဆင့် အတွေ့အကြုံ ဗဟုသုတရစေချင်သည်။

သူတို့၏ ကာယ၊ ဉာဏဖွံ့ဖြိုးရေးအတွက် အားကစားနှင့် နီးစပ်အောင် ဖန်တီးပေးရမည်။

စားပွဲရှည်တစ်လုံးကို ပင်ပေါင်ခုံအဖြစ် အသုံးပြုပြီး ပင်ပေါင်ကစားခိုင်းသည်။

ကျောင်းတောင်ဘက်တွင် ဘော်လီဘောကွင်းဖောက်ပြီး ဘောလီဘော ကစားခွင့်ပေးသည်။

ကျောင်းအောက်ဘက်တွင် ဘောလုံးကွင်းရှိသဖြင့် ဘောလုံးကစားကြသည်။

ကျောင်းသူလေးတွေကတော့ အဆောင် ၃ ဆောင်ကြားထဲ မြေကွက်လပ်တွင် ထုပ်ဆီးတိုးကြသည်။

ကလေးတွေကတော့ မွမ်နီးကစားကွင်းလေးထဲတွင် စီးဆော့နှင့်လျှော ကစားကြသည်။

ပန်းဥယျာဉ်ထဲတွင် လိုက်တမ်းပြေးတမ်း ကစားကြသူများလည်း ရှိကြ၏။

ကျောင်းရောက်သည်နှင့် အပူအပင်ကင်းမဲ့စွာ ပြေးလွှားဆော့ကစားနေကြတော့သည်။

သူတို့လေးတွေကိုကြည့်ကာ ကျွန်တော်လည်း ပျော်သလိုဖြစ်လာ၏။

ကျောင်းကို လိုက်လံစစ်ဆေးသောအခါ တာဝန်ကျ ကျောင်းသူ/သားများက သန့်ရှင်းရေးလုပ်နေကြ၏။ တချို့က ကျောင်းဆောင်ထဲတွင် တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ပြေးလွှားဆော့ကစားနေကြ၏။

ဆူညံလွန်းသဖြင့် သူတို့ကို ကျောင်းဆောင်ထဲ မဆော့ရန် ဟန့်တားဖို့ စိတ်ကူးလိုက်မိသေးသည်။

သို့သော် လက်တွေ့တွင် မတားမြစ်မိခဲ့။

လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ရှိကြပါစေလေ။ ကျောင်းဆိုတာ စာသင်ချိန်မဟုတ်ရင် တိတ်ဆိတ်နေရတဲ့ နေရာမျိုးမှ မဟုတ်တာ။

သည်လောက်အေးတဲ့နေရာမှာ သူတို့ကို တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်လေး နေနိုင်းဖို့မှ မဖြစ်နိုင်တာ။

လှုပ်လှုပ်ရှားရှားနှင့် သွေးပူပြီး နွေးနွေးထွေးထွေး ရှိနေကြပါစေ။

ကိုယ့်နားထဲဆူညံနေတာ ကားဘော်ဒီရိုက်နေတာမှ မဟုတ်တာ။ ကလေးတွေ ပျော်ရွှင်လို့ အော်ဟစ်နေတဲ့ အသံပဲဟာ။

ပျော်ရွှင်လို့ ဆူညံတာမျိုးကိုတော့ လက်ခံပေးရမှာပဲလေ။

ကိုယ်က ကျောင်းတစ်ကျောင်းလုံးကို ပျော်ရွှင်စွာ သက်ဝင်လှုပ်ရှားအောင် ဖန်တီးပေးရမယ့် လူသားဥယျာဉ်မှူးကြီးပဲမဟုတ်လား။

ထိုအတွေးနှင့် ကျောင်းပြတင်းပေါက်ကို မေးတင်ပြီး ကျွန်တော်ငေးနေ၏။



ကျွန်တော့်အနားသို့ အားကစားဆရာ ဦးပေါင်ခန့်ခုပ် ရောက်နေမှန်းမသိ။

ဆရာက အဟမ်းဆိုပြီး ချောင်းဟန့်လိုက်တော့မှ ကျွန်တော် လှည့်ကြည့်ဖြစ်လိုက်သည်။

'ဆို .. ဆရာ၊ ဘာပြောစရာရှိလို့လဲ' ကျွန်တော်က မေးလိုက်သည်။

ကျွန်တော်တို့ အားကစားပြိုင်ပွဲတွေ လုပ်ဦးမလားလို့ သိချင်လို့ပါ။ ဆရာပေါင်ခန့်ခုပ်က မဝံ့မရဲနှင့် ကျွန်တော့်သဘောထားကို မေးသည်။

လုပ်ရမှာပေါ့ဆရာ။ မလုပ်လို့ ဘယ်ဖြစ်မလဲ။

ဆုကောဘယ်လိုပေးမလဲ။

ကျောင်းရန်ပုံငွေ တစ်ပြားမျှမရှိမှန်း ဆရာကသိ၍ မေးလိုက်ခြင်းဖြစ်ပါသည်။

ဖြစ်လာမှာပေါ့ဆရာ။ ပြိုင်ပွဲတွေမှာ အနိုင်ရတဲ့သူတွေကို ကျောင်းဆုပေးပွဲမှာ ပေးမယ်လို့ ပြောထားလိုက်ပါ။

ဟုတ်ကဲ့ပါ ဆရာကြီး။

ခင်ဗျားက ဘာပြိုင်ပွဲတွေကို ဘယ်လို လုပ်ပေးမှာလဲ။

အသင်းလေးသင်း ဘောလုံးပြိုင်ပွဲ၊ ဘောလီဘောပြိုင်ပွဲနဲ့ မိန်းကလေးတွေအတွက် ထုပ်ဆီးတိုးပြိုင်ပွဲ လုပ်ပေးမလားလို့။

ကလေးတွေအတွက်ကော။ သူတို့က ဘော်လီဘော၊ ဘောလုံးမှ မပြိုင်နိုင်တာ။

သူတို့အတွက် အပြေးပြိုင်ပွဲ လုပ်ပေးမယ်။

ကောင်းတာပဲ။ ဘယ်တော့လုပ်မှာလဲ။

ဆရာကြီးသဘောပါ။

ကောင်းပြီလေ။ နောက်အပတ်ထဲ စလုပ်တာပေါ့။ ဒီညနေ ဆရာအစည်းအဝေးခေါ်ပြီး ကျွန်တော်တာဝန်ပေးမယ်။

ညနေတွင် ဆရာများအစည်းအဝေး ခေါ်လိုက်သည်။

ကျောင်းအားကစားပြိုင်ပွဲကိစ္စ ဆွေးနွေးကြသည်။ ကျွန်တော်က ဦးဆောင်ဆွေးနွေးသည်။

ကျောင်းအားကစားပြိုင်ပွဲ၊ ကွင်းဖွင့်ပွဲလုပ်မည်ဟု ဆိုသောအခါ ဆရာတွေက ကျွန်တော့်ကို မော့ကြည့်သည်။

ဘာလုပ်ရမှန်း သူတို့မသိသဖြင့် သိချင်ဇောနှင့် လှမ်းကြည့်ကြပုံရသည်။

ကျောင်းသား/သူအားလုံး အသင်းလေးသင်းအလံအောက်မှာ စုစည်းရမယ်။ အသင်းခေါင်းဆောင်ဆရာနဲ့ ကျောင်းသားက ရှေ့မှာ နေရာယူရမယ်။

စင်မြင့်ပေါ်မှာ ကျောင်းအုပ်ကြီးက နေရာယူမယ်။

အသင်းလေးသင်းစလုံးက ကွင်းပြင်ကနေ ဝင်လာပြီး ကျောင်းအုပ်ကြီးကို အရိုအသေပေးမယ်။

အရိုအသေပေးတယ်ဆိုတာ အထူးအဆန်းတော့ မဟုတ်ဘူး။ အသင်းအလံကို အောက်နှိမ့်ပြီး အသင်းခေါင်းဆောင်က စင်မြင့်ဘက်ကို မျက်နှာလှည့်ကြည့် လျှောက်သွားဖို့ပဲ။



'အသင်းသားတွေကရော ဆရာကြီး။' ဆရာတစ်ယောက်က မေးလိုက်သည်။

အလေးပြုဆိုတဲ့ အမိန့်သံကြားရင် အဲဒီအသင်းက စင်မြင့်ဘက်ကို လှမ်းကြည့်ရမယ်။ ရှေ့ကြည့်ဆိုတဲ့ အမိန့်ရရင် ရှေ့တည့်တည့် ကြည့်သွားရမယ်။

အသေးစိတ်ကို ဆရာပေါင်ခန့်ခုပ်ကို ညွှန်ကြားမယ်။

အဲဒီနေ့မှာ ဝါ၊ စိမ်း၊ နီ၊ ပြာ အသင်းအလိုက် ချီတက်မယ်။ ပါတီကောင်စီနဲ့ ရပ်မိရပ်ဖကို ဖိတ်မယ်။ အဝါနဲ့ အစိမ်းအသင်း ဘောလုံးစကန်ပြီး ကွင်းဖွင့်မယ်။

အစည်းအဝေးမှာ သေချာပြောထားသဖြင့် အားကစားပြိုင်ပွဲ ကွင်းဖွင့်ပွဲတွင် အထစ်အငေါ့မဖြစ်။

ဆရာတွေက အမိန့်ကို တိတိကျကျ လိုက်နာဆောင်ရွက်တတ်ကြ၏။ အမိန့်က တိကျပြတ်သားရှင်းလင်းဖို့တော့လိုသည်။

ဘောလုံးကွင်းဖွင့်ပွဲကိုလည်း သူတို့မသိ၊ မမြင်ဘူး၊ လုပ်နေရသမျှ အထူးအဆန်းလိုချည်းဖြစ်နေသည်။

သူတို့လေးသင်းက ရှေ့မှာနေရာယူပြီး ရပ်နေစဉ် သူတို့ကို ကြည့်ပြီး စကားပြောရတာ စိတ်မကောင်း။

မြို့ပေါ်မှာဆိုလျှင်တော့ ဝါစိမ်းနီပြာ ယူနီဖောင်းတွေနှင့် တောက်တောက်ပပနှင့် လှလို့ပေါ့။ ခုတော့ စွပ်ကျယ်လက်ပြတ်၊ လက်စက၊ တီရှပ်၊ ရှပ်အင်္ကျီ ရှိတာလေးတွေ ဝတ်ထားကြရသည်။ မှေးမှေးမှိန်မှိန် ညှိုးညှိုးနွမ်းနွမ်း။ ဝမ်းနည်းစရာကောင်းလှသည်။

ဘောလုံးပြိုင်ပွဲသာလုပ်ရသည်။ ဝတ်စုံမရှိ။ သူတို့လည်း မဝယ်နိုင်။ ကျွန်တော်လည်း ဝယ်မပေးနိုင်။

သို့သော် ဘောလုံးရှိလို့ ကစားရလျှင် တော်ရော့ထင့်။ ရှိတဲ့အခြေအနေနှင့် အကောင်းဆုံး ယှဉ်ပြိုင်ရမှာပဲမဟုတ်လား။

ကျွန်တော်ကသာ ချို့ချို့တဲ့တဲ့ပြိုင်ရသော သူတို့ကိုကြည့်ပြီး သနားနေသော်လည်း သူတို့က ပျော်နေ၏။

သူတို့အစွမ်းအစ ပြရတော့မယ် မဟုတ်လား။

သူတို့အစွမ်းအစ ဖော်ထုတ်ခွင့်ကို ဆရာတွေက ဖန်တီးပေးလိုက်သည်ကို သူတို့သဘောကျနေကြပုံရ၏။

ထိုနေ့ညနေက တစ်ကျောင်းလုံးသာမက တစ်ရွာလုံးနီးပါးလာအားပေးကြသည်။ သူတို့သားတွေ ဘောလုံးကန်တာ မမြင်ဘူးသဖြင့် လာကြည့်ကြသည်ဟုလည်း ဆိုသည်။

ဟုတ်လည်းဟုတ်သည်။ တောင်နံရံကို ကွေ့ပတ်ဖောက်ထားသော လမ်းပေါ်တွင် ကလေးတွေ ဘယ်လိုမှ ဘောလုံးကန်၍မရ။ လမ်းကကျဉ်းရသည့်အထဲ တောင်အောက် ဘောလုံးကျသွားလျှင် ပြေးကောက်၍ မလွယ်။

ဘောလုံးကန်ချင်လျှင် ကျောင်းမှာပဲကန်ကြရသည်။

ထို့ကြောင့် သူတို့သား၊ ညီ၊ တူတော်မောင်တွေ ဘောလုံးဘယ်လိုကန်သလဲ ကြည့်ချင်သောကြောင့် လာကြည့်ကြခြင်းဖြစ်သည်။

ဘောလုံးပွဲက ကောင်းသည်။ တောင်ရောက်မြောက်ရောက်နှင့် တော်တော်နှင့် ဂိုးမဝင်။



ထိုအခါ ပုံပြင်လေးတစ်ပုဒ် သွားအမှတ်ရမိသည်။

တစ်ခါက မြေပိုင်ရှင်ကြီးတစ်ဦးက ရွာအကျိုးကို အလွန်လိုလားသည်၊ စိတ်စေတနာလည်း ကောင်း၏။

လူငယ်တွေက ဘောလုံးကန်ချင်သည်ပြော၍ သူက ငွေကုန်ကြေးကျခံပြီး ကျင်းပပေးသည်။

သူတို့ရွာတွင် တစ်ခါမျှ ဘောလုံးမကန်ဘူးကြ။ ဘောလုံးဝယ်လာပြီး တစ်ဖက်(၁၁)ယောက်ခွဲကန်လျှင် ဖြစ်သည်ဟုထင်ကြသည်။

ယူနီဖောင်းအပြည့်အစုံနှင့် တစ်ဖက်(၁၁)ယောက်ခွဲပြီးဘောလုံးကန်ကြသည်။ ဆယ်အိမ်ခေါင်းက ဒိုင်လူကြီး။ သူကြီးနှင့်မြေပိုင်ရှင်ကြီးကလည်း နောက်ပါအခြွေအရံတွေနှင့် အပြတ်အားပေးသည်။ ရွာထဲက အပျိုတွေအကုန်လာကြသည်။

ကွင်းထဲက ကစားသမားများကလည်း တက်ကြွစွာကန်ကြ၏။ သို့သော် သူတို့က ဘောလုံးမကန်တတ်။ ဘောလုံးတစ်လုံးကိုလူ ၂၀ ယောက် ဝိုင်းလုနေကြ၏။

တစ်ယောက်ခြေထောက် တစ်ယောက်ကန်မိကြ၏။ လူတွေညှပ်ထပ်ပြီး လဲကျကုန်ကြသည်။ ဘောလုံးက သူတို့ကြားထဲက ထွက်မရ။ ထွက်ပေါက် မရှိ။

နောက်ဆုံး မြေပိုင်ရှင်ကြီးက သူ့လူတစ်ယောက်ခေါ်လိုက်သည်။ တစ်ဖက်တစ်ယောက်စီသွား၊ ဂိုးတိုင်ချုတ်ပြီး ကိုင်ထား၊ ဘောလုံးလာတာမြင်လျှင် ဂိုးတိုင်ထဲဝင်အောင် ရွှေ့ပေးဆိုပြီးခိုင်းလိုက်သည်။

ဘောလုံးနောက်ကို ဂိုးတိုင်က လိုက်ရွှေ့ပေးမှ ဂိုးဆိုသော အသံ ကြားလိုက်ရတော့၏။

ကျွန်တော့်ကလေးတွေလည်း ထိုကဲ့သို့ ဂိုးရွှေ့ပေးရမလို ဖြစ်နေသည်။ အချိန်အတော်ကြာသည်အထိ ဂိုးမဝင်။ သို့သော် ဒုတိယပိုင်းတွင် ကစားတတ်လာကြပြီး ဂိုးသွင်းနိုင်ကြတော့သည်။

ကျွန်စစ်သားအသင်းက ၂ ဂိုး ၁ ဂိုးနှင့် အနိုင်ရသွားသည်။ လူတွေလည်း ပျော်ရွှင်ရယ်မောစွာ ပြန်သွားကြကုန်၏။

ကျွန်တော်လည်း သူတို့နှင့်အတူ လိုက်ရယ်မော ပျော်ရွှင်ရသဖြင့် ချင်းတောင်တန်းပေါ်က ပျော်ရွှင်ဖွယ်ရာနေ့တစ်နေ့အဖြစ် အမှတ်ရနေမိသည်။

ဘော်လီဘော၊ ထုပ်ဆီးတိုး၊ ပြေးခုန်ပစ်ပြိုင်ပွဲများကိုလည်း ဆရာပေါင်ခန့်ခုပ်က အောင်အောင်မြင်မြင် ကျင်းပပေးနိုင်ခဲ့ပါသည်။

ကျွန်တော့်အတွက်တော့ ထိုအရာအားလုံးသည် မေ့မရသောအတိတ်များ ဖြစ်ပါ၏။

❖ ❖ ❖



# အပိုင်း - ၂၃

## အားကစားတံခွန်စိုက်ဒိုင်း

အားကစားပြိုင်ပွဲအားလုံး ပြီးစီးသွားသောအခါ တံခွန်စိုက်ဒိုင်းပေးမည်ဟု ကျွန်တော်က ကြေညာထားသည်။

ဆရာတွေ တပည့်တွေကလည်း တစ်ခါမျှမတွေ့ဘူး၊ မကြားဘူးသဖြင့် စိတ်ဝင်စားနေကြ၏။

ကျောင်းကောင်စီ ဥက္ကဋ္ဌ၏ အားကစား တံခွန်စိုက်ဒိုင်း။

အမှန်တော့ ဘောလုံးသပ်သပ်၊ ဘောလီဘောသပ်သပ် ဒိုင်းဆုပေးရမည်ဖြစ်သည်။

သို့သော် ဒိုင်းဆုပေးဖို့မလွယ်။

လိုင်တွီးရွာတွင် ဒိုင်းမရှိ၊ တီးတိန်မြို့ပေါ်တွင်လည်း ဝယ်မရ၊ ရန်ကုန်ဆင်းဝယ်မှရမည်။

ရန်ကုန်ဆင်းဝယ်ရအောင်လည်း ငွေမရှိ။

ဘာပဲဖြစ်ဖြစ် အားကစားပြိုင်ပွဲအားလုံးကို အသင်းလိုက် ပြိုင်နိုင်းပြီး အနိုင်ရသောအသင်းကို အားကစားတံခွန်စိုက် ဒိုင်းပေးရန် ကျွန်တော်စိတ်ကူးဆုံးဖြတ်ထားပြီး ဖြစ်သည်။

တစ်ခုခုတော့ ဖန်တီးပြီးပေးရပေတော့မည်။

ကျွန်တော် တပည့်ကျော် ခင်ဆွင်းမုန်ကို ခေါ်သည်။

သူကတစ်ဆင့် လက်သမားလုပ်တတ်သော လုပ်အားပေး ဆရာခိုင်မုန်ကို ခေါ်သည်။ သူတို့ရောက်လာတော့ တံခွန်စိုက် ဒိုင်းလုပ်တတ်လား၊ မြင်ဖူးလားဟု မေးသည်။

မြင်တော့ မြင်ဖူးတယ်။ မလုပ်တတ်ဘူးဟု ဖြေကြသည်။

ဒီလိုဆို ငါပြောတဲ့အတိုင်း လုပ်နိုင်လား။

ဆရာပီးပါးပြောရင်တော့ လုပ်တတ်ပါတယ်။

ကောင်းပြီ ခြောက်ငါးမူးပျဉ်ချပ် နှစ်ချပ်ရှာ။ အမြင့် ၁၄ လက်မ။ အလျား ၁၀ လက်မ ရှိရမယ်။ ရွှေပေါ်ထိုး အချေသပ်၊ အနက်ရောင် သဘော်ဆေးသုတ်ရမယ်။ ပုံစံက လေးထောင့်၊ ပျဉ်ချပ်နှစ်ချပ်ကို အလယ်ကောင်က ဝက်အူစုပ်ပြီး နှစ်ချပ်စပ်ရမယ်။

'ဒါပဲလား ဆရာကြီး' ခိုင်မုန်က မေးသည်။

ကျန်သေးတယ်။ နို့ဆီဘူးခွံ ၅ လုံးရှာ။ ဘူးကို အပြား ဖြစ်အောင်လုပ်။ ၁ လက်မ အပိုင်းလေးတွေဖြစ်အောင် ကပ်ကြေးနဲ့ ကိုက်။ ဖောင်းကြွဖြစ်အောင် အလယ်က ခွက်ပါစေ။ ဘေးနှစ်ဖက် သုံးခုစီ။ အထက်အောက် တစ်ခုစီ။ စုစုပေါင်း ရှစ်ခုလိုမယ်။

'အလယ်ကောင်က မထည့်ဘူးလား' ခိုင်မုန်က မေးပြန်သည်။



ထည့်မယ်။ အလယ်က အမြင့် ၄ လက်မ။ အလျား ၃ လက်မရှိတဲ့ အပြားကြီးထည့်မယ်။ သူ့ကိုလည်း ခွက်အောင်လုပ်ရမယ်။

အသေး ၈ ခု၊ အကြီးတစ်ခုကို အနက်ရောင် ဆေးသုတ် ထားတဲ့ သစ်သားမျက်နှာပြင်ပေါ်မှာ သံသေးသေးလေးတွေနဲ့ ရိုက်ရမယ်။ ဒါဆို လုပ်တတ်ပြီလား။

'စာတွေ ဘာတွေထည့်ဦးမလား ဆရာပီးပါး'

မထည့်နဲ့တော့ အသေးစိတ်လုပ်ဖို့ ခက်လိမ့်မယ်။ ငါ ပြောတဲ့အတိုင်း ဒိုင်းပုံစံပေါက်အောင် လုပ်နိုင်ရင်ရပြီ။

သစ်သားတွေက စတိုခန်းထဲမှာ အတိုအစတွေရှိတယ်။ သွားရှာ။ နို့ဆီခွက်ကတော့ မင်းတို့ဘာသာလိုက်ရှာ။ သံလည်း သမဝါယမဆိုင်မှာ အလျှုသွားခံ။ အသေးမရှိရင် တီးတိန်မြို့ပေါ် သွားရှာ။ သံဖိုးကလွဲပြီး ဘာမှ မပေးနိုင်ဘူး။ ကျောင်းရန်ပုံငွေလည်း ကုန်ပြီ။ ငါ့လစာလည်း မရှိတော့ဘူး။

တစ်ပတ်အတွင်း ငါလိုချင်တယ် ရအောင်လုပ်ပေး။ ဖြစ်တယ်မလား။

သူတို့ကို ကျွန်တော်ယုံသည်။ ကျွန်တော့်စေတနာကို နားလည်သဖြင့် ကျွန်တော်ခိုင်းလျှင် မဖြစ်ဖြစ်အောင် လုပ်ပေးနေကျ။ အမှန်တော့ သူတို့လုပ်အားခကို ပေးချင်သည်။ သို့သော် ပေးရန် ဘာပိုက်ဆံမျှ မရှိ။

ပိုက်ဆံမရှိဘဲ အလုပ်တွေ တစ်ခုပြီးတစ်ခုလုပ်ခဲ့သော လိုင်တွီးကျောင်းကလေးကို လွမ်းပါသေးသည်။

လကုန်လျှင် အိမ်ပြန်ဖို့ လမ်းစရိတ် လေယာဉ်ခစုထားပြီး တစ်လစာစားရန် ဝယ်လိုက်လျှင် ကျွန်တော့်လခကုန်ပြီ။

ကျောင်းရန်ပုံငွေက သိကြသည့်အတိုင်း တစ်ယောက်ကို တစ်ဆယ်ကောက်တာတောင် မထည့်နိုင်ကြသည့် ကျောင်းသားက ရှိသေးသည်။

ကောက်လို့ရတာကလည်း နည်းနည်းလေး။ အစိုးရ ချထားပေးတာကလည်း ခပ်သေးသေးဆိုတော့ မိဘဆရာအသင်း ရန်ပုံငွေက အမြဲတမ်းလိုငွေပြနေသည်။

ဘယ်သူ့ဆီကမှလည်း ချေးငှားသုံးစွဲစရာမရှိ။ ချမ်းသာ သူလည်း ရွာမှာ များများစားစားမရှိ။ ချောင်ချောင်လည်လည် ရှိနေကြသူများလည်း ကိုယ့်သဘောနှင့်ကိုယ် ရက်ရောစွာ လာလှူ ကြသူမရှိ။

သူတို့ကို သွားရောက်စည်းရုံး အလှူခံဖို့ကိစ္စလည်း ကျွန်တော် မလုပ်ချင်။

ကိုယ့်ကျောင်းကိစ္စကို မဖြစ်ဖြစ်သည့်နည်းဖြင့်သာ ကိုယ့် ဘာသာ ဖြေရှင်းချင်သည်။

ခင်ဆွင်းမုန်တို့ ခိုင်မုန်တို့ကလည်း ကျွန်တော်၏ ဘတ်ဂျက် အခက်အခဲကိုသိသဖြင့် တစ်ပြားမျှမတောင်း။ သူတို့နည်း သူတို့ဟန်ဖြင့် ဖြေရှင်းလုပ်ကိုင်ကြသည်။

ကျွန်တော်ပြောသည့်ရက်တွင် နို့ဆီခွက်ကို အပြား လုပ်ရိုက် ထားသော ဒိုင်းတစ်ခု လာပေးကြသည်။



ကျွန်တော်လည်း ဒိုင်းကို ကြည့်ပြီး အားရဝမ်းသာ ဖြစ်သွားသည်။

သူတို့လက်ရာမဆိုး။ အဝေးကကြည့်လျှင် ဒိုင်းနှင့် အတော်တူပါသည်။

အနီးကပ်ကြည့်လျှင်တော့ မသေမသပ် ညှပ်ထားသော နို့ဆီခွက်ကို သံဖြင့် ရိုက်ထားကြောင်း ပေါ်လွင်သည်။ ဘာစာမျှမပါ၊ ဘာပန်းကနုတ်မျှမရှိ။ ပလိန်း။ တကယ့်ကို ပလိန်း။

ဘာပဲဖြစ်ဖြစ် ဒါဟာ ကျောင်းကောင်စီဥက္ကဋ္ဌ၏ အားကစား တံခွန်စိုက်ဒိုင်းပဲ။

ဟိုတုန်းက ဂရိတွေပေးသည့် သံလွင်ခက် ဆုထက်တော့ သာသေးသည်ဟု ကိုယ့်ဘာသာ ဖြေသိမ့်တွေးရသည်။

မမြင်ဘူး၊ မတွေ့ဘူးသည့် ကျောင်းသားတွေအတွက်လည်း ဒါဟာ ဂုဏ်ယူစရာ ဒိုင်းဆုကြီးတစ်ခုပဲ မဟုတ်လား။

ပျော်ရွှင်စွာ ယှဉ်ပြိုင်၊ ကိုယ့်အသင်းအနိုင်ရအောင် အားထုတ် ကြိုးပမ်းကစားခဲ့သည့် ရလဒ်က တန်ဖိုးရှိသည့်ဆုရမှတဲ့လား။

ဘာပဲဖြစ်ဖြစ် အသိအမှတ်ပြုသည့် ဒိုင်းဆုတစ်ခုက သူတို့ အတွက် ဝမ်းသာအားတက်စရာ ဖြစ်စေလိမ့်မည်ဟု ကျွန်တော် ထင်သည်။ လက်ထဲမှာ ဒိုင်းရှိနေသောအခါ အချိန်မဆွဲဘဲ အားကစား တံခွန်စိုက်ဒိုင်းပေးအပ်သည့် အခမ်းအနားကျင်းပသည်။

ကျောင်းရှေ့မြေကွက်လပ်တွင် ဆုပေးပွဲသဘောမျိုး ကျင်းပသည်။

တစ်ဦးချင်း ဆုပေးစရာမရှိ။ ကျောင်းစစ်စာမေးပွဲ မဖြေခင် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ဆုပေးပွဲ ကျင်းပမည်။

ထိုဆုပေးပွဲကျမှ သူတို့လေးတွေကို ဆုထည့်ပေးမည်ဟု ကြိုပြောထားရသည်။

ယခုတော့ အသင်းလိုက် တံခွန်စိုက်ဆုကိုပဲ ပေးအပ်ချီးမြှင့်ရမည်။

ဘောလုံး၊ ဘောလီဘော၊ ထုပ်ဆီးတိုးပြိုင်ပွဲ ရမှတ်များကို ပေါင်းကြည့်သောအခါ ကျန်စစ်သားအသင်းက အမှတ်အပြတ်အသတ်ဖြင့် ဗိုလ်စွဲသွားသည်။

ဒုတိယ ဘုရင့်နောင်အသင်း

တတိယ ဗန္ဓုလအသင်း

စတုတ္ထ အလောင်းဘုရားအသင်း။

ဒုတိယ၊ တတိယ၊ စတုတ္ထအတွက် နှုတ်က အသိအမှတ်ပြု ချီးကျူးပြောဆိုရုံမှတစ်ပါး အခြားမရှိ။

ယခုပြန်တွေးကြည့်သော် ကျွန်တော် စိတ်မကောင်း။ သူတို့ကို တစ်ခုခုတော့ ကျွန်တော်ဆုပေးချင်သည်။

ထိုစဉ် ထိုအခါကတော့ ကျောင်းကလည်း ပေးစရာမရှိ။ ကျွန်တော့်မှာလည်း ပေးစရာမရှိ။ အားလုံးလည်း အသိ။

နို့ဆီခွက်ဒိုင်းလေးတစ်ခု အကြောင်းပြုပြီး အားကစား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနား ခပ်တည်တည် ကျွန်တော်လုပ်ခဲ့သည်။



ကျောင်းရှေ့မြေကွက်လပ်တွင် အသင်းလေးသင်း စီတန်းနေရာယူရသည်။

ရှေ့ဆုံးက အသင်းဆရာ၊ သူ့နောက်က အသင်းခေါင်းဆောင်ကျောင်းသား၊ ပြီးတော့ ဆိုင်းဘုတ်ကိုင်ကျောင်းသူ၊ ဆိုင်းဘုတ်နောက်တွင် ထိုအသင်း၏ အသင်းသူအသင်းသား၊ ကျောင်းသားကျောင်းသူများ စနစ်တကျနေရာယူရသည်။

အသင်းလေးသင်း နေရာယူပြီးသောအခါ အလယ်တန်းပြဆရာ ဦးငွလ်ခန့်အင်က အခမ်းအနားမှူးလုပ်ပြီး တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားစသည်။

ပထမဆုံး ကျွန်တော်က အမှာစကားပြောသည်။

ပြီးတော့ အမှတ်အများဆုံးရပြီး ဗိုလ်စွဲသွားသော ကျန်စစ်သားအသင်းကို တံခွန်စိုက်ဒိုင်း ချီးမြှင့်သည်။

အသင်းခေါင်းဆောင် ဆရာနှင့် အသင်းခေါင်းဆောင် ကျောင်းသားတို့က ဒိုင်းဆုကို လက်ခံသည်။

သူတို့ဆုရသည်ကို မုဒိတာပွားသည့်အနေဖြင့် တစ်ကျောင်းလုံးက လက်ခုပ် ၉ ချက်တီး၍ ဂုဏ်ပြုကြရသည်။

ကျောင်းသားတွေက ပျော်ကြ၏။ နို့ဆီခွက်ဒိုင်းဆိုပြီး ပေါ့ပေါ့ဆဆ သဘောမထားဘဲ အလေးအနက်ထား ဆုယူကြသည်။ တစ်ဦးချင်းဆုမပေးနိုင်တာကိုလည်း သူတို့နားလည်လက်ခံအောင် အမှာစကားတွင် အမွှမ်းတင် ပြောကြားထားပြီး ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အားကစားတံခွန်စိုက်ဒိုင်းရ၍ သူတို့

ပျော်ကြသည်။ တခြား မြေပြန့်ကျောင်းသူကျောင်းသားများကဲ့သို့ ပျော်ကြရ၏။

သူတို့ပျော်နေကြတာမြင်တော့ ဘာကြောင့်မှန်းမသိ။ ကျွန်တော်လည်း ပျော်သည်။ သည်လိုမျိုး အမြဲတမ်း ကျွန်တော် ပျော်ချင်လှပါ၏။

❖ ❖ ❖



## အပိုင်း - ၂၄

## ကျောင်းအိပ်စာကျက်ဝိုင်း

တစ်နေ့တွင် ဆရာငှလ်ခန့်အင် ဆရာပေါင်ခန့်ခုပ်တို့နှင့် စကားပြောမိကြရင်း ကျောင်းသား/သူတွေ အိမ်မှာ စာကျက်မရသော အခြေအနေကို ကျွန်တော်သိသွားသည်။

သူတို့အိမ်တွေမှာ စာကျက်ဖို့ မီးခွက်ထွန်းပေးတာမျိုးမရှိ။ ဖယောင်းတိုင် ဝယ်ပေးတာမျိုးလည်းမရှိ။

သူတို့အိမ်ထဲတွင် အချမ်းပြေမီးလှုံသော မီးဖိုနားတွင်သာ စာကျက်ရသည်ဟု ဆိုသည်။

ချမ်းသဖြင့် တစ်အိမ်လုံး မီးဖိုနားတွင် ထိုင်ပြီး စကားပြောကြ အလုပ်လုပ်ကြသည်ဟု ဆိုသည်။

အပျိုမလေးတွေက ဆွယ်တာထိုးကြသည်။

လူကြီးတွေက ဆေးလိပ်လိပ်သောက်ကြသည်။ တချို့က ခေါင်းသောက်ကြသည်။

ကျောင်းသားတွေက မီးဖိုနားတွင် စာကျက်ကြရ၏။

ခက်တာက သူတို့ ယဉ်ကျေးမှု ဓလေ့ထုံးစံ ချစ်ဖို့လည်း ကောင်းသည်။ အိမ်တစ်အိမ်တွင် အပျိုရှိပါက လူပျိုလှည့် လာကြသည်။

လူကြီးတွေက စောစောအိပ်ရာဝင်သော်လည်း လူပျို အပျိုတွေက တော်ရုံမအိပ်။ မီးဖိုနားတွင် ရယ်စရာတွေ ပြောရင်း လူပျိုလှည့်ကြသည်။

အပျို လူပျိုတွေက စည်းကမ်းလည်းရှိကြသည်။ အပျိုမက လူပျိုတစ်ယောက်ယောက်ကို သဘောတူ လက်ခံကြောင်း အသိ အမှတ်မပြုသရွေ့ မည်သူမဆို လူပျိုလှည့်နိုင်သည်။

လူပျိုအချင်းချင်း မာန်တက်ပြီး ရန်ဖြစ်ကြတာမျိုးမရှိ။ ဓားခုတ်ပွဲနှင့် လူသတ်မှုမရှိ။

အပျိုမက သူမနှစ်သက်သူကို ဆေးလိပ်ခေါင်းဘက်က ထိုးပေးလိုက်လျှင် ထိုသူဆုတ်ပြန်လေတော့။ ဖင်ဘက်ကပေးပြီး မီးညှိပေးလိုက်လျှင် အိုကေ။

ကျန်သူများအလိုက်သိသိနှင့် ပြန်ကြပါတော့။

ဆေးလိပ်ပေးဖို့ကလည်း အချိန်စောင့်ရသည်။ လွယ်လွယ် နှင့် ပေးရိုးထုံးစံမရှိ။ တချို့ဆို အကြာကြီး လူပျိုလှည့်ရသည်ဟု ဆိုသည်။



ဆေးလိပ်အဖြေရဖို့ နှစ်၊ လ ချီပြီး စောင့်ကြရသည်ဟု လည်းပြောကြ၏။

အပျိုမအိမ်ကို လူပျိုတွေက တရားဝင်လည်ပတ်ခွင့်ရှိပြီး မိဘတွေက အလိုက်သိသိ အိပ်ရာဝင်ပေးကြသည်။ လူငယ်တွေ ကိစ္စ ဝင်စွက်ဖက်တာမျိုးသိပ်မရှိ။

အချိန်တန်လျှင် အပျိုမက သူနှစ်သက်သူတစ်ယောက် ယောက်ကို ရွေးချယ်လိုက်သည်။ မိဘမောင်ဖွားတွေက ပြဿနာ သိပ်မလုပ်။

လူငယ်တွေ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသည်။ စည်းကမ်း ရှိသည်။ ကိုယ်ချစ်သူကို ယူနိုင်သည့်အနေအထားရှိသည်။

ချောင်ကြိုချောင်ကြား သွားစရာမလိုဘဲ မိဘမောင်ဖွား များရှေ့တွင် အေးအေးဆေးဆေး စကားပြောနိုင်သည်။ ကြိုက်နှစ်သက် လျှင် လက်ခံအဖြေပေး၍ ရသည်။

(လွန်ခဲ့သည့်နှစ် ၃၀ လောက်က ချစ်စရာဓလေ့လေး ယခု ရှိသေးသလားမသိ။)

ယဉ်ကျေးမှု ဓလေ့ထုံးစံက အဆင့်အတန်းမြင့်ပြီး ချစ်စရာ ကောင်းသည်။

သို့သော် ကျောင်းသား/သူတွေအတွက် ခက်၏။

စာကျက်၍မရ။ မီးဖိုနားတွင် အများနှင့် ရောနှောပြီး စာကျက်ဖို့ မလွယ်။ ထို့ကြောင့် စာမေးပွဲတွေ ကျကြသည်။

စာမေးပွဲကျသည်နှင့် ကျောင်းထွက်ကုန်ကြ၏။ မိဘက

မထားတော့တာမျိုးလည်း ရှိသည်။ ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားရတာမျိုးတွေပဲ များသည်။

ထိုအခြေအနေကို ကျွန်တော်သိရသောအခါ သူတို့လေးတွေအတွက် နည်းလမ်းရှာရတော့သည်။ ကျောင်းမှာရှိသော အောက်လင်းဓာတ်မီးအပျက်တစ်လုံးကို ပြင်။ အသစ်တစ်လုံးကို ကိုယ့်အိတ်ထဲက စိုက်ဝယ်ပြီး ကျောင်းအိပ်စာသင်ဝိုင်းလုပ်တော့သည်။

ရေနံဆီဖိုးကိုတော့ ကျောင်းသားတွေက အချိုးကျ ကျခံ။

လေးတန်းက ရှစ်တန်းအထိ ကျောင်းသား/သူ အားလုံး ကျောင်းမှာပဲ အိပ်ကြရမည်။

ထမင်းစားပြီးတာနှင့် ကျောင်းအရောက်လာကြရသည်။ မိန်းကလေးကတစ်ဆောင်၊ ယောကျ်ားလေးတွေက တစ်ဆောင်၊ အောက်လင်းဓာတ်မီးအလင်းရောင်ဖြင့် စာကျက်ကြရသည်။

ဆရာတွေကို အလှည့်ကျတာဝန်ချထားပေးသည်။

တာဝန်ကျသော ဆရာတွေ မပျင်းရအောင် ကျားကွက် စီစဉ်ပေးထားသည်။ ကော်ဖီတစ်ခွက်တိုက်သည်။

ထိုစဉ်က သရီးအင်ဝမ်း ကော်ဖီထုပ်တွေ မပေါ်သေး။ ရေနွေးထဲတွင် ကော်ဖီမှုန့်နှင့် သကြားရောဖျော်ရသည်။ နွားနို့မထည့်။ နို့မှုန့်မထည့်။ ကော်ဖီသက်သက် ဖျော်တာကို ကော်ဖီဟုခေါ်သည်။

တီးတိန်မြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင် သွားထိုင်သောက်လျှင် ထိုအတိုင်းဖျော်ပေးသည်။ အိန္ဒိယဘက်မှ ဝင်လာသော မတ်ခွက် ငယ်လေးတွေနှင့် ဖျော်ပေးသည်။ ကြွေခွက်မသုံး။



ကျွန်တော့်ဆရာတွေကို တီးတိန်မြို့က ကော်ဖီဆိုင်အတိုင်း မတ်ခွက်ငယ်လေးတွေ ဝယ်ပေးပြီး ကျွန်တော်ကိုယ်တိုင် ဖျော်တိုက်သည်။

တစ်ခါတစ်ရံ သူတို့နှင့် ကျားထိုးသည်။ တစ်ခါတစ်ရံ သူတို့ကို ကျွန်တော်ဖတ်ထားသော စာအုပ်များထဲမှ ဗဟုသုတ ဖြစ်ဖွယ်ရာများကို ပြောပြသည်။ သူတို့ စိတ်ဝင်စားကြ၏။

သူတို့ကို တာဝန်ထမ်းဆောင်နေသည်ဟု မယူဆမိဘဲ ကျောင်းကို ညဘက် အလည်လာသည့် သဘောမျိုးဖြစ်အောင် ကျွန်တော်မသိမသာ ကြိုးစားသည်။

ညဘက် တာဝန်ထမ်းဆောင်နေရသည်ဟု ထင်လျှင် ငြီးငွေ့စိတ်ပျက် အိပ်ငိုက်နေမှာ စိုးမိသည်။

ကျွန်တော်ကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်နေတာမျိုး မဖြစ်အောင် စိတ်ကိုလွှဲထားရသည်။

စာသံပေသံတညံညံဖြစ်နေလျှင် ကျွန်တော်တို့ ကျားထိုး မပျက် သူ့အရှိန်နှင့်သူ လွှတ်ထားပေးလိုက်သည်။

စကားသံတွေ ဆူညံပြီး ပြေးလွှားခုန်ပေါက်သံကြားရလျှင်တော့ အနီးမှာဆောင်ထားသော ကြိမ်လုံးကို ကောက်ကိုင်ပြီး ကျောင်းနံရံကို တဖြန်းဖြန်း ရိုက်လိုက်၏။

ကျွန်တော် ကြိမ်လုံးကိုင်ထားသည်မှာ ကလေးတွေ ရိုက်ဖို့ မဟုတ်။ ကျောင်းဆရာ၏ အဆောင်အယောင်တစ်ခုအနေဖြင့် ဆောင်ထားဖို့သာ ဖြစ်သည်။

လိမ္မာယဉ်ကျေးအောင် ကြိမ်နှင့် ရိုက်ဆုံးမတာမျိုး ကျွန်တော်သဘောမတွေ့ပါ။

ကြိမ်လုံးဖြင့် အသံပေးခြောက်လှန့်တာမျိုးလောက်ပဲ ကျွန်တော်သုံးသည်။

ကျွန်တော့်ကြိမ်ရိုက်သံကြားလျှင် ဆူညံဆော့ကစားသံတွေ၊ စကားများအော်ဟစ်သံတွေ ပျောက်ပြီး စာသံပေသံ ပြန်ညံလာ၏။

တစ်နာရီတစ်ခါလောက်တော့ သူတို့စာကျက်သည့် နေရာ သွားပြီး လျှောက်ပြန်သံပေးလုပ်ရသည်။

အစပိုင်းရက်များတွင် ကျွန်တော်ကိုယ်တိုင် ကြပ်ကြပ် မတ်မတ် ကြီးကြပ်ပေးသောအခါ ကလေးတွေ စည်းကမ်းတကျ စာကျက်လာကြသည်။

ည ၆ နာရီမှ စာစကျက်ပြီး ၁၀ နာရီမှာ မီးမှိတ် အိပ်ခိုင်းသည်။ နောက်ပိုင်းတွင် ကျွန်တော်လည်း ဆရာတွေအားကိုး နှင့် ကလေးတွေကို လွှဲထားပေးလိုက်သည်။

ကျွန်တော့်အိမ်မှာပဲ အိပ်မက်အလွမ်းဝတ္ထုရှည်ကြီးကို ထိုင်ရေးနေမိတော့သည်။

အိမ်နှင့် ကျောင်းမှာ လှမ်းအော်၍ ကြားရသော အကွာ အဝေးတွင်ရှိသည်။ တောင်ကုန်းပေါ်တွင်ကျောင်း တောင်ကုန်း အောက်တွင် ကျွန်တော့်အိမ်။

အချိန်မရွေး ကျွန်တော်တက်လာနိုင်သည်ကို ကလေးတွေ သိကြသည်။



ကျွန်တော်ကလည်း အေးလွန်းသဖြင့် အနွေးထည် အထပ်ထပ်ဝတ်ထားသည့်အပြင် ကြမ်းကြားမှ တိုးဝင်လာသော လေစိမ့်အေးကို ခံနိုင်ရန် စောင်ခြုံပြီး ရေးရသည်။ ထွန်းထားသော ဖယောင်းတိုင်မီးကလည်း ကြမ်းကြားလေတိုက်သဖြင့် မှိတ်တုတ် မှိတ်တုတ်ဖြစ်နေသည်။

ဖယောင်းတိုင်မီး မှိတ်တုတ်မှိတ်တုတ်ဖြင့် စောင်ခြုံပြီး ရေးခဲ့ရသော ကျွန်တော်၏ အိပ်မက်အလွမ်းဝတ္ထုရှည်သည် တစ်ခါတစ်ရံ စိတ်ဖြောင့်ဖြောင့်ဖြင့် မရေးရ။

ကျောင်းဆောင်ပေါ်မှ ဆူညံအော်ဟစ်သံတွေ ကြားရသဖြင့် ရေးလက်စ အလွမ်းတွေကို ခဏထားပြီး ကျောင်းပေါ်တက်ရသည်။ လက်ထဲတွင် ကိုင်ထားသောတုတ်ဖြင့် ကျောင်းဆောင်နံရံကို တဖြန်းဖြန်းရိုက်လိုက်တော့မှ ဆူညံသံတွေတိတ်ပြီး စာကျက်သံတွေ ကြားရသည်။

ထိုအခါ သိပ္ပံမောင်ဝရေးသော ဆရာစောကျောင်းလေးကို အမှတ်ရမိသေးတော့၏။

နေ့စဉ်လိုလို ကျောင်းဆောင်ပေါ်တက်ပြီး အသံပေးရ၏။ တစ်ခါတစ်ရံ ည ၁၀ နာရီ မီးမှိတ်ပြီးသည့်အထိ မအိပ်ကြသေးဘဲ စကားတွေ ပြောနေကြသဖြင့် သူတို့ အိပ်ရေးပျက်မှာစိုးပြီး ည ၁၀ နာရီခွဲ ၁၁ နာရီလောက် ကျောင်းပေါ်တက် ချောင်းဟန့် ရသေးသည်။

ကလေးတွေနဲ့အတူ ညစောင့်ဝန်ထမ်းနှင့် လုပ်အားပေး

ဆရာခိုင်မှန်တို့နှစ်ယောက် စောင့်အိပ်ကြသဖြင့် ကျွန်တော် စိတ်ချ လက်ချ ပြန်အိပ်နိုင်ခြင်းဖြစ်သည်။

သူတို့သာမရှိလျှင် ကျွန်တော်ကိုယ်တိုင် စောင့်အိပ် နေရမည်လားမသိ။

သူတို့လေးတွေ စာဖတ်ဖို့ စာတတ်ဖို့ အားထုတ်ကြိုးပမ်း နေရသည်ကို ကျွန်တော်ပျော်နေ၏။ ပင်ပန်းသည် အိပ်ရေးပျက် သည်ဟုလည်း မထင်မိ။ ကျောင်းဆရာတစ်ယောက်၏ စိတ်စေတနာ ကြောင့်ပဲ ဖြစ်မည်ထင်ပါသည်။

❖ ❖ ❖



## အပိုင်း - ၂၅

## နို့ဆီခွက်ဒိုင်းနှင့် ကျောင်းဆုပေးပွဲ

ကျောင်းအိပ်စာကျက်ဝိုင်းကြောင့် ဆရာနှင့်တပည့် နေ့ရော ညပါ ထိတွေ့ဆက်ဆံရသဖြင့် ပိုပြီးချစ်ခင်ရင်းနှီးလာကြသည်။

ကျောင်းသားကျောင်းသူအချင်းချင်းလည်း တစ်အိမ်တည်းနေ ညီအစ်ကို မောင်နှမများကဲ့သို့ ဖြစ်လာကြသည်။

တစ်ကျောင်းလုံးလည်း အိမ်တစ်အိမ် မိသားစုတစ်စုကဲ့သို့ စည်းလုံးသွားတော့သည်။

ခရီးတစ်ခုကို တညီတညွတ်တည်း အတူသွားနေကြသူများ ဟု စိတ်ထဲတွင် ခံစားနေရ၏။

ကျောင်းအိပ်စာကျက်ဝိုင်းကြောင့် ကျွန်တော်လည်း စောစော မအိပ်ဖြစ်တော့ဘဲ အိပ်မက်အလွမ်းဝတ္ထုရှည်ကြီးကို ညစဉ် ထိုင်ရေး နေမိသည်။

ကလေးတွေကစာကျက် ကျွန်တော်က ဝတ္ထုထိုင်ရေးပြီး တန်ဖိုးရှိသော ညများကို ကုန်လွန်စေခဲ့၏။

တစ်ခါတစ်ရံဝတ္ထုက ဇာတ်ရှိန်မြင့်နေသဖြင့် ရေးလို့ ကောင်းနေတုန်း ကျောင်းပေါ်က ဆူဆူညံညံကြားရသောအခါ ရေးနေရတာ စိတ်မဖြောင့်။

ရေးလက်စထားခဲ့ပြီး တုတ်ကောက်ကိုင်ကာ ကျောင်းဆောင်ရှိရာ တောင်ကုန်းလေးပေါ်သို့ တက်ရသည်။

ကျောင်းနံရံကို တုတ်ဖြင့် တစ်ချက် နှစ်ချက်ရိုက်ပြီး လှည့်ပတ်ကြည့်ရ၏။

ဆရာပီးပါးလာပြီဆိုပြီး ကလေးတွေ ငြိမ်သွားကြ၏။ စာဖတ်သံတွေ ပြန်ထွက်လာသည်။

ဩော် .. ဉာဏ်ရည်မတူ၊ အတန်းမတူ၊ စိတ်သဘောထားတွေမတူကြသည့် ကလေးတွေကို စုစည်းစာဖတ်ခိုင်းထားတာ သည်လောက်တော့ ဆူညံကြမှာပေါ့ဟု ဖြေသိမ့်တွေး တွေးလိုက်သည်။

တကယ်တော့ သူတို့လေးတွေကို ကျွန်တော်သနားသည်။

မြို့ကြီးမှာတွေလို လျှပ်စစ်မီးရောင်အောက်တွင် စာမဖတ်ကြရ။ အလွန်ချမ်းအေးလှသော တောင်ပေါ်တွင် စောင်လေးတွေခြုံပြီး ကွေးကွေးလေးဖတ်ကြရသည်။ ပြီးတော့ သူတို့ သိပ်နားမလည်သည့်စာတွေ အလွတ်ကျက်နေကြရသည်။

အခက်အခဲများစွာကြားထဲက စာမေးပွဲအောင်ရန် ကြိုးစားနေကြသော သူတို့လေးတွေကို ကရုဏာသက်လွန်းသဖြင့် သူတို့ကို အပြစ်တင် အပြစ်မြင်ပြီး ဆူပူကြိမ်းမောင်းချင်စိတ်မရှိ။

သူတို့ကို ပညာရေးလမ်းမကြီးပေါ်တွင် မေတ္တာတွန်းအားဖြင့်



ကျွန်တော်ဆွဲခေါ်သွားရသည်မှာ လေးလံလှ၏။ သို့သော်လည်း စိတ်ပျက်ညည်းညူပြီး သူတို့ကို ရောက်ရာအရပ်တွင် ထားခဲ့ဖို့ စိတ်ကူးမရှိ။ ကျွန်တော်တာဝန်ထမ်းဆောင်မည့် ၃ နှစ်အတွင်း သူတို့ကို ဆွဲခေါ်နိုင်သမျှ ဆွဲခေါ်သွားမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။

သူတို့လေးတွေ၏ အစွမ်းအစကို ထုတ်ဖော်ပြသခွင့်ပေးပြီး အားပေးချီးမြှောက်ရန် တာဝန်တစ်ခုလည်း ရှိသေး၏။

သူတို့အတွက် ဆုပေးပွဲအခမ်းအနားတစ်ခု လုပ်ပေးရဦးမည်။ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပမည်။

ဖေဖော်ဝါရီလ ပထမပတ်တွင် ကျင်းပရန် ကျွန်တော် ဆရာတွေနှင့် တိုင်ပင်ရ၏။

ခက်တာက ရန်ပုံငွေ များများစားစားမရှိ။

ဂေါ်ဖီပင်တွေ နွားစား၍ လျော်ကြေးပေးထားသည့် ပိုက်ဆံပဲ ရှိသည်။

ပေးရမည့်ဆုက မနည်းလှ။ အတန်းပေါင်းစုံ ပညာထူးချွန်သည့် ပ၊ ဒု၊ တ သုံးယောက်။ သူငယ်တန်းက အဋ္ဌမတန်းအထိ ဆိုလျှင် ၂၇ ဆုရှိမည်။

တစ်ကိုယ်ရေသန့်ရှင်းရေးဆု ပ၊ ဒု၊ တ၊ ၂၇ ဆု။

ဘောလုံးပြိုင်ပွဲ ပထမ၊ ဒုတိယ ဆုရနှစ်သင်း ၂၂ ဆု။

ဘောလီဘောပြိုင်ပွဲ ပထမ၊ ဒုတိယ၊ ဆုရနှစ်သင်း ၁၂ ဆု။

ထုပ်ဆီးတိုးပြိုင်ပွဲ ပထမ၊ ဒုတိယ ဆုရနှစ်သင်း ၁၀ ဆု။

ပြေးခုန်ပစ်ပြိုင်ပွဲ ပ၊ ဒု၊ တ၊ သက်ကြီး၊ သက်လတ်၊ သက်ငယ်တန်း ပြိုင်ပွဲအမျိုးအစား ၃ ခုအတွက် ၂၇ ဆု။

ကျောင်းတက်ရက်မှန်ဆု သူငယ်တန်းမှ အဌမတန်းထိ ၉ ဆု။

အသင်းလိုက်တံခွန်စိုက်ဆု (ဆရာနှင့် ခေါင်းဆောင်ဆု) ၂ ဆု။

စုစုပေါင်း ၁၃၆ ဆု။

ဟူး .. စိတ်အိုက်သွားသဖြင့် သက်ပြင်းချ လေပူ ထုတ်မိလိုက်သည်။ စင်စစ်သော် ဤဆုများသည် အလယ်တန်းကျောင်း တစ်ကျောင်းအတွက် မများလှ။

သို့သော် ကျွန်တော့်ကျောင်းအတွက်တော့ များနေသည်။ ရန်ပုံငွေများများစားစား မရှိသောကြောင့် ဖြစ်ပါသည်။

အသင်းလိုက်တံခွန်စိုက်ဆုကို ထုံးစံအတိုင်း ခင်ဆွင်းမုန်နှင့် ခိုင်မုန်ကိုခေါ်ပြီး နို့ဆီခွက်ဒိုင်းလုပ်ခိုင်းရပြန်သည်။

သည်တစ်ခါ တစ်ကျောင်းလုံးကိုယ်စားပြု အသင်းလိုက် ဆုပေးမည့် ဒိုင်းဖြစ်သည့်အတွက် အရွယ်အစားပိုကြီးမည်။

နို့ဆီခွက်များများကုန်မည်။ ခက်တာက ရွာမှာ နို့ဆီ ဖျော်သောက်သူမရှိ။ လက်ဖက်ရည်ဆိုင် သွားရှာရအောင်လည်း ဘူးနို့ဆီနှင့် ဖျော်ကြတာမဟုတ်။



သူတို့ အတော်အကျပ်ရိုက်မှာ ကျွန်တော်သိသည်။ သို့သော်လည်း မတတ်နိုင်။ သူတို့နည်း သူတို့ဟန်ဖြင့် ဖြေရှင်း ကြလိမ့်မည်ဟု ကျွန်တော်ယုံထားလိုက်သည်။

ကျန်ဆုတွေအတွက် ကျွန်တော်ခေါင်းခြောက်ရဦးမည်။

နောက်ဆုံးတော့ ရှိသည့်ငွေနှင့် တွက်ချက်ပြီး ပထမဆု ၆/-၊ ဒုတိယဆု ၃/-၊ တတိယဆု ၂/- သတ်မှတ်လိုက်ရသည်။

ယခုလက်ရှိ အခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် သုံးစား မရသော ဆုငွေဖြစ်သော်လည်း ထိုအချိန်ကပေးလျှင် လက်ခံနိုင်သော အခြေအနေရှိသေးသည်။

တီးတိန်မှ လိုင်တွီးရွာသို့ ပစ္စည်းထမ်းပို့လျှင် တစ်ပိဿာမှ တစ်ကျပ်ပဲရသည်။ အလယ်တန်းကျောင်းအုပ်ကြီးဖြစ်သော ကျွန်တော့် လခမှာ ၅၀၀/- ကျော်ရုံပဲရှိသည်။

မိဘဆရာအသင်းအစည်းအဝေးတွင် ထိုအတိုင်းဆုံးဖြတ် ပြီးပေးရန် သဘောတူကြသည်။ ယခင်နှစ်ကလည်း သူတို့ ထိုအတိုင်း ပေးခဲ့ဖူးသည်ဆိုသဖြင့် စိတ်သက်သာရာရလိုက်သည်။

စင်စစ်သော် ကျွန်တော် စိတ်မကောင်း။ ပညာရေး သဘောတရားအရ ကလေးများကို ဆုပေးလျှင် ထိုက်တန်အောင် ပေးရမည်။ ပြစ်ဒဏ်ပေးလျှင်လည်း ထိရောက်အောင်ပေးရမည်ဟု ဆိုသည်။

ကျွန်တော် ဆုံးဖြတ်ပေးသော ဆုသည် ထိုက်တန်ပါရဲ့လား။ မထိုက်တန်မှန်း ကျွန်တော်သိသည်။

သို့သော် ကျွန်တော် မချမ်းသာပါ။ အိမ်ပြန်ဖို့ လေယာဉ်စရိတ်တောင် အနိုင်နိုင်။ ဘာမှ စားစရာ ဝယ်စရာမရှိ၍ လစာနှင့် လောက်ရုံသာရှိသည်။

ထိုအတွက် ဆုစရိတ်ကို ကျွန်တော်ဖြည့်မပေးနိုင်။ တစ်ကျပ်ရဖို့တောင် အနိုင်နိုင်ကြိုးပမ်းနေကြရသော ကျောင်းသားမိဘများအပေါ်လည်း ကျွန်တော်အနိုင်မကျင့်ချင်။

ကိုယ့်မှာရှိသည့်ငွေကြေးနှင့် မည်သူ့ကိုမျှ ဒုက္ခမပေးသော ဆုပေးပွဲသည် မလှသော်လည်း သန့်ပါသည်။

ကလေးတွေကလည်း ဘယ်ရွှေ့ဘယ်မျှရမှဟု တွေးတောပြောဆိုနေကြမည် မထင်ပါ။

မိဘများကလည်း သူတို့ကို ခွဲတမ်းချမကောက်။ အိမ်ရောက်အောင်လာပြီး အတင်းအလှူခံတာမျိုးလည်း မလုပ်သော ကျွန်တော့်စေတနာကို နားလည်ကြမည်ထင်ပါသည်။

ဘာပဲပြောပြော ဆုငွေအနည်းအများထက် ဆုပေးပွဲအနှစ်သာရက အရေးကြီးသည်ဟု ကိုယ့်တာသာ ဖြေသိမ့်တွေးရသည်။

ဆုပေးပွဲတွင် ကလေးအားလုံး ပါဝင်နိုင်အောင် အတန်းလိုက်အဆိုအကလေးတွေ စီစဉ်ပေးထားသည်။

ကျောင်းကပွဲသဘောမျိုးတော့ မဟုတ်။

ကလေးတွေလည်း သူတို့အစွမ်းအစလေးတွေ ပြခွင့်ရကြမည်ဖြစ်သဖြင့် ပျော်ကြမည်ထင်သည်။ မိဘတွေကလည်း သူတို့ကလေးတွေ ဆိုကြကကြ၍ သဘောကျမည်ထင်သည်။



သူတို့အတွက်ဆုရကြောင်း အမှတ်တရ ကျန်စေမည့် ဂုဏ်ပြုကတ်ပြားလုပ်ဖို့ စိတ်ကူးသည်။

သို့သော် ကတ်ပြားဝယ်ဖို့မလွယ်၊ ပုံနှိပ်စက်နှင့် ရိုက်ရန် ရန်ကုန်–မန္တလေးဆင်းဖို့လည်း အချိန်မရ။ ဂုဏ်ပြုလွှာလုပ်ဖို့ ကုန်ကျစရိတ်လည်းမရှိ။

နောက်ဆုံးတော့ ခင်ဆွင်းမုန်နှင့် နှစ်ယောက်ကြံစည်ရတော့သည်။

ထိုစဉ်က အလယ်တန်းကျောင်းတွင် လက်နှိပ်စက်မရှိ။ စာကူးစက်မရှိ။ ရုံးစာရေးလျှင် လက်ရေးနှင့် ကာဗွန်စက္ကူခံပြီး ရေးရသည်။

မေးခွန်းလိုမျိုး အရွက်များများလိုချင်လျှင်တော့ ဖယောင်းစက္ကူပေါ်တွင် အောက်က ပလိပ်ပြားခံပြီး လက်ရေးနှင့် ရေးရသည်။

ရေးပြီး ဖယောင်းစက္ကူကို စာရွက်ပေါ်တွင်တင်၊ အပေါ်က စာကူးစက်မင်သုတ်၍ မီးချောင်းအကျွမ်းနှင့် ဖိလိမ့်ရသည်။

ဖယောင်းစက္ကူအပေါက်ထဲ မင်တွေ စိမ့်ဝင်ပြီး အောက်က စာရွက်ပေါ် သွားထင်သည်။ သည်လိုနှင့် တစ်ရွက်ပြီး တစ်ရွက် လှိမ့်သွားရသည်။ အရွက်တစ်ရာကျော်ရအောင် ကိုယ်တိုင် လက်ဖြင့် ရေးခဲ့ရသည်။

ကျောင်းအုပ်ကြီးဆိုပြီး သူများလက်ညှိုးထိုးခိုင်း၍ မရ။ ကျွန်တော့်လက်ရေးက တစ်ကျောင်းလုံးတွင် အကောင်းဆုံးဖြစ်နေသည်။

သည်တော့ ရွေးချယ်စရာမရှိ။ ကျွန်တော်ကိုယ်တိုင် ဖယောင်းစက္ကူပေါ်တွင် ရေးပြီး ခင်ဆွင်းမှန် အကူအညီဖြင့် ကျွန်တော်ကိုယ်တိုင် ဂုဏ်ပြုလွှာတွေ တစ်ရွက်ပြီးတစ်ရွက် ထွက်လာအောင် လိုမ့်ရ၏။

ပြီးတော့ မိဘဆရာအသင်းဥက္ကဋ္ဌအနေဖြင့် ကျွန်တော်က စာရွက်ပေါ်တွင် လက်မှတ်ထိုးပြီး ကျောင်းအုပ်ကြီးအနေဖြင့် ကလေးတွေကို ဆုပေးရဦးမည်။

ဆုပေးပွဲအခမ်းအနားကို တစ်ခုသော တနင်္ဂနွေ နေ့လယ် ၁၂ နာရီတွင် ကျင်းပရန် စီစဉ်လိုက်သည်။

နေ့လယ် ၁၂ နာရီဖိတ်လျှင် လူများများလာတတ်သည်။ ကျန်သည့်နေ့ စီစဉ်လျှင် လူမစုံ။

ဘာကြောင့်လဲဆိုတာ နောက်တော့မှ ကျွန်တော်သိသည်။ သူတို့က တနင်္ဂနွေနေ့တွင် ဘုရားကျောင်းမှန်မှန်တက်သည်။ လိုင်တွီးရွာတွင် ဘုရားကျောင်း ၈ ကျောင်း ရှိသည်။

ဘုရားကျောင်းတက်ပြီး အစည်းအဝေးဆက်တက်လျှင် လူစုပြီးသားဖြစ်နေ၏။

ထို့ကြောင့် မိဘဆရာအသင်း အစည်းအဝေးကို တနင်္ဂနွေနေ့ ၁၂ နာရီတွင် ကျင်းပရခြင်းဖြစ်သည်။

မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ဆုပေးပွဲကို မိဘတိုင်းကို ဖိတ်သည်။ အထူးသဖြင့် ဂေါ်ဖီစိုက်ခင်းထဲ ဝင်စားခဲ့ကြသော မြင်းနှင့်နွားပိုင်ရှင်တွေကို အသေအချာဖိတ်သည်။ သူတို့



အစည်းအဝေးတက်ရောက်ရန် သူတို့နှင့် နီးစပ်သော ဆရာတစ်ယောက်ကို တာဝန်ပေးဖိတ်ခိုင်းထားသည်။

အစည်းအဝေး တက်ရောက်လာကြသူတိုင်းကို နို့မှုန့်၊ နို့ဆီ၊ နွားနို့မပါသော ကော်ဖီစစ်စစ်တိုက်သည်။

ဆုရကျောင်းသားများအပြင် ကျောင်းသားတိုင်း အစည်းအဝေးတက်ရန် ခေါ်ထားသည်။

သူတို့က ဆုရကျောင်းသားများကို မြင်ပြီး အားကျကြိုးစားလာအောင် ရည်ရွယ်သလို ကျောင်းလုပ်ငန်းတိုင်းတွင် ကျောင်းသားများပါဝင်ရမည်။ ကိုယ်ဆုမရသော်လည်း ဆုရသော ကျောင်းသားများကို အားပေးရမည်။

လိုင်တွီးမှာက နေရာအခက်အခဲမရှိ။ ကျောင်းဆောင်ကြီးတစ်ခုလုံးပြည့်သွားလျှင်လည်း ကျောင်းဆောင်ဘေးတွင် ခုံတန်းတွေ ချထားပေး၍ ရသည်။

လူတွေက အပြင်မှာ ခုံချပေးလျှင် အပြင်မှာပဲ ထိုင်ချင်ကြသည်။ ခန်းမထဲဝင်ဖို့ အတင်းတိုက်တွန်းရသည်။ လွတ်လပ်မှုကို ကြိုက်နှစ်သက်၍လားမသိ။

၁၂ နာရီခွဲလောက်မှာ လူစုံသဖြင့် အစည်းအဝေးကို စသည်။ အခမ်းအနားအပြင်အဆင်နှင့် ခုံနေရာချထားစီစဉ်မှုတွေကို ကြည့်ပြီး ကျွန်တော်အားငယ်သွားသည်။

ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့သော ပြည်မက အထက်တန်းကျောင်း မိဘဆရာအသင်း အခမ်းအနားတွေနှင့် ကွာပါ့။

ဆုပေးပွဲစားပွဲ၊ အခမ်းအနားမှူးစားပွဲတွေအားလုံး ပြည်မမှာက အဝတ်ခင်းထားသည်။ ပန်းအိုးတွေ ဝေဝေဆာဆာ ထိုးထားသည်။ နောက်ခံကန့်လန့်ကာကြီးပေါ်တွင် မိဘဆရာ အသင်းနှစ်ပတ်လည် အခမ်းအနားနှင့် ဆုနှင်းသဘင်ဆိုပြီး စာလုံးတွေချိတ်ထားသည်။

ရှေ့ဆုံးတွင် ဆိုဖာဆက်တီတွေ ချထားပေးရ၏။

သည်မှာနှင့် ကွာတာက ဆိုဖာဆက်တီမရှိ။ ကုလားထိုင် ဆို၍ ဆရာထိုင် ၁၀ လုံးလောက်ရှိသည်။

ကျန်အားလုံး ကျောင်းသားထိုင်ခုံတန်းများဖြစ်သည်။ နောက်ခံကန့်လန့်ကာလည်း မရှိ၊ စာလုံးရေးတတ်သူလည်း ရှားသည်။ ရှိလျှင်လည်း စာလုံးထွင်းဖို့ စက္ကူကတ်ပြားမရှိ။

ပန်းအိုး .. နိုး။ စားပွဲခင်း မသားနား ပေကျံစုတ်ပြတ်၊ အော်ရဂျင်နယ်အတိုင်းဆက်ထားသော စားပွဲသုံးလုံးပေါ်တွင် ဆုပစ္စည်းတွေ ထင်ထားသည်။

များများစားစားမဟုတ်ပါ။ နို့ဆီခွက်ဒိုင်းနှင့် စာအိတ်တွေလောက်ပဲ ဖြစ်သည်။

အရေးကြီးသော အစည်းအဝေးဆိုင်းဘုတ်ကိုတော့ ကျောက်သင်ပုန်းတစ်ချပ်ပေါ်တွင် ခင်ဆွင်းမုန်က အစွမ်းကုန် လှပအောင် ကြိုးစားရေးသားထားသည်။

အခမ်းအနား အပြင်အဆင်က သည်လောက်ပါပဲ။ သူ့အရပ်နှင့် သူ့ဇာတ် ဟန်ကျပါသည်။ မည်သူမျှ ကဲ့ရဲ့ပြစ်တင်ခြင်းမရှိ၊ ချီးမွမ်းပြောဆိုခြင်းလည်းမရှိ။



လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်နေရခြင်းပါပဲ။

ကျွန်တော် အခမ်းအနားကို ပြင်ဆင်တတ်သည်။ ပြင်ဆင်ခဲ့ဖူးသည်။ ငွေကုန်ကြေးကျခံပြီး ပြင်ဆင်မှ သားနားမည်ကို သိသည်။

မြို့ပေါ်မှာက အနံကြီးကွင်းကျယ် လူတန်းစားရှိသည်။ ထို့အတွက် ခမ်းနားအောင် ငွေကုန်ခံပြီး လုပ်ရသည်။ ငွေကုန်ခံနိုင်လျှင် ခံနိုင်သလောက် ရုပ်ထွက်အောင် လုပ်၍ရသည်။

လိုင်တွီးရွာက ကျောင်းဆုပေးပွဲလေးကတော့ ချို့ငဲ့စွာ ကျင်းပရသည့် အနှစ်သာရသဘောကို ဦးစားပေးသော ဆုပေးပွဲလေး တစ်ခုပါ။

ဘာဆိုဘာမျှ မရှိပါ။ ဘာမျှမရှိသည့်ကြားက ကလေးတွေ စိတ်ဓာတ်မြင့်တက်အောင် မိဘတွေ စိတ်ပါဝင်စားပြီး တက်ကြွစွာ ပါဝင်လာအောင် လုပ်ပေးရသည့် ပွဲတစ်ပွဲပါ။

ထိုပွဲတွင် မြင်းပိုင်ရှင်၊ နွားပိုင်ရှင်တွေကို ဆုတက်ပေးခိုင်းသောအခါ သူတို့ အံ့အားသင့်ပြီး ဝမ်းသာကျေနပ် နေပုံရသည်။

သူတို့လျော်ကြေးပေးသည့် ငွေနှင့် ဆုပေးပွဲလုပ်တာပါလားဟူသော အသိကြောင့် လျော်ကြေးပေးရစဉ်ကာလက မကျေနပ်မှုတွေ ပျောက်သွားလိမ့်မည်ထင်သည်။

ထိုနှစ်က ဆုပေးပွဲလေးကို ရွာမှ ပါတီကောင်စီလူကြီးများကလည်း သဘောကျကြသည်ဟု ဆရာအင်က ပြန်ပြောသည်။

ဘာဖြစ်လို့လဲမေးတော့ ဒီနှစ်မှာ လူတွေအများကြီးလာတယ်။ ဒိုင်းတွေ ဘာတွေတောင် ပေးနိုင်တယ်ဟု ပြောကြောင်းသိရ၏။

မိဘတွေကလည်း သူတို့ကလေးတွေ ဆုရ၍ ဝမ်းသာနေကြ၏။

ခါတိုင်းနှစ်က ကျောင်းဆုပေးပွဲနှင့် မတူဘူး။ လူသိပ်နည်းတယ်ဟု ပြောကြောင်း သိရ၏။

ဒီနှစ်မှာ ကျွန်တော်က လူအဓိကထားပြီး လုပ်သည်။ ဘာသာရေးခေါင်းဆောင်တွေ၊ ပါတီကောင်စီလူကြီးတွေ၊ ရွာက ငွေကြေးတတ်နိုင်သူတွေ၊ မြင်းပိုင်ရှင်၊ နွားပိုင်ရှင်တွေ တစ်ယောက်မကျန် ဆုပေးခိုင်းသည်။

ကျောင်းသားတွေကိုလည်း ဆုမျိုးစုံတီထွင်ပေးထားသည်။

ကျောင်းသားတိုင်း သူတို့မိဘနှင့်အတူ မလာမနေရ အမိန့်ထုတ်ထားသည်။

ပစ္စည်းပစ္စယနှင့် ငွေကြေးမပြည့်စုံတာကို ထိုင်ညည်းပြီး စိတ်ပျက်နေမယ့်အစား သူတို့စိတ်ထဲတွင် အသိအမှတ်ပြုခံရသည့် ခံစားမှုမျိုးဖြစ်အောင် ကျောင်းအုပ်ကြီးတစ်ယောက်အနေနှင့် ကြိုးစားပေး၍ ရနိုင်တာပဲ မဟုတ်လား။

မိဘတွေကလည်း သူတို့ကို အသိအမှတ်ပြုလေးစားကြောင်း သိစေရမည်။ ဆုပေးသည့်ပုဂ္ဂိုလ်တွေကလည်း သူတို့၏ အရေးပါအရာရောက်မှုကို နှစ်သက်သဘောကျစေရမည်။ ကျောင်းသားတွေကလည်း သူတို့၏ ကြိုးစားအားထုတ်မှု အသီးအပွင့်ကို ရရှိခံစားစေရမည်။ ဆရာတွေကလည်း သူတို့၏ စေတနာထားလုပ်ဆောင်မှုကို မိဘတွေ မြင်တွေ့သဘောကျသွားလျှင် ပီတိစားရပြီပဲ မဟုတ်လား။

ပြီးတော့ ဆရာနဲ့ တပည့်များ၏ ဖျော်ဖြေရေးအစီအစဉ်



တွေကိုလည်း လူကြီးမိဘတွေ အရမ်းသဘောကျကြ၏။ ကျောင်းဆုပေးပွဲ၏ အနှစ်သာရက ဒါပဲမဟုတ်လား။

တန်ဖိုးရှိသောပစ္စည်းများ ဆုပေးနိုင်မှ မဟုတ်ပါ။ နို့ဆီခွက်ဒိုင်းနှင့်လည်း အဓိပ္ပာယ်ရှိသော ဆုပေးပွဲမျိုး ကျင်းပနိုင်ကြောင်း ကျွန်တော်မျက်ဝါးထင်ထင် မြင်ရသောအခါ အခမ်းအနား အပြင်အဆင်ကြည့်ပြီး ဖြစ်ပေါ်ခဲ့ရသော အားငယ်စိတ်တွေ ပျောက်သွား၏။

လူတွေကို အသိပညာပေးရသော နေရာဌာနတွင် ရုပ်ဝတ္ထုပစ္စည်းပစ္စယမရှိလည်း ကိစ္စမရှိပါ။ လူတွေရှိဖို့ပဲလိုသည်။ လူတွေမှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမည်ဟူသော အသိစိတ်ဓာတ်မျိုး ဝင်သွားလျှင် ဘာမဆိုလုပ်၍ရသည်။

လူသာလျှင် အဓိက၊ လူသာလျှင် ပဓာနကျသည်ဆိုသော အယူအဆကို ကိုယ်တွေ့ကြုံ၍ ကျွန်တော်ယုံခဲ့ရပါ၏။

❖ ❖ ❖

# အပိုင်း - ၂၆

## ဘာသာစုံဆုတောင်းပွဲ

ငွေကြေးနှင့် ရုပ်ဝတ္ထုပစ္စည်းချို့တဲ့သော လိုင်တွီးကျောင်းကလေးကို စိတ်ဓာတ်ခွန်အားပြည့်စေရမည်။

ဘာလုပ်ပေးရလျှင် ကောင်းမလဲဟု ကျွန်တော်အမြဲစဉ်းစားသည်။

ရွာနှင့်ကျောင်း တစ်သားတည်းဖြစ်အောင် ကျွန်တော်ကြိုးစားသည်။

ရွာလူကြီးတွေ၊ ငွေကြေးတတ်နိုင်သော ရပ်မိရပ်ဖတွေ၊ ဘာသာရေးခေါင်းဆောင်တွေ၊ တက်ကြွသောလူငယ်တွေ ကျွန်တော့်ကျောင်းကလေးကို စိတ်ဝင်စားအောင် ခေါင်းထဲတွင် အမြဲထည့်ထားပြီး အကြံထုတ်နေမိသည်။

သူတို့စိတ်ထဲတွင် ဒါ .. ငါတို့ကျောင်း၊ ဒါ .. ငါတို့တူ၊ သား၊ မြေးမြစ်တွေ နေသည့်နေရာ။ ဒီနေရာ၊ ဒီကျောင်းကောင်းအောင် ငါတို့ဝိုင်းလုပ်ပေးရမည်ဟူသော အသိစိတ်ဓာတ်မျိုး ရှိစေချင်၏။



ထိုသို့ရှိလာအောင်လည်း ကျွန်တော် ကြိုးပမ်းအားထုတ်ရမည်။ ကျောင်းတစ်ကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းအုပ်ကြီးက ကျောင်းထဲမှာ တကုပ်ကုပ်နှင့် အလုပ်လုပ်နေရုံဖြင့် ကိစ္စမပြီးနိုင်။ ဆရာတွေနှင့် ခွဲဝေတာဝန်ယူစာသင်ရုံဖြင့်လည်း တာဝန်ကျေသည်ဟု ကျွန်တော်မထင်။

ကျောင်းက ရပ်ရွာကို လွှမ်းမိုးနိုင်အောင်လုပ်ရမည်။ ရပ်ရွာက ကျောင်းကို အားကိုးလာစေရမည်။

ထိုကျောင်းကလေးကြောင့် တို့ရွာ ဖွံ့ဖြိုးတိုးတက်သည်။ ကျက်သရေရှိသည်။ ကျောင်းခေါင်းလောင်းသံက နားဝင်ချိုသည်။ ကျောင်းကလေးသာမရှိလျှင် စာအံသံတိတ်ဆိတ်သွားလျှင် ရွာသည် ရွာနှင့်မတူ ကျက်သရေကင်းမဲ့သွားလိမ့်မည်ဟု သူတို့ ခံစားနားလည်အောင် ကျောင်းအုပ်ကြီးက ကြိုးပမ်းရလိမ့်မည်။

ထိုတာဝန်သည် ကျွန်တော့်ကို မည်သူမျှ မခိုင်းသော တာဝန်အဖြစ် သတ်မှတ်ထမ်းဆောင်သည်။

ထို့ကြောင့် ရွာတွင်ပြုလုပ်သော သာရေးနာရေးကိစ္စများကို ကျွန်တော် အမြဲသွားသည်။

ကျွန်တော့်ကို ဖိတ်ပါ။ ကျွန်တော်လာမည်ဟုလည်း သတင်းလွှင့်ထားသည်။ ရွာတွင် ရပ်မိရပ်ဖတစ်ဦးဖြစ်ပြီး ဘာသာရေးခေါင်းဆောင်တစ်ယောက်လည်းဖြစ်သော ဆရာငူလ်ခန့်အင်ကို ကျွန်တော်ပေါင်းထားသည်။

ကိုယ့်လက်အောက်က အလယ်တန်းပြဆရာတစ်ဦးပဲလို့

သဘောမထားဘဲ ရွာလူကြီးတစ်ယောက်လို သဘောထားဆက်ဆံသည်။ ကျောင်းကိစ္စအတော်များများတွင် သူ့အကြံဉာဏ်တောင်းပြီး သူ့ကို နေရာပေးထားသည်။

ကျောင်းအုပ်ကြီးက သူ့ကို ယုံယုံကြည်ကြည်နေရာပေး တန်ဖိုးထားသဖြင့် သူကလည်း ကျောင်းအုပ်ကြီးကို လေးစားခင်မင်သည်။ ကျောင်းအုပ်ကြီးဖြစ်စေချင်သော ကိစ္စတိုင်းလိုလို ကူညီလေ့ရှိသည်။

ကျွန်တော်ကလည်း သူ့အကူအညီဖြင့် ရွာထဲရှိ ဘုရားရှိခိုးကျောင်းတိုင်းလိုလို တရားသွားဟောပြီးပြီ။

ခရစ်ယာန်သမ္မာကျမ်းစာထဲက ဆာလံကျမ်းကို ကိုးကားပြီး ပညာကို တန်ဖိုးထားရှာဖွေရန် ပညာရေးမြင့်မှ လူမျိုးမြင့်မည်။ ပညာတတ်ပေါမှ ရွာဖွံ့ဖြိုးမည်စသဖြင့် တနင်္ဂနွေနေ့တိုင်းလိုလို ကျွန်တော်လိုက်ဟောသည်။

ကျွန်တော်က မြန်မာလိုဟောပြီး ဆရာငူလ်ခန့်အင်က ချင်းလို ဘာသာပြန်ပြောသည်။

ကျွန်တော်တို့နှစ်ယောက် အတွဲညီညီဖြင့် လိုက်ဟောပြောတာကို ရွာသားတွေက သဘောကျကြ၏။

ကျွန်တော်ဟောပြောတာ နားထောင်ချင်၍ ကျွန်တော်လာဟောပြောမည့်နေ့တွင် ဘုရားကျောင်းလူပြည့်လူလျှံဖြစ်သည်ဟု ပြောကြသည်။

ဘုရားကျောင်းအားလုံးကို ကျွန်တော်ရောက်ပြီးပြီ၊ ဘာသာ



ရေးခေါင်းဆောင်အားလုံးနှင့်လည်း ကျောင်းဖွံ့ဖြိုးရေး ရွာတွင် စာတတ်သူပေါများလာရေးကိစ္စကို ဆွေးနွေးတိုင်ပင်ကြပြီးပြီ။

ထိုအခါ ကျွန်တော့်ကျောင်းတွင် ဘာသာစုံ ဆုတောင်းပွဲ လုပ်ရန်ကိစ္စ ဘာမျှမခက်။ ကျွန်တော့်ကျောင်း အောင်ချက်ကောင်းရန် ကိစ္စကို ကျွန်တော်ကိုယ်တိုင် ကြိုးစားသည်။ ဆရာတွေ၊ ကျောင်းသားတွေလည်း အားကြိုးမာန်တက်လုပ်နေကြ၏။

သို့သော် တစ်ရွာလုံး၏မေတ္တာ ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များ၏ ဆုတောင်းပတ္ထနာ။ ကျွန်တော်ကိုးကွယ်သော မြတ်စွာဘုရားသာမက သူတို့ကိုးကွယ်သော ဘုရားသခင်၏ ကောင်းချီးပေးမှုကိုလည်း ကျွန်တော့်တပည့်တွေရစေချင်၏။

သူတို့၏ စိတ်ခွန်အားမြင့်တက်ရရှိရန်အတွက် ဘာသာစုံ ဆုတောင်းပွဲတစ်ရပ်ကို ကျွန်တော့်ကျောင်းတွင် လုပ်ချင်သည်။

ကျွန်တော့်ဆရာများနှင့် အလျင်ဆုံး စည်းဝေးတိုင်ပင်သည်။ သူတို့ကလည်း သဘောတူ၍ နှစ်သက်ကြ၏။

ထို့ကြောင့် မိဘဆရာအသင်း အလုပ်အမှုဆောင် အစည်းအဝေးခေါ်သည်။ ထိုအစည်းအဝေးတွင် ပါတီကောင်စီ လူကြီးများအပြင် ဘာသာရေးဂိုဏ်းပေါင်းစုံမှ သင်းအုပ်ဆရာများ ခေါင်းဆောင်များကိုပါ ဖိတ်ကြားသည်။

ထိုအစည်းအဝေးကို လူစုံတက်စုံတက်လာကြသည်။ ကျွန်တော်က ဘာသာစုံဆုတောင်းပွဲလုပ်ချင်သည့်ဆန္ဒ၊ ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောပြသည်။

အားလုံးက သဘောတူကြသည်။

သို့သော် ဂိုဏ်းပေါင်းစုံက လိုက်နာဆောင်ရွက်ကူညီပေးရမည့်ကိစ္စတစ်ခုကို ကျွန်တော်က တင်ပြသည်။

ထိုကိစ္စက အရေးကြီးသည်။

မည်သည့်ဂိုဏ်း၊ ဘုရားကျောင်းများမှ သင်းအုပ်ဆရာသို့မဟုတ် ဂိုဏ်းခေါင်းဆောင်အား သူတို့၏ ဘာသာအကြောင်းဟောပြောခြင်းမပြုရန်နှင့် မိမိဘာသာ ဓလေ့ထုံးစံအတိုင်း ဆုတောင်းခြင်းသက်သက်ကိုသာ ပြုလုပ်ကြရန် မေတ္တာရပ်ခံသည်။

သို့မဟုတ်ပါက သူ့ဘာသာအကြောင်း ဟောပြောနေလျှင် အချိန်မရနိုင်။ ထို့ပြင် ဘာသာပေါင်းစုံ လာရောက်ကြသဖြင့် သူ့ဘာသာကောင်းကြောင်း ကိုယ့်ဘာသာကောင်းကြောင်း ဟောပြောနေကြလျှင် သဘောမတူ စိတ်ဝမ်းကွဲကြလိမ့်မည်။

စုစည်းညီညွတ်မှုလိုချင်၍ လုပ်ပါမှ စိတ်ဝမ်းကွဲ အငြင်းပွားကုန်ကြလျှင် အကျိုးမရှိဘဲ အကျိုးယုတ်ဖို့သာရှိသည်။ ထို့ကြောင့် မည်သည့်အသင်း၊ ဂိုဏ်း၊ ခေါင်းဆောင်မျှ တရားမဟော။ ကျောင်းအောင်ချက်ကောင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသက်သက်ကိုသာ ကိုယ့်အသင်းသားနှင့်ကိုယ်လာပြီး ဆုတောင်းပေးကြပါရန် မေတ္တာရပ်ခံသောအခါ အားလုံးက သဘောတူကြ၏။

တကယ့်အစည်းအဝေးကြီး ပြုလုပ်သောအခါ မည်သူမျှ တရားမဟော။ ကိုယ့်ဘာသာဓလေ့ထုံးစံအတိုင်း ကျောင်းအောင်ချက်ကောင်းမွန်ရေးအတွက် ဆုတောင်းပေးကြသည်။



တနင်္ဂနွေနေ့တွင် ကျင်းပသဖြင့် သူတို့ဘုရားကျောင်းတွင် ဆုတောင်းဝတ်ပြုပြီးသောအခါ တောင်အောက်၌ရှိသော ကျွန်တော့်ကျောင်းသို့ ဆင်းလာကြသည်။

ဘုရားကျောင်း တစ်ကျောင်းပြီးတစ်ကျောင်း ဆင်းလာကြသဖြင့် ကျွန်တော့်ကျောင်းဝင်းတစ်ခုလုံး ပြည့်သွားတော့သည်။

ဗေဝဂလီအသင်းတော်၊ ချင်းနှစ်ခြင်းအသင်းတော်၊ RC အသင်းတော် စသဖြင့် အသင်းတော် ရှစ်ခုရှိသည်။ ဘုရားကျောင်း ရှစ်ကျောင်းရှိသည်။

မဲနှိုက်၍ ကျရာနံပါတ်အတိုင်း ဆုတောင်းပေးကြရသည်။ သူတို့အသင်းထုံးစံအတိုင်း လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးကြသည်။

တချို့အသင်းက နာရီဝက်ကျော်ကြာသည်။

ကိုယ့်အသင်းနှင့်ကိုယ် အင်အားပြသလိုဖြစ်သဖြင့် ကျောင်းကို လာရောက် ဆုတောင်းပေးရသည်ကို နှစ်သက်သဘောကျနေကြ၏။

တစ်ရွာလုံးနီးပါး လာဆုတောင်းနေသလိုဖြစ်တော့၏။

ထိုအခွင့်အရေးကို ကျွန်တော် လက်လွှတ်မခံ။

တစ်ရွာလုံးကို စုစည်းပြီးသားဖြစ်နေသော ယိုအချိန်တွင် ကျွန်တော် ကျောင်းကလေး၏ သနားစရာကောင်းသော အခြေအနေများကို ပြောပြသည်။

ယိုင်လဲကျမတတ်ဖြစ်နေသော အလယ်တန်းဆောင်ကို ပြုပြင်ဖို့လိုပြီဖြစ်ကြောင်း၊ ရန်ပုံငွေမရှိသဖြင့် ဆုပေးပွဲကို ချို့ချို့ငဲ့ငဲ့ ကျင်းပခဲ့သည့်အကြောင်း၊ ၈ တန်းနှင့် ၄ တန်းအောင်ချက်မြင့်မား

ရေးအတွက် ကျောင်းအိပ်စာကျက်ဝိုင်း လုပ်ထားသည့်အကြောင်း၊ ကျောင်းသားဦးရေသည် ရွာလူဦးရေနှင့် တွက်ချက်ကြည့်လျှင် အလွန်နည်းနေသဖြင့် ဆီမီးရောင်စစ်ဆင်ရေးပြုလုပ်ကာ ကျောင်းနေအရွယ်ကလေးများကို ကျောင်းထားပေးရန် အတင်းအကျပ်လုပ်မိသည်ကို နားလည်ခွင့်လွှတ်ကြစေချင်ကြောင်း၊ ကျောင်းသားများကို ကျောင်းနေပျော်၍ စာတော်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း ကျောင်းနေပျော်အောင် အားကစားပြိုင်ပွဲများ၊ ဘော်လီဘောကစားနိုင်အောင် ဖန်တီးပေးခဲ့ရကြောင်း၊ ကျောင်းဆုပေးပွဲအတွက် စိုက်ပျိုးခဲ့သော ဂေါ်ဖီစိုက်ခင်းအတွင်းသို့ နွားများ မြင်းများ ဝင်ရောက်စားသောက်၍ ဖမ်းဆီးဒဏ်ရိုက်ခဲ့ရခြင်းမှာ ကျောင်းအကျိုးအတွက်သာဖြစ်ကြောင်း၊ ကျောင်းရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ကျောင်းသားဦးရေတိုးပွားဖို့လိုကြောင်း၊ တဖြည်းဖြည်း ကျောင်းသားဦးရေ ဆုတ်ယုတ်နည်းပါးသွားပါက အလယ်တန်းကျောင်းမှ မူလတန်းကျောင်းအဆင့်သို့ ရောက်ရှိသွားနိုင်ကြောင်း၊ ထို့ကြောင့် ဘုရားသခင် ကောင်းချီးပေးမှုနှင့်အတူ ဘာသာစုံဝိုင်းဆုတောင်းပေးကြခြင်းကြောင့် လိုင်တွီးကျောင်းကလေး အောင်ချက်မြင့်မားပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ကြောင်း တစ်ရွာလုံး ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ကျွန်တော် ပြောပြောခဲ့၏။

ကျောင်းအုပ်ကြီးဆိုသည်မှာ အုပ်ချုပ်ရေးသမားတစ်ဦးသာမက စည်းရုံးရေးကောင်းမွန်သူတစ်ဦးဖြစ်ဖို့လိုကြောင်း ကျွန်တော် နားလည်လက်ခံသည်။



ထို့ကြောင့် ဘာသာစုံဆုတောင်းပွဲလုပ်ပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းရုံးဟောပြောခဲ့ခြင်းဖြစ်ပါ၏။

တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ ဒါမျိုးပဲလားဟု ကျွန်တော်တွေးနေမိတော့၏။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဆရာတွေ ကျွန်တော့်တပည့်တွေ တစ်ရွာလုံးက လာရောက်ဆုတောင်းအားပေးနေကြသဖြင့် စိတ်ဓာတ်ခွန်အားရရှိမည်မှာ သေချာသည်။

တစ်ရွာလုံးကလည်း ဤကျောင်းကလေးအောင်ချက်ကောင်းဖို့အရေး တွေးပူပြီး စိတ်ဝင်စားနေကြလိမ့်မည်ဟု ကျွန်တော်မျှော်လင့်သည်။

ရွာနှင့်ကျောင်း တစ်ပေါင်းတည်းဖြစ်အောင် ကျွန်တော်၏ စိတ်ကူးဖန်တီးမှုတစ်ခုဖြစ်ကြောင်း ရိုးသားစွာဝန်ခံပါသည်။

ရွာ၏ အားပေးထောက်ခံမှု၊ စိတ်ခွန်အားပေးမှုသည် ထိုရွာရှိ ကျောင်းအောင်မြင်မှုအတွက် အင်မတန်အရေးပါကြောင်း ကျွန်တော်အသေအချာ သဘောပေါက်နားလည်နေ၍ ဖြစ်ပါသည်။

❖ ❖ ❖

# အပိုင်း - ၂၇

## ကျောင်းနေပျော်၍ စာတော်ရမည်

အောင်စာရင်းတွေ ထွက်လာသောအခါ ကျွန်တော်တို့၏ ကြိုးစားမှုရလဒ်တွေ ထွက်လာခဲ့ပါ၏။

၁၉၈၄–၈၅ ပညာသင်နှစ် အဋ္ဌမတန်းစာမေးပွဲအောင် ချက်ကောင်းခဲ့သည်။ ကျောင်းသား ၁၄ ဦးဖြေဆိုရာ ၁၀ ဦး အောင်သဖြင့် ၇၁ • ၄၃ ရာခိုင်နှုန်းအောင်သည်။ စတုတ္ထတန်း စာမေးပွဲတွင် ၄၆ ယောက်ဖြေဆိုရာ ၃၉ ယောက်အောင်သည်။ ၈၄ • ၇၈ ရာခိုင်နှုန်းကျော်အောင်သည်။

ထိုအချိန်က ပြည်မကျောင်းများ၏ အောင်ချက်ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက မြင့်လှသည်ဟု မဆိုသာ။

သို့သော် ကျွန်တော်၏ လိုင်တွီးအလယ်တန်းကျောင်း အနေဖြင့်တော့ အောင်ချက်ခုန်တက်သည်ဟု ဆိုရမည်။



ကျွန်တော်မရောက်ခင်က အဋ္ဌမတန်းစာမေးပွဲအောင်ချက်မှာ ဇီးရိုး (သုည) ဖြစ်သည်။ စတုတ္ထတန်းစာမေးပွဲမှာ ၅၀ အောက် အမြဲတမ်းရောက်နေသည်။

ကျွန်တော့်ကျောင်းက ထိုနှစ် အဋ္ဌမတန်းအောင်ချက်မှာ ချင်းပြည်နယ်တွင် ဒုတိယရသည်။ သို့သော် ဖြေဆိုသူ ကျောင်းသား ဦးရေ ၂၀ မပြည့်သဖြင့် ဆုမရ။ အနည်းဆုံးကျောင်းသားဦးရေ ၂၀ ရှိသော ကျောင်းများကိုသာ ဆုပေးစာရင်းတွင် ထည့်သွင်းစဉ်းစား၏။

ဆုမရလည်း ကိစ္စမရှိ။ ကျွန်တော့်ကလေးတွေ အောင်ဖို့ အရေးကြီးသည်။ သူတို့ကြိုးစားမှုကြောင့် ထိုက်တန်သော ရလဒ် ကောင်းရသည်ကို သူတို့ သိစေချင်၏။

ဆရာတွေကလည်း အားကြိုးမာန်တက် စိတ်ဓာတ်မြှင့်တင် အလုပ်လုပ်လျှင် ပျော်ရွှင်စရာ၊ ကျေနပ်စရာ၊ အောင်မြင်မှုတွေ့ရကြောင်း ကိုယ်တွေ့သိခဲ့ပြီ။

မိဘတွေကလည်း ကျောင်းအောင်ချက်ကောင်းသဖြင့် ကျောင်းအတွက် ဂုဏ်တက်ရသလို ရွာအတွက်လည်း ဂုဏ်ယူစရာ ဖြစ်ခဲ့ကြောင်း ကောင်းကောင်းသိကြပြီး မိမိတို့ သားသမီးတွေ အောင်မြင်ပျော်ရွှင်မှုကို မျက်ဝါးထင်ထင် မြင်တွေ့ရသဖြင့် ကြည်နူး ဝမ်းသာ ပီတိဖြစ်နေကြသည်။

ထိုအခါ ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ ပညာလောကမဂ္ဂဇင်းတွင် ကျွန်တော်ရေးခဲ့သော ဆောင်းပါးလေးတစ်ပုဒ်ကို ပြန်အမှတ်ရမိသည်။

ဆောင်းပါးခေါင်းစဉ်က **ကျောင်းနေပျော်၍ စာတော်ရမည်။**

ထိုစဉ်က ကျွန်တော်သည် အထကပြွန်တန်ဆာ (ညောင်လေးပင်မြို့နယ်) တွင် အထက်တန်းပြတာဝန် ထမ်းဆောင်နေ၏။

အထက်တန်းပြဆရာတစ်ယောက်အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းမျိုးစုံလုပ်ခဲ့ရသည်။ ကျောင်းအုပ်ကြီး ဦးနုကလည်း ဘက်စုံဖွံ့ဖြိုးရေးကို နားလည်ယုံကြည်တန်ဖိုးထားသည်။

ထို့ကြောင့် ကျောင်းတွင် အနုပညာအသင်း၊ အားကစားနှင့် ကာယပညာအသင်း၊ စာပေနှင့် အသိပညာမြှင့်တင်ရေးအဖွဲ့၊ ပန်းချီအနုပညာအသင်း၊ လက်မှုပညာအဖွဲ့၊ အိမ်တွင်းမှုသိပ္ပံအဖွဲ့၊ စိုက်ပျိုးမွေးမြူရေးအဖွဲ့၊ လေ့လာရေးအဖွဲ့၊ ကျောင်းကျန်းမာရေးအဖွဲ့၊ စာကြည့်တိုက်အသင်း စသည်ဖြင့် အသင်းအဖွဲ့မျိုးစုံဖွဲ့စည်း တာဝန်ပေးသည်။

ကျွန်တော်က မိဘဆရာအသင်း အတွင်းရေးမှူးအနေဖြင့် အသင်းအဖွဲ့တိုင်းလိုလို ပါဝင်လှုပ်ရှားရသည်။

ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေ အဆက်မပြတ် လှုပ်ရှားလုပ်ကိုင်နေကြသဖြင့် ကျောင်းသားမိဘတွေ၊ မြို့မိ မြို့ဖတွေဆီက အသံထွက်လာသည်။ စာမသင်ဘဲ ဘာတွေလုပ်နေကြတာလဲ။ ဒီနှစ် အောင်ချက်ညံ့တော့မှာပဲဟု ပြောကြသည်။ စိုးရိမ်စိတ်ဖြင့် စေတနာထားပြောမှန်း သိပါသည်။

သို့သော်လည်း ကျွန်တော်တို့က ကျောင်းသားတွေ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုက စာမေးပွဲအောင်ချက်ထက် ပိုအရေးကြီးသည်။



ကျောင်းတွင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တွေ့မြင်သိရှိ ပါဝင်လုပ်ကိုင်ဖူးမှ ကျောင်းပြင်ပရောက်သွားသည့်အခါ အတွေ့အကြုံရှိသည့် လုပ်တတ်ကိုင်တတ်သူများဖြစ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်နေ၍ ကျောင်းစာတွေ လစ်ဟင်းသွားတာမျိုးလည်း မဖြစ်စေရ။ လပတ်စာမေးပွဲတွေ အသေအချာစစ်သည်။ အပိုချိန်တွေ အဆက်မပြတ်ခေါ်သည်။

ထို့အတူ အားကစားပြိုင်ပွဲလုပ်သည်။ နံရံကပ် စာစောင်တွေ ထုတ်ဝေသည်။ စာကြည့်တိုက်ဖွင့်သည်။ ဟောပြောပွဲတွေလုပ်သည်။ ကြက်ခြေနီသင်တန်းဖွင့်သည်။ ဘင်ခရာ သင်တန်းဖွင့်သည်။

ထို့ပြင် ညောင်လေးပင်မြို့နယ် စပါးအထူးအထွက်တိုး စီမံကိန်းအတွက် ကောက်စိုက်သမ မလုံလောက်သော လယ်ကွက်များသို့ ၁၁ ရက်တိုင်တိုင် လယ်ထဲဆင်း၍ ကူညီကောက်စိုက်ပေးခဲ့ကြသေးသည်။

တစ်ကေကွက်ကို လူ ၈၀ ခန့်ဖြင့် စနစ်တကျကြိုးတန်း၍ စိုက်ပျိုးပေးခဲ့သော ကောက်စိုက်ကျောင်းသား/သူအုပ်စုကို လယ်သမားများက သဘောတွေကျနေကြ၏။

လေ့လာရေးအသင်းကလည်း ပင်ပင်ပန်းပန်း ကောက်စိုက်ပေးခဲ့ကြသော အလယ်တန်းဆင့် ကျောင်းသူ/သားများကို ကျိုက်ထီးရိုးဘုရားဖူးလေ့လာရေးပို့ပေးခဲ့သလို အထက်တန်းဆင့်ကျောင်းသူ/ကျောင်းသားများအား ကရင်ပြည်နယ် သံတောင်ကြီးသို့ လေ့လာရေးခရီးပို့ပေးခဲ့၏။

ကျောင်းသူကျောင်းသားတွေ ပျော်လိုက်ကြသည်မှာ ဆိုဖွယ်ရာမရှိ။ ထိုနှစ်ကျောင်းနေချိန်ကာလကို သူတို့ဘဝတွင် အမြဲမမေ့ သတိရအောက်မေ့ကြမည် ထင်သည်။

အနုပညာအသင်းကလည်း အားကျမခံ။ ကျောင်းဗုဒ္ဓဘာသာ အသင်းနှင့်တိုင်ပင်ပြီး ကျောင်းကထိန်ပွဲတွင် နှစ်ညတိုင်တိုင် ဇာတ်စင် ထိုးပြီး ကခဲ့ကြသေး၏။

ပြဇာတ်လည်းပါသည်။ အငြိမ့်လည်းက၏။ တေးသရုပ် ဖော်နှင့် ယိမ်းအကတွေလည်းပါသည်။ အစီအစဉ်နှစ်ဆယ်ကျော် ကျော်ဖြင့် ကျောင်းပဒေသာကပွဲ ကျင်းပခဲ့ကြပုံကို ကျွန်တော်ကိုယ်တိုင် ယခုထက်တိုင် မှတ်မိသတိရနေ၏။

ထိုကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တစ်နှစ်ပတ်လုံး အဆက် မပြတ်လုပ်ခဲ့သော်လည်း အောင်ချက်မညံ့။

၁၉၇၇–၇၈ အခြေခံပညာ အလယ်တန်း(တိုင်းစစ်) စာမေးပွဲ ကို ၈၁ . ၀၂ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့သည်။

၁၉၇၇–၇၈ အခြေခံပညာ အထက်တန်းစာမေးပွဲကို ၅၅ . ၃၅ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့သည်။

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်တွင် အောင်ချက် အကောင်းဆုံးကျောင်းအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သလို ပဲခူးတိုင်း အရှေ့ဘက်ခြမ်းတွင် ဒုတိယအောင်ချက်အကောင်းဆုံး ကျောင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်လျှင် စာမေးပွဲကျလိမ့်မည်။ အောင်ချက်ညံ့မည်ဟူသော အယူအဆကို ရိုက်ချိုးပစ်လိုက်ပြီ။



ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းနေပျော်၍ စာတော် ရမည်ဟူသော ဆောင်ပုဒ်ကို ကျွန်တော်ရေးသားပြီး ကျွန်တော် လုပ်ခဲ့သော အထကပြွန်တန်ဆာကျောင်းဖြင့် သက်သေပြခဲ့၏။

ကျွန်တော်ရေးပို့ခဲ့သော စာမူကို ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ ထုတ်၊ ပညာလောကတွင် ဖော်ပြခဲ့သည်မှာ ကာလအားဖြင့် နှစ်ပေါင်း ၃၀ နီးပါးရှိခဲ့ပြီ။

ကျွန်တော်၏ ကျောင်းနေပျော်၍ စာတော်ရမည်ဟူသော ဆောင်းပါးခေါင်းစဉ်ကိုလည်း ကျောင်းအတော်များများတွင် ဆောင်ပုဒ် အဖြစ် ရေးဆွဲထားကြသည်ကို တွေ့၍ ဝမ်းသာကြည်နူးဖြစ်ရသည်။

ထိုဆောင်ပုဒ်သည် ကျွန်တော်၏ ပညာရေးယုံကြည်ချက် ဖြစ်သည်။ ကျွန်တော်၏ ပညာရေးလမ်းညွှန်လည်း ဖြစ်၏။

ထို့ကြောင့် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ထိုပညာရေးယုံကြည်ချက်အတိုင်း လုပ်ခဲ့သည်။

အကျိုးရလဒ်သည် ပြွန်တန်ဆာ အထကကဲ့သို့ ထပ်တူ ညီမျှရသည်။

လိုင်တွီးကျောင်းမှ ကလေးများသည် ကျောင်းတက်ရသည် ကို ပျော်နေကြ၏။ အစားစားရုံမှလွဲ၍ ကျောင်းမှာအိပ် ကျောင်းမှာ ပဲနေသည်။

ကျောင်းဖွံ့ဖြိုးရေးတွေကို အခက်အခဲတွေကြားထဲမှ ပျော်ရွှင်စွာ လုပ်ကိုင်ကြသည်။

သူတို့နားမလည်သော ဘာသာရပ်တွေကို ကြိုးစားလေ့လာမှတ်သားပြီး စာမေးပွဲအောင်မြင်အောင် ကြိုးစားခဲ့ကြသည်။

ဆရာနှင့်တပည့် ချစ်ခင်ရင်းနှီး ပျော်ရွှင်စွာ စာသင်ခဲ့ကြသည့် မြင်ကွင်းကို ယနေ့တိုင် ကျွန်တော်မမေ့။

သူငယ်ချင်းအချင်းချင်း ကျောင်းလုပ်ငန်းတွေကို အပြိုင်အဆိုင် ပျော်ပျော်ရွှင်ရွှင်လုပ်ကိုင်ရင်း သူတို့၏ ကျောင်းသားဘဝလေးတွေကို နှစ်သက်ကြည်နူးစွာ ဖြတ်သန်းသွားကြသော တပည့်လေးတွေ၏ မျက်နှာများကိုလည်း ကျွန်တော်ပြန်မြင်သည်။

စေတနာ၊ အနစ်နာ၊ ဝါသနာဖြင့် ကြင်နာစွာ ဆုံးမသွန်သင်ပေးခဲ့ကြသော အသပြာမမက်သည့် တပည့်ချစ် ဆရာတွေကိုလည်း ကျွန်တော် သတိရအောက်မေ့၏။

*တောင်ကုန်းလေးပေါ်က ကျောင်း*

*ကျောင်းရှေ့တည့်တည့်က အလံတိုင်*

*အလံတိုင်ရှေ့က မြေကွက်လပ်*

ထိုမြေကွက်လပ်ပေါ်က ဆရာတပည့်လှုပ်ရှားမှုပုံရိပ်များက ကျွန်တော့်နှလုံးသားရင်ပြင်တွင် ကျောက်ထက်အက္ခရာတင်သကဲ့သို့ စွဲထင်ကျန်စေ၏။

❖ ❖ ❖



# အပိုင်း - ၂၈

## စံပြကျောင်းလေ့လာရေး

နှလုံးသားပုံရိပ်ထဲမှ ကျောင်းကလေး လိုင်တွီးသည် မြူနှင်းတို့ဖြင့် အုံ့ဆိုင်းမှုန်မှိုင်းနေသည်။

ရှေ့တစ်လံကွာလောက်တောင် ပီပီပြင်ပြင် မမြင်ရ။ နှင်းတွေဝေနေသော လိုင်တွီးဆောင်းကို ၃ နှစ်တိုင်ကြုံခဲ့ပြီ။

သည်တစ်နှစ် နောက်ဆုံးပဲ ထင်ပါရဲ့။

ကျွန်တော်က ပိန်ပိန်သေးသေးဆိုတော့ အအေးဒဏ်ကို လိမ့်နေအောင် ခံရသည်။ ချင်းတောင်၏ အအေးဒဏ်ကို မလွှဲသာလို့သာ ခံနေရသည်။ ကျွန်တော် မခံနိုင်။

ခြေဖျားလက်ဖျားတွေ အေးစက်နေတတ်သဖြင့် ခြေအိတ်၊ လက်အိတ်၊ ခေါင်းစွပ်အမြဲလိုလို စွပ်ထားရသည်။ ကိုယ်ပေါ်မှာလည်း စွပ်ကျယ်၊ ရှပ်အင်္ကျီ၊ ဆွယ်တာ၊ လက်ပြတ်၊ တိုက်ပုံဝတ်ထားပြီး အပေါ်မှ ဂျာကင်အင်္ကျီထပ်ထားသေးသည်။

နှင်းတွေကို ကျွန်တော်ချစ်၍ ဆောင်းရာသီကို သဘောကျသော်လည်း အေးစက်လွန်းသည့်ဒဏ်တော့ ကျွန်တော်မခံနိုင်။

သည်တစ်နှစ် လိုင်တွီး၏ ဒီဇင်ဘာဆောင်းသည် ရက်ရက်စက်စက်အေး၏။

သို့သော် ကျောင်းတက်ခါနီးတွင် နေပွင့်လာတတ်၏။ နေရောင်အောက်တွင် နေပူဆာလှုံရသည်မှာ အတော် နှစ်သက်စရာကောင်း၏။

နေပူဆာလှုံရင်း ကျောင်းသား/သူတွေ ကြည့်လိုက်တော့ သူတို့က ကျွန်တော့်လို သိပ်ချမ်းမနေ။ အနွေးထည်ပါးပါးနှင့် ကျောင်းတက်နိုင်ကြသည်။

ဆရာတွေကြည့်တော့လည်း တိုက်ပုံဝတ်သူဝတ်၊ ဂျာကင်ဝတ်သူဝတ်နှင့် အအေးဒဏ်ကို ခံနိုင်ကြပုံရသည်။

ကျွန်တော်တစ်ယောက်သာ အအေးဒဏ်ကို မခံမရပ်နိုင်ဖြစ်နေပုံရသည်။

မှော်ဘီနေပူပူကလာသည့်သူမို့ ချမ်းအေးသည့်ဒဏ် မခံစားနိုင်သည်မှာ သဘာဝကျသည်ဟု ကိုယ့်ဘာသာ ဖြေသိမ့်တွေးနေမိသည်။

တွေး၍ကောင်းနေဆဲ တပည့်ကျော် ခင်ဆွင်းမုန်က စာတစ်စောင်လာပေးသည်။

တီးတိန်မြို့နယ် ပညာရေးမှူးရုံးမှ စာဖြစ်နေသည်။ လိုင်တွီးအလကကို စံပြကျောင်းအဖြစ် တီးတိန်မြို့နယ်မှ ထက်/လယ်



ကျောင်းအုပ်ကြီးများ လာရောက်လေ့လာမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားစာဖြစ်၏။

တီးတိန်မြို့နယ်ပညာရေးမှူး ဦးဆလိုင်းထွန်းလှိုင်နှင့် ညှိနှိုင်းပြောဆိုပြီးဖြစ်သဖြင့် စာပါအကြောင်းအရာကို ကျွန်တော် သိပြီးဖြစ်နေသည်။

ကျွန်တော့်ဘက်ကလည်း ကြိုတင်ပြီး ပြင်ဆင်ထားပြီးဖြစ်၏။

ဆရာကြီးခိုင်းတာမှန်သမျှ ကျွန်တော် ကျောင်းမှာ အကောင်အထည် ဖော်ထားပြီးဖြစ်သည်။

ကျောင်းစိမ်းလန်းစိုပြည်ရေး စီမံချက်အဖြစ် ကျောင်းပတ်လည်တွင် သစ်ပင်တွေ ကျွန်တော်စိုက်ထားသည်။

ကျောင်းအလယ်တွင် ဖိုဖန်ပန်းဥယျာဉ်လေး ကျွန်တော် ပြုစုပျိုးထောင်ထားပြီးပြီ။

ကာယလေ့ကျင့်ခန်း စီမံချက်အတွက်လည်း ကျွန်တော်တို့က ကျောင်းမတက်မီ နေ့စဉ်လုပ်ဆောင်နေကြသည်။

ရေလောင်းအိမ်သာ စီမံချက်ကိုလည်း ရေအခက်အခဲ၊ ရေအိုးအခက်အခဲတွေကြားထဲမှ မဖြစ်မနေ အကောင်အထည်ဖော်ခဲ့ပြီ။

ကျောင်းရုံးကိုလည်း စနစ်တကျ စီမံထားပြီးဖြစ်သဖြင့် လာရောက်လေ့လာကြမည့်သူများကို ရှင်းပြနိုင်လိမ့်မည်။

ကိုယ့်ဘက်က နေရေးထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ ကြိုဆိုနေရာချထားရေးကိစ္စတွေပဲ လိုတော့မည်။

သည်ကိစ္စတွေက ကိုယ်တစ်ယောက်တည်း လုပ်၍မရ။

ရပ်မိရပ်ဖ လူကြီးတွေနှင့် တိုင်ပင်မှုဖြစ်မည်။ အချိန်ဆွဲ၍ မရသဖြင့် ချက်ချင်းအစည်းအဝေးခေါ်ရသည်။

အစည်းအဝေးတွင် ပါတီကောင်စီ ဥက္ကဋ္ဌများ၊ ရွာမိရွာဖများ၊ ဘာသာရေး အသင်းခေါင်းဆောင်များ၊ မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ စုံစုံညီညီတက်ရောက်ကြသည်။

ထိုအစည်းအဝေးမှ အောက်ပါအတိုင်း ညီညီညွတ်ညွတ်ဆုံးဖြတ်ကြသည်။

ရွာမှာရှိသော ဂျစ်ကားနှစ်စင်းက ဧည့်သည်ကျောင်းအုပ်ကြီးများကို တီးတိန်အထက(၁)ရှိ မြို့နယ်ပညာရေးမှူးရုံးသို့ သတ်မှတ်ချိန်တွင် သွားကြိုရန်။

ရွာမှာရှိသော တူးမီးသေနတ်ပိုင်ရှင်များက ရွာအဝင်ဝတွင် စနစ်တကျတန်းစီ၍ သေနတ်ဖောက်ကြိုဆိုကြရန်။

(ရွာမှာတူးမီးသေနတ် ၈၂ လက်ရှိသည်။)

ရှိမင်ကက်သလစ်ဘုရားကျောင်းအဖွဲ့မှ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများအား ကြိုဆိုနှုတ်ခွန်းဆက် သီချင်းရေးစပ်၍ ရွာအဝင်ဝတွင် သံပြိုင်သီချင်းဆို၍ ကြိုဆိုနှုတ်ဆက်ကြရန်။

ရွာမှ အချောအလှ မိန်းမပျိုလေးများမှ ပန်းစည်းဆက်ရန်။

ဧည့်သည်တော်များ၏ ရှေ့မှ ချင်းရိုးရာ ဗုံမောင်းများတီးမှုတ်ကခုန်၍ ကျောင်းဝင်းသို့ ဦးဆောင်ခေါ်သွားရန်။

ဧည့်သည်တော်များကို လိုင်တွီးကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၏ နေအိမ်များတွင် နေရာချထားပေးရန်။ ဆရာ၊ ဆရာမများက နီးစပ်ရာ ကျောင်းသားမိဘများနေအိမ်သို့ ခေတ္တခဏပြောင်းရွှေ့နေထိုင်ပေးရန်။



ဧည့်သည်တော်များအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများကို ကျေးရွာသမဝါယမှ ငှားရမ်းပေးရန်။

ဧည့်သည်တော်များ၏ အိမ်ခန်းတိုင်းတွင် ခေါင်အိုးအကြီးတစ်လုံးချထားပေးရန်။ တစ်ရပ်ကွက်ကို ခေါင်အိုးတစ်လုံး တာဝန်ယူ ပေးပို့ရန်။ ဧည့်သည်တော်များရောက်ရှိ နားနေပြီး မကြာမီအချိန်တွင် ရွာဓလေ့ထုံးစံအရ ဝက်သတ်ပြီး ဂုဏ်ပြုရန်။

ထိုနေ့ နေ့လယ်စာအတွက် ဝက်သားဟင်း၊ ကြက်သားဟင်း၊ ငါးပိချက်၊ သခွားသီးတို့စရာ၊ ကြက်ရိုးဟင်းချိုနှင့် ဂေါ်ရခါးသီးကြော်ကျွေးရန်။

ညနေပိုင်းတွင် ကျောင်းသား/သူများနှင့် ရွာလူငယ်များပေါင်းပြီး ခွာဒိုပွဲတော်ကျင်းပရန်အတွက် ရွာ၏ အမြင့်ဆုံး တောင်ပေါ်မှ မီးတုတ်များကိုင်ဆင်းလာရန်။

ရှေ့ဆုံးတွင် ချင်းရိုးရာ ဗုံမောင်းတို့ဖြင့် ကခုန် ဦးဆောင်လာရန်။ အဖွဲ့နှင့်အတူ သေနတ်သမားအချို့ လိုက်ပါ၍ သေနတ် ၂၀ ချက် ဖောက်ရန်။

မီးတုတ်အတွက် တောထဲရှိ မီးစွဲလောင်နိုင်သော သစ်ကိုင်းသစ်ခက်အချို့ကို ရွာလူငယ်အဖွဲ့မှ ကြိုတင်ရှာဖွေ၍ မီးတုတ်လုပ်ထားရန်။

ကျောင်းဝင်းအတွင်း မီးပုံပွဲ အဆင်သင့်လုပ်ထားပြီး တောင်ပေါ်မှ ဆင်းလာသောအဖွဲ့နှင့် ပူးပေါင်း၍ မီးပုံပွဲ ကျင်းပမည်။

ဧည့်သည်တော်များနှင့် တွဲကရန်အတွက် ရွာထဲရှိ သွက်လက်ချက်ချာသော အပျိုမများကို ရွေးချယ်ထားရန်။

ထိုပွဲအတွက် ခေါင်ရည်အလုံအလောက်ရရှိရေးအတွက် ကျေးရွာကောင်စီဥက္ကဋ္ဌမှ တာဝန်ယူရန်။

ဧည့်သည်တော်များကို ပွဲမတိုင်မီ ဧည့်ခံကျွေးမွေးရေးအဖွဲ့က ညစာကြိုတင်ကျွေးထားရန်။

မီးပုံပွဲပြီးသည့်အခါ ကျောင်းကပွဲ ဆက်လက်ကျင်းပရန် အစီအစဉ် ၂၄ မျိုးဖြင့် ဖျော်ဖြေတင်ဆက်ရန်။

ကျောင်းကပွဲအတွက် အောက်လင်း ဓာတ်မီး ၁၀ လုံး ထွန်းရန်။ ဘုရားကျောင်းများနှင့် ကျေးရွာသမဝါယမဆိုင်မှ ငှားရန်။

အသံချဲ့စက်အတွက် ရွာထိပ် RC ဘုရားကျောင်းမှ ငှားရန်။

ဇာတ်စင်အတွက် ကျောင်းခုံရှည်များပေါ်တွင် ရွာထဲမှ ရေကပြင်လုပ်သည့် ပျဉ်ပြားရှည်များ ငှားရမ်းခင်းရန်။

ဇာတ်စင်နောက်ခံအတွက် ချင်းစောင်များကို ဖြန့်ကြက်ထားရန်။ ကျောင်းနေပျော်၍ စာတော်ရမည် စာလုံးနှင့် အလကလိုင်တွီး၊ ကျောင်းကပွဲ စာလုံးများကို ကျောင်းဆရာများအဖွဲ့က တာဝန်ယူစီစဉ်ရန်။

ကျောင်းကပွဲ အစီအစဉ်များကို အလယ်တန်းပြ ဆရာဦးတွင်ခေါ်ကျင့်မှ တာဝန်ယူဆောင်ရွက်သွားရန်။



ဧည့်သည်တော်များအတွက် ဆက်တီကုလားထိုင်များကို ရွာထဲရှိ အိမ်များမှ ငှားရမ်းရန်။ အစည်းအဝေးတွင် လိုလေသေးမရှိအောင် ဝိုင်းစဉ်းစား ဆုံးဖြတ်လုပ်ကိုင်ကြသဖြင့် တီးတိန်မြို့နယ် အထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ၏ စံပြကျောင်းလေ့လာရေးခရီးသည် အဆင်ချောခဲ့၏။

တီးတိန်မြို့နယ်တွင် အထက်တန်းကျောင်း (၃) ကျောင်းနှင့် အလယ်တန်းကျောင်း (၁၁) ကျောင်းရှိသည်။

ကျောင်းအုပ်ကြီး (၁၄) ယောက် ရှိသည်။ ထိုအထဲတွင် ကျွန်တော်က အသက်အငယ်ဆုံး၊ လုပ်သက်အနုဆုံး။

ထိုစဉ်က ကျွန်တော့်အသက်မှာ ၃၀ ပဲရှိသေးသည်။ လုပ်သက်ကလည်း ၉ နှစ်ပဲရှိသေးသည်။

အလွန်တက်ကြွနေသော အချိန်ဖြစ်သည်။

ပြီးတော့ ကျွန်တော်က ဗဟိုနိုင်ငံရေးတက္ကသိုလ်မှ နိုင်ငံရေးနည်းပြသင်တန်းဆင်းတစ်ဦးဖြစ်နေသဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ခေတ်နောက်ကျနေသော ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရမ်းစိတ်အားထက်သန်နေသော အချိန်လည်းဖြစ်၏။

ထို့ကြောင့် ပညာရေးဌာနမှ ခိုင်းစေထားသော စီမံချက်များ အပြင် ကျောင်းဖွံ့ဖြိုးရေး၊ ရပ်ရွာဖွံ့ဖြိုးရေးတွေကိုပါ ဆောင်ရွက်နေသည်ကို မြို့နယ်ပညာရေးမှူးက သိသည်။

ထို့ကြောင့် ကျွန်တော့်ကျောင်းကို စံပြကျောင်းအဖြစ် ရွေးချယ်ပြီး လေ့လာရေးခရီးစီစဉ်ခြင်း ဖြစ်ပါသည်။

ထိုသို့ စီစဉ်သည်ကို ကျောင်းအုပ်ဆရာကြီးအချို့က မကြိုက်။ ကျွန်တော့်လို အသက်ငယ်ငယ် လုပ်သက်နုနု ကျောင်းအုပ်တစ်ယောက်၏ ကျောင်းကို ဘာဖြစ်လို့ သွားလေ့လာရမှာလဲဟု မေးခွန်းထုတ်ကြကြောင်း ပြန်ကြားသိရပါသည်။

သို့သော် သူတို့ တကယ်တမ်းရောက်လာကြသောအခါ ပျော်စရာအခြေအနေများဖြင့် တွေ့ကြုံရပြီး စံပြကျောင်း ဖြစ်သင့်ကြောင်း လက်ခံခဲ့ကြသည်။

ကျွန်တော့်မှာတော့ မပြည့်မစုံသော အခြေအနေကြားမှ ဘာတစ်ခုမျှ ဟာကွက်မရှိအောင်နေ့စဉ် စဉ်းစားတွေးတော ကြံစည်လုပ်ကိုင်နေရသည်။

အကြောင်းကြားစာ ရောက်သည့် နေ့မှစ၍ ရေတွက်သော် တစ်ပတ်ခန့်သာ အချိန်ရသည်။

လုပ်ရင်းကိုင်ရင်း ကြံစည်ရင်းနှင့် ထိုတစ်ပတ်ဆိုသောအချိန် ဘယ်လို ကုန်ဆုံးသွားမှန်းမသိ။

နက်ဖြန် သူတို့ရောက်တော့မည်။ သူတို့ကို ကြိုဆိုမည့် ရွာမှ ဂျစ်ကားနှစ်စင်းလည်း တီးတိန်မြို့သို့ တက်သွားပြီ။

အစစအရာရာ ပြင်ဆင်ပြီး ဧည့်သည်တော်တွေကို ကျွန်တော် စောင့်မျှော်နေတော့၏။

❖ ❖ ❖



## အပိုင်း - ၂၉

## အပျော်ဆုံးည

နံနက် ၈ နာရီလောက်တွင် လိုင်တွီးရွာထိပ်သို့ ကျွန်တော်တို့အဖွဲ့ သွားကြိုသည်။

ကျွန်တော်တို့အဖွဲ့ဆိုသည်မှာ ပါတီကောင်စီဥက္ကဋ္ဌများ၊ ရပ်ရွာလူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များ၊ ပန်းစည်းကမ်းမည့်ကျောင်းသူများ၊ ဂုဏ်ပြုသီချင်းသီဆိုနှုတ်ခွန်းဆက်မည့် ရှိမင်ကက်သလစ်ဘုရားကျောင်းမှ အသင်းဝင်များနှင့် သေနတ်ဖောက်ကြိုဆိုမည့် ရွာသားများဖြစ်ကြပါသည်။

ကြာကြာမစောင့်လိုက်ရပါ။ ဧည့်သည်တော်များကို တင်ဆောင်လာသည့် ရွာမှ ဂျစ်ကားနှစ်စင်းရောက်ရှိလာပါသည်။

တီးတိန်မြို့နယ် ပညာရေးမှူးနှင့် ထက်/လယ် ကျောင်းအုပ်ကြီး ၁၄ ဦးတို့ ဖြစ်ကြပါသည်။

သူတို့ကားပေါ်မှ ဆင်းသည်နှင့် ကျောင်းသူလေးများက ပန်းစည်းလေးတွေ ကမ်းကြသည်။

ရှိမင်ကက်သလစ်ဘုရားကျောင်းအဖွဲ့ကလည်း သူတို့ရေးစပ်ထားသော ဆရာကြီးများအား ဂုဏ်ပြုကြိုဆိုသည့်သီချင်းကို ချင်းဘာသာဖြင့် သံပြိုင်သီဆိုကြသည်မှာ နားထောင်၍ အတော်ကောင်းသည်။

ဘာတွေဆိုနေမှန်း ကျွန်တော် မသိသော်လည်း ရင်ထဲမှာ ခံစားရ၏။ ဆရာကြီးများ၏ မျက်နှာမှာလည်း ဝမ်းသာပီတိ ဖြစ်နေကြပုံပေါ်သည်။

ဒီလိုမျိုး သူတို့ကို ဂုဏ်ပြုသီဆို ကြိုဆိုလိမ့်မည်ဟု မျှော်လင့်ထားပုံမရ။

သီချင်းဆုံး၍ ရွာထဲသို့ ခြေလှမ်းပြင်လိုက်သည်နှင့် တစ်ပြိုင်နက် သေနတ်သံ တဒိုင်းဒိုင်းကြားရတော့သည်။

သေနတ် ၈၂ ချက်ဖောက်၍ သူတို့ကို ဂုဏ်ပြုကြိုဆိုမှန်းသိသောအခါ အရမ်းအံ့သြသွား၏။ သေနတ်သမားတွေက ဧည့်သည်တော် အနားရောက်သည်နှင့် သေနတ်ပစ်ဖောက်ကြ၏။

သေနတ်သမားတစ်ဦးကို ၅ ပေခန့်အကွာတွင် နေရာချထားသဖြင့် ပေ ၄၀၀ အတွင်း သေနတ်သံ တဒိုင်းဒိုင်းကြားနေရသည်။

သေနတ်သံတွေကြားထဲ သွားနေရသည်မှာ ရှပ်ရှင်ရိုက်နေသလား အောက်မေ့ရ၏။

ဧည့်သည်တော်တွေရှေ့မှ ဒါလန်းအက ကပြီး သွားနေကြ



သော တီးဝိုင်းအဖွဲ့ကလည်း ချင်းရိုးရာဗုံတိုကို အသားကုန် တီးနေတော့၏။

ဗုံသံနှင့် သေနတ်သံတွေကြားထဲမှာ ဆရာကြီးများ ပြုံးပျော်ရွှင်စွာ သွားနေကြသည်ကို မြင်တော့ ကျွန်တော် တိတ်တဆိတ် ကြိတ်ဝမ်းသာနေမိ၏။

သို့သော် မဏိပူရမြစ်ကို ဖြတ်ကျော်ပြီး အဝေးကြီးမှ ရောက်လာကြသော ဧည့်သည်များအပေါ် တာဝန်မကျေပွန် မှာလည်း စိုးရိမ်နေမိသည်။

ကျောင်းရောက်တော့ ကျွန်တော့်ဆရာ၊ ဆရာမတွေက အဆင်သင့် ဆီးကြိုပြီး ဆရာကြီးများအား ချင်းရိုးရာခေါင်ရည်ဖြင့် ဧည့်ခံသည်။

အမောပြေလောက်သောအချိန်တွင် ဆရာကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် ဝက်တစ်ကောင်သတ်သည်။ သူ့အရပ်နှင့် သူ့ဇာတ်မို့ သူတို့ဓလေ့ထုံးစံကို ကျွန်တော် မတားမြစ်။

ကျွန်တော်က သက်သတ်လွတ်စားနေသောကြောင့် ဝက်သားလည်း မစား၊ အနားသို့လည်း သွားမကြည့်ခဲ့ပေ။

ပျော်သလိုသာ နေကြပါစေ။

နေ့လယ်ဘက်တွင် ဆရာကြီးများအား အိပ်စက်အနားယူချိန် ထားပေး၏။

ညနေစောင်းသောအခါ ဆရာကြီးများအား ညစာ စောစော ကျွေးသည်။ ထိုအချိန်တွင် တောင်ပေါ်မှ သေနတ်သံများ စတင်

ကြားရသည်။ ချင်းရိုးရာ ခွာဒိုပွဲ ကျင်းပရန်အတွက် လူငယ် ကျောင်းသား၊ ကျောင်းသူများ အမြင့်ဆုံးတောင်ပေါ်မှ ဆင်းလာကြပြီ ထင်သည်။

သေနတ်သံ ၂၁ ချက်တိတိ ကြားရသည်။

မှောင်စပျိုးချိန်တွင် တောင်ပေါ်မှ မီးတုတ်တွေ တလက်လက်နှင့် တရွေ့ရွေ့ဆင်းလာကြသည်ကို လှမ်းမြင်နေကြရ၏။ လူ ၂၀၀ ကျော်ပါသွားသဖြင့် မီးတန်းရှည်ကြီးက ကြည့်လို့ကောင်းလှသည်။

အောက်ပြည်အောက်ရပ်က သီတင်းကျွတ် မီးထွန်းပွဲတော်ကို လွမ်းမိနေသေးသည်။

ထိုမီးတန်းရှည်ကြီးက ကျောင်းနားသို့ တရွေ့ရွေ့ နီးလာသောအခါ ဗုံသံ၊ သီချင်းသံ၊ အော်ဟစ်သံတွေ ထင်ထင်ရှားရှား ကြားလာရတော့သည်။

ကျောင်းဝင်းထဲမှာ ရှိနေကြသူ အားလုံးက တောင်ပေါ်မှ ဆင်းလာကြသူများကို ကျောင်းထိပ်သို့ သွားကြိုသည်။

ကျောင်းဝင်းအတွင်း၌ မီးပုံပွဲကျင်းပရန် ထင်းတုံးတွေ မီးညှိထားကြပြီ။ ထင်းတုံးတွေ မီးစွဲ၍ ကျောင်းဝင်းတစ်ခုလုံး မီးရောင်ဖြင့် လင်းလက်နေသည်။

မကြာခင်တောင်ပေါ်မှ ပျားရည်ဖွပ်ပြီးပြန်လာကြသည့် အဖွဲ့သားများအား ဆရာကြီးများအဖွဲ့မှ ကြိုဆို၍ မီးပုံပွဲရှိရာသို့ ခေါ်ဆောင်လာကြသည်။



ဓလေ့ထုံးစံအရ ပျားရည်ဖွပ်သွားသည်ဟု ဆိုရသော်လည်း တောင်ပေါ်၌ ပျားအုံများမရှိကြတော့ပေ။ ညဘက် အိမ်တွင်း မီးလင်းဖို့အတွက် ထင်းခုတ်ကြသဖြင့် လိုင်တွီးတစ်ရွာလုံး တောင်ကတုံး ဖြစ်၍နေပြီ။

သစ်ပင်ခုတ်သည့် အကျိုးဆက်ကြောင့် မိုးခေါင်ပြီး ရေရှားတော့သည်။ ယခု ညှိသည်တွေ ရောက်သည့်အချိန်တွင် ရေကို မနည်းစုဆောင်းထားရသည်။

အတွေးကောင်းနေဆဲတွင် မီးပုံရှိရာသို့ ဆရာကြီးများ ဝင်လာကြသည်။ ရွာဓလေ့ထုံးစံအရ အပျိုမတွေက ညှိသည်တွေကို တစ်ဦးစီသွားရောက် လက်တွဲပြီး မီးပုံကို ဝိုင်းပတ်ပြီး ကကြ၏။

ရွာလူကြီးတွေ ဆရာ၊ ဆရာမတွေလည်း ပါကြ၏။ ပြီးတော့ ရွာမှ လူငယ် အပျို လူပျိုတွေလည်း ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့ကခုန်ကြသည်။

ခေါင်သောက်လိုက်၊ ကလိုက်နှင့် အတော်ပျော်ဖို့ ကောင်းသည်။ ဗုံသံကလည်း အဆက်မပြတ်။ ထင်းတုံးကိုလည်း အဆက်မပြတ် ထိုးထားသဖြင့် လင်းထိန်နေသည်။

ကျွန်တော်နှင့် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးဆလိုင်းထွန်းလျှိုင်က ခေါင်မသောက်။ သို့သော်လည်း မီးပုံကို ဝိုင်းပတ်ကနေရတာပျော်သည်။

အပျို၊ လူပျိုတွေက သီချင်းဆိုကြသည်။ အတိုင်အဖောက်လုပ်ပြီး ဆိုနေကြသဖြင့် နားထောင်၍ ကောင်းသည်။

ဆိုကြ ကကြနှင့် ပျော်နေကြတာ မြင်တော့ သည်လိုပွဲမျိုး လုပ်မိခြင်းအတွက် ကျေနပ်မိသည်။

ဆရာကြီးတွေ မောလောက်ပြီထင်ရသည့်အချိန်တွင် မီးပုံပွဲကို ရပ်လိုက်သည်။ ကျောင်းကပွဲကို စတင်လိုက်၏။

ကျောင်းသူကျောင်းသားတွေ စုပေါင်းသီဆို ကခုန်ကြသော ချင်းရိုးရာ အကတစ်မျိုးနှင့် ကျောင်းကပွဲကို ဖွင့်လိုက်၏။

ကျောင်းအနုပညာအဖွဲ့က အစီအစဉ်တစ်ခုပြီးတစ်ခု ဖျော်ဖြေသွားသည်။ တေးသရုပ်ဖော်၊ ချင်းရိုးရာအက၊ ကလေးငယ်တို့၏ ကဗျာရွတ်ဆို သရုပ်ဖော်အက၊ ကျောင်းသင်ခန်းစာထဲမှ ဇာတ်လမ်းတို၊ မူလတန်းကလေးများ၏ အင်္ဂလိပ်ကဗျာ ရွတ်ဆိုမှု စသဖြင့် အစီအစဉ် ၂၀ ကျော်သည်။

ချင်းစောင်များကို ချိတ်ဆွဲထားသော ဇာတ်စင်နောက်ခံ။ သမဝါယမမှ ငှားထားသော အောက်လင်းဓာတ်မီး အလင်းရောင်။ RC ဘုရားကျောင်းမှ ငှားထားသော အသံချဲ့ စက်တို့ဖြင့် ကျောင်းကပွဲကို ဖန်တီးထားရသည်။

အနုပညာမြောက်ဖို့ထက် ကလေးများ၏ အနုပညာ အစွမ်းအစကို ထုတ်ဖော်ပေးဖို့က အဓိကကျသည်ဟု ကျွန်တော် ယုံကြည်သည်။

ဆရာကြီးများကလည်း ခွင့်လွှတ်သောအတွေးဖြင့် ကလေး များကို အားပေးခဲ့ကြသည်။

ယခုလို ကျောင်းကပွဲမျိုး သူတို့ရွာတွင် တစ်ခါမျှ မကြုံဘူး



သဖြင့် တစ်ရွာလုံး လာကြည့်ကြသည်။ ပရိသတ်က တိုးမပေါက် နိုင်အောင် စည်ကားလှ၏။

ကျေးရွာကောင်စီက လုံခြုံရေးကိစ္စ စိုးရိမ်ခဲ့သော်လည်း ဘာတစ်ခုမျှမဖြစ်။ အော်ဟစ်ရမ်းကားတာမျိုးတောင် မဖြစ်။

သူတို့ရွာ သူတို့ကျောင်းသား/သူ လေးတွေကို အံ့သြ ဝမ်းသာစိတ်ဖြင့် အားပေးကြ၏။ သူတို့ ဒီလိုမျိုးလုပ်နိုင်တယ်ဟူသော အကြည့်မျိုးဖြင့် ကြည့်နေကြသည်ဟု ကျွန်တော် ထင်သည်။

ဝေသီမြင့်မားသော တောင်ထိပ်များပေါ်တွင်ရှိသည့် ရွာလေး တစ်ရွာမှ အလယ်တန်းကျောင်းသူ/သားတွေက ဘာပစ္စည်းပစ္စယမှ ဟုတ်တိပတ်တိမရှိဘဲ ကျောင်းကပွဲတစ်ခုကို စီစဉ်ဖန်တီးတင်ဆက် နိုင်ခဲ့တယ်ဟူသော ဂုဏ်သတင်းက ချင်းပြည်နယ်အတွင်း ပျံ့နှံ့သွား လိမ့်မည်ထင်သည်။

သည်လိုရွာလေးတစ်ရွာကတောင် လုပ်နိုင်သေးလျှင် မြို့ပေါ် အထက်တန်းကျောင်းကြီးတွေက ဘာကြောင့်မလုပ်နိုင်ရမှာလဲ။

ကလေးတွေ၏ အနုပညာအစွမ်းအစကို ဖော်ထုတ်ပေးသည့် သည်လိုကျောင်းကပွဲမျိုးကို တာဝန်ရှိကျောင်းအုပ်ကြီးတွေက လုပ်မပေး ချင်ဘူးလား။ ဘာကြောင့်လဲ။ ဒီအတွေးမျိုးကို ပွဲကြည့်နေကြသော ဆရာကြီးတွေရင်ထဲ ရောက်လိမ့်မည်ထင်သည်။

လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် လိုင်တွိုးအလယ်ကကျောင်း ကပွဲလေးကတော့ဖြင့် ရွာထဲမှာ တီးတိန်မြို့နယ်ထဲမှာ ပြောစမှတ် ကျန်တော့မည်ထင်သည်။

ကလေးတွေ၏ ပျော်ရွှင်နေသော မျက်နှာပေါ်တွင် သူတို့ တစ်စုံတစ်ခုကို လူအများကြီးရှေ့တွင် အောင်အောင်မြင်မြင် လုပ်ပြနိုင်သည်ဟူသော ဂုဏ်ယူမှုမျိုး တွေ့လိုက်ရသည်။ ပွဲစီစဉ်သူ တစ်ယောက်အနေဖြင့် ကျေနပ်ဝမ်းသာ ပီတိဖြာရသည်။

အိုး .. ညှော်သည်တော်ကြီးတွေ အပါအဝင် လူတွေ အများကြီးကို ငါတို့တစ်တွေ အတိမ်းအစောင်း အမှားအယွင်းမရှိဘဲ အောင်အောင်မြင်မြင် ဖြေဖျော်နိုင်ခဲ့ပါလားဟူသော ဆရာတွေ၏ ရင်တွင်းစကားကိုလည်း ကြားယောင်နေမိသည်။

ကျွန်တော်ကတော့ ကျွန်တော့်ဆရာတွေ ကျွန်တော့်တပည့်တွေ၏ အနုပညာအစွမ်းအစ ပြနိုင်ခဲ့သော မပြည့်မစုံ အခက်အခဲများစွာ ကြုံခဲ့ရသည့် ကျောင်းကပွဲလေးကို အမြဲအမှတ်ရနေမိသည်။

ထိုညသည် လိုင်တွီးရွာမှာ ကျွန်တော်နေခဲ့ရသော ညပေါင်းများစွာထဲမှ အပျော်ဆုံးညဖြစ်မည်ထင်သည်။

❖ ❖ ❖



# အခန်း - ၃၀

## လူသားဥယျာဉ်မှူးကြီးကျွန်တော်

နောက်တစ်နေ့နံနက် (၈) နာရီတွင် ကျောင်းကာယ လေ့ကျင့်ခန်း ပြသရန်အတွက် ဆရာကြီးများကို နံနက်စာ စောစော ကျွေးထားသည်။

စားပြီးသည်နှင့် ကျောင်းရှိရာ တောင်ကုန်းလေးပေါ်သို့ ခေါ်ဆောင်လာခဲ့သည်။

ကျောင်းရှေ့မြေကွက်လပ်တွင် ကျောင်းသား/သူများက အဆင်သင့်နေရာယူထားကြသည်။ ကာယနည်းပြဆရာအဖြစ် တာဝန်ပေးထားသော ဆရာပေါင်ခန့်ခုပ်က ချင်းရိုးရာ ဗုံလေး တစ်လုံးကိုင်ပြီး ကလေးတွေရှေ့မှာ နေရာယူထားသည်။

ညွှသည်တော် ဆရာကြီးများအတွက် စီစဉ်ထားသော ထိုင်ခုံများပေါ်တွင် ဆရာကြီးများ နေရာယူပြီးသောအခါ ဆရာပေါင်ခန့်ခုပ်အား ကျွန်တော် လက်မထောင်၍ အချက်ပြလိုက်သည်။

ဆရာပေါင်ခန့်ခုပ်က ဗုံလေးကို တစ်ချက်တီးလိုက်သည်။ တပည့်တွေက သတိအနေအထားသို့ ပြောင်းသွား၏။

နောက်ထပ် နှစ်ချက်တီးပြီး၊ တစ်ချက်ချင်းစီ ၈ ချက်တိတိ ပြန်တီးလိုက်သည်။ တပည့်တွေက စီးချက်နှင့်အညီ လက်လွှဲ ခြေမြှောက်လေ့ကျင့်ခန်းကို လုပ်ကြ၏။ ၈ ချက်ပြည့်သော် နှစ်ချက်ဆက်တိုက်ပြန်တီးသည်။ ထိုသို့ တီးလိုက်တိုင်း ကာယလေ့ကျင့်ခန်း တစ်ခုပြီးတစ်ခုပြောင်းသွား၏။

စကားတစ်ခွန်းမျှမပြော။ အမိန့်သံမကြား ဗုံသံကိုသာ နားထောင်ပြီး ကာယလေ့ကျင့်ခန်း တစ်ခုပြီးတစ်ခု ပြုလုပ်သွားကြသည်မှာ အမှားအယွင်းမရှိ။

သူငယ်တန်းမှ ၈ တန်းအထိ တပည့်တွေ အကြောက်အလန့်မရှိ၊ စိုးရိမ်စိတ်မရှိ၊ ဧည့်သည်တော်များရှေ့တွင် နေ့စဉ် လုပ်ရိုးလုပ်စဉ်အတိုင်း အေးအေးဆေးဆေးလုပ်ပြသွားသည်မှာ ဆရာကြီးများ လက်ဖျားခါရ၏။

ဗုံသံရပ်၍ လေ့ကျင့်ခန်းပြီးဆုံးသွားသောအခါ မြို့နယ်ပညာရေးမှူးက လက်ခုပ်စတင်တီးသဖြင့် ကျောင်းဝင်းတစ်ခုလုံး လက်ခုပ်သံတွေ ဆူညံသွားတော့၏။

ရွာလူကြီးများနှင့်တကွ လာရောက်ကြည့်ရှုအားပေးကြသော



ကျောင်းသားမိဘများကလည်း အံ့ဩဝမ်းသာ ပီတိတွေ ဖြစ်နေကြ၏။

ဆရာကြီးက သည်လောက်လုပ်ထားမယ်မှန်း ကျွန်တော်တို့ မသိဘူးဗျာဟု အလယ်တန်းကျောင်းအုပ်ကြီးတစ်ဦးက ချီးမွမ်းစကားပြောသည်။

ကျွန်တော်က မသိသလိုဟန်ဆောင်ပြီး နေလိုက်၏။ ရင်ထဲမှာတော့ တပည့်တွေ၏ အားထုတ်ကြိုးပမ်းမှုအပေါ် ကျေနပ်အားရနေမိသည်။

ကာယလေ့ကျင့်ခန်း အစီအစဉ် ပြီးဆုံးသွားပြီဖြစ်သဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးအမှတ်ပေး အကဲဖြတ်ပုံကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

ဆရာငှလ်ခန့်အင်က ညှိနှိုင်းတိုင်ပင်ထားသည့်အတိုင်း ကြေညာလိုက်သည်။

သူက တာဝန်ကျ ဆရာတစ်ယောက်အဖြစ် ဦးစီးဦးဆောင်ပြုသည်။

သူငယ်တန်းကို ဆရာတွင်ခေါ်ကျင့်၊ ပထမတန်းကို ဆရာဦးကမ်လျှန်ထန်း စသဖြင့် ဆရာတွေကို အတန်းလိုက် နေရာချတာဝန်ပေးသည်။

တပည့်တွေကို အတန်းလိုက် တန်းစီခိုင်းထား၏။

နေ့စဉ် စစ်ဆေးအမှတ်ပေးနေသဖြင့် ညစ်ညစ်ပတ်ပတ် တပည့်ဟူ၍ ရှာမတွေ့။ မိန်းကလေးတွေကလည်း သနပ်ခါး အဖွေးသားဖြင့် ဆံပင်တွေလည်း နက်ပြောင်နေသည်။ အုန်းဆီလိမ်းထား

ကြဟန်တူသည်။ အဖြူအစိမ်း ကျောင်းဝတ်စုံကလည်း ဖြူစင်သန့်ပြန့်နေတော့၏။

ကျွန်တော် ကျောင်းသို့ ရောက်စကနှင့် ဘာမျှမဆိုင်။ ယခုတော့ တပည့်တွေ စတိုင်ကျနေကြပြီ။

အတန်းလိုက် တာဝန်ကျဆရာက ကလေးတွေကို လက်ဖြန့်ခိုင်းပြီး လက်သည်း ရှည်မရှည် လက်သည်းထဲတွင် ကြေးရှိမရှိ ကြည့်ရှုစစ်ဆေးသည်။

ပြီးတော့ နားရွက်နောက်နားတွင် ကြေးရှိမရှိ။ လည်ပင်းတွင် ကြေးရှိမရှိ၊ ခြေထောက်ကို ငုံ့ကြည့်ပြီး ကြေးရှိမရှိ အသေအချာ စစ်ဆေးသည်။ အားလုံးစစ်ဆေးပြီးတော့ ဆရာတွေက အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ ရွေးပြီး ဆရာအင်ထံ စာရင်းသွားပေးကြသည်။ သူတို့ပေးသောစာရင်းထဲတွင် ကလေးတွေ၏ အသင်းနာမည်လည်း ပါသည်။

ဆရာအင်က စာရင်းအားလုံးရပြီးသောအခါ အတန်းလိုက် ပ၊ ဒု၊ တ ဆုရရှိသော တပည့်စာရင်းကို ကြေညာသည်။

ဆရာအင် ကြေညာပြီးသောအခါ ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုသည့်အနေဖြင့် လက်ခုပ် ၉ ချက်တီးရသည်။

ပြီးတော့ တစ်နေ့တာ တစ်ကိုယ်ရေသန့်ရှင်းရေးပြိုင်ပွဲအတွက် အသင်းလိုက် အနိုင်အရှုံးကို ကြေညာသည်။

လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် အစီအစဉ်ကို ရုပ်သိမ်းပြီး အတန်းလိုက် စနစ်တကျ စာသင်ခန်းထဲသို့ ဝင်ကြရသည်။



ကြည့်နေကြသော ဆရာကြီးများ၏ ရင်ထဲတွင် ငါ့ကျောင်းမှာလည်း ဒါမျိုးလုပ်ပေးလို့ရတာပဲ။ အဲ့ဒီလိုလုပ်ပေးရင် ကလေးတွေလည်း လိုင်တွီးကျောင်းက တပည့်တွေလို တစ်ကိုယ်ရေသန့်ရှင်း ရောဂါကင်းကြမှာပဲဟု အတွေးရောက်ကြလိမ့်မည် ထင်သည်။

ကျောင်းကာယလေ့ကျင့်ခန်းတွေ တို့ကျောင်းမှာလည်း အထက်က ညွှန်ကြားထားတဲ့အတိုင်း ဘာလို့ မလုပ်နိုင်ရမှာလဲဟု စဉ်းစားကြလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါသည်။

ထို့နောက် ကျွန်တော်ဦးဆောင်ပြီး ဆရာကြီးများကို ဇိုဖန်ပန်းဥယျာဉ်သို့ ခေါ်သွားသည်။ ရောင်စုံပန်းများ ဖူးပွင့်လှပနေသော ပန်းဥယျာဉ်တွင် အသင့်ခေါ်ထားသော ဓာတ်ပုံဆရာဖြင့် ဆရာကြီးများအား အမှတ်တရ ဓာတ်ပုံရိုက်ပေးသည်။

ပြီးတော့မှ ဇိုဖန်ပန်းဥယျာဉ်ကို ကျောင်းစိမ်းလန်းစိုပြည်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ ကျောက်တုံးတွေကို ဖယ်ရှားပြီးမှ မြေသားကို ပြုပြင်ပြီး စိုက်ပျိုးရကြောင်း၊ အင်မတန်ရေရှားသော လိုင်တွီးရွာတွင် တပည့်တွေက ဟန်းကောထမင်းချိုင့်များဖြင့် ရေထည့်လာပြီး ရေလောင်းရကြောင်း၊ ရေတစ်ချိုင့်ပါလာသူတိုင်းကို အသင်းအတွက် အမှတ် ၅၀ ပေးပြီး အသင်းလိုက် ပြိုင်ဆိုင်မှုအနေဖြင့် စီစဉ်လုပ်ကိုင်သောကြောင့် ယခုလို ရောင်စုံပန်းဥယျာဉ်ဖြစ်လာကြောင်း ရှင်းပြသည်။

ပန်းမျိုးတွေ ဘယ်ကရသလဲဟု ဆရာကြီးတစ်ယောက်က မေးသည်။

မန္တလေးသွားသည့် ဆရာတစ်ယောက်အား မေမြို့ ရုက္ခဗေဒဥယျာဉ်မှ ပန်းမျိုးစေ့များ လူကြုံမှာဝယ်ခိုင်း၍ ရပါသည်ဟု ကျွန်တော် ပြန်ဖြေသည်။

လှူတစ်ရပ်ကျော်သည့် ကျောက်ခက်ပင်တွေ ဘယ်လို ဘယ်ကရပြီး စိုက်ပျိုးပါသလဲဟု ဆရာကြီးနောက်တစ်ယောက်က မေးပြန်သည်။

တပည့်တွေ တီးတိန်မြို့ပေါ်မှ ထမ်းပိုးသယ်လာပြီး စိုက်ပျိုးခဲ့ရကြောင်း ရှင်းပြသည်။

အပင်တွေ သယ်ရတာ ပိုက်ဆံ အတော်ကုန်မှာပဲနော်ဟု ပြောသောအခါ ကျွန်တော်က ပြုံးပြသည်။

ကျွန်တော်တို့ကျောင်းမှာ အကုန်အကျခံနိုင်ရန် ပိုက်ဆံလည်း မရှိပါ။ တပည့်တွေကို ကျောင်းအရောက် တစ်ပင် အမှတ် ၅၀ နှုန်းပေးပြီး အသင်းလိုက် ပြိုင်ဆိုင်မှုအနေဖြင့် သယ်ယူစိုက်ပျိုးခြင်းသာဖြစ်ကြောင်း ကျွန်တော် ရှင်းပြသောအခါ ဆရာကြီးတွေ ပခုံးတွန့်သွားတာ မြင်လိုက်ရ၏။

မဖြစ်ဖြစ်အောင် လုပ်မည်ဟူသောစိတ်ဓာတ် ခိုင်မာပြတ်သားပြီး စနစ်တကျ စီမံခန့်ခွဲတတ်လျှင် မဖြစ်နိုင်သော အရာမရှိကြောင်း သူတို့ကို ကျွန်တော် လက်တွေ့ပြလိုက်ခြင်း ဖြစ်ပါသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ဘောလီဘောကွင်း၊ ဘောလုံးကွင်း၊ ကလေးငယ်များအတွက် ကစားကွင်းနှင့် စိုက်ပျိုးထားသော သစ်ပင်များ ကျောင်းရန်ပုံငွေအတွက် စိုက်ပျိုးထားသော



စိုက်ခင်းများကို လိုက်လံပြသည်။

နောက်ဆုံးတွင် ရေလောင်းအိမ်သာစီမံချက် အကောင်အထည်ဖော်ထားမှုကို လက်တွေ့လိုက်ပြသည်။

အိမ်သာထဲတွင် ဘူးသီးခြောက် ရေအိုး၊ ဘူးသီးခြောက် ရေခွက်တို့ကို လိုက်ပြသည်။ ရေရှားသော လိုင်တွီးတွင် ဘူးသီးခြောက်အိုးတွေထဲတွင် ရေအပြည့်ရှိနေတာ သူတို့ အံ့သြနေပုံရသည်။

ဒါလည်း အသင်းလိုက် ပြိုင်ဆိုင်မှုစနစ်နဲ့ ရေထည့်ပေးထားတာပဲလားဟု အထက်တန်းကျောင်းအုပ် ဆရာကြီးတစ်ဦးက မေးသောအခါ ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်။

ကျောင်းဝင်းအတွင်း ပြသပြီးသောအခါ ဆရာများ အခန်းထဲသို့ ကျွန်တော်ခေါ်လာသည်။

ကျွန်တော် ရုံးခန်းကို ပြသည်။ ဝင်စာ၊ ထွက်စာ စနစ်တကျဖိုင်တွဲထားပုံ။ အရေးကြီးသော အမိန့်စာများကို သီးခြားဖိုင်တွဲထားပုံ။ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်ရေးဆွဲထားပုံ။

ကျောင်းအုပ်ကြီး တစ်ယောက်အတွက် အရေးကြီးဆုံးဖြစ်သော ကျောင်းထွက်လက်မှတ်စာအုပ်နှင့် (ခ) စာရင်းကို လုံခြုံစွာကိုယ်တိုင်သိမ်းထားပြီး ကျောင်းသားတစ်ဦးချင်းစီ၏ အတန်းလိုက်အောင်/ရှုံးကို တစ်ယောက်မကျန် လက်မှတ်ထိုးထားတာမြင်သောအခါ မြို့နယ်ပညာရေးမှူးဆရာကြီး သဘောကျသွားသည်။

ကျောင်းအုပ်ကြီးများ အပြောင်းအရွှေ့တွင် အောင်/ရှုံး

လက်မှတ်ထိုးခဲ့ဖို့ မေ့တတ်ကြောင်း အစည်းအဝေးတွင် ဆရာကြီး ထည့်ပြောတာကို ကျွန်တော်ပြန်အမှတ်ရနေမိသည်။

ထိုနေ့က အစည်းအဝေး တစ်နာရီကျော်ကြာသည်။

ကျွန်တော်၏ ဆောင်ရွက်ချက်များအပေါ် ဝိုင်းဝန်းဝေဖန် အကြံပေး ဆွေးနွေးကြသည်။

ဤလိုင်တွီးကျောင်းကို စံပြကျောင်းအဖြစ် သတ်မှတ်ပြီး သွားရောက်လေ့လာရမည်ဟု မြို့နယ်ပညာရေးမှူးက အမိန့်စာ ထုတ်သောအခါ မနေ့တစ်နေ့ကမှ ကျောင်းအုပ်ဖြစ်လာသော ဆရာကြီးပေါက်စကျောင်းမှာ ဘာများ လေ့လာစရာရှိမှာလဲဟု အထင်သေးခဲ့ကြောင်း၊ ယခု တကယ်ရောက်ရှိ လေ့လာကြည့်သည့် အခါမှာ စံပြကျောင်းဆိုတာ ဒါမျိုးပဲဟု နားလည်လာကြောင်း၊ မိမိတို့ကျောင်းကိုလည်း စံပြကျောင်းတွေ ဖြစ်လာအောင် ကြိုးစား မည်ဖြစ်ကြောင်း အထက်တန်းကျောင်းအုပ်ကြီးတစ်ဦးက အစည်း အဝေးတွင် ထပြောသည်။

ထိုအချိန် မြို့နယ်ပညာရေးမှူး ဆရာကြီး၏ မျက်နှာ ပြုံးနေကြောင်း ကျွန်တော်မြင်လိုက်ရသည်။

ကျွန်တော်စကားပြောအလှည့် ရောက်သောအခါ အားလုံး က စိတ်ဝင်စားစွာ ကြည့်နေကြကြောင်း သတိပြုမိသည်။

ကျွန်တော်က ဒီကျောင်းမှာ တစ်ယောက်တည်း အဖော်မဲ့ နေတာပါ။ စကားပြောဖော် ညှိသည်မျှော်နေတာဆိုတော့ အခုလို ဂုဏ်သရေရှိဧည့်သည်တော်တွေ ရောက်လာလို့ အရမ်းပျော်နေခဲ့တာပါ။



ကျွန်တော့်ကျောင်း၊ ကျွန်တော့် ရွာလေးကို လာရောက် အားပေးကြည့်ရှုတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

လိုအပ်ချက်တွေကို ဝိုင်းဝန်းအကြံပေး ဆွေးနွေးပေးကြတဲ့ အတွက်လည်း အရမ်းကို ကျေးဇူးတင်ပါတယ်။

အခုလိုမျိုး လေ့လာရေးခရီးကို စီစဉ်ပေးတဲ့အတွက် မြို့နယ်ပညာရေးမှူး ဆရာကြီးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောပါရစေ။

ကျွန်တော့်ကျောင်းကလေးရဲ့ ဆောင်ရွက်ချက်တွေကို ဆရာကြီးများအား မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရစေခဲ့အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။

တကယ်တော့ ဒီလိုမျိုး ဆောင်ရွက်နိုင်ခဲ့ခြင်းဟာ ကျွန်တော် တစ်ယောက်တည်းရဲ့ စွမ်းဆောင်ချက်ကြောင့် မဟုတ်ပါဘူး။

ကျွန်တော့်ကို အစဉ်အမြဲအားပေး ထောက်ခံကူညီပေးခဲ့တဲ့ ပါတီကောင်စီ ဥက္ကဋ္ဌများရဲ့ ကူညီပံ့ပိုးမှုတွေလည်း ပါခဲ့ပါတယ်။

ကျောင်းသားမိဘများ၊ ကျောင်းမိဘဆရာအသင်း အလုပ် အမှုဆောင်အဖွဲ့ဝင်တွေရဲ့ ပါဝင်ကူညီမှုတွေကလည်း အကြောင်း တစ်ကြောင်းဖြစ်ပါတယ်။

အထူးသဖြင့်တော့ ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်၊ ဆရာ၊ ဆရာမတွေရဲ့ အားထုတ်ကြိုးပမ်းမှုသာ မပါခဲ့ဘူးဆိုရင် ကျွန်တော်တို့ကျောင်းရဲ့ အောင်မြင်မှုကို ရရှိနိုင်ဖို့ မလွယ်ပါဘူး။

ပြီးတော့ ပညာလိုလားတဲ့ တပည့်လိမ္မာလေးတွေရဲ့ ဆရာ့စကား လေးစားလိုက်နာ ကြိုးပမ်းအားထုတ်မှုကြောင့် လိုင်တွီးကျောင်းကလေးရဲ့ တိုးတက်မှုတွေ ပေါ်လွင်လာခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ကျွန်တော်တို့တွေဟာ ပညာရေး စစ်မြေပြင်က ဉာဏစစ်သူကြီးတွေဖြစ်ပါတယ်။ လူ့လောကကြီး ငြိမ်းချမ်းသာယာလှပအောင် ဖန်တီးပေးမယ့် လူသားဉယျာဉ်မှူးကြီးတွေပါ။

ပွင့်သောပန်းတိုင်းမွှေးအောင် မွှေးသောပန်းတိုင်း ပွင့်အောင် အားထုတ်ကြဲဆောင်ကြရမှာ ဖြစ်ပါတယ်။

အခုအချိန်မှာ ကျွန်တော်တို့ ကျောင်းအုပ်ကြီးတွေရဲ့ လက်ထဲမှာ ရောင်စုံပန်းတွေရှိနေတဲ့ ပန်းဉယျာဉ်တစ်ခု ပိုင်ဆိုင်ခွင့် ရနေကြပါတယ်။

ကိုယ်ပိုင်ထားတဲ့ ပန်းဉယျာဉ်ကို ဖွံ့ဖြိုးလှပသာယာအောင် အဲဒီပန်းဉယျာဉ်ထဲမှာ လှမျိုးစုံပန်းတွေ ပွင့်နိုင်အောင် ကျွန်တော်တို့ဟာ ဉယျာဉ်မှူးကောင်း တစ်ယောက်အနေနဲ့ အစွမ်းကုန်ကြိုးစားကြရမှာပဲ မဟုတ်လား။

ကျွန်တော်ကတော့ လတ်တလော ကျွန်တော်ပိုင်ဆိုင်ခွင့်ရထားတဲ့ ဝေသီမြင့်မားတောင်ထိပ်ဖျားပေါ်က တစ်ခုသော ပန်းဉယျာဉ်လေးကို ကျွန်တော်တာဝန်ယူထားစဉ်ကာလတွင်းမှာ ယခုထက်ပိုမို တိုးတက်ကောင်းမွန်အောင် အစဉ်အမြဲ အားထုတ်ကြိုးပမ်းနေပါ့မယ်။ နောက်တစ်ကြိမ် သည့်ထက်ကောင်းမွန်တဲ့



ပြကွက်တွေနဲ့ ကျွန်တော့်ပန်းဉယျာဉ်လေးကို လာရောက်ကြည့်ရှုလေ့လာနိုင်အောင် ဖန်တီးတင်ဆက်ဖို့ စိတ်အားထက်သန်လျက်ရှိနေပါကြောင်း ပြောကြားပါရစေ။

ကျွန်တော့်စကားအဆုံးတွင် ဝမ်းသာအားရ စိတ်ပါလက်ပါ တီးလိုက်ကြသော လက်ခုပ်သံများ ကြားလိုက်ရပါသည်။ ဘဝတူကျောင်းဆရာများ၏ အားပေးအားမြှောက် လက်ခုပ်သံများကြောင့် စိတ်ရွှင်လန်း အားတက်ခဲ့ရသည်ကို ယနေ့တိုင် ကျွန်တော် အမှတ်ရနေမိတော့၏။

❖ ❖ ❖

# အခန်း - ၃၁

## ပန်းကလေးများပွင့်ဝေစည်

ရှေ့ပေနှစ်ဆယ်ကျော်လောက်တောင် လှမ်းမမြင်ရသော တောင်ပတ်လမ်းကျဉ်းလေးပေါ်တွင် ကျွန်တော်တို့ ဂျစ်ကားလေး တရွေ့ရွေ့တက်လာ၏။

မိုးနှင်းတွေကလည်း တဖွဲဖွဲကျနေသည်။ ပိန်းပိတ်အောင် မှောင်နေသဖြင့် ဘာမျှ မမြင်ရ။

'ရှေ့တစ်ကွေ့ဆိုရင် တီးတိန်ကို လှမ်းမြင်ရတော့မယ်'

ဒေသခံစာရေးဆရာ စတီဗင်က ပြောလိုက်သဖြင့် ကျွန်တော်တို့နှစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'တီးတိန်မြန်မြန်ရောက်မှ ဖြစ်မယ်။ ကျွန်တော် အတော်ချမ်းနေပြီဗျ'



ဒေါက်တာခင်မောင်ညိုက ရှေ့ခန်းမှ နောက်လှည့် ပြောလိုက်သည်။ သူချမ်းမယ်ဆိုလည်း ချမ်းလောက်သည်။

သူက ရှေ့ခန်းမှာ ထိုင်သောကြောင့် နှင်းမိုးတွေက သူ့ကို ပက်ကြသည်။ သိုးမွေး ဂျာကင်ကြီးဝတ်ထားသော်လည်း သူ့အချမ်းပြေဟန်မတူ။ ခေါင်းစွပ်တွေ လက်အစွပ်တွေ စွပ်ထားလို့သာ တော်တော့သည်။

တီးတိန်ဆောင်းမှာ အလည်လာသော ရန်ကုန်သား ညည်းသည် ခိုက်ခိုက်တုန်နေလေ၏။

ကျွန်တော်က အချမ်းကို မမှုနိုင်။ တီးတိန်ရောက်တော့မည်ဆိုသည့် ဆရာစတီဗင်စကား ကြားထား၍ဖြစ်မည်။

တီးတိန်ရောက်တော့မည်ဆို၍ ကျွန်တော် ရင်တွေခုန်နေ၏။ နှစ်ပေါင်းများစွာ ခွဲခွာလာခဲ့သော နေရာဟောင်းတစ်ခုကို ရောက်တော့မှာပါလားဟူသော အသိစိတ်က ရင်ကို လွမ်းဆွတ်စေ၏။

လှပသော တီးတိန်မြို့လေးကို နေရောင်အောက်မှာ ကျွန်တော်မြင်ချင်သည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ပွင့်နေသော တောင်ဇလပ်ပန်းနီနီရဲရဲတွေကိုလည်း ကျွန်တော် ကြည့်ချင်သေး၏။

တောင်ကမ်းပါးယံများကို ရစ်ခွေကာ လမ်းဖောက်ထားပြီး ထိုလမ်းတစ်လျှောက်တွင် အိမ်ကလေးတွေ စီစီရီရီ ဆောက်ထားသည့် တီးတိန်မြို့လေးသည် ယခင်လိုပဲ လှပနေဆဲပဲလား။

လရောင်အောက်တွင် အေးစက်စက်ရှိနေမည်လား။ တွေး၍ ကောင်းဆဲမှာပဲ တီးတိန်မြို့လေးကို လှမ်းမြင်စပြုသည်။

တီးတိန်မြို့လေးသည် ရေအားလျှပ်စစ်စက်ရုံရှိသဖြင့် အမှောင်ထုထဲတွင် ငုတ်တုတ်မှေးမနေ။

မီးရောင်တလက်လက်နှင့် အရောင်ထွက်နေသည်။

မြူနိုးငွေ့ငွေ့ကြားတွင် အလျှင်လိုပဲ လှုပနေဆဲပါပဲ။

တီးတိန်မြို့ထဲရောက်သောအခါ လမ်းမပေါ် လူရှင်းနေပြီ။ အေးလွန်းသောကြောင့် အိမ်ထဲမှာပဲ မီးလှုံနေကြမည် ထင်သည်။

ကျွန်တော်တို့ တည်းခိုရမည့်နေရာ ရောက်သောအခါ မီးလင်းဖိုတွေနှင့် စောင့်ကြိုနေကြ၏။

အသက် ၃၀ ဝန်းကျင်နှင့်အောက် လူငယ်တွေချည်း တွေ့လိုက်ရသဖြင့် ဤပွဲသည် လူငယ်တွေက ဦးဆောင်ကြသည့် ပွဲပဲဟု သိလိုက်ရသည်။

အမှတ်မထင် လုပ်ဖော်ကိုင်ဖက် ဆရာမတစ်ဦးဖြစ်သော ဒေါ်ဘော်နီနှင့် ပြန်တွေ့လိုက်ရသဖြင့် ကျွန်တော် အရမ်းဝမ်းသာသွားသည်။

ဒေါ်ဘော်နီသည် ကျောင်းကလေး လိုင်တွီးတွင် မူလတန်းပြ ဆရာမ လုပ်ခဲ့သေးသည်။ ကျွန်တော့်ကို အများကြီး အကူအညီ ပေးခဲ့ဖူး၏။

သူရှိစဉ်က ၇ တန်း၊ ၈ တန်း မြန်မာစာ ကျွန်တော် သင်စရာမလို။ ဒေါ်ဘော်နီက မြန်မာစာဖြင့် ဘွဲ့ရထားသောကြောင့် မြန်မာစာဘာသာ သင်ကြားရေးကို ပိုင်သည်။

ယခုတော့ တီးတိန်အထက (၁) တွင် အထက်တန်းပြ



ဖြစ်နေပြီဟု ပြောသည်။ ၁၀ တန်း မြန်မာစာကို သင်ကြားနေဆဲပဲဟု ဆိုသည်။

သူနှင့်ကျွန်တော် မီးအတူလှုံရင်း ရှေးဟောင်း နှောင်းဖြစ်တွေပြောကြ၏။ ပြောရင်းပြောရင်း လိုင်တွီးကျောင်းအကြောင်း ရွာအကြောင်းတွေ ရောက်သွားသည်။

'ဆရာကြီးကို ကျွန်မ ဘယ်ကစ ပြောရမှန်းတောင် မသိတော့ပါဘူး'

'တပည့်တွေ ဆရာတွေအကြောင်းက စပြောဗျာ'

'ဆရာငူလ်ခန့်ဟောက်ကတော့ ပင်စင်ယူပြီး ဈေးဆိုင်လေး ဖွင့်ထားတယ်။ ဆရာငူလ်ခန့်အင်ကတော့ ရွာမှာပဲ။ ဆရာမ ကျိုန်လွန်းညောင်ကတော့ တီးတိန်မြို့ပေါ်ရောက်နေပြီ။ ဆရာတွင်ခေါ်ကျင့်ကတော့ သူ့ဇာတိရွာဘက် ပြန်ပြောင်းသွားတယ်။ ဆရာပေါင်ခန့်ခုပ်ကတော့ အလုပ်ထွက်ပြီး စီးပွားရေးလုပ်နေတယ် ပြောတယ်။ ဆရာမဝုန်ငိုက်မန်လည်း တီးတိန်မြို့ပေါ် ပြောင်းရတယ်။ တီးတိန် အထက (၂) မှာ အိမ်တွင်းမှူး ဆရာမ။ ဆရာကြီးတပည့်ကျော်ခင်ဆွင်းမုန်ကတော့ လုပ်အားပေး ဆရာမလေးနဲ့ရပြီး အလုပ်ထွက်သွားတယ်။ အခု မေမြို့မှာ ခြံစိုက်စားနေတယ်လို့ ပြောတယ်။ ကျွန်မတို့ ပြောင်းပြီးမှ ရောက်လာတဲ့ ဆရာထန်ပီးကတော့ တီးတိန်မြို့ပေါ်မှာ အလုပ်ထွက်ပြီး ကျူရှင်ဖွင့်တယ်။ အရမ်းအောင်မြင်နေတယ်'

'ဒါနဲ့ ဆရာခိုင်ဒိုးပေါင်အကြောင်းကော ဘာကြားသေးလဲ'

'ဟုတ်သားပဲ။ ခိုင်ဒိုးပေါင်ကို ကျွန်မ မေ့နေတာ။ သူက

မြို့နယ်ပညာရေးမှူးသမီးနဲ့ အိမ်ထောင်ကျပြီး ရန်ကုန်ပြောင်း သွားတယ်။ အခုတော့ ကျောင်းဆရာအလုပ်က ထွက်လိုက်ပြီလို့ ကြားတယ်'

ဒေါ်ဘော်နီပြောပြတော့မှ ကျွန်တော့်ဆရာ၊ ဆရာမတွေ အကြောင်းသိရပြီး သတိပြန်ရနေမိတယ်။ 'ကျောင်းကလေးလိုင်တွီးကို စံပြကျောင်းကလေးဖြစ်အောင် သူတို့နဲ့အတူ လက်တွဲလုပ်ခဲ့ရတာတွေ ပြန်အမှတ်ရတယ်ဗျာ။ သူတို့ဟာ ကျွန်တော်ရဲ့ ရဲဘော်ရဲဘက် ကောင်းတွေပါပဲ။ တီးတိန်မှာရှိနေတဲ့ သူတွေကို အချိန်ရရင်တော့ သွားတွေ့ချင်ပါသေးတယ်'

'နက်ဖြန်ဟောပြောပွဲအပြီး သွားလည်ချင်တယ်ဆိုရင်တော့ ကျွန်မ လိုက်ပို့ပေးမယ်လေ'

'ကြည့်သေးတာပေါ့လေ။ ဘာကိစ္စမှ ပေါ်မလာဘူးဆိုရင် တော့ သူတို့ဆီ သွားလည်ကြတာပေါ့'

'ကဲ .. ဆရာကြီးတို့ ထမင်းစားကြရအောင်လေ'

လူငယ်တစ်ယောက်က ထမင်းစား လာခေါ်သဖြင့် ဒေါ်ဘော်နီ နှင့် စကားပြတ်သွားသည်။

'ဆရာညို' ဘယ်လိုလဲ အချမ်းပြေသွားပြီလား။

ကျွန်တော်က ဒေါက်တာခင်မောင်ညိုကို မေးလိုက်သည်။

'မီးသွေးမီးဖိုလေးတွေ ကယ်ပေလို့၊ မဟုတ်ရင် လက်တွေ အေးစက်တောင့်တင်းနေမလားမသိဘူး'

မီးသွေးမီးဖိုတွေ အနားထားပြီး ညစာစားရသည်။ ဗိုက်ဆာ



နေသောကြောင့် ကြက်သားဟင်း၊ ဂေါ်ရခါးသီးကြော်၊ ပဲဟင်းချိုဖြင့် ထမင်းတစ်ပန်းကန် အသာလေးကုန်ခဲ့သည်။

ထမင်းစားပြီး စကားဝိုင်းဖွဲ့နေကြသဖြင့် 'အတော်လေး ညဥ့်နက်မှ အိပ်ရာဝင်ဖြစ်သည်။

နောက်တစ်နေ့ နံနက် ဟောပြောရမည်ဖြစ်သဖြင့် ဆရာညိုက စကားဝိုင်းကိုသိမ်းပြီး အိပ်ရာဝင်သည်။ ကျွန်တော်တို့ကို စီစဉ်ခေါ်ဆောင်ခဲ့သည့် ဆရာဂိုဗင်နှင့် လူငယ်တွေက ကျွန်တော်တို့ကို အလိုက်သိ အားနာစွာဖြင့် နှုတ်ဆက်ပြန် သွားကြသည်။

ခရီးပန်းလာလို့လားမသိ။ အိပ်ရာထဲဝင်လှဲလိုက်ပြီး မကြာမီ မှာပဲ အိပ်ပျော်သွားတော့၏။

နောက်တစ်နေ့နံနက်စောစောတွင် ကျွန်တော်တို့ နှစ်ယောက်စလုံး နိုးနေကြသည်။ တီးတိန်သား စာရေးဆရာ စတီဗင်ကတော့ အိပ်လို့ကောင်းတုန်း။ မျက်နှာသစ်ပြီးတာနှင့် ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်ထွက်ကြသည်။

'ခင်ဗျားပြောပြောနေတဲ့ လိုင်တွီးရွာဆိုတာ ဘယ်ဘက်လဲ။ တီးတိန်ကနေ ဘယ်လိုသွားရသလဲ'

ဆရာညိုက ကျွန်တော့်ကို မေးသည်။

'လာ .. ကျွန်တော်လိုက်ပြမယ်။ အောက်ဘက်ကို နည်းနည်းဆင်းသွားရင် တီးတိန်အထက (၁) ကို ရောက်မယ်။ ရှေ့ဆက်သွားရင် လွတ်လပ်ရေးကျောက်တိုင်ကို တွေ့မယ်။ အဲဒီကနေ လှမ်းကြည့်ရင် လိုင်တွီးရွာကို ရေးရေးလေး မြင်ရတယ်။

ကျွန်တော်တို့နှစ်ယောက် စကားတပြောပြောနှင့် ကျောက်တိုင်နားသို့ ရောက်သွားသည်။

နေထွက်စအချိန်ဖြစ်သဖြင့် နှင်းတွေ ကွဲစပြုပြီ။

သို့သော် အေးစိမ့်နေအောင် ချမ်းတုန်းပဲဖြစ်သည်။

'ခင်ဗျားလိုင်တွီးရွာကို လှမ်းကြည့်လို့ မြင်ရလို့လား' ကျွန်တော်တော့ တောင်တွေ မြူခိုးတွေပဲ မြင်ရတယ်။ ရွာနဲ့ တူတာလည်း ဘာမှ မတွေ့ဘူး။

'ကျွန်တော် လက်ညှိုးညွှန်ရာ လိုက်ကြည့်လိုက်။ စိတ်မှန်းနဲ့ လှမ်းကြည့်လို့ရတယ်။ အောက်ကို နိမ့်ဆင်းသွားတာက မဏိပူရမြစ်ဆီကို ဆင်းသွားတာ။ အဲဒီမြစ်ကို မန်ဆွောင်း ကြိုးတံတားပေါ်ကနေ ဖြတ်သွားရတယ်။ ဟိုတက်ရောက်တာနဲ့ တောင်ပေါ်ပြန်တက်။ ပေပေါင်း ၅၆၀၀ ကျော်တက်ပြီး တောင်တွေကိုကွေ့ပတ်သွား။ ကျွန်တော် ထင်တယ် တောင် ၉ လုံးလောက် ကွေ့ပတ်သွားပြီးမှ လိုင်တွီးရွာ ရောက်တယ်။

'ခင်ဗျားလည်း မမြင်ရဘဲနဲ့ ကျွန်တော့်ကို ရမ်းသန်း ပြောနေတာလား'

ဆရာညိုက ဒေါက်တာဘွဲ့ရ သိပ္ပံသမားပီပီ ကျွန်တော့်ကို တိတိကျကျမေးသည်။

'ကျွန်တော်နေခဲ့တဲ့ ရွာကို ကျွန်တော် မျက်စိနဲ့ မမြင်ရပေမဲ့ ကျွန်တော့်နှလုံးသားက ခံစားပြီး သိပါတယ်ဗျာ။ ဒီတော ဒီတောင်တွေကို ဖြတ်၊ မဏိပူရမြစ်ကိုကျော်ပြီး အကြိမ်ပေါင်းများစွာ



ကျွန်တော်သွားခဲ့တဲ့ရွာ။ ဘယ်မေ့မှာလဲဗျာ။

အင်း .. ဗျ။ ကျွန်တော်တို့ စကားဝိုင်းမှာ ခင်ဗျားရဲ့ လိုင်တွီးရွာလေးကို မကြာခဏ ခင်ဗျားပြောတတ်လို့၊ ကျွန်တော် တောင်အလွတ်ရနေပြီ။ ခင်ဗျားအတွက် အမှတ်ရစရာတွေ အများကြီးရှိခဲ့မယ် ထင်တယ်နော်။

'ရှိခဲ့ပြီလားဗျာ။ ကျောင်းဆရာဘဝမှာ ပင်ပန်းဆင်းရဲစွာနဲ့ ယုံကြည်ချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တာ အဲ့ဒီ လိုင်တွီးရွာပဲရှိတယ်။ ကျွန်တော့်တစ်သက်မှာ မေ့ရခက်တဲ့ အိပ်မက် အလွမ်းပါပဲ'

'ခင်ဗျားရွာလေးကို အခွင့်အရေးရရင် အလည်သွားလို့ မရဘူးလား'

'ကျွန်တော်လည်း သွားကြည့်ချင်ပါတယ်။ ဒါပေမဲ့ မတ်မတ် စောက်စောက်တောင်ပေါ်ကို လူ ၂၅ ယောက်ကျော် တင်ထားတဲ့ ဂျစ်ကားနဲ့ ခင်ဗျားစီးရဲပါ့မလား'

'စီးရဲပါတယ်။ လူဆိုတာ သေနေ့စေ့မှ သေတာမို့ ဒါတွေ တွေးကြောက်နေလို့ အပိုပဲ'

'ကောင်းပြီလေ၊ အခွင့်အရေးရလို့ လာခေါ်တဲ့သူရှိရင် လိုက်သွားကြည့်ကြတာပေါ့'

စကားတပြောပြောနှင့် ကျွန်တော်တို့ တည်းခိုဆောင်သို့ ပြန်ခဲ့ကြသည်။ ကျွန်တော်တို့ကို တီးတိန်မြို့နယ် ပြန်ကြားရေး ရုံးအပေါ်ထပ်တွင် နေရာချထားပေးကြောင်း သိရသည်။

ကျွန်တော်တို့ရောက်တော့ ကော်ဖီနှင့်မုန့် အဆင်သင့် လုပ်ထားသည်။

'ခင်ဗျားတို့ အစောကြီးထပြီး လိုင်တွီးရွာ သွားနေကြတာလားလို့'

တီးတိန်သား ဆရာစတီဗင်က ရယ်ကျဲကျဲနှင့် ကျွန်တော့်ကို မေးလိုက်သည်။

'ကျွန်တော်တို့လည်း သွားချင်နေတာ၊ လာခေါ်မယ့်သူ မရှိသေးလို့ဗျ'

'ဆရာတို့ ရောက်နေတယ်ဆိုတာ အကြောင်းကြားလိုက်ပြီ။ မကြာခင် သူတို့ လာခေါ်ကြမယ်ထင်တယ်'

'ဒါနဲ့ ဟောပြောပွဲက ဘယ်အချိန်၊ ဘယ်နေရာမှာလဲ'

တီးတိန် အထက (၁) ခန်းမမှာ နံနက် ၉ နာရီစမယ်လို့ ဆရာဂိုဗင်ပြောထားတယ်။ တော်ကြာ သူလာခေါ်လိမ့်မယ်။

၈ နာရီကျော်ကျော်လောက်တွင် ပွဲစီစဉ်သူ ဆရာဂိုဗင် ရောက်လာသည်။

ဆရာတို့ အဆင်သင့်ပဲလား။

ဟုတ်ကဲ့ အဆင်သင့်ပါပဲ။

ဆရာတို့သုံးယောက် ဘယ်သူ အရင်ဟောပြောမလဲ။ ဒေသခံ ဆရာစတီဗင်ပဲ စပြောတာ ကောင်းပါလိမ့်မယ်။ ပြီးတော့ ကျွန်တော် ပြောမယ်။ ဆရာညိုက နောက်ဆုံးပိတ် အိတ်နဲ့လွယ်လိမ့်မယ်။ ကျွန်တော်ကပဲ စတင်အကြံပြုလိုက်သည်။ ဘယ်သူမျှ စောဒကမတက်။



ဆရာတို့ကို တစ်ခုတော့ ပြောပြထားချင်တယ်။

ဘာများတုံး ဆရာဂိုဗင်ရဲ့။

ကျွန်တော်တို့ တီးတိန်မှာ စာပေဟောပြောပွဲတစ်ခါမှ မလုပ်ဖူးဘူး။ အခု ကျွန်တော်တို့ လူငယ်တွေက စီစဉ်လိုက်တော့ အထူးအဆန်းလို ဖြစ်နေတယ်။

အဘိုးကြီးတွေရော မိန်းမတွေရော ကလေးတွေရော လာနားထောင်ကြလိမ့်မယ်။ စာရေးဆရာတွေ ဘာများပြောမလဲလို့ သိချင်စိတ်နဲ့ လာကြမှာ။ သူတို့နဲ့ မဆိုင်တဲ့အကြောင်းတွေ ပြောရင်တော့ ထပြန်ချင်လည်း ပြန်နိုင်တယ်။ သူတို့တွေက ရိုးသားကြတော့ ဟန်ဆောင်ပန်ဆောင်နဲ့ ထိုင်နေကြမယ်မထင်ဘူး။ အဲ့ဒီအခါကျရင်တော့ နားလည်ခွင့်လွှတ်ပေးပါ။ ဆရာတို့ကိုလည်း ကျွန်တော်တို့က အားနာပြီး မျက်နှာပူရမှာပဲ။

ဆရာဂိုဗင်ရေ .. စိတ်သာချ။ တစ်ယောက်မကျန် ထိုင်မနေစေရဘူး။ ကျွန်တော်တို့ ပြောတာနဲ့ ထပြန်သွားဖို့ တာဝန်ယူနိုင်ပါတယ်။

ဆရာညိုက ဝင်နောက်လိုက်သည်။ တကယ်တမ်း ဟောပြောသည့်အခါ ခန်းမအပြည့်။ တစ်ယောက်မျှ ထမပြန်။ စာရေးဆရာတွေ ပြောသမျှ ငြိမ်သက်စွာ နားထောင်နေကြ၏။

ကျွန်တော်က လိုင်တွီးရွာ ဆရာပီးပါး(ကျောင်းအုပ်ကြီး) အနေဖြင့် သရဲကြောက်ကြောက်နှင့် စာတွေရေးခဲ့ကြောင်း၊ ကျွန်တော် ရေးခဲ့သော ဝတ္ထုရှည်က အမျိုးသားစာပေဆုရခဲ့ကြောင်း ပြောပြသောအခါ သူတို့ အတော်သဘောကျ၏။

ကျောင်းကလေး လိုင်တွီးကို ပြုစုပျိုးထောင်ခဲ့ရပုံ ပြောရင်းဖြင့် စာဖတ်ပါ တွေးပါဟူသော ကျွန်တော် ပြောနေကျ ခေါင်းစဉ်ကို တစ်နာရီကြာကြာ ဟောပြောဖြစ်သည်။

ငြိမ်ငြိမ်သက်သက်ဖြင့် ကျွန်တော် ပြောသမျှ နားထောင်နေကြတာမြင်တော့ အတော်အားတက်သွားသည်။ ကျွန်တော့် ရွာလိုင်တွီးကျောင်းမှာ သွားပြောချင်စိတ်တွေ ပေါ်ခဲ့သေး၏။

သို့သော် လိုင်တွီးရွာက လာမခေါ်။ ထိုနေ့ တစ်နေ့လုံး မျှော်နေမိသေးသည်။

ဟောပြောပွဲပြီးသောအခါ တီးတိန်မြို့ထဲ သွားလည်ကြသည်။ ဘုန်းကြီးကျောင်းတက်သည်။ တောင်တန်း သာသနာပြု ဆရာတော်ကို ဖူးမြော်ပြီး ပြန်ဆင်းလာခဲ့သည်။

ဘုန်းကြီးကျောင်းတွင် လွမ်းခဲ့ရသော အလွမ်းတွေ ပြန်အမှတ်ရသည်။ ကျွန်တော်၏ အိပ်မက်အလွမ်းဝတ္ထုမှာ ရေးခဲ့သော တီးတိန် ဘုန်းကြီးကျောင်း၏ ကထိန်ပွဲလေးအကြောင်းကို ဆရာညိုအား ပြောဖြစ်သေးသည်။

ဘယ်မျှ သွားစရာမရှိလျှင် ဘုန်းကြီးကျောင်းပေါ် လာနေပြီး စာဖတ်လိုက် အိပ်လိုက်။ ဗမာမိတ်ဆွေတွေနှင့် လေကန်ဝေဖန် လုပ်ခဲ့ဖူးတာ ပြန်အမှတ်ရမိသေး၏။

ဘုန်းကြီးကျောင်းမှအပြန် လက်ဖက်ရည်ဆိုင်ဝင်သည်။ ထိုဆိုင်တွင် ဆာဘူးဒီး(ပြောင်းဖူးပြုတ်ရည်)ရသဖြင့် ဆရာညိုက စားကြည့်ခဲ့သေးသည်။



ကျွန်တော်က အမဲသားမစား၍ မမှာ။ မိတ်ဆွေများနှင့် စကားစမြည်ပြောပြီး တည်းခိုဆောင်သို့ ပြန်ရောက်သည်။

ဘယ်ညေ့သည်မျှမလာ။ ညဘက်တွင် ဆရာဂိုဗင် တို့အဖွဲ့က မီးပုံပွဲလုပ်သည်။ ခေါင်ရည်အိုးတည်၍ ချင်းရိုးရာ အကဖြင့် ဝိုင်းပတ်ကကြသည်။ ပျော်စရာ အလွန်ကောင်း၏။

နေ့လယ်ဘက် အချိန်ရတုန်း လိုင်တွီးသွားချင်သည့် မျှော်လင့်ချက်ကလေးတောင် အပျော်တွေအောက်တွင် ပျောက်သွားသည်။

ကျွန်တော်က အရက်မသောက်။ ထို့ကြောင့် ခေါင်ရည်လည်းသောက်မရ။ သူတို့က အတင်းတိုက်ကြသေးသည်။ ဘာသာရေး ယုံကြည်ချက်ကြောင့် မသောက်တာပါဟု ပြောသောအခါ သဘောပေါက်နားလည်ပြီး ကျွန်တော့်ကို ခွင့်လွှတ်ပေးကြသည်။

ကျွန်တော်က ခေါင်မသောက်ဘဲ ပျော်မြူးလို့ရသည်။ သူများရင်ထဲက အပျော်တွေ ဝင်ခံစားပြီး ပျော်တတ်သည်။ ထို့ကြောင့် သူတို့နှင့်အတူ ရောပျော်နေမိသည်။

အပျော်လွန်သွားကြသဖြင့် အိပ်ရာဝင်နောက်ကျကြသည်။ သို့သော် ကျွန်တော်တို့နှစ်ယောက်က ထုံးစံအတိုင်း စောစောနိုးနေကြသည်။

၂၃ ရက်နေ့က ကျွန်တော်တို့ တီးတိန်အရောက်။ ၂၄ ရက်နေ့ ၉ နာရီတွင် တီးတိန်တွင် ဟောပြော။ ၂၅ ရက်နေ့ ညတွင် ကလေးမြို့ နေသာဘုန်းတော်ကြီးကျောင်းတွင် ည ၇ နာရီ ဟောပြော။ နောက်

တစ်နေ့ တမူးမြို့တွင် ဟောပြောရန် ပွဲစဉ်တွေ ဆွဲထားပြီးဖြစ်သည်။

ယနေ့ပဲ ကလေးသို့ဆင်းရတော့မည်။

ကျွန်တော်တို့ ပစ္စည်းတွေ သိမ်းကြသည်။ ဆရာဂိုဗင်တို့ လူငယ်အဖွဲ့ကလည်း သိချင်တာတွေ မေးပြီး လက်ဆောင်တွေ ပေးကြသည်။

တီးတိန်က ၁၀ နာရီထွက်မည်။ ၉ နာရီခွဲကို ကားလာကြိုမည်။ သိုင်းငင်း ထမင်းဆိုင်တွင် နေ့လယ်စာ စားမည်။ သိုင်းငင်းသို့ လူကြုံလွှတ်ပြီး စီစဉ်ခိုင်းထားပြီးပြီ။

ပြောထားသည့်အတိုင်း ၉ နာရီခွဲတွင် ကားရောက်လာသည်။ နှုတ်ဆက်စကားတွေ ပြောဆိုပြီးကြပြီမို့ ကားပေါ်သို့ ကျွန်တော်တို့ပစ္စည်းတွေ ဝိုင်းတင်ပေးကြသည်။

ကျွန်တော်တို့လည်း အဆောင်ပေါ်မှ ဆင်းပြီး ကားပေါ် တက်တော့မည်အလုပ်မှာ ဧည့်သည်နှစ်ယောက် ရောက်လာသည်။

'ဆရာကြီး သူတို့က လိုင်တွီးရွာကပါ။ ထန့်ခန်းဆောဝ်နဲ့ ပေါင်ရှင်းလျန်ပါ။ ဆရာကြီးကို လိုင်တွီးရွာကို အလည်လာခေါ်ကြတာပါ'

'ဟောဗျ ။။ ကျွန်တော်က မနေ့က တစ်နေ့ခင်းလုံး မျှော်နေတာ'

ဆရာကြီးတို့ ရောက်နေတယ်ဆိုတာ ညကမှ ကျွန်တော်တို့ သိကြတာ။ ဒီမနက်အစောကြီး ရွာက ထွက်လာခဲ့တာပါ။ အချိန်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ရွာကို လိုက်ခဲ့ပေးလို့ရမလား။



လိုက်ချင်တယ်။ လိုက်လို့မရတော့ဘူး။ ပွဲစဉ်တွေ အားလုံး ဆွဲပြီးပြီ။ ဒီည ကလေးမြို့မှာ ဟောရမှာ။

ကျွန်တော်တို့ရွာက ဆရာကြီးကို တမ်းတနေကြတယ်။ မျှော်နေကြတယ်။ ဆရာကြီးကြောင့် ရွာမှာ အများကြီး ပြောင်းသွားတယ်။ ပညာရေးကို အလေးထားလာကြတယ်။ အဲ့ဒါ ဆရာကြီးကို တွေ့ချင်လို့ လာခေါ်ခိုင်းကြတာပါ။

စိတ်မကောင်းစရာပဲဗျာ။ ကျွန်တော် ရွာလေးကို အရမ်း မြင်ချင်တာ။ ကျွန်တော့်ကျောင်းလေးအကြောင်း ပြောပါဦး။ အရင်အတိုင်းပဲလား။

ဆရာကြီးရှိတုန်းက အလယ်တန်းကျောင်းလေးဟာ အခုတော့ အထက်တန်းကျောင်းခွဲဖြစ်သွားပြီ။

ဝမ်းသာစရာပဲ။

ကျောင်းဆောင်နှစ်ဆောင်လည်း ထပ်တိုးတယ်။ ဆရာကြီး ရှိစဉ်က အလယ်တန်းကျောင်းဆောင်ကို နှစ်ထပ်ပြင်လိုက်တယ်။ ဘောလီဘောကွင်း အထက်နားမှာ ကျောင်းဆောင်သစ်တစ်ဆောင် ထပ်ဆောက်တယ်။

ကောင်းလိုက်တာ။

ဆရာကြီးရှိတုန်းက ကျောင်းသား ၃၀၀ ကျော်ပဲရှိတာ။ အခု ၈၀၀ လောက်ရှိတယ်။

ဒီလိုမှပေါ့။

၁၀ တန်းမှာ ဂုဏ်ထူးနဲ့ အောင်တဲ့သူတောင်ရှိနေကြပြီ။

မင်္ဂလာသတင်းပဲ။

ဆရာ၊ ဆရာမတွေကို နေစရာပေးထားပြီး သူတို့ စားစရိတ်ရအောင် ငှက်ပျောပင်၊ မျောက်ငိုပင်တွေ စိုက်ပြီး ရောင်းတယ်။

တယ်ဟုတ်ပါလား။

ရွာကလည်း အတော်တိုးတက်နေပြီ။ ပေ ၃၀ ကျယ်တဲ့ လမ်းကျယ်ကြီးတွေ ဖောက်ထားတယ်။ အိန္ဒိယနယ်စပ် ကျန်ဖိုင်အထိ ခရီးပေါက်နေပြီ။

ရွာထဲမှာ စွဲမက်၊ **Sweet night**၊ ပန်းချယ်ရီစတဲ့ စားသောက်ဆိုင်တွေလည်း ဖွင့်ထားတယ်။ အရမ်းရောင်းရတယ်။ စီးပွားရေးအဆင်ပြေတော့ လူတွေအမြင်ကျယ်လာကြပြီ။

ရွာမှာ မီးလည်းရပြီ။ ရေလည်းမရှားတော့ဘူး။ စာကြည့် တိုက်တစ်ခုဖြစ်ထွန်းအောင် ကြိုးစည်နေကြတယ်။ ဆရာကြီးတို့ကို ဖိတ်ပြီး စာပေဟောပြောပွဲလုပ်ဖို့တောင် တိုင်ပင်ထားကြတယ်။

အို .. အများကြီးကို တိုးတက်နေပါလား။ တပည့်တွေ အကြောင်းလည်း ပြောပါဦး။

ဆရာကြီးတပည့် ထန်ရှန်ဒါလ်က ဩစတြေးလျရောက် နေတယ်။ တွမ်းဆွောင်းနိုင်ကလည်း ဩစတြေးလျမှာ နိုင်ငံရေး ဘာသာရပ်ယူပြီး တက္ကသိုလ်တက်နေတယ်။ အင်ခေါနိုင်က တောင် ကိုရီးယားမှာ။ ဝုန်ဆွင်းပေါင်တို့ ဒိုင်ရှန်နိုင်တို့က ဘာသာရေးဆရာတွေ ဖြစ်နေကြတယ်။ ကျန်းမာရေးဝန်ထမ်း ဖြစ်နေကြတာများတယ်။



တချို့လည်း စီးပွားရေးမှာ အဆင်ပြေကြတယ်။ ဂင်ဆွင်းလျန်ဆိုရင် ရွာမှာ ပန်းရန်ဆရာကြီး၊ လက်မလည်အောင် လုပ်နေရတယ်။ ပါရှိလွှန်ဖိန်ကတော့ တီးတိန်မှာ ဓာတ်ပုံဆိုင်ဖွင့်ထားတယ်။

ဆရာကြီးရှိစဉ်က တပည့်တွေက ပညာကို အရမ်းတန်ဖိုး သိသွားကြပြီး ကြိုးစားကြတယ်။ သူတို့သားသမီးတွေကို ပညာရေးမှာ ဖြစ်ထွန်းအောင်မြင်အောင် ကြိုးစားကြတယ်။ အဲဒါ ဆရာကြီး ကြောင့်ပဲဆိုတာ ကျွန်တော်တို့တစ်ရွာလုံးက သဘောပေါက် လက်ခံ ထားကြတယ်။

ကိုထန့်ခန်းဆောဝ်က မနားတမ်း ရှင်းပြနေတော့၏။ သူက ကျွန်တော့်တပည့်လား။ အရေးကြီးတာတွေ ပြောနေရလို့ မစပ်စုအား။

ဒါကြောင့် .. ဆရာကြီး အချိန်ပေးနိုင်ရင် အခုလိုက်ခဲ့ စေလိုပါတယ်။

အင်းဗျာ .. ဝမ်းသာဝမ်းနည်းစရာပဲ။

ခင်ဗျားတို့က ကျွန်တော့်ကို မမေ့သေးဘဲ အမှတ်တရနဲ့ ရွာကို အလည်ခေါ်တာ ဝမ်းသာစရာပဲ။ ဒါပေမဲ့ ဒီမှာက အားလုံး စီစဉ်ပြီးနေပြီဆိုတော့ ရွာကို မလိုက်နိုင်တာ ဝမ်းနည်းစရာပဲ။

ဆရာကိုဗင်ကလည်း ကျွန်တော်တို့ သွားရမည့်အစီအစဉ် တွေကို ဝင်ပြီး ရှင်းပြပေးသည်။

ဒါဆိုရင်လည်း ဆရာကြီးတို့ကို တီးတိန်မှာ နေ့လယ်စာ ကျွေးပါရစေ။

ဒါလည်း ဝမ်းသာဝမ်းနည်းစရာပဲ။

ဆရာကြီးတို့အတွက် သိုင်းငင်းမှာ နေ့လယ်စာစားဖို့ လူလွှတ်ပြီး စီစဉ်ခိုင်းထားပြီးပြီ။

ဆရာဂိုဗင်က မနေသာဘဲ ရှင်းပြပေးနေရ၏။

ဒီလိုဆိုလည်း ကျွန်တော်တို့ ရွာရဲ့ ဆရာကြီးအပေါ် ချစ်ခင်တမ်းတ အမှတ်ရမှုကို သေးသေးလေး ဖော်ပြနိုင်တဲ့ ဒီလက်ဆောင်အိတ်လေးကို လက်ခံပေးပါ။

အို .. နှစ်ပေါင်း နှစ်ဆယ်ကျော်တဲ့အထိ ကျွန်တော့်ကို သတိရနေကြသေးတယ်နော်။ ကျေးဇူးကမ္ဘာပါပဲ။

လက်ဆောင်အိတ်လေးကို လက်ကမ်းယူရင်း တိုးတိုးလေး ကျွန်တော် ရေရွတ်ပြောဆိုလိုက်မိသည်။

ဘယ်မေ့နိုင်ပါ့မလဲ ဆရာကြီးရယ်။ ဆရာကြီးက လိုင်တွီး ရွာအတွက် ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ပြီး အနစ်နာခံလုပ်ပေးခဲ့တာကိုး။

ဆရာကြီးကော ကျွန်တော်တို့ရွာ ကျွန်တော်တို့ ကျောင်းကို မေ့နိုင်ခဲ့လို့လား။

သူ့စကားက နှလုံးသားကို ထိရှ၏။ ချက်ချင်းစကား မပြန်နိုင်ဘဲ ငိုင်သွားသည်။

ကျောင်းကလေးလိုင်တွီးကို ကျွန်တော်မမေ့နိုင်ပါဘူး။ ဘယ်တော့မှလည်း မေ့လို့မရတော့ပါဘူး။ ကျွန်တော့်ဘဝရဲ့ တစ်ခုသော ပန်းဥယျာဉ်ပါပဲ။ အဲ့ဒီပန်းဥယျာဉ်က ပန်းကလေးတွေ ဖူးပွင့်နေမယ့် ဖူးပွင့်သွားကြတာသိရလို့လည်း အရမ်းကို ကြည်နူးဝမ်းသာမိပါတယ်။



တစ်နေ့နေ့တော့ အဲဒီပန်းဥယျာဉ်လေးကို ကျွန်တော် လာကြည့်ဦးမယ်။ ဒီထက်ပိုပြီး လှပဝေဆာ ဖူးပွင့်နေမယ့် ပန်းဥယျာဉ် လေးတစ်ခုအဖြစ် မျှော်လင့်ရင်းနဲ့ပေါ့။

စိတ်ချပါဆရာကြီး။ ဆရာကြီးပေးခဲ့တဲ့ စိတ်ဓာတ်အတွေး အခေါ်တွေနဲ့ ဆရာကြီးတပည့်တွေက အဲ့ဒီပန်းဥယျာဉ်လေးကို ပိုလှအောင် တင့်တယ်ခမ်းနားအောင် လုပ်ကြမှာ အသေအချာပါပဲ။ အခုရွာသူကြီးကလည်း ဆရာကြီးကျောင်းထွက် ဂင်ရှယ်ခုပ်ပါ။

ကိုထန့်ခန်းဆောဝ် စကားကြားတော့ ကျောင်းကလေး လိုင်တွီးအတွက် ကျွန်တော်အားတက်သွားမိသည်။

တစ်နေ့နေ့တော့ဟူသော အတွေးဖြင့် တောင်ပေါ်မှ ကျွန်တော် ပြန်ဆင်းလာခဲ့သည်။ အလာတုန်းက အမြင်အာရုံကို ပိတ်ဖုံးကာဆီးနေခဲ့သော မိုးနှင်းတွေ ယခုတော့ မရှိ။ နေပွင့်လာတော့ နှင်းတွေ ပျောက်ကုန်ကြပြီထင့်။

ကောင်းသန့်
၃၊၁၀၊၂၀၁၀

# စာဖတ်သူသို့

- ဤစာအုပ်ကို
ကျနသေချာ
ဖတ်ပြီးသောအခါ...

- ရင်ထဲတွင်
ပြောချင်စရာများ
ရှိလာခြင်းအံ့။

- တယ်လီဖုန်းဖြင့်ဖြစ်စေ
စာဖြင့် ဖြစ်စေ
**e-mail** ဖြင့် ဖြစ်စေ

- ပြောဆိုဆွေးနွေး
ရေးသားဝေဖန်
အကြံပြုကြစေချင်ပါသည်။

- စာဖတ်သူ၏ အမြင်ကို
ကြားသိချင်လှပါ၏။

ကြိုတင်ကျေးဇူးတင်လျက် -


**ကောင်းသန့်**

အမှတ် ၂၀၉၊ ပ-ထပ်(ယာ)၊ ၃၈ လမ်း(ထက်)
ရန်ကုန်မြို့။ ☎ ၃၈၃၄၂၃
**e-mail: kthant2005@gmail.com**


တပည့်များအတွက် ထောင့်စုံမှတွေးပြီး
သူတို့အတွက် အရေးပါသည့် အကြောင်းအရာများကို
တိုတိုတုတ်တုတ် ထိထိမိမိဖြစ်အောင် ရေးထားသည့် .....

## ချစ်တပည့် ... သို့
## ကောင်းသန့်


စာမူခွင့်ပြုချက် - ၅၅၇/၂၀၀၀(၇)


---

လူငယ်များ ... သိချင်သမျှ သိသင့်သမျှ
ဖြေကြားထားသည့် အကြံပြုသုတစာစု

## ကောင်းသန့်
## လူငယ်အမေး ၂
## ကောင်းသန့်အဖြေ


စာမူခွင့်ပြုချက် - ၄၁၁၀၄၂၀၉၁၀